
# ပေါက်နှင်းငွေ

## ဒေါင်းစိမ်းနှင့် ကျောက်စိမ်းကြေးဒိုး



ပထမအကြိမ်
၁၉၇၉၊ ဇူလိုင်လ
စာမူခွင့်ပြုအမှတ် ၂၇၂/၇၉(၄)
မျက်နှာဖုံးနှင့် ရေခံ ခွင့်ပြုအမှတ် ၄၂၂/၇၉(၅)

| | |
|---|---|
| တန်ဖိုး | ကျပ်သုံးဆယ့်ငါးတိတိ |
| အုပ်ရေ | ၁၀၀၀ အုပ် |
| မျက်နှာဖုံးပန်းချီ | မောင်မောင်မြင့် |
| ကာလာခွဲ | ဦးသန်းအောင်–ပေါက်ဒီ |
| မျက်နှာဖုံးရိုက် | သမီးနှင့်သား |
| ပုံနှိပ်သူ | ဦးရွှေမိုး {၀၃၀၅၅}<br>သမီးနှင့်သားပုံနှိပ်တိုက်<br>၄၀၊ ဝဏ်ကျောင်းလမ်း၊ ရေကျော်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | မောင်နှင်းဆွေ (မြ-၀၉၇၃)<br>ပန်းလက်ဆောင်စာပေ<br>၃၃၊ ကျောင်းလမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |


မောင်နှင်းဆွေ

# ဒေါင်းစိမ်း နှင့် ကျောက်စိမ်းကြေးအိုး

သိုင်းဘာသာပြန် အသစ်စက်စက် ဒုတိယတွဲ(ဇာတ်သိမ်း)

မလိခစာစဉ် (၂/၀၉)

မိမိငှါးရမ်းသွားသောစာအုပ်
ရေစို-စုတ်ပြဲ-ပျက်စီး-ပျောက်ဆုံးလျှင်
စာအုပ်တန်ဖိုးနှင့်တကွ ငှါးခရက်
အတွက်ပါ ပေးလျော်ရမည်။

လွင်စာပေ
စာမှတ် ၁၅/၁၃၈၊ ဝ.ထမ်း
တောင်ငူမြို့။

# ခေါင်းစိမ်းနှင့် ကျောက်စိမ်းကြေးအိုး

(ပထမပိုင်းဇာတ်လမ်းအကျဉ်းချုပ်)

သိမ်းငှက်တောင်ပေါ်တွင် နေထိုင်သော နဂါးတောင်ဘိုးဘိုး သိုင်းသမားကြီးသည် သူ၏ တပည့် သိုင်းသမားများဖြစ်သော ထင်းမြီးကောက်၊ ဝံပုလွေကြီး၊ ဆင်းလက်မ၊ မြွေဟောက်၊ မိကျောင်းတို့အား ရတနာသိုက်နှင့် သိုင်းကျမ်းပါသော ကျောက်စိမ်းကြေးအိုး ရှာဖွေရန် တောင်ပေါ်မှ အဆင်းခိုင်းလိုက်သည်။

ထိုရတနာသိုက်နှင့် သိုင်းကျမ်းပါသော ကျောက်စိမ်းကြေးအိုးမှာ ကျောက်စိမ်းပုလဲ သူဌေးကြီးထံမှပျောက်သွားပြီး ဘုရားကျောင်းတစ်ကျောင်းတွင် ရောက်ရှိနေခြင်းဖြစ်သည်။

ထိုကျောက်စိမ်းကြေးအိုးကို စောရဖြူတို့က ဘုရားကျောင်းထဲမှ တစ်ဆင့်ခိုးလာရာ ကင်းမြီးကောက်တို့က တစ်ဆင့်တိုက်ခိုက်ယူလိုက်ကြ၏။

သို့သော် ထိုကျောက်စိမ်းကြေးအိုးမှာ ရုတ်တရက် အိပ်နေစဉ် သူခိုးတစ်ဦးက ဝင်ရောက်ခိုးသွားပြန်၍ ကင်းမြီးကောက်တို့ အချင်းချင်း အထင်မှားနေမိစဉ် ဝံပုလွေကြီးက ကင်းလက်မကို သတ်ပစ်လိုက်လေသည်။

တစ်ဖန် ကင်းမြီးကောက်သည် သစ္စာဖောက်ကာ ဝံပုလွေကြီးတို့အား တစ်နေ့တွင် လိမ်လည်လှည့်ဖျားခေါ်ယူ၍ သတ်ပစ်လိုက်ပြန်သည်။

ထိုအချိန်တွင် မြွေဟောက်နှင့် မိကျောင်းတို့မှာ ကင်းမြီးကောက်သစ္စာဖောက်သောကြောင့် ထွက်ပြေး တိမ်းရှောင်နေရသည်။

ထိုအချိန်တွင် နဂါးတောင်ဘိုးဘိုး သိုင်းသမားကြီးသည် သူ၏ နောက်ဆုံးတံခါးပိတ်လက်ရွေးစင်တပည့် ဒေါင်းစိမ်းအား သူ့တပည့်များကို စုံစမ်းရန်စေလွှတ်ခဲ့သည်။





နဂါးတောင်ဘိုးဘိုးသိုင်းသမားကြီးခိုင်းစေသည့်အတိုင်း ကင်းမြီးကောက်တို့ကို စုံစမ်းခဲ့ရာ ကင်းမြီးကောက်မှာ သူဌေးကြီးတစ်ဦးဖြစ်နေလျက် လူဆိုးသိုင်းသမားဖြစ်နေသည်ကို ဒေါင်းစိမ်းက တွေ့လိုက်ရသည်။

ဒေါင်းစိမ်းသည် ကျောက်စိမ်းကြေးအိုးကို လိုက်လံစုံစမ်းရာက ခိုင်ဖုန်းမြို့တွင် ပန်းကမ္ဘာသိုင်းဂိုဏ်းချုပ်ကြီး၏သမီးနှင့် အသိအကျွမ်းဖြစ်ကာ ခင်မင်ရင်းနှီးသွားခဲ့လေသည်။

ထို့နောက် မိကျောင်းမှာလည်း ကင်းမြီးကောက်၏ အဆိပ်လက်နက်မိကာ ဝေဒနာခံစားနေရသည်။

ဒေါင်းစိမ်းနှင့် မိကျောင်း၏နှမတို့ တောင်တစ်တောင်ပေါ်ရှိ သမားတော်ကြီးထံ သွားရောက် ကုသပေးခဲ့ရ၏။

ဒေါင်းစိမ်းကိုလည်း ရန်သူများက အမျိုးမျိုး လိုက်လံတိုက်ခိုက်နေသည့်ကြားက ဒေါင်းစိမ်းသည် ကျောက်စိမ်းကြေးအိုးကို ရသဖြင့် သိမ်းငှက်တောင်ကိုပြန်လာပြီး သိမ်းငှက်တောင်

တွင်ရှိသော ဆရာဘိုးဘိုးအား ကျောက်စိမ်းကြေးအိုးကို ပေးအပ်လိုက်သည်။

သို့သော် ရုတ်တရက် ရန်သူများက ဝင်ရောက် တိုက်လာစဉ် ကျောက်စိမ်းကြေးအိုးကို ခြေတစ်ချောင်းကျိုးဆိုသည့် စောရကာ အလစ်ခိုးယူသွားခဲ့ပြန်၏။

သူသည် တောင်ခြေမှ ရန်သူများကြောင့် ထိုကျောက်စိမ်းကြေးအိုးကို တောင်ခြေမှာပင် ဝှက်ထားခဲ့၏။

ဒေါင်းစိမ်း၏ဆရာသမား နဂါးတောင်ဘိုးဘိုးကြီးအား ကျောက်စိမ်းကြေးအိုးရပါက ဟောမုန် ပင်လယ်သို့ လိုက်လာရန် ပြောဆိုလျက် တောင်ပေါ်မှဆင်းခွင့်ပြုလိုက်သည်။

ဒေါင်းစိမ်းသည် တောင်ပေါ်မှ ပြန်ဆင်းလာစဉ် ကျောက်စိမ်းကြေးအိုးကိုရထားသော သိုးကျောင်းသားတလေးက ပြန်လည်ပေးသဖြင့် ကျောက်စိမ်းကြေးအိုးကိုယူကာ ချင်ဟိုင်းပြည်နယ် ဟောမုန်ပင်လယ်ဆီသို့ ထွက်လာရာ မြွေဟောက်၊ မိကျောင်းတို့နှင့်တွေ့ဆုံပြီး အတူတကွ ခရီးထွက်လာတော့သည်။





လမ်းခရီးတွင် အနှောင့်အယှက်အမျိုးမျိုးကို ကြုံတွေ့ခဲ့ရပြီးနောက် ကောချန်းပြည်နယ်နှင့် ချင်ဟိုင်းပြည်နယ်သို့ ခွဲသွားသော လမ်းဆုံအရောက်တွင် မြွေဟောက်နှင့် မိကျောင်းတို့က လမ်းခွဲကာ ကောချန်းပြည်နယ်သို့ ထွက်သွားခဲ့သည်။

ချင်ဟိုင်းပြည်နယ်တွင် ပြန်ဆုံရန်ချိန်းဆိုပြီး ထွက်သွားခဲ့ခြင်းဖြစ်သည်။

မြွေဟောက်နှင့် မိကျောင်းတို့သည် ကောချန်း ပြည်နယ်ရှိ သူတို့ရဲ့မိဘလက်မှ ပစ္စည်းများကို မတရားရယူထားသည့် ရတနာကုန်သည်သူဌေးကြီးထံမှ ရတနာပစ္စည်းများကို ပြန်လည်ရယူလာခဲ့ပြီး ချင်ဟိုင်းပြည်နယ်သို့ လိုက်လာခဲ့သည်။

ဒေါင်းစိမ်းမှာ ပန်းဆေးမှူးဂိုဏ်းချုပ်ကြီး၏ သမီး ဖေ့ချင်နောက်သို့လိုက်လာသော ဂိုဏ်းတူအမျိုးသမီးများနှင့် တွေ့ဆုံမိ၍ တည်းခိုခန်းရှိသော စားသောက်ဆိုင်တစ်ဆိုင်တွင် တည်းခိုနေလိုက်ကြသည်။

မိကျောင်းနှင့်မြွေဟောက်တို့ ထိုစားသောက်ဆိုင်သို့ ရောက်လာကြပြီးနောက် ဒေါင်းစိမ်း၊ မိကျောင်း၊ မြွေဟောက်နှင့် ပနီးကမ္ဘာဂိုဏ်းသူများ ခရီးဆက်လက်ထွက်ခဲ့ရာ တောင်တန်းဒေသ၏ အသည်းကွဲတောင်ကြားကို ဖြတ်ကျော်ခဲ့ရသည်။

ထိုတောင်ကြားတွင် နဂါးကြီးလေးကောင်ဂိုဏ်းမှ ဂိုဏ်းသားများနှင့်တွေ့ဆုံ၍ တိုက်ပွဲဖြစ်ပွားခဲ့ရလေသည်။

နောက်ဆုံးတွင်နဂါးကြီးလေးကောင်ဂိုဏ်းမှ ဂိုဏ်းသားများသည် ထွက်ပြေးသွားကြရလေတော့သည်။

ဒုတိယပိုင်းကို ဆက်လက်ဖတ်ရှုပါရန်။



## အခန်း (၁၈)

အချိန်မှာ နေဝင်ချိန်ပင်ဖြစ်သည်။

လူရိပ်နှစ်ရိပ်သည် သစ်တောအုပ်ထဲတွင် အလျင်အမြန်ပြေးလွှားလျက်ရှိနေကြလေသည်။ သူတို့သည် မကြာမီ လမ်းမကြီးတစ်လမ်းသို့ ရောက်လာကာ အငှားမြင်းရထားတစ်စီးကို ငှားလိုက်ပြီးနောက် ဆက်လက်ထွက်ခွာလာကြသည်။

လရောင်ထွက်သောအချိန်တွင် သူတို့၏မြင်းရထားသည် မြို့လေးတစ်မြို့သို့ ရောက်လာသည်။

သို့သော် သူတို့သည် ထိုမြို့လေးထဲသို့မသွားဘဲ မြို့လေး၏အနောက်ဘက်ရှိ တောင်ခြေသို့ ဆက်လက်ထွက်ခွာသွားလေသည်။

တောင်ခြေတွင် အဆောက်အဦကြီးတစ်ခုက ရှိနေပေသည်။ ထိုအဆောက်အဦကြီးမှာ တစ်ချိန်က မြို့စားကြီးတစ်ဦး အနားယူခဲ့သော စံအိမ်ကြီးတစ်အိမ်ပင်ဖြစ်လျက် ယခုအခါ ပျက်စီးယိုယွင်းလျက် လူဆိုးများ၏လက်အောက်သို့ ရောက်ရှိနေလေသည်။

မြင်းရထားကြီးသည် အဆောက်အဦရှေ့သို့ရောက်သည်နှင့် လူနှစ်ယောက်တို့သည် လွှားဆင်းသွားကြလေသည်။

နှစ်ဦးစလုံး ဝတ်ရုံနီကြီးများကို ဝတ်ဆင်ထားကြသည့် အဘိုးအိုများပင်ဖြစ်ကြသည်။ သူတို့၏ခါးတွင် ဓားတစ်ချောင်းစီ လွယ်ထားလျက် ရှိနေသည်။

အဆောက်အဦ၏ မုခ်ဦးတွင် ကြာဖူးရဲတိုက်ဟူသော ခေါင်းစီး စာလုံးကြီးကို တွေ့လိုက်ရလေသည်။

အဘိုးအိုနှစ်ဦးသည် မုခ်ဦးတံခါးဆီသို့ရောက်သွားသည်နှင့် တံခါးစောင့်များက အရိုအသေပြုကာ တံခါးများကိုဖွင့်ပေးလိုက်ကြသည်။

အဘိုးအိုနှစ်ဦးသည် အတွင်းသို့ ဝင်ရောက်သွားသည်နှင့် အစောင့်နှစ်ဦးက ဆီးကြိုလိုက်လေသည်။

'ခေါင်းဆောင်ကြီးခင်ဗျာ၊ သူ့ကို ကျွန်တော်တို့ ကောင်းကောင်း မွန်မွန် ထိန်းထားပါတယ်၊ ဒါပေမယ့် သူကအော်ဟစ်ပြီး ကျွန်တော့်တို့ကို ဆဲရေးတိုင်းထွာလျက်ရှိနေပါတယ်'





အဘိုးအိုနှစ်ဦးသည် အတွင်းသို့ဝင်ရောက်သွားကာ အောက်ထပ်သို့ လှေကားမှတစ်ဆင့် ဆင်းသွားလေသည်။

မကြာမီ အခန်းတစ်ခန်းသို့ ရောက်လာလေသည်။ အခန်းရှေ့တွင် အနက်ရောင်ဝတ်သိုင်းသမားနှစ်ဦးက စောင့်လျက်ရှိနေလေသည်။

အဘိုးအိုနှစ်ဦးတို့သည် အခန်းရှေ့သို့ရောက်သည်နှင့်အခန်းထဲသို့ လှမ်းကြည့်လိုက်ကြလေသည်။ အခန်းထဲတွင် အမျိုးသမီးတစ်ဦး ငုတ်တုတ်ထိုင်လျက်ရှိနေသည်ကို တွေ့နေရသည်။

'ဟား ဟား ဟား'

အဘိုးအိုတစ်ဦးက ရယ်လိုက်လေသည်။ အဘိုးအို၏ ရယ်သံကြောင့် မိန်းမချော ကလေးသည် ထိုင်နေရာမှ ဖျတ်ခနဲ ထလိုက်ပြီး....

'ရှင်တို့ ဘယ်သူတွေလဲ'

'ငါတို့ဟာ မင်းတို့ရဲ့ရန်သူဖြစ်တဲ့ ကျောက်စိမ်းဂေဟာက သူဌေးကြီး ကင်းမြီးကောက်ပဲ'

'ရှင်က ကျွန်မကို ဘာကိစ္စနဲ့ ဖမ်းထားတာလဲ'

'ဟား ဟား ဟား ကိစ္စကတော့ လွယ်လွယ်လေးပါကွား၊ တို့ကို စာတစ်ကြောင်းနှစ်ကြောင်းလောက် ရေးပေးရုံပါပဲ'

'ကျွန်မက ဘာစာတွေ ရေးပေးရမှာလဲ'

'တို့ပြောတာကို ရေးပေးရင် မင်းကိုတစ်ရက်နှစ်ရက်အတွင်း ချက်ချင်းလွှတ်ပေးမယ်'

'ကဲ ကျွန်မက ဘာရေးပေးရမှာလဲ၊ ပထမဆုံး ပြောပါဦး'

'မေင်းလေး ဒေါင်းစိမ်း၊ မောင်လေးမှာရှိနေတဲ့ ကျောက်စိမ်းကြေးအိုးကို ယခုလာတဲ့ဘူနဲ့ ပေးလိုက်ပါ။ ဒါမှမဟုတ်ရင် ဟူတန် တောအုပ်ကိုလာပြီးပေးပါ၊ ဒီလိုမှ မပေးရင် မမဟာ အသတ်ခံရပါလိမ့်မယ်၊ မမဟာ ရန်သူရဲ့ အဖမ်းကို ခံနေရတယ်၊ မင်း....ရေးပေးရမှာ ဒီအကြောင်းပါပဲ'

'ရှင်တို့က မောင်လေးဆီမှာ ကျောက်စိမ်းကြေးအိုး ရှိတယ်ဆိုတာ သေသေချာချာ သိလို့လား'

'တို့က သေသေချာချာ သိထားပါတယ်၊ ဒီကျောက်စိမ်းကြေးအိုးဟာ အဖိုးတန်မှန်း တို့သိတယ်'

'ရှင်တို့ရဲ့ စာနဲ့တော့ ဘယ်နည်းနဲ့မှ ဒေါင်းစိမ်းက ပေးမှာမဟုတ်ဘူး၊ ကျွန်မကို သတ်ပစ်လိုက်တော့'





ကင်းမြီးကောက်က....

'မင်း ဒီလိုလဲ မလုပ်နဲ့လေ၊ မင်းလို သိုင်းပညာရှင်ရုပ်ချောတဲ့ အမျိုးသမီးလေးကို တို့က မသတ်ချင်ပါဘူး၊ တို့လိုချင်တာကိုသာ ဖန်တီးပေးပါ၊ မင်းကို အမြန်ဆုံး ပြန်လွှတ်ပေးပါမယ်'

ပန်းကမ္ဘာဂိုဏ်းချုပ်ကြီး၏ သမီးမှာ ကင်းမြီးကောက်၏ စကားကြောင့် အနည်းငယ်ငြိမ်ကျသွားလေသည်။

ထို့နောက် ပန်းကမ္ဘာဂိုဏ်းချုပ်ကြီး၏သမီး ဖေ့ချင်က ပြောလိုက်သည်။

'အခု ဒေါင်းစိမ်းတို့ဟာ ဘယ်မှာ ရှိနေလို့လဲ'

'ဒီနေ့ည ယွန်ချင်ခေါ်တဲ့ မြို့ကလေးမှာ သူတို့ရောက်နေကြတယ်၊ မင်းတို့ဂိုဏ်းက အမျိုးသမီးတွေလဲ ပါတယ်'

ဖေ့ချင်က....

'ဒီလိုဆိုရင် ရှင်တို့လိုချင်တဲ့ပစ္စည်းကို ကျွန်မ ကိုယ်တိုင် ယူပေးရမှာပါ'

'မင်းက ဘယ်လိုယူပေးမှာလဲ'

ကင်းမြီးကောက်က မေးလိုက်သည်။

'ကျွန်မက ဘယ်လိုယူပေးရမှာလဲ၊ သူ့ဆီက ခိုးယူပေးရမှာပေါ့'

ဖေ့ချင်က ပြောလိုက်သဖြင့် ကင်းမြီးကောက်က တဟားဟား ရယ်လိုက်ပြီး....

'မင်း တကယ် ယူပေးမှာလား'

'ကျွန်မကို လွှတ်ပေးရင် ကျွန်မ တကယ် ယူပေးမှာပေါ့၊ ကျွန်မ သစ္စာမဖောက်ပါဘူး'

'ဟား ဟား ဟား'

'ကင်းမြီးကောက် ရယ်မောလိုက်ပြန်သည်။

ကင်းမြီးကောက်ကို ဒီလိုပြောရုံလေးနဲ့ ကင်းမြီးကောက်က ဘယ့်လွှတ်ပေးနိုင်ပါ့မလဲ၊ မင်း ငါခိုင်းတာသာစာရေးပေးပါ'

ထိုသို့ ပြောလျက် မင်ဘူးနှင့်စုတ်တံနှင့်စာရွက်များကို အခန်းတွင်းသို့ ချပေးလိုက်လေသည်။

■ ■ ■





နံနက်ခင်းတွင် ယွန်ချင်မြို့ကလေးတစ်ခုလုံး နှင်းများဖုံးလွှမ်းလျက် ရှိလေသည်။ လေကလည်း တဟူးဟူး တိုက်လျက်ရှိနေသည်။ လေနှင့်အတူ နှင်းပွင့်များက တဖွဲဖွဲကြွေလျက် ရှိနေလေသည်။

ထိုအချိန်တွင် မြင်းတစ်ကောင်ကို အလျင်အမြန်စီးလာသော လူတစ်ယောက်သည် နှင်းတောထဲမှ ပေါ်ထွက်လာလေသည်။ ထိုလူ၏ တစ်ကိုယ်လုံးသည် နှင်းရည်များဖြင့် ရွှဲရွှဲစိုလျက် ရှိနေလေသည်။

ယွန်ချင်မြို့ကလေး၏ ဈေးလမ်းမကြီးတစ်လျှောက်မှာလည်း ဒယ်အိုးခေါက်သံ၊ ကြော်သံ လှော်သံတို့ဖြင့် ဆူညံလျက် ရှိနေလေသည်။

နှင်းတောထဲမှ မြင်းစီးလာသောသူသည် ဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်သည်နှင့် အလျင်အမြန် လွှားဆင်းလာသည်။ ထို့နောက် ဆိုင်ထဲသို့ ဝင်သွားကာ အလုပ်သမားလေးတစ်ဦးအား ခပ်တိုးတိုး မေးလိုက်သည်။

အလုပ်သမားလေးက သူတို့အားလုံး အိပ်ရာကနိုးပြီး ခရီးထွက်ဖို့ ပြင်ဆင်နေသည့်အကြောင်းကို ပြောပြလိုက်သည်။

'ဒေါင်းစိမ်းကို ကျုပ်က တွေ့ချင်တယ်၊ သူ့ကို ခေါ်ပေးပါ၊ ရော့ မင်းအတွက်ဆုငွေ'

အလုပ်သမားလေးသည် ငွေတုံးလေးကို ရသဖြင့် ထိုလူကို အရိုအသေပြုကာ အပေါ်ထပ်သို့ ပြေးတက်သွားလေသည်။

'ဒေါင်းစိမ်းဆိုတာ ရှိပါသလားခင်ဗျာ'

အခန်းတစ်ခန်းမှ ဒေါင်းစိမ်းသည် ထွက်လာကာ....

'ဒေါင်းစိမ်းဆိုတာ ကျုပ်ပဲ၊ ဘာကိစ္စရှိလို့လဲ'

အလုပ်သမားလေးက ပြောလိုက်သည်။

'အောက်ထပ်မှာ ဧည့်သည်တစ်ယောက် ရောက်နေပါတယ်'

ဒေါင်းစိမ်းသည် အောက်ထပ်သို့ အလျင်အမြန် ဆင်းလာခဲ့လေသည်။ အောက်ထပ်သို့ရောက်သည်နှင့် အလုပ်သမားလေးက ဒေါင်းစိမ်းနှင့် တွေ့ချင်သောလူနှင့် ဆုံပေးလိုက်သည်။

ထိုလူက ဒေါင်းစိမ်းကို စာအိတ်တစ်အိတ် ထိုးပေးလိုက်လေသည်။ ထို့နောက် ထိုလူကပင် ပြောလိုက်သည်။

'ဒီစာကို ဖတ်ပြီးတော့ ခင်ဗျားတို့လူကို လာရွေးလှည့်ပါ'

ထိုလူသည် ပြောဆိုပြီးနောက် ဆိုင်ထဲမှ အလျင်အမြန် ပြန်သည်ထွက်ခွာသွားလေတော့သည်။

ဒေါင်းစိမ်းက စာကို အလျင်အမြန် ဖတ်ကြည့်လိုက်သည်။





'မောင်လေးဒေါင်းစိမ်း၊ မဟာကြာဖြူရဲတိုက် ဟောင်းကြီးထဲမှာ သူဌေးကြီးကင်းမြီးကောက် တို့ရဲ့ အဖမ်းကို ခံနေရပါတယ်၊ မောင်လေး ထံမှာရှိတဲ့ ကျောက်စိမ်းကြေးအိုးကို ကြာဖြူ သစ်တောအုပ်ကို လာပို့လှည့်ပါ၊ မပို့ရင် မမကို လွတ်မှာ မဟုတ်ပါဘူး'

ဖေ့ချင်

ဒေါင်းစိမ်းမှာ ထိုစာကို ဖတ်ပြီးနောက် မျက်လုံးမျက်ဆံများ ကျယ်သွားရလေသည်။ သူသည်မြွေဟောက်နှင့် မိကျောင်းတို့ကို အမြန်ဆုံး တိုင်ပင်လိုက်လေသည်။

'ညီလေးဆီမှာ ဒီပစ္စည်း တကယ်ရှိနေလို့သာ၊'

မြွေဟောက်က မေးလိုက်လေသည်၊

'ရှိပါတယ် အစ်ကိုကြီး'

'ဒီလိုဆိုရင် အစ်ကိုကြီးရဲ့ အကြံဉာဏ်ပေးမယ်၊ ညီလေး တစ်ယောက်တည်း ကြာဖြူတောအုပ်ထဲကို သွားပါ၊ ဒီပစ္စည်း ကိုလဲ ယူသွားပါ၊ ဒါပေမယ့် သူတို့သက်သဲကိုတော့ ဖြုန်းခနဲ မထည့်နဲ့၊ ကင်းမြီးကောက်နဲ့တွေ့ပြီးမှ လျှော်ကစ်ပြက် ကင်းမြီး

ကောက်ကို ဖမ်းပြီး ဖေ့ချင်ကို ကယ်ရမယ်၊ အစ်ကိုကြီးတို့က တစ်ဘက်က ပန်းပြီး ကြာဖြူရဲတိုက်ကို သွားနှင့်မယ်'

ထို့နောက် သူတို့သည် အစီအစဉ်များကို စနစ်တကျ တိုင်ပင်လိုက်ကာ ပန်းကမ္ဘာဂိုဏ်းမှ သိုင်းအမျိုးသမီးများကို ထားခဲ့ပြီး အလျင်အမြန် ထွက်လာကြလေသည်။

■ ■ ■

'ကျင်လန်းမြို့ ရွှေနဂါး စားသောက်ဆိုင်'

လွန်ခဲ့သော ဆယ်ရက်ခန့်က ရွှေနဂါးစားသောက်ဆိုင်ဆီသို့ အမျိုးသမီးတစ်ယောက် မြင်းကို စီးလျက် ရောက်ရှိလာလေသည်။

အချိန်မှာ မိုးချုပ်စပြုနေပြီ ဖြစ်သည်။

အမျိုးသမီးမှာ ပန်းကမ္ဘာဂိုဏ်းချုပ်ကြီး၏သမီး ဖေ့ချင်ပင် ဖြစ်သည်။ ပန်းကမ္ဘာ ဂိုဏ်းချုပ်ကြီး၏သမီး ဖေ့ချင်သည် ဒေါင်းစိမ်းနောက်သို့ လိုက်လာခြင်း ဖြစ်သည်။ သူမသည်





တည်းခိုခန်းတစ်ခန်းကို ငှားလိုက်ကာ အစားအသောက်များကို မှာ၍ စားလိုက်လေသည်။

ထိုအချိန်တွင် စားပွဲထိုးလူငယ်တစ်ဦးသည် ငှက်သိုက်ပေါင်း တစ်ခုကို ယူလာကာ အမျိုးသမီး၏စားပွဲသို့ ချပေးလိုက်လေသည်။ ငှက်သိုက်ပေါင်း၏ အနံ့မှာ မွှေးပျံ့လျက် ရှိနေလေသည်။

ဖေ့ချင်က အံ့အားသင့်သွားကာ....

'မင်းတို့ဆိုင်မှာ ငှက်သိုက်ပေါင်းရသလား'

'ဟုတ်ကဲ့၊ အခုပဲ ကျွန်တော်တို့ဆိုင်က စားတော်ကဲကြီးက အထူးစီမံပြီး ပြုလုပ်လိုက်တာပါ၊ အလွန် အရသာရှိပါတယ် ခင်ဗျာ'

ဖေ့ချင်သည် အရက်နှင့် စားစရာများကို စားသောက်ပြီး နောက်ဆုံး ငှက်သိုက်ပေါင်းကို တစိမ့်စိမ့် အရသာခံ၍ စားသောက်လိုက်လေသည်။ သူမသည် စားသောက်ပြီးနောက် မျက်လုံးများ လေးလံလာကာ အလွန် အိပ်ချင်လာလေတော့သည်။ မျက်လုံးများပင် ကောင်းကောင်း မဖွင့်နိုင်တော့ပေ။

ယင်းအချိန်တွင် အဘွားအို တစ်ဦးသည် အလျင်အမြန် ရောက်လာကာ....

2

'အင်း....သမီးလေးက အိပ်ချင်ပြီနဲ့ တူတယ်၊ သွားစရာခဘူ ကလဲ ရှိသေးတယ်၊ ကဲ....လာလာ'

အဘွားအိုသည် ဖေ့ချင်ကို တွဲ၍ ဆိုင်အပြင်သို့ ထွက်သွားလေတော့သည်။ ဆိုင်အပြင်တွင် အနက်ရောင် မြင်းရထားကြီးက ရပ်ထားပြီး အနက်ရောင်ဝတ်ထားသော လူငါးယောက်တို့က စောင့်လျက်ရှိနေကြသည်။

အဘွားအိုသည် ဖေ့ချင်အား ရထားပေါ်တင်ကာ တံခါးပိတ်လိုက်သည်နှင့် အနက်ရောင် ရထားကြီးကို မောင်းသော ရထားမောင်းသမားသည် မြင်းများကို ကျာပွတ်ဖြင့် ရွှမ်းခနဲ ရိုက်လိုက်ကာ တစ်ဟုန်ထိုး မောင်းထွက်လာလေတော့သည်။

ဒုတိယနေ့ နေ့လယ်အချိန်တွင် ဖေ့ချင်မှာ ကောင်းစွာ သတိရလာလေတော့သည်။

သူမ မျက်လုံးများကို ဖွင့်ကြည့်လိုက်သောအခါတွင်တော့ ကောက်ရိုးများခင်းထားသည့် အခန်းတစ်ခုအတွင်းသို့ ရောက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

အခန်းအပြင်တွင် အစောင့်နှစ်ဦးကိုလည်း တွေ့လိုက်ရလေသည်။ ထိုအစောင့်နှစ်ဦးမှာ လူထွားကြီးများပင်ဖြစ်ကာ ဖေ့ချင်ကို လုံးဝ လှည့်မကြည့်ကြပေ။





ဖေ့ချင်သည် အလျင်အမြန်ထိုင်လိုက်ကာ သူသည် အချုပ်ခန်းတစ်ခန်းထဲသို့ ရောက်နေသည်ကို သိလိုက်ရပြီး အလွန်ပင် ဒေါပွသွားလေသည်။

ဖေ့ချင်က အစောင့်လူထွားကြီးများကို မေးလိုက်သည်။

'ဟေ့....မင်းတို့က ဘယ်သူတွေလဲ'

လူထွားကြီးများက လုံးဝ စကားမပြောကြပါ။

ဖေ့ချင်က ဒေါသဖြစ်သွားပြီး....

'ငါမေးနေတာ မကြားဘူးလား'

'ဝုန်း....'

သူမသည် သံတံခါးကို ခြေထောက်ဖြင့် ကန်ပစ်လိုက်လေသည်။ ထိုအခါမှ လူထွားကြီးနှစ်ဦးသည် နောက်သို့ လှည့်ကြည့်၍....

'အား....အား....အား'

သူတို့၏ပါးစပ်ကို ဖြဲပြလိုက်သည်။ သူတို့သည် စကားမပြောနိုင်သော လျှာအဖြတ်ခံထားရသည့် သိုင်းသမားများ ဖြစ်လေသည်။

ထိုအခါမှ ဖေ့ချင်မှာ သဘောပေါက်သွားပြီး ကောက်ရိုးခင်းပေါ်တွင် ထိုင်လိုက်ကာ ဝမ်းနည်းပက်လက် ဖြစ်သွားရှာပြန်သည်။

'ဟင့်....ဟင့်....ဟင့်'

သူမ၏ ငိုရှိုက်သံသည် သဲ့သဲ့မျှ ပေါ်ထွက်လာလေသည်။ ထိုအချိန်တွင် ခြေသံများကိုပါ ကြားလိုက်ရကာ မြေအောက်ခန်းဆီသို့ ဝတ်ရုံနက်များ ဝတ်ထားသော လူနှစ်ယောက်တို့ ရောက်လာကြသည်။

တစ်ဦးမှာ သူဌေးကြီးထင်းမြီးကောက်ဖြစ်ပြီး တစ်ဦးမှာ သူ၏ အတွင်းရေးမှူးဖြစ်လေသည်။

သူတို့၏ ဌာနချုပ်သည် ဤကြာဖြူရဲတိုက်ကြီးဆီသို့ ပြောင်းရွှေ့လာခြင်း ဖြစ်လေသည်။

'ဟဲ....ဟဲ....ဟဲ'

ထင်းမြီးကောက်သည် ရယ်မောလိုက်လေသည်။

'မိန်းကလေး ဖေ့ချင်.. ညည်း တော်တော် စိတ်ညစ်နေပြီလား'

'ဝုန်း....





ဖေ့ချင်သည် ဝုန်းခနဲ ထလိုက်ကာ....

'လူကို မတရားဖမ်းထားပြီး ခံထားရတဲ့လူက စိတ်မညစ်ဘဲ နေပါ့မလား'

'ဟဲ ဟဲ ဟဲ....တယ် ဒေါသကြီးသကိုးကွ'

'သတ္တိရှိရင် လွှတ်ပေးပါလား'

'မင်းကို ငါက မနှိပ်စက်ပါဘူး၊ ဒါပေမယ့် တို့လိုတာ မရရင်တော့ မင်းရဲ့ လှပတဲ့မျက်နှာလေးကို တစ်စချင်း ဖျက်ပစ်ရမှာပဲ'

'တော်တော်ယုတ်မာတဲ့လူကြီးပါလား'

'ကောင်းပြီလေ၊ ငါတို့ပြောတဲ့အတိုင်းသာ လုပ်ပေးပါ၊ မင်းကို ပြန်လွှတ်ပေးမယ်၊ ဒါပဲ'

ထင်းမြီးကောက်နှင့် သူ၏အတွင်းရေးမှူးတို့သည် ပြန်လည်ထွက်ခွာသွားလေတော့သည်။

■ ■ ■

ပန်းဆာမ္ဘာဂိုဏ်းချုပ်ကြီး၏ သမီးဖြစ်သော ဖေ့ချင်သည် ထိုသို့ အမှတ်မထင် အဆိပ်မိတာ၁ အဖမ်းခံလိုက်ရခြင်းပင် ဖြစ်လေသည်။

ကင်းမြီးကောက်တို့ပြောသည့်အတိုင်း သူမသည် ဒေါင်းစိမ်းဆီသို့ စာတစ်စောင် ရေးပေးလိုက်ရလေသည်။

ထိုစာအောက်တွင် သူမ၏ လက်မှတ်ကို ထိုးကာ သူမကလျှို့ဝှက် ကြက်ခြေခတ်ကို ရေးဆွဲပေးလိုက်လေသည်။

လျှို့ဝှက် ကြက်ခြေခတ်၏ သဘောမှာ ဘာမှ မလုပ်ပါနှင့်ဟူသော အထိမ်းအမှတ်ပင် ဖြစ်သည်။

ဒေါင်းစိမ်းသည် ကြာဖြူရဲတိုက်သို့ ပထမဆုံး သူတစ်ဦးတည်း မြင်းကို အပြင်းနှင်လာခဲ့လေသည်။

ကြာဖြူရဲတိုက်၏သစ်တောအုပ်ကြီးမှာ ကျင်းလန်းတောင်ခြေတွင်ရှိနေလေသည်။

ဒေါင်းစိမ်းသည် ထိုတောအုပ်ကြီးဆီသို့ ရောက်လာသည်နှင့် အထူးသတိထားကာ တောလမ်းအတိုင်း မြင်းကိုနှင်ခဲ့လေသည်။





ထိုအချိန်မှာပင် မြွေဟောက်မိကျောင်းတို့သည် တောင်ပေါ် လမ်းတစ်လမ်းမှနေ၍ ပြေးလွှားလာလျက် ရှိနေလေသည်။

သူတို့သည် ကျင်းလန်း သစ်တောအုပ်ကြီးထဲမှ ကြာဖြူရဲတိုက်ကြီးကို တောင်ပေါ်မှ တွေ့လိုက်ရသည်နှင့် လွှားဆင်းလာကြသည်။

ထိုအချိန်တွင် ဒေါင်းစိမ်းသည် ကြာဖြူရဲတိုက်ကြီးသို့သွားသော လမ်းအတိုင်း မြင်းကို တဖြည်းဖြည်း နှင်ခဲ့လေသည်။

ထိုစဉ် သစ်ပင်ပေါ်မှ လူရိပ်များသည် လွှားဆင်းလာသည်ကို တွေ့လိုက်ရလေသည်။

'ဝုန်း'

'ဝုန်း'

လူပေါင်းဆယ်ယောက် ဖြစ်လေသည်။

သူတို့အားလုံး အနက်ရောင်အဝတ်များကို ဝတ်ထားလျက်မားကိုယ်စီ ခါးတွင်ချိတ်ဆွဲထားကြလေသည်။

အဝတ်နက်ဝတ်ထားသော လူထွားကြီးက ဒေါင်းစိမ်းကိုမေးလိုက်လေသည်။

'မင်း ဒေါင်းစိမ်း မဟုတ်လား'

'ဟုတ်တယ်၊ ကျုပ် ဒေါင်းစိမ်းပဲ'

'ဒီလိုဆိုရင် ငါတို့လက်ထဲကို ကျောက်စိမ်း ကြေးအိုးပေးပါ'

'မင်းတို့ခေါင်းဆောင်နဲ့တွေ့မှ ငါပေးနိုင်မယ်'

'တို့ကိုမှာထားတယ်၊ အခုထုတ်ပေးပါ'

'မင်းတို့ကို လုံးဝမပေးနိုင်ဘူး၊ မင်းတို့ခေါင်းဆောင်ဆီကို ငါ့ကိုခေါ်သွား၊ ငါပေးမယ်'

လူထွားကြီးများသည် အချင်းချင်း ကြည့်လိုက်ကြကာ....

'လာလိုက်ခဲ့၊ ရှေ့ကသွား'

ဒေါင်းစိမ်းကို အဝတ်နက်ဝတ်ထားသည့် သိုင်းသမားများက ခေါ်ဆောင်သွားလေသည်။

ကြာဖြူရဲ့တိုက်ကြီး၏ မုခ်တံခါးရောက်သည်နှင့် တံခါးကြီးသည် ပွင့်ထွက်သွားပြီး ဒေါင်းစိမ်းအား ကြာဖြူရဲ့တိုက်ကြီးသို့ ဆက်၍ခေါ်သွားကြလေသည်။

'ချမ်း....ချမ်း....'





အချက်ပေးလင်ပန်းတီးသံ ပေါ်ထွက်လာလေသည်။ ဒေါင်းစိမ်း ကြာဖြူရဲ့တိုက်ထဲသို့ ရောက်လာသည်နှင့် ကင်းမြီးကောက်ကို တွေ့လိုက်ရလေသည်။

ကင်းမြီးကောက်သည် ဝတ်ရုံနီကြီးကို လွှမ်းခြုံထားကာ ဒေါင်းစိမ်းကို ဆီးကြိုလိုက်လေသည်။

'ညီလေးဒေါင်းစိမ်း၊ ကြွပါ ကြွပါ'

ဒေါင်းစိမ်းက ရှေ့သို့တိုးသွားပြီး....

'ပန်းကမ္ဘာဂိုဏ်းချုပ်ကြီးရဲ့သမီးကို ခင်ဗျား ဖမ်းထားတယ် မဟုတ်လား'

'ဟုတ်တယ်၊ ငါ့ရဲ့အကျဉ်းခန်းမှာရောက်နေပြီ'

'ကျုပ် သူနဲ့တွေ့ပြီးမှ ခင်ဗျားတို့ကို ကျောက်စိမ်းကြေးအိုး ပေးမယ်'

'ဟား ဟား ဟား။ တွေ့ရပါတယ် တွေ့ရပါတယ်'

ကင်းမြီးကောက်သည် ဒေါင်းစိမ်းကို မြေအောက်အကျဉ်းခန်းထဲသို့ ခေါ်သွားလေသည်။

ကင်းမြီးကောက်သည် ဖေ့ချင် ရှိနေသော အကျဉ်းခန်းကို ပြလိုက်လေသည်။

ဒေါင်းစိမ်းသည် အလျင်အမြန်ပင် ဖေ့ချင် ရှိနေသော အကျဉ်းခန်းရှေ့သို့ သွားလိုက်လေသည်။

'မမဖေ့ချင်၊ 'မမဖေ့ချင်'

ဖေ့ချင်သည် ဒေါင်းစိမ်း၏အသံကိုကြားရသဖြင့် ကောက်ရိုးခင်းပေါ်တွင် လှဲအိပ်နေရာမှ ဝုန်းခနဲ ထလာလေသည်။

'မမဖေ့ချင်'

'မောင်လေး ဒေါင်းစိမ်း'

'မမအတွက်နဲ့ဆိုရင်၊ ကျွန်တော့်မှာရှိတဲ့ ကျောက်စိမ်းကြေးအိုးကို ပေးရပါတယ်၊ ဒီပစ္စည်းဟာ ဆရာကြီးက မှာထားတဲ့ ပစ္စည်းပါ'

ဖေ့ချင်က....

'မောင်လေး မပေးနဲ့၊ မပေးနဲ့'

'ဟား ဟား ဟား...ဒေါင်းစိမ်းက မပေးရင် မင်းသေသွားမှာပေါ့၊ မင်းက တို့လက်ထဲရောက်နေတာပဲ'

ထိုအချိန်မှာပင် ဒေါင်းစိမ်းသည် တစ်စုံတစ်ရာကို သတိရသွားကာ သူ၏အတွင်းအားလှိုင်းကြီးကို လက်ဝါးပေါ်သို့ ပို့လိုက်ပြီး အကျဉ်းတံခါးကို အားကုန် ရိုက်ချလိုက်လေသည်။





'ဝုန်း....'

အကျဉ်းတံခါးသည် ပွင့်ထွက်သွားလျက် အခန်းထဲမှ ဖေ့ချင်သည် ခုန်ထွက်လာလေသည်။

'ယား'

ကင်းမြီးကောက်နှင့် သူ၏ အစောင့်တပ်သားများသည် ဒေါင်းစိမ်းနှင့်ဖေ့ချင်တို့အား လွှား၍ တစ်ပြိုင်တည်း တိုက်ခိုက်လိုက်ကြလေသည်။

'ဖြောင်း ဖြောင်း'

'ဖြောင်း ဖြောင်း'

'ဝုန်း'

ဒေါင်းစိမ်းသည် သူ၏လက်ဝါးဖြင့် အစောင့်သိုင်းသမားကို ရိုက်ချလိုက်စဉ် သူ၏ဓားကို လျှပ်တစ်ပြက် ဆွဲထုတ်လိုက်လေသည်။

ထိုအချိန်မှာပင် ဖေ့ချင်ကိုလည်း အစောင့်သိုင်းသမားတစ်ဦးထံမှ ဓားကို လုယူလိုက်ကာ လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

'ချွမ်း ချွမ်း ချွမ်း'

'ထန်း ထန်း ထန်း....'

'အား'

အစောင့်သိုင်းသမားများသည် အတုံးအရုံး ကျဆုံးသွား ကြလေသည်၊

တင်းမြီးကောက်က သူ၏ဓားကြီးဖြင့်ဝှေ့ယမ်းကာ ဒေါင်းစိမ်းကို တိုက်ခိုက်လိုက်လေသည်။

'ချွမ်း'

'ချွမ်း ချွမ်း ချွမ်း'

ဒေါင်းစိမ်းသည် သူ၏ဓားဖြင့် ဆီးခံကာ အပြင်းအထ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ထိုစဉ် အပြင်ဘက်မှ သိုင်းသမားများသည် လူရိုပ်နှစ်ရိပ် သူတို့ဆီသို့ ထိုးကျလာကာ ရှုတ်တရက် တိုက်ခိုက်ခြင်းကို လိုက်ကြရလေသည်။

'ဝုန်း'

'ဝုန်း'





လူရိပ်နှစ်ရိပ်မှာ မြွေဟောက်နှင့်မိကျောင်းတို့ပင် ဖြစ်သည်။ ည်။ မြွေဟောက်နှင့် မိကျောင်းတို့သည် ကြာဖြူရဲတိုက် တွင်းရှိ အစောင့်သိုင်းသမားတစ်ချို့ကို လျှပ်တစ်ပြက် တိုက် ိုက်လိုက်ပြီး နောက်မြေအောက် အကျဉ်းစခန်းဆီသို့ ပြေး ဝင်းလာလေသည်။

'ယား....'

'ချွင်း....ချွင်း....ချွင်း....'

အစောင့်သိုင်းသမားများက မြွေဟောက်တို့ကို ဆီးကြို ိုက်ခိုက်လိုက်ကြသည်။

မြွေဟောက်တို့ကလည်း လေထဲတွင် လွှား၍ ဝက်ဘာခြေ န်ချက်များဖြင့် တိုက်ခိုက်လိုက်ကာ သူတို့၏ ဓားများကို ိမ်တိုက် နဂါးသိုင်းကွက်များဖြင့် တိုက်ခိုက်လိုက်သည်။

တင်းမြီးကောက်သည် မြွေဟောက်နှင့် မိကျောင်းတို့ ရောက် လာသည်ကို သိလိုက်သည်နှင့် သူသည် ဒေါင်းစိမ်းနှင့် တိုက် ိုက်နေရာက ဇလျင်အမြန် လွှာ ထွက်သွားတော့သည်။

မြွေဟောက် မိကျောင်း၊ ဒေါင်းစိမ်းတို့သည် တင်းမြီး ကောက်ထံသို့ လိုက်သွားကြသည်။

'ဟေ့....လူယုတ်မာကြီး၊ မပြေးနဲ့'

သူတို့သည် ပြေးလွှားရင်းက အခန်းတစ်ခန်းထဲသို့ ရောက်သွားတော့သည်။

ထိုစဉ် ဖေ့ချင်မှာ သိုင်းသမားများကို တိုက်ခိုက်ပြီး ကြာဖြူရဲတိုက်ပေါ်သို့ ရောက်လာသည်။

ကြာဖြူရဲတိုက်အပေါ်သို့ ရောက်လာသည်နှင့် သူမသည် လွှားဆင်းသွားလေတော့သည်။

ထိုအချိန်မှာပင် မြေအောက်ခန်းတစ်ခန်းသို့ ရောက်သွားသော မြွေဟောက်၊ စီကျောင်း၊ ဒေါင်းစိမ်းတို့သည် ကင်းမြီးကောက် ပျောက်သွားသည့်အတွက် ဆက်မလိုက်တော့ဘဲ ထိုအခန်းထဲမှ ထွက်ရန် ပြင်လိုက်သည်နှင့် ရုတ်တရက် အသံကြီးတစ်သံကို ကြားရလေသည်။

'ဂျိမ်း....'

'ဝုန်း....'

ထိုအခန်း၏ ကြမ်းပြင်သည် ပွင့်ထွက်သွားကာ မြွေဟောက်၊ စီကျောင်း၊ ဒေါင်းစိမ်းတို့သည် အလွန်နက်ရှိုင်းသည့် ချောက်အတွင်းသို့ ထိုးဆင်းကျလာလေတော့သည်။

'အား....'





သူတို့သည် မကြာမီ ချောက်ဝှမ်းကြီးအောက်ရှိ ရေအိုင်ကြီးထဲသို့ ဗွမ်းခနဲ ကျသွားကာ ရေစီးနှင့် မျောပါသွားလေတော့သည်။

သူတို့သုံးဦးသည် အလျင်အမြန်ပင် ရေကန်၏ ကမ်းခြေဆီသို့ အလျင်အမြန် တက်လိုက်ကြသည်။

သေကံမရောက် သက်မပျောက်ဟူသော စကားနှင့်အညီ သူတို့အဖို့ အလွန်ပင် ကုသိုလ်ကံ ကောင်းသွားရလေသည်။

ကြာဖြူရဲတိုက်အောက်ရှိ ချောက်ဝှမ်းကြီးမှာ နက်ရှိုင်းလှပြီး ကျောက်ဆောင် ကျောက်တုံးကြီးများကလည်း ပေါများလှသည်။

အပေါ်သို့ ပြန်လည်တက်နိုင်ရန်မှာ မလွယ်လှချေ။ သူတို့သုံးဦးသည် ကမ်းခြေရှိ ကျောက်ဆောင်ကြီးပေါ်တွင် အနားယူကာ ချောက်ဝှမ်းကြီးကို ငေးမော ကြည့်နေမိကြလေသည်။

မြွေဟောက်က...

'ညီလေးတို့ရေ ဒီချောက်ဝှမ်းကြီးထဲက ထွက်ဖို့တော့ မလွယ်လှဘူး၊ ပထမဆုံး တို့ကိုတို့ အားရှိအောင် သားငါးတွေကို ဖမ်းစားရမယ်၊ အတွင်းအားတွေကို ပိုပြီးတော့ ကျင့်ကြရမယ်'

သူတို့သည် ထိုသို့ပြောနေရာက ဒေါင်းစိမ်းအား တစ်နေရာသို့ လက်ညှိုးဖြင့် ထိုးပြလိုက်သည်။

'အစ်ကိုကြီး ဟိုမှာကြည့်ပါဦး'

ဒေါင်းစိမ်း လက်ညှိုးထိုးပြလိုက်သော နေရာတွင် လူအရိုးစုများနှင့် မြွေများ၏ အရေခွံများကို တွေ့ရလေသည်။

လူအရိုးစုအားလုံးသည် ချောက်နက်ဂူမ်ကြီးထဲသို့ ပစ်ချခြင်းခံရသူများ ဖြစ်မည်ဟု ယုံကြည်ရပေသည်။

ထို့နောက် သူတို့သည် ထင်းခြောက်များကို စုကာ မီးပုံတစ်ပုံကို ဖိုလိုက်သည်။ သူတို့၏ စိုနေသော အဝတ်များကိုလည်း မီးဖြင့် ကင်လိုက်ကြလေသည်။

မိကျောင်းမှာ အလွန်လျင်မြန်သူ ဖြစ်သည့်အတိုင်း ရေကန်ကြီးထဲတွင် တွေ့ရသည့် ရွှေငါးများကို ခုန်ချ၍ တစ်ကောင်ပြီးတစ်ကောင် ဖမ်းယူလိုက်လေသည်။

ထိုနေ့ နံနက်စာအတွက်တော့ ငါးကင်များနှင့်ပင် ပြီးသွားခဲ့လေသည်။

ဤနက်ရှိုင်းသော ချောက်ဂူမ်ကြီးထဲတွင် အသက်ရှင်သူဟူ၍ တစ်ဦးတစ်ယောက်မျှ ရောက်ဖူးဟန် မတူပေ။

ယခု သူတို့သုံးဦးသာ အသက်ရှင်လျက် လူသားတွေအဖြစ် တွေ့ရလေသည်။




စာမှတ် ၁၅ / ၁၃၈၊ ဗိလဒိ

သူတို့သုံးဦးသည် ငါးများကို ကင်စားပြီးနောက် အိုးအင်ျားပို့၍ တိုးပွားလာရကာ ရေကန်ဘေးမှနေ၍ သူတို့တို့ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း လမ်းခရီးကို ရှာရန်အတွက် ထွက်လာကြ၏။

ချောက်ဂူမ်ကြီးတစ်ခုလုံးမှာ ပထမနေ၏ အလင်းရောင်ဖြီးကျနေသော်လည်း နေရောင်ကွယ်သွားသည်နှင့် မှောင်အတိကျသွားတော့သည်။

သူတို့သုံးဦးသည် မီးတုတ်များဖြင့် ချောက်ဂူမ်းအတွင်းတွင် တစ်ဖြည်းဖြည်း လှည့်ပတ်၍ လာခဲ့ကြသည်။ မကြာမီ ရေကန်ကြီး၏ ဘေးတွင်ရှိသော ထူးဆန်းသည့် ကျောက်ဂူကြီးတစ်ခုကို တွေ့ရလေသည်။

ထိုကျောက်ဂူကြီးထဲတွင် မီးရောင်ကလေး တစ်လက်လက်တောက်လျက်ရှိနေသည်ကို ထူးဆန်းစွာ တွေ့ရ၏။

သူတို့သုံးဦးသည် ကျောက်ဂူကြီးထဲသို့ မီးတုတ်များ ထွန်းလျက် တဖြည်းဖြည်း ဝင်ရောက်သွားကြ၏။

'ဟေး....ဟေး....ဟေး....'

'ဟီး....ဟီး....ဟီး....'

3

သူတို့သည် အသံကြားရာဆီသို့ တဖြည်းဖြည်း တိုးသွားကာ ခေါင်းမွေးများ ဆွတ်ဆွတ်ဖြူနေသော အဘိုးအိုဘစ်ဦးကို ခါးကိုင်းကိုင်းဖြင့် တွေ့လိုက်ရ၏။

ဂူအဘွင်းရှိ မီးရောင်မှာ မီးလင်းဖိုကြီး တစ်ခုပင် ဖြစ်၏။

မြေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် အဘိုးအိုအား ဒူးထောက်၍ တစ်ပြိုင်တည်း အရိုအသေ ပေးလိုက်ကြလေ၏။

'ကျွန်တော်တို့ကို ရန်သူက တိုက်ခိုက်ပြီး ချောက်ဝှမ်းကြီးထဲကို ချလိုက်ပါတယ် ဘဘခင်ဗျာ၊ ကျွန်တော်တို့ကို ဘဘ ကယ်နိုင်ရင် ကယ်ပါ၊ ကျွန်တော်တို့တော့ ဒုက္ခရောက်နေပါတယ်'

အဘိုးအိုသည် သူတို့သုံးဦးအား ပြူးကျယ်သော မျက်လုံးများဖြင့် ကြည့်လိုက်ပြီး ရယ်မောလိုက်၏။

'ဟီး....ဟီး....ဟီး....'

'ဟေး....ဟေး....ဟေး....'

အဘိုးအိုသည် ထိုင်နေရာက သူ၏ ခြေထောက်နှစ်ချောင်းကို မ၍ ပြလိုက်လေ၏။





'မင်းတို့ ငါ့ခြေထောက်တွေကို ကြည့်လိုက်စမ်းပါ'

'ဟာ....ခြေထောက်တွေအာ မြတ်လို့ပါလား'

'သေး....ဟုတ်တယ်၊ ကြာဖြူရဲတိုက်ကြီးက မြို့စားကြီးဟာ ငါ့ခြေထောက်တွေကို ဖြတ်ပြီး ဒီချောက်ဝှမ်းထဲကို ချလိုက်တာပဲ၊ ငါဟာ မသေဘဲ ခုထိရှိနေခဲ့တယ်'

ဒေါင်းစိမ်းက....

'ဘဘအမည်က ဘယ်လိုခေါ်ပါသလဲ'

'အဘဟာ နာမည်ကြီးလှတဲ့ မိုးကြိုးသိုင်းသမားကြီးလို့ခေါ်ကြတယ်'

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် ထပ်မံ၍ အရိုအသေပြုလိုက်ကာ....

'ကျွန်တော်တို့ကို ကိုးနဂါးတောင် သိုင်းသမားကြီးက ပြောဖူးပါတယ်၊ တစ်ချိန်က မိုးကြိုးသိုင်းသမားကြီးဟာ သူနဲ့ သူငယ်ချင်းပဲလို့ ပြောခဲ့ဖူးပါတယ်၊ နောက် မတွေ့တာကြာပြီလို့လဲ ပြောဖူးပါတယ်'

'ဟား ဟား ဟား....မင်းတို့က နဂါးတောင် သိုင်းသမားကြီးရဲ့ တပည့်တွေလား'

'မှန်ပါတယ် ဘဘ ခင်ဗျာ'

မြွေဟောက်က သူတို့၏အဖြစ်ကို အကျဉ်းချုပ်၍ ပြောပြလိုက်လေသည်။

'အင်း သစ္စာဖောက်....သစ္စာဖောက်၊ သိုင်းလောကမှာလဲ ညီအစ်ကိုချင်း သစ္စာဖောက်တွေလဲ ရှိနေတာပဲ၊ ဒါပေမယ့် မင်းတို့ ဘာမှမပူကြပါနဲ့၊ ခုနစ်ရက်တစ်ကြိမ် ချောက်ဝှမ်းထဲကို ဆင်းလာကြတဲ့ မျောက်ဝံကြီးတွေ ရှိနေတယ်၊ အဲဒီမျောက်ဝံကြီးတွေဟာ ငါ့တပည့်တွေပဲ၊ သူတို့ ကျောကိုစီးသွားတာနဲ့ မင်းတို့ ချောက်အပြင်ကို ရောက်သွားပါလိမ့်မယ်'

'ဟုတ်ကဲ့....ဘဘခင်ဗျာ'

မြွေဟောက်က အရိုအသေပြု၍ ပြောလိုက်သည်။

ထို့နောက် မိုးကြိုးဓားသမားကြီးကကျောက်စင်ကြီးပေါ်မှ စားသောက်စရာများကို သူတို့အား ချ၍ကျွေးလိုက်လေသည်။

'ကဲ မင်းတို့ စားကြပါ၊ ဟောဒါ အလွန်အားရှိတဲ့ မြွေဟောက် မြွေနက်သား၊ ယုန်သား၊ ရွှေငါးတွေ ကင်ထားတာဖြစ်တယ်၊ မင်းတို့ဝအောင် စားလိုက်ကြစမ်း'

သူတို့သည် နောက်ထပ် အစားအစာများကို စားလိုက်ကြကာ ထိုညအဖို့ မိုးကြိုးဓားသမားကြီး၏ ဂူထဲတွင် အိပ်လိုက်ကြလေသည်။





သို့နှင့်ပင် ဒုတိယနေ့သို့ရောက်လာသည်။

မိုးကြိုးဓားသိုင်းသမားကြီးသည် မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့၏ သိုင်းပညာများကို ပြစေအောာ သူ၏ ဓားသိုင်းပညာများကို ဒုတိယနေ့မှစ၍ သင်ကြားပေးလျက် ရှိနေသည်။

ထို့နောက်....အတွင်းအားများကိုလည်း ပိုမို၍ လေ့ကျင့်စေလေသည်။

သူတို့၏ အတွင်းအားများကလည်း တစ်နေ့ထက်တစ်နေ့ပိုမိုတိုးပွားလာကာ အားအင်များလည်း အလျင်ကထက်ကြီးထွားလာလေသည်။

သူတို့သုံးယောက်သည် ချောက်နက်ဟောင်းကြီး အောက်တွင် အပြန်အလှန် မိုးကြိုးဓားသိုင်းများကို လေ့ကျင့်လျက် ရှိနေကြသည်။

ချောက်ဝှမ်းကြီးအောက်တွင် ထူးဆန်းသော သစ်ပင်မျိုးစုံကလည်း ရှိနေလေသည်။

ထိုသစ်ပင်များ၏ အနံ့များသည် ရှူရှိုက်လိုက်ရသူအဖို့ ပိုမို၍ပင် အင်အားကြီးထွားလာရသည်။

တစ်နေ့တွင် မြေတွင်းကြီးအောက်တွင် ထူးဆန်းသော မြွေကြီးတစ်ကောင် ပေါ်ထွက်လာသည်။

ထိုမြွေကြီးမှာ မြွေဖွူကြီးဖြစ်လေသည်။

ထိုစဉ် အခြား တွင်းကြီးတစ်တွင်းထဲမှ မြွေနက်ကြီး တစ်ကောင်သည် ပေါ်ထွက်လာပြန်သည်။

မြွေနှစ်ကောင်တို့သည် တစ်ကောင်နှင့်တစ်ကောင် ပြင်းထန်စွာ တိုက်ခိုက်လျက် ရှိနေကြသည်။

'ရှူး ရှူး ရှူး'

'ဝုန်း ဝုန်း ဝုန်း'

မြေပြင်တစ်ခုလုံးသည် .သိမ့်သိမ့် တုန်သွားကာ သစ်ပင်ဝါးပင်များသည် ကြေမွပျက်စီးကုန်တော့သည်။

မြွေကြီးနှစ်ကောင်မှာ တစ်ကောင်နှင့်တစ်ကောင် လူတစ်ယောက် ပေါင်လုံးထက်ပင် ကြီးမားလှပေသည်။

'ဝုန်း ဝုန်း ဝုန်း'

'ရှူး ရှူး ရှူး'

မြွေကြီးနှစ်ကောင်သည် တစ်ကောင်နှင့်တစ်ကောင်တိုက်ခိုက်ခြင်းကြောင့် နှစ်ကောင်စလုံးပင် အသက်ပျောက်ကာ ငြိမ်သက်သွားတော့သည်။





'ဟား ဟား ဟား'

ကြီး

မိုးကြိုးခေါးသမားကြီးသည် တဟားဟား ရယ်မောလိုက် သည်။

ကာ မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့ကို ပြောလို ထောင်း၍ လေသည်။

'မင်းတို့ သုံးယောက်စလုံး ဒီမြွေကြီးတွေရဲ့ခေါင်းကိုဖြတ်
သွေးတွေကို သောက်လိုက်ကြပါ၊ ပြီးတော့ သူတို့ကို ကင်ကြိုး၏သိုင်း
မင်းတို့ ကောင်းကောင်း စားနိုင်ကြပြီ' ဖောင်ကို

သူတို့သုံးဦးသည် မိုးကြိုးခေါးသမားကြီး ပြောသည့်အတိုင်း မြွေကြီးနှစ်ကောင်၏ ခေါင်းကိုဖြတ်ပြီး သွေးများကို သောက်လိုက်ရာ သူတို့တစ်ကိုယ်လုံးမှာ ပိုမို၍အင်အားပြည့်လာသည်ဟု လိုက်ရသည်။

'ဟား ဟား ဟား'

ဒေါင်းစိမ်းသည် အားမှာန်သွင်း၍ အော်လိုက်ကာ လွှား၍ ခုန်လိုက်ရာ ချောက်ဝှမ်းကြီး၏ တစ်ဝက်ဆီသို့ ရောက်သွားလေတော့သည်။

ထို့အတူပင် မြွေဟောက်၊ မိကျောင်းတို့လည်း ဒေါင်းစိမ်းဆီသို့ လွှားခုန်တစ်ချက်လိုက်ရာ ဒေါင်းစိမ်း ကဲ့သို့ပင် တောင်တစ်ဝက်ဆီသို့ ရောက်သွားကြသည်။

ယခုအခါ သူတို့၏ ကိုယ်ခန္ဓာများသည် ဝါဂွမ်းပမာ ပေါ့
ဝ့ ပါးလှသည်ဟု ထင်ရလေသည်။

ကောင်း
ခုနစ်ရက်တစ်ကြိမ် မိုးကြိုးခေါ်းသမားကြီးပြောသည့် အတိုင်း
မြေနှမျောက်ဝံကြီးများသည် ချောက်ဝှမ်းကြီးထဲသို့ လွှားဆင်း၍
စွာ တိုက်ခတ်ကြလေသည်။

ရှူး သူတို့လက်ထဲတွင် ပိန္နဲသီးများ၊ ငှက်ပျောခိုင်များ ပါရှိလာ
သည်ကို တွေ့လိုက်ရလေသည်။

ထိုနောက် မျောက်ဝံခေါင်းဆောင် မျောက်ဝံကြီးသည်
ကွ ကွ ကွကွဖြင့် တစ်ခုခုပြောကာ ပြန်လည်တွက်ခွာသွားလေ
တော့သည်။

မိုးကြိုးခေါ်းသမားကြီးထံတွင်သိုင်းပညာများကို လေ့ကျင့်
နေရာ သုံးလခန့်မျှပင် ကြာရှိသွားတော့သည်။

မိုးကြိုးခေါ်းသမားကြီးက
'တို့ ချောက်ဝှမ်းထဲကို မြေအောက်က မျောက်တစ်ပိုင်း လူ
တစ်ပိုင်းဆိုတဲ့ သတ္တဝါတွေလာမယ်လို့ မျောက်ဝံကြီးက ပြော
သွားတယ်၊ ဒီကောင်တွေဟာ လူဆိုးတွေပဲ၊ ဘဘထံကို မကြာ
ခဏလာပြီး တိုက်ခိုက်ခဲ့တယ်၊ သူတို့ဟာ အသူရာ ဘမ္ဘာတ
မျောက်တစ်ပိုင်း လူတစ်ပိုင်းတွေပဲ၊ သုံးရက်အတွင်း လာလိမ့်
မယ်'





မိုးကြိုးသိုင်းသမားကြီးသည် ထိုသို့ပြောရင်း ဝါးလုံးကြီး
တစ်လုံးကို ခုတ်ယူကာ ပြောင်းကြီးတစ်ခုကို ပြုလုပ်လိုက်သည်။

ထိုပြောင်းထဲတွင် ထူးဆန်းသော သစ်ရွက်များထုထောင်း၍
ထည့်ထားလိုက်သည်။

မြေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် သူတို့၏သိုင်း
ပညာများကို လေ့ကျင့်ရင်းက ဝါးဖောင်ကြီး တစ်ဖောင်ကို
ပြုလုပ်လိုက်ကြသည်။

ထိုဝါးဖောင်ကြီးဖြင့် ချောက်ဝှမ်းကြီးအောက်ရှိ ရေစာနီ
ချောင်းလမ်းအတိုင်းလိုက်ကာ လေ့လာရန် စီစဉ်လိုက်ခြင်းပင်
ဖြစ်သည်။

နောက်ထပ် သုံးရက်ခန့် ကြာသော အချိန်တွင် အသံကြီး
များကို ကြားလိုက်ရလေသည်။

'ဝူး ဝူး ဝူး'

'စုန်း စုန်း စုန်း'

သူတို့အားလုံးသည် ဂူကြီးအပြင်သို့ ပြေးထွက်လိုက်ကြလေ
သည်။

မည်းမှောင်သော အရိပ်ကြီးများသည် ရေကန်ကြီးထဲမှ တဖြည်းဖြည်း ပေါ်ထွက်လာသည်ကို တွေ့လိုက်ကြရလေသည်။

'ဝူး....ဝူး....ဝူး'

ထိုအမည်းရောင်အရိပ်ကြီးများသည် မျောက်တစ်ပိုင်း လူတစ်ပိုင်းများဖြစ်လျက် သူတို့အားလုံးသည် ရေကန်ကြီးအတွင်းမှ ပြေးလွှားလာကြခြင်း ဖြစ်သည်။

မိုးကြိုးသိုင်းသမားကြီးက ခေါင်းဆောင်ပြီးလျှင် မျောက်တစ်ပိုင်း လူတစ်ပိုင်း သတ္တဝါကြီးများကို အော်ဟစ်၍ တိုက်ခိုက်လိုက်လေသည်။

'ယား....'

'ချွမ်း....ချွမ်း....ချွမ်း'

'ဝူး....ဝူး....ဝူး'

လူတစ်ပိုင်းမျောက်တစ်ပိုင်းသတ္တဝါကြီးများသည် ကျောက်တင်ပုတ်ကြီးများကို ဝှေ့ယမ်းလျက် မိုးကြိုးဓားသမားကြီးနှင့် မြွေဟောက်၊ မီကျောင်း၊ ဒေါင်းစိမ်းတို့အား လွှားကာ တိုက်ခိုက်လိုက်ကြသည်။

'ဒုန်း....ဒုန်း....ဒုန်း'





ကျောက်တင်းပုတ်ကြီးများသည် သိုင်းသမားများက လေထဲသို့ တက်လိုက်သောကြောင့် ကျောက်တုံး၊ ကျောက်ဆောင်များကိုသာ ရိုက်ခတ်မိတော့သည်။

'ဝူး....ဝူး....ဝူး'

'အူး....အူး....အူး'

သိုင်းသမားကြီးများက သူတို့၏ ဓားများကို ဝှေ့ယမ်းကာ တိုက်ခိုက်လိုက်ကြသည်။

'ဝိုး....ဝိုး....ဝိုး'

'ချွမ်း ချွမ်း ချွမ်း'

'ဝူး ဝူး ဝူး'

လူတစ်ပိုင်း မြောက်တစ်ပိုင်း သတ္တဝါကြီးများသည် သိုင်းသမားများ တိုက်ခိုက်မှုကြောင့် အတုံးအရုံး ကျဆုံးသွားလေသည်။

အချိန်အတော်ကြာ တိုက်ခိုက်လိုက်ကြစဉ်မှာပင် ချောက်ဂူမ်းကြီးအထက်မှ တဝုန်းဝုန်း အသံများကို ကြားလိုက်ရလေသည်။

ထိုအသံများမှာ မျောက်ဝံကြီးများ ပြေးဆင်းလာကြ ဖြစ်သည်။

မျောက်ဝံကြီးများမှာ သစ်ကိုင်းကြီးများ၊ ကျောက် များကို ကိုင်ကာ သိုင်းသမားဘက်မှနေ၍ အော်ဟစ် တိုက် တော့သည်။

လူတစ်ပိုင်း မျောက်တစ်ပိုင်း သတ္တဝါကြီးများ၏ အလ တွင် ကျောက်တုံးများ၊ သစ်ချောင်းများသည် တဝုန်းဝ ကျသွားတော့သည်။

'ဝုန်း ဝုန်း ဝုန်း'

မျောက်ဝံကြီးများတိုက်ခိုက်ခြင်းမှာ အတော်ပင် ထိရော လှလေတော့သည်။

'အူး အူး အူး'

'အူး ဝူး ဝူး'

လူတစ်ပိုင်း မျောက်တစ်ပိုင်း သတ္တဝါများသည် အော် လျက် ထွက်ပြေးသွားကြလေတော့သည်။

မျောက်ဝံကြီးများက မိုးကြိုးသိုင်းသမားကြီးကို နှုတ်ဆ ကာ အလျင်အမြန်နီပင် ချောက်ဝှမ်းပေါ်သို့ ပြန်လည်တက်သွ ခလေတော့သည်။





မိုးကြိုးသိုင်းသမားကြီးက မြွေဟောက်၊ မိကျောင်း၊ ဒေါင်း မြမ်းတို့အား....

'လူလေးတို့... ဒီချောက်ဝှမ်းထဲက အမြန်ဆုံး ပြန်ထွက်သွား င်ပြီ၊ အခု မျောက်ဝံကြီးများ လာတဲ့လမ်းအတိုင်း တက် ရောက်သွားရင်း ကမ္ဘာမြေပြင်ကို ပြန်ရောက်သွားမှာပဲ'

ဤတွင် ဒေါင်းစိမ်းက ဒူးထောက် အရိုအသေပေးကာ....

'ဘဘ ခင်ဗျား... ဒီမြေအောက်တန်ကြီးချောင်းဟာ ဘယ် ထိ ရောက်တယ်ဆိုတာ ကျွန်တော် သိပ်ပြီးသိချင်တာပဲ'

မိုးကြိုးသိုင်းသမားကြီးက....

'လူကလေး.... ဒီတန်ကြီးအတိုင်း လိုက်သွားရင်လဲ ဘာမှ ခကြောင်းထူးမှာ မဟုတ်ဘူး၊ ဒီတော့ လူကလေးတို့ လုပ်စရာ တာ ဆက်လုပ်ကြပေတော့'

မိုးကြိုးသိုင်းသမားကြီးက ထိုသို့ ပြောလိုက်သောကြောင့် မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် မိုးကြိုးသိုင်း မားကြီးကို ဂါရဝပြုလိုက်ကြလေသည်။

မိုးကြိုး သိုင်းသမားကြီးသည် မြွေဟောက်၊ မိကျောင်း၊ ါင်းစိမ်းတို့နှင့် ခွဲခွာရတော့မည်ဖြစ်၍ သူသည် ကျောက်ဖျာ ပေါ်ရှိ မြက်ခင်းပြင်ပေါ်တွင် သွားရောက် အိပ်လိုက်တော့၏။

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် ဆရာကြီး အား နောက်ဆုံး ဂါရဝပြုလျက် ယူငင်စရာရှိသော ပစ္စည်း များကို ယူကာ ထွက်လာကြသည်။

သူတို့သည် အချိန်အတော်ကြာ မိုးကြိုးသိုင်းသမားကြီး သင်ကြားပေးခဲ့သော သိုင်းပညာများနှင့် အတွင်းအားများက လေ့ကျင့်ခဲ့ရသဖြင့် သုံးဦးစလုံးတို့သည် အတွင်းအားနှင့် ကိုယ် ဖော့အားများ နှစ်ဆမျှ တိုးတက်ခဲ့ရလေသည်။

ချိုင့်ဝှမ်းအပေါ်တွင် အလင်းရောင်များ ထိုးကျလျက် ရှိနေ သည်။

မြင်ရသည်မှာ ရေတွင်းကြီး၏ တွင်းဝကြီးပမာ ရှိနေပေ သည်။

သူတို့သုံးဦးစလုံးသည် ထိုတွင်းဝကြီးကို ကျော်လွှန်နိုင်ဖို့ မြေပြင်ပေါ်သို့ ပြန်ရောက်ကြမည် ဖြစ်သည်။

ထို့နောက် သုံးဦးစလုံး အတွင်းအားများကို အသုံးပြုကာ မာန်သွင်း၍ အော်ဟစ်လိုက်ကြသည်။

'ယား'

'ယား'

'ယား'





မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် တစ်ပြိုင် တည်းပင် အပေါ်သို့ ခုန်လွှားတက်လိုက်ကြရာ တောင်ချောက် ဝှမ်း၏ တစ်ဝက်သို့ ရောက်သွားလေတော့သည်။

ထို့နောက် ထပ်ဆင့်၍ လွှားတက်လိုက်ကြရာ ချောက်ဝှမ်း အပေါ်သို့ ရောက်ရှိသွားကာ ကြည်လင်သော ကောင်းကင်မြင် ပေါ်သို့ ရောက်ရှိသွားသကဲ့သို့ တောင်တန်းများ၊ တောအုပ် များကို ဝမ်းသာစရာ တွေ့လိုက်ရတော့သည်။

သူတို့သည် သစ်တောအုပ်ထဲတွင် ရှိသော အဆောက်အအုံ တစ်ခုကို မြင်လိုက်ရသည်။

ထိုအဆောက်အအုံသည် သစ္စာဖောက် ကင်းမြီးကောက်၏ လျှို့ဝှက်နေထိုင်ရာ ကြာဖြူရဲတိုက်ကြီးပင် ဖြစ်လေတော့၏။

'ညီလေးတို့.... ဒီသစ္စာဖောက်ကို ငါတို့ ပထမဆုံးသွားပြီ စာရင်းရှင်းလိုက်ကြရအောင်'

မြွေဟောက်က ပြောလိုက်၏။

'သိပ်ကောင်းတယ် အစ်ကိုကြီး'

ဒေါင်းစိမ်းက ထောက်ခံပြောလိုက်လေသည်။

ထို့နောက် သူတို့သည် လက်နက်များကို အသင့်ပြင်ကာ ကြာဖြူရဲတိုက်ကြီး ဆီသို့ ပြေးထွက်လာကြသည်။

အချိန်မှာ နေဝင်နေပြီ ဖြစ်သည်။

သစ်တောအုပ်ကြီးမှာ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေလေသည်။

ထိုအချိန်မှာပင် ကြာဖြူရဲတိုက်ကြီး အတွင်းတွင် ဂိုဏ်းပေါင်းစုံ ဗိုလ်ကြားထားသော သိုင်းခေါင်းဆောင်များသည် ကြာဖြူရဲတိုက် ခေါင်းဆောင်ကြီး၏ မွေးနေ့ပွဲအတွက် စားသောက်ရန် ပြင်ဆင်လျက် ရှိနေလေသည်။

ကြာဖြူရဲတိုက်တွင်ရောက်နေသော သိုင်းသမားအားလုံးသည် မြေအောက် အနက်ရောင်သိုင်းသမားလူဆိုးများပင် ဖြစ်ကြ၏။ ထိုအနက်ရောင်ဂိုဏ်းများမှာ....

ချန်းအန်းပြည်နယ်တွင် နာမည်ကြီးသော ကျားကြီး ကိုး င် လူဆိုးဂိုဏ်းဖြစ်ပြီး ချန်စိန်ဂိုဏ်း၊ ရဲတိုက်စိမ်းဂိုဏ်း၊ ကြီးဂိုဏ်းနှင့် နဂါးမျက်လုံးဂိုဏ်း၊ မီးအိမ်နီဂိုဏ်းတို့ပင် ကြသည်။

ထိုဂိုဏ်းအသီးသီးမှ ဂိုဏ်းခေါင်းဆောင်များ၊ လက်ထောက်ဂိုဏ်းခေါင်းဆောင်များသည် ရှည်လျားသော စားသောက်ဖွယ်ရာများ ပြင်ထားသည့် စားပွဲရှည်ကြီးဘေးတွင် အသီးသီး ထိုင်လျက်ရှိနေကြ၏။





ကြာဖြူရဲတိုက်သခင်ကြီးဖြစ်သော ဏင်းမြီးကောက်သည် သူ၏ မွေးနေ့ပွဲသို့တက်ရောက်လာသည့် သိုင်းသမားလူဆိုးများကို မိန့်ခွန်းပြောလိုက်လေသည်။

'မိတ်ဆွေကြီးများခင်ဗျာ၊ ကျုပ်တို့ အနက်ရောင်သိုင်းသမားများဟာ မကြာခင် အဖြူရောင်သိုင်းဂိုဏ်းများကို လွှမ်းမိုးနိုင်တော့မယ်၊ ကျုပ်ဟာ မိတ်ဆွေတို့နဲ့အတူလက်တွဲပြီး အဖြူရောင်သိုင်းဂိုဏ်းများကို ဖြိုခွဲပစ်မယ်ဆိုတာ ယုံကြည်စိတ်ချပါ၊ ဒီအချိန်ကစပြီး ကျုပ်တို့နဲ့အတူတကွလက်တွဲပြီး အဖြူရောင်သိုင်းဂိုဏ်းများကို တိုက်ခိုက်ကြပါစို့'

အနက်ရောင် သိုင်းဂိုဏ်းခေါင်းဆောင် အသီးသီးတို့သည် အရက်ခွက်များကို တင်ပြိုင်တည်းမြှောက်၍....

'ကျုပ်တို့အားလုံး ကြာဖြူရဲတိုက်ခေါင်းဆောင်ကြီး ပြောတာ ထောက်ခံပါတယ်'

သူတို့အားလုံးတို့သည် တင်ပြိုင်တည်းပင် အရက်ခွက်များကို မြှောက်၍ ပြောလိုက်ကြလေသည်။

ထိုစဉ်မှာပင် အပေါ်ထပ်အဆောင်ကြီး၏ ပြတင်းပေါက်ဆီမှ မီးခိုးလုံးကြီးသည် ဝုန်းခနဲ ပေါ်ထွက်လာကာ ထိုမီးခိုးလုံးထဲမှ လူရိပ်သုံးရိပ်တို့သည် ကြမ်းပြင်ပေါ်သို့ လွှားဆင်းလာကြသည်။

လွှားဆင်းလာသော လူများကြောင့် ကြာဖြူရဲတိုက်တွင်း စားသောက်ရန် အသင့်ဖြစ်နေသည့် သိုင်းဂိုဏ်းခေါင်းဆောင်များသည် တအံ့တဩဖြစ်သွားလေသည်။

ရောက်လာသောလူများမှာ မြွေဟောက်၊ ဒေါင်းစိမ်း၊ မိကျောင်းတို့ ဖြစ်ကြသည်။

'ငါတို့ မထောက်ခံဘူး'

မြွေဟောက်တို့သာ အော်လိုက်ကြကာ လေထဲတွင်ပင် ပျံလွှားငှက် ထိုးပျံသွားသကဲ့သို့ ကင်းမြီးကောက်၏ စားပွဲဆီသို့ ကျရောက်သွားကြလေသည်။

'ဝုန်း'

'ဝုန်း'

မြွေဟောက်တို့သည်အချိန်ဆွဲမနေတော့ဘဲ ကင်းမြီးကောက်အား တစ်ပြိုင်တည်း ရိုက်ချလိုက်လေသည်။

ကင်းမြီးကောက်မှာ လူပါးတစ်ယောက်ဖြစ်သည့်အတိုင်း သူ၏ကိုယ်ကို ကျွမ်းတစ်ပတ်ပစ်၍ ရှောင်တိမ်းလိုက်ပြီး ဓားကို ထုတ်ကာ အလျင်အမြန် ပြန်လည်တိုက်ခိုက်လေသည်။





မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် အတွင်းအားကြီးများသုံးကာ ပြင်းထန်စွာ တိုက်ခိုက်မှုများကြောင့် ကင်းမြီးကောက်၏ကိုယ်ရံတော်သိုင်းသမား လူဆိုးများသည် အတုံးအရုံး ကျဆုံးသွားကြလေသည်။

'အား'

'အိုး'

'ဝုန်း'

ကင်းမြီးကောက်သည် အလျင်အမြန်ပင် သူ၏ဓားကြီးကို ဝှေ့ယမ်းလျက် ပြန်လည်တိုက်ခိုက်ပြန်သည်။

သို့သော် သိုင်းကွက် ဆယ်ကွက်အတွင်းမှာပင် ကင်းမြီးကောက်၏ နဖူးတွင် ဓားဒဏ်ရာကြီးရသွားကာ သူ၏ဓားချက်ကြောင့် အလွှာလွှာ အခုတ်ဖြတ်ခံလိုက်ရလေသည်။

ကင်းမြီးကောက်သည် မြွေဟောက်တို့၏သိုင်းပညာ ထူးဆန်းစွာ တိုးတက်လာသည်ကို တွေ့လိုက်ရသဖြင့် အတွင်းခန်းဆီသို့ ခုန်လွှားပြေးဝင်သွားလေတော့သည်။

ဒေါင်းစိမ်းသည် အလွတ်မပေးဘဲ လေထဲမှာပင် လွှား၍ လိုက်သွားကာ သူ၏ဓားဖြင့် ကင်းမြီးကောက်ကို ခုတ်ပိုင်းရိုက်ချလိုက်လေသည်။

'အား'

'ဝုန်း'

ထင်းမြှီးကောက်သည် ကြမ်းပြင်ပေါ်သို့ လဲကျသွားလေတော့သည်။

ယင်းအချိန်တွင်....

အနက်ရောင်သိုင်းဂိုဏ်းမှ ခေါင်းဆောင်များသည် ကြာဖြူရဲ့ တိုက်ထဲမှ ပြေးထွက်သွားကြသလို တချို့အနက်ရောင် သိုင်းသမားများ မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့ကို ဝိုင်းဝန်း တိုက်ခိုက်နေကြပြန်လေသည်။

'ချွမ်း....ချွမ်း....ချွမ်း'

'အား'

'အိုး'

မြွေဟောက်တို့သည် လေထဲမှာပင်လွှား၍ အနက်ရောင် သိုင်းသမားများကို မိုးကြိုးသိုင်းကွက် နှစ်ဆယ့်တစ်ချက်ထဲမှ သေမင်းတံခါးဖွင့်လိုက်ခြင်း သိုင်းကွက်ဖြင့် ပြင်းထန်စွာ တိုက်ခိုက်လေသည်။





ထို့ကြောင့် အနက်ရောင်သိုင်းသမားခေါင်းဆောင်များမှာ ကြမ်းပြင်ပေါ်သို့ အတုံးအရုံးကျဆုံးသွားကြလေတော့သည်။

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် အနီရောင်နှင့် ရောင်စုံထွန်းထားသော မီးအိမ်ကြီးများကို ဓားဖြင့် ခုတ်ဖြတ် လိုက်ကြပြန်လေသည်။

'ဝုန်း....ဝုန်း'

'ဝုန်း....ဝုန်း'

မီးအိမ်ကြီးများသည် ကြမ်းပြင်ပေါ်သို့ကျကာ ပေါက်ကွဲသွားလျက် မီးအိမ်ကြီးများသည် ကြမ်းပြင်ပေါ်သို့ကျကာ မီးများ တဟုန်းဟုန်းတောက်လောင်နေလေတော့သည်။

သူတို့သုံးယောက်သည် ကြာဖြူရဲ့တိုက်ထဲမှ အနက်ရောင် သိုင်းသမားလူဆိုးများကို တစ်ဦးမကျန် လိုက်လံသတ်ဖြတ်နေ လေတော့သည်။

ဓားသံများနှင့် အော်သံဟစ်သံများသည် ဆူညံလျက်ရှိနေ တော့သည်။

ထို့နောက်....

ကြာဖြူရဲတိုက်သည် မီးတောက်ကြီးများ၏ ဝါးမျိုခြင်းကို ခံလိုက်ရကာ တဝုန်းဝုန်းမြည်လဲလျက်ရှိနေတော့သည်။

မြေ့ဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် ကြာဖြူရဲ တိုက်မှ ခုန်လွှားကာ အပြင်သို့ထွက်ခဲ့ကြလေတော့သည်။



လွင်စာပေ
အမှတ် ၁၅ / ၁၃၀၊ ၆ လမ်း
[illegible]

အခန်း (၁၉)

---

ချင်ဟိုင်းပြည်နယ်၏ လူဟန်မြို့ကလေးတွင် လူသုံးယောက် တို့သည် မြင်းကိုယ်စီ စီးလျက် မြို့၏အလယ်ရှိ စားသောက်ဆိုင် များဆီသို့ ရောက်လာလေသည်။

အချိန်မှာ နံနက်လင်းအာစပင်ဖြစ်သည်။

ထိုလူသုံးယောက်တို့သည် စားသောက်ဆိုင်ကြီးတစ်ဆိုင်ဆီ သို့ ဝင်ရောက်လိုက်ကာ စားသောက်စရာစရာများကို မှာယူ လိုက်ကြလေသည်။

ထိုလူသုံးဦးမှာ မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့ပင် ဖြစ်သည်။

သူတို့သည် စားပွဲလွတ်တစ်လုံးတွင်ထိုင်ကာ အရက်နှင့် စားစရာများကို နံနက်စာအဖြစ် စားသောက်နေကြစဉ် ညဦးက တိုက်ပွဲအကြောင်းနှင့်ပတ်သက်၍ မြွေဟောက်က မိကျောင်းကို မေးလိုက်သည်။

'ညီလေးမိကျောင်း ညီသေးဒေါင်းစိမ်းသတ်လိုက်တဲ့ ကင်းမြီးကောက်ဟာ ကင်းမြီးကောက်အစစ် ဟုတ်ရဲ့လား'

'ကျွန်တော် သေသေချာချာကြည့်ပါတယ် သူမှ သူအစစ်ပါပဲ'

မြွေဟောက်က....

'တို့နဲ့ ဆောင်ပေါ်မှာ သိုင်းပညာသင်ခဲ့စဉ်က သူ့ရဲ့ ညာဘက် နဖူးမှာ မှဲ့ကြီးတစ်လုံးရှိနေတယ်၊ အဲဒီမှဲ့ကြီးကို ငါတော့ မတွေ့ဘူး'

မိကျောင်းက....

'ဟာ....အစ်ကိုကြီးကလဲ ဒီမှဲ့လောက်တော့ ခွဲစိတ် ကုလိုက်ရင် ရတာပဲ'

ထိုအချိန်တွင် ဆိုင်အတွင်းသို့ အဘိုးအိုတစ်ဦး ဝင်ရောက်လာလေသည်။





သူသည် အရက်နှင့် စားစရာများကို မှာယူစားသောက်နေပြန်သည်။

အဘိုးအိုသည် သူ၏စားပွဲဆီသို့ တူနှစ်ချောင်းကို လျှပ်တစ်ပြက် ပစ်လွှတ်လိုက်သည်။

'ဝှီး....ဝှီး....ဝှီး'

'ဒေါက်'

'ဒေါက်'

တူများသည် မြွေဟောက်တို့စားပွဲပေါ်သို့ကျသွားကာ စားပွဲပေါ်တွင် စိုက်လျက်ရှိနေလေသည်။

တူနှစ်ချောင်းမှာ စာတစ်စောင်စီပါရှိလာလေသည်။
မြွေဟောက်တို့သည် တူဖြင့်ပစ်လိုက်သော အဘိုးအိုကိုကြည့်လိုက်ရာ အဘိုးအိုကိုမတွေ့ရတော့ချေ။

တူနှင့်ပါလာသော စာများကိုကြည့်လိုက်ရာ....

ချင်ဟိုင်းပြည်နယ် ဟောမုန်ပင်လယ်ကို အမြန်ဆုံး လိုက်ခဲ့ကြ....

နဂါးတောင်သိုင်းသမားကြီး

မြွေဟောက်၊ မိကျောင်းနှင့် ဒေါင်းစိမ်းတို့သည် စာကိုဖတ်ပြီးနောက် အဘိုးအို၏ အဆင့်မြင့်လှသော သိုင်းပညာကို စိတ်ထဲမှ ချီးကျူးမိလိုက်လေသည်။

သူသုံးဦးသည် အစားအသောက်များကို အလျင်အမြန်စားသောက်လိုက်ကြကာ ကုန်ကျစရိတ်ကိုရှင်း၍ ဆိုင်အပြင်သို့ထွက်လာကြလေသည်။

ထို့နောက် ဟူတန်မြို့ကလေးမှနေ၍ မြင်းများကို အလျင်အမြန်စီးကာ ထွက်ခဲ့ကြလေသည်။

■ ■ ■

ပန်းကမ္ဘာဂိုဏ်းချုပ်ကြီးသည် သူ၏ ကျန်းမာရေးအတွက် သမီးဖြစ်သူအား ချင်ဟိုင်းပြည်နယ် မြောက်ပိုင်းရှိ မြွေတစ်ကောင် တောင်ထိပ်ဆီမှ အဆိပ်မယ်တော်ဆီသို့သွား၍ အဆိပ်ဖြေဆေးကိုတောင်းရန် သမီးဖြစ်သူကို စေခိုင်းလိုက်လေတော့သည်။





'သမီးဖေ့ချင် ဖေဖေဟာ လွန်ခဲ့တဲ့တစ်ပတ်လောက်က ဝံပုလွေသိုင်းခေါင်းဆောင်ရဲ့ လုပ်ကြံမှုကြောင့် အဆိပ်မိသွားခဲ့တယ်၊ ဒီအဆိပ်ကို အမျိုးမျိုးဖြေပေမယ့် မရခဲ့ဘူး၊ အဲဒီတော့ သမီးအမြန်ဆုံးသွားပြီး အဆိပ်မယ်တော်ထံက အဆိပ်ဖြေဆေးကို တောင်းခဲ့ပါ၊ ဖေဖေ စာရေးပေးလိုက်ပါမယ်'

ပန်းကမ္ဘာ ဂိုဏ်းချုပ်ကြီး၏ သမီးဖြစ်သော ဖေ့ချင်သည် သူ၏ဖခင်သိုင်းသမားကြီးထံ ပြန်လည်ရောက်ရှိသည်မှာ တစ်လလောက်ပင်ရှိသေးသည်။

သူ့ဖခင်သိုင်းသမားကြီးအား အနက်ရောင်ဝံပုလွေ သိုင်းခေါင်းဆောင်က လုပ်ကြံခဲ့သဖြင့် အဆိပ်မိသောဝေဒနာကို အကြီးအကျယ်ခံစားနေရလေသည်။

သိုင်းသမားများအဖို့ မည်မျှပင် အဆင့်မြင့်သည့် သိုင်းသမားပင် ဖြစ်စေကာ အဆိပ်ဖြေဆေး မရပါက သေဆုံးသွားကြမည်သာ ဓမ္မတာပင်ဖြစ်သည်။

ထို့ကြောင့် ပန်းကမ္ဘာဂိုဏ်းချုပ်ကြီး၏သမီးဖြစ်သော ဖေ့ချင်သည် ချင်ဟိုင်းပြည်နယ်သို့ ပြန်လည်ထွက်ခွာလာရပြန်လေသည်။

ဖေ့ချင်တို့သည် ချန်အန်းပြည်နယ်ကိုဖြတ်၍ ချန်ဟိုင်းပြည်နယ်၏ နယ်ခြားမြို့ဖြစ်သော ကျင်လန်းပြည်နယ်သို့ ငါးရက်ခန့်ကြာသောအချိန်တွင် ရောက်ရှိလာလေသည်။

ဖေ့ချင်တို့သည် ကျင်လန်းမြို့ကလေးသို့ ရောက်ရှိလာသည်နှင့်ဒေါင်းစိမ်းတို့အား သတိရလိုက်လေသည်။

'မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် ကြာဖြူရဲတိုက်ကြီးအတွင်းတွင် သူမကို ကယ်တင်ရာက ရဲတိုက်ကြီးအတွင်းမှပင် ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ကြာဖြူရဲတိုက်ကြီးသို့ တစ်ခေါက်သွား၍ ရှာဖွေချင်သောစိတ်များက ရှိလာသဖြင့် သူမ၏သိုင်းသမားကိုယ်ရံတော်နှစ်ဆယ်နှင့်အတူ ကြာဖြူရဲတိုက်ကြီးသို့ ထွက်လာခဲ့လေသည်။

ကြာဖြူရဲတိုက်၏ သစ်တောအုပ်ထဲသို့ ရောက်လာသောအခါတွင် ကြာဖြူရဲတိုက်မှာ မီးများ တောက်လောင်လျက် ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ထိုအချိန်တွင် အချို့သိုင်းသမားလူဆိုးများသည် ကြာဖြူရဲတိုက်ထဲမှ ထွက်ပြေးသွားကြသည်ကိုလည်း တွေ့လိုက်ရသည်။

ဖေ့ချင်နှင့်ကိုယ်ရံတော် သိုင်းသမီးနှစ်ဆယ်တို့သည် ကြာဖြူရဲတိုက်သို့ အလျင်အမြန်သွားရောက်လိုက်စဉ် ကြာဖြူရဲတိုက်ဆီမှ အဘိုးအိုတစ်ဦးသည် တောင်ဝှေးကိုထောက်လျက် လာနေသည်ကို တွေ့လိုက်ရသည်။





အဘိုးအို၏မျက်နှာမှာ အလွန် ရှည်လျားလှသည်ဟု ထင်ရလေသည်။

'ဘဘက ဒီကြာဖြူရဲတိုက်ကလား'

'ဟုတ်ပါတယ်၊ ဘဘက အချက်အပြုတ်ဘက်က ခေါင်းဆောင်တစ်ဦးပါ'

'ကြာဖြူရဲတိုက်ဟာ ဘယ်လိုဖြစ်သွားတာလဲ'

'ဒီလိုသမီးရဲ့ ထမင်းစားပွဲကြီးလုပ်နေတုန်း လူဆိုးတစ်စုက ဝင်ရောက်တိုက်ခိုက်သွားကြတယ်၊ ဒါကြောင့် မီးလောင်သွားတာပါ'

ဖေ့ချင်က....

'ကြာဖြူရဲတိုက်ခေါင်းဆောင်ကြီးဖြစ်တဲ့ ကင်းမြီးကောက်ဆရာ ဘယ်ရောက်သွားသလဲ'

'သူလဲ ထွက်ပြေးသွားပြီ သမီး'

'ကျွန်မမိတ်ဆွေ သုံးဦးဟာ ကြာဖြူရဲတိုက်ထဲမှာ ပျောက်သွားတယ်'

'ဘယ်သူတွေလဲ သမီးရဲ့'

'မြွေဟောက်၊ မိကျောင်းနဲ့ ဒေါင်းစိမ်းတို့ဖြစ်တယ် ဘဘ'

'ဒီလိုဆိုရင် သူတို့သုံးယောက်ဟာ ချောက်ဝှမ်းကြီး အောက်က အကျဉ်းထောင်ထဲ ရောက်သွားပြီနဲ့တူတယ်'

'ချောက်ဝှမ်းအောက်မှာ အကျဉ်းထောင်ရှိသို့လား ဘဘ'

အဘိုးအိုက....

'ချောက်ဝှမ်းအောက်မှာ အကျဉ်းထောင်လို မြေအောက်ကမ္ဘာကြီးရှိနေတယ်၊ သူတို့ဟာ အဲဒီကိုရောက်သွားပြီး ပြန်မတက်နိုင်ကြဘူးထင်တယ်၊ မင်းတို့ လိုက်သွားချင်ကြသလား'

'ကျွန်မတို့ လမ်းရှိရင်တော့ သွားပြီးကယ်ချင်ပါတယ်'

အဘိုးအိုသည် ခေါင်းညိတ်လျက် ဖေ့ချင်တို့အား တောင်ကုန်းကြီးတစ်ခုဆီသို့ လက်ညှိုးထိုးပြလိုက်လေသည်။

ထိုတောင်ကုန်းကြီးသည် ကြာဖြူရဲတိုက်၏နောက်တွင် ရှိနေလေသည်။

'မင်းတို့ အဲဒီ တောင်ကုန်းကြီးပေါ်ကို တက်သွားပါ၊ အောက်ကိုဆင်းတဲ့ မုဆိုးလမ်းတွေ ရှိပါတယ်၊ မင်းတို့ ဆင်းလိုက်သွားရင် တဖြည်းဖြည်း ချောက်ဝှမ်းအောက်ကို ရောက်သွားမှာပဲ'





အဘိုးအိုသည် ထိုသို့ပြောရင်း ထွက်သွားလေတော့သည်။

ပန်းကမ္ဘာဖေ့ချင်နှင့် ကိုယ်ရံတော်သိုင်းသမား အမျိုးသမီး နှစ်ဆယ်တို့သည် ထိုတောင်ကုန်းဆီသို့ အပြေးအလွှားလာခဲ့ကြလေသည်။

သို့သော် ထိုတောင်ကုန်းဆီသို့ မရောက်မီမှာပင် ပေါက်ကွဲသံကြီးများကို ကြားလိုက်ရလေသည်။

'ဝုန်း'

'ဝုန်း'

ကြာဖြူရဲတိုက်သည် တဝုန်းဝုန်း ပေါက်ကွဲသွားသလို ကျောက်တုံးများလည်း ကောင်းကင်သို့ လွင့်ထွက်သွားလေသည်။

ဖေ့ချင်နှင့် ကိုယ်ရံသိုင်းသမားအမျိုးသမီးနှစ်ဆယ်တို့သည် အလျင်အမြန်ပင် ရှောင်တိမ်း၍ နေလိုက်ရသည်၊

ထိုနောက် အဘိုးအိုပြောခဲ့သည့် တောင်ကုန်းပေါ်သို့ အလျင်အမြန် ပြေးတက်၍ကြည့်လိုက်ကြစဉ်မှာပင် ကြာဖြူရဲတိုက်မှာလည်း အုတ်ပုံဘဝသို့ ရောက်ရှိနေလေသည်။

တောင်ကုန်းအောက်တွင် အသက်သို့ ပင့်၍တိုက်နေသော လေလုံးကြီးက တစ်ဝေါဝေါ မြည်လျက်ရှိနေကာ ချောက်ဝှမ်း

'ရှလ်ည်း အလွန်ပင် နက်ရှိုင်းလှပြီး အောက်ကိုပင် မမြင့်ရာပေ။

ချောက်ဝှမ်းကြီး တစ်နေရာလုံးမှာလည်း ကျောက်ဆောင်ကျောက်တုံးများနှင့် သစ်ပင်ဝါးပင်များက ရှုပ်ထွေးလျက်ရှိနေလေသည်။

ချောက်ဝှမ်းကြီးအောက်သို့ ဆင်းရန်ဆိုသည်မှာ လုံးဝမဖြစ်နိုင်ချေ။

အတိုးအိုပြောလိုက်သည့်လမ်းဟူ၍လည်း လုံးဝမတွေ့ရပေ။

ထိုစဉ်မှာ အနက်ရောင်ဝတ်ထားသော သိုင်းသမားများသည် ကြိုးခွေများ၊ ပိုက်ကွန်များကိုင်လျက် ပြေးလွှားလာနေသည်ကို တွေ့လိုက်ရသည်။

ဖေ့ချင်နှင့် ကိုယ်ရံတော်သိုင်းအမျိုးသမီး နှစ်ဆယ်တို့သည် အနက်ရောင်သိုင်းသမားများကို သူမ၏ဓားများဖြင့် ဝိုင်းဝန်းတိုက်ခိုက်လိုက်လေသည်။

'ယား'

'ချွမ်း ချွမ်း ချွမ်း'

'ထန်း ထန်း တန်း'





ဓားသံများသည် ဆူညံသွားလေသည်။

'အား'

'အိုး'

'ဝုန်း ဝုန်း....'

အနက်ရောင် သိုင်းသမားတချို့သည် အတုံးအရုံးကျဆုံး သွားကြရလေသည်။

အနက်ရောင် သိုင်းသမားများကလည်း သူတို့အားလုံးကို ကြိုးခွေများ၊ ပိုက်ကွန်များဖြင့် ပစ်ကာ ဖမ်းလျက်ရှိနေကြလေသည်။

ထမင်းတင်အိုးချက်ခန့် တိုက်ပွဲသည် ပြင်းထန်စွာ ဖြစ်ပွားလျက် ရှိနေလေသည်။

ထိုအချိန်တွင် သစ်တောကြီးတစ်ခုလုံး မြင်းခွာသံများဖြင့် ညံသွားကြလေတော့သည်။

'လူဆိုးတွေကို တစ်ဦးမကျန်ဖမ်းကြ၊ ဝိုင်းကြ'

ဝင်ရောက်လာသူများမှာ ဘုရင့်တပ်မတော်မှ နယ်ခြားပ်သားများပင် ဖြစ်လေသည်။

အနက်ရောင် သိုင်းသမားများသည် ဘုရင့်တပ်သားများ၏
အသံကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်တည်း တောထဲ
ထွက်ပြေးသွားကြတော့သည်။

နယ်ခြားအစောင့်တပ်သားများကို အုပ်ချုပ် လိုက်ပါလာ
သော တပ်မှူးလေးသည် အမျိုးသမီး တပ်သားများကို တွေ့
လိုက်သည်နှင့် မြင်းပေါ်မှ အလျင်အမြန်ဆင်းလိုက်ကာ....

'ညီမလေးတို့ လူဆိုးတွေက တိုက်ခိုက်လို့ ဒဏ်ရာ ရသွားကြ
သေးသလား'

ဖေ့ချင်က တပ်မှူးလေးကို အရှိအသေ ပြုလိုက်ပြီး....

'ဗိုလ်မှူးလေးတို့ လာရောက်အကူအညီပေးတာ အလွန်
ကျေးဇူးတင်ပါတယ်'

ထိုသို့ပြောကာ တပ်မှူးလေးကို ဖေ့ချင်က အရှိအသေ
ပေးလိုက်လေသည်။

တပ်မှူးလေးက....

'ညီမလေးတို့က ဘယ်သွားကြမှာလဲ'

ဖေ့ချင်က အရှိအသေပြုလျက်....





'ညီမတို့က ခိုင်ဖုန်းမြို့ကပါ၊ ခရီးသွားရင်းက ကြာဖြူရဲတိုက်
ကြီးဟာ နာမည်ကြီးလွန်းလို့ လာရောက်ကြည့်ရင်း လူဆိုးတွေ
ဝိုင်းပြီး တိုက်ခိုက်ကြတာပါ၊ ဒီရဲတိုက်ကြီးကိုလဲ လူဆိုးတွေက
ဖောက်ခွဲဖျက်ဆီးပစ်လိုက်တယ်လို့ ကြားရပါတယ်'

တပ်မှူးလေးက ခေါင်းညိတ်လျက်....

'သိုင်းလောကထဲမှာ မြေအောက် အနက်ရောင် သိုင်းသမား
တွေဟာ လူဆိုးတွေပါ၊ သူတို့ကို တွေ့တဲ့နေရာမှာ သေဒဏ်
ပေးဖို့ ဘုရင်မင်းမြတ်က အမိန့်ပေးထားတယ်'

ဖေ့ချင်က တပ်မှူးလေးကို အရှိအသေ ပေးလိုက်ပြီး....

'ညီမတို့က အဖြူရောင်ဂိုဏ်းတစ်ဂိုဏ်းဖြစ်တဲ့ ပန်းကမ္ဘာသိုင်း
ဂိုဏ်းကပါ၊ ခိုင်ဖုန်း မြို့စားကြီးကိုလည်း တတ်နိုင်သလောက်
အကူအညီ ပေးနေပါတယ်'

တပ်မှူးလေးက ခေါင်းညိတ်လျက်....

'ကျေးဇူးတင်ပါတယ် ညီမလေး၊ ဒီလိုဆိုရင် ညီမတို့ ဘယ်
သွားကြမလဲ၊ အစ်ကိုတို့ လိုက်ပို့ပေးပါ့မယ်'

'ကိစ္စမရှိပါဘူး တပ်မှူးလေး၊ ကျွန်မတို့ ကျင်လန်း မြို့ကို
သွားမှာပါ'

'ကောင်းပြီး...ကောင်းပြီ၊ အရေးကြုံခဲ့လို့ရှိရင် နယ်ခြားတပ်စခန်းက တပ်မှူးလေး စုဆိုင်လို့မေးပြီး အကူအညီတောင်းပါ'

'ကျေးဇူးတင်ပါတယ် တပ်မှူးလေး'

တပ်မှူးလေးသည် နှုတ်ဆက်၍ သူ၏တပ်သားများနှင့်အတူ အလျင်အမြန် ထွက်ခွာသွားလေတော့သည်။

■ ■ ■

မြှောက်၊ မိကျောင်းနှင့် ဒေါင်းစိမ်းတို့သည် ချင်းဟိုင်းမြို့ကြီးနှင့် မိုင်နှစ်ရာခန့်ဝေးသော စီလန် မြို့ကြီးဆီသို့ နေဝင်မိုးချုပ်ချိန်တွင် ရောက်လာလာကြသည်။

သူတို့သည် နေ့ရောညပါခရီးသွားလာခဲ့ရသဖြင့် အတော်ပင်ပင်ပန်းခဲ့ရလေသည်။

ထိုကြောင့် တည်းခိုခန်းရနိုင်သောစားသောက်ဆိုင် တစ်ဆိုင်တွင် ဝင်ရောက်လိုက်ကြကာ တည်းခိုခန်းများကို ငှားလိုက်ကြလေသည်။





စားသောက်ဆိုင်ပိုင်ရှင်မှာ ခေါင်းကြီးကြီးနှင့် လူဝကြီးတ[illegible]ဖြစ်ကာ ဝိက်ကြီးတစ်ကောင်နှင့် တူလှပေသည်။

မြှောက်က....

'ဟေ့ အရက်နဲ့ စားစရာတွေ မြန်မြန်ချပေးစမ်း'

ဆိုင်ရှင် လူဝကြီးက....

'ဟေ့....ကောင်လေးတွေ မြန်မြန်ချပေးလိုက်ကြစမ်း'

သူသည် တူဖြင့် ကြက်သားကြော် တစ်တုံးကို ကောက်၍စားရင်းက ပြောလိုက်ခြင်းဖြစ်သည်။

ထို့နောက် သူက....

'ဆရာတို့ ကျုပ်ဆိုင်မှာ အေးအေးဆေးဆေး တည်းခို စားသောက်နိုင်ပါတယ်၊ ဘာမှ မပူပါနဲ့'

ထိုအချိန်မှာပင် အရက်နှင့် စားစရာများ ရောက်လာသဖြင့် သူတို့သုံးယောက်သည် အရက်များကိုသောက်၍ တဖြည်းဖြည်း စားသောက်လိုက်ကြသည်။

'တို့ဆရာကြီးက ဟေမုန်ပင်လယ်ကို အမြန်ဆုံးလိုက်ခဲ့ဖို့ခေါ်တာတော်တော် အံ့ဩစရာ ကောင်းတာပဲ'

မြွေဟောက်က ပြောလိုက်သည်။

မိကျောင်းက....

'ဟုတ်တယ် အစ်ကိုကြီး၊ ဆရာကြီးဟာ ကျွန်တော်တို့ ရောက်တယ်ဆိုတာကို ဘယ်လိုလုပ်သိတယ် မသိဘူး'

မြွေဟောက်က....

'ဒါကတော့ သိုင်းပညာရှင်ကြီးများအဖို့ အထူးအဆန်း မဟုတ်ပါဘူး ညီလေး၊ သိုင်းပညာရှင်ကြီးတွေဟာ တရားကျင့်တဲ့အခါမှာ မနေသာရုံနဲ့ ဖြန့်ပြီး ကြည့်ဘတ် ကြတယ်၊ မနေသာရုံနဲ့ အဝေးကို စကားပြောနိုင်ကြတယ်'

ဒေါင်းစိမ်းက ခေါင်းညိတ်လိုက်တာ....

'အဲဒါ အမှန်ပဲ အစ်ကိုကြီး'

သူတို့သည် စားသောက်နေရင်းက လူတစ်စုဝင်လာသည်ကို တွေ့လိုက်ရသည်။

'ဟာ....ညီမလေးတို့ပါလား'

'မြွေဟောက်၊ မိကျောင်းနှင့်ဒေါင်းစိမ်းသည်အလွန်အံ့အားသင့်သွားကြလေသည်။





ပန်းကမ္ဘာသိုင်းဂိုဏ်းမှဂိုဏ်းချုပ်ကြီးသမီးဖြစ်သော ဖေ့ချင် နှင့် ကိုယ်ရံတော်သိုင်းအမျိုးသမီးနှစ်ဆယ်တို့သည် ခရီးပြင်းနှင် ခဲ့ရာမှ ချင်ဟိုင်းမြို့နှင့် မိုင်နှစ်ရာ ဝေးသော စီလန် မြို့ကလေးသို့ ရောက်ရှိလာခြင်းဖြစ်၏။

သူတို့တစ်တွေသည် ဒေါင်းစိမ်းတို့ ရောက်နေသော စားသောက်ဆိုင်သို့ တန်းတန်းမတ်မတ် ဝင်ရောက်လာကြခြင်းဖြစ်သည်။

ဖေ့ချင်မှာ အလွန်ဝမ်းသာသွားလျက်....

'ဟာ...အစ်ကိုတို့ပါလား'

သူမသည် ထိုသို့ပြောတာ ဒေါင်းစိမ်းတို့ စားပွဲဆီသို့လှမ်း၍ သွားတော့သည်။

'အစ်ကိုတို့ကို ညီမဖြင့် စိုးရိမ်လိုက်ရတာ၊ ကြာပြီ့ရဲတိုက်ကြီးကို ရောက်ခဲ့သေးတယ်'

သူမက အကျဉ်းချုံး၍ ပြောပြလိုက်သည်။

'ကဲ....ညီမတို့ ကြိုက်သလောက် မှာစားကြပါ၊ အစ်ကိုကြီးတို့က အားလုံးကုန်ကျစရိတ်တွေ ခံပါမယ်'

ပန်းကမ္ဘာဂိုဏ်းမှ သိုင်းအမျိုးသမီးများမှာ ဝမ်းသာအားရ ဖြစ်သွားကြကာ စားပွဲအသီးသီးတွင် ဝင်ထိုင်ကြသည်။

မြွေဟောက်က ဆိုင်ရှင်လူဝကြီးအား....

'ဟေ့ ဆိုင်ရှင်ဝက်သိုးကြီး၊ ခင်ဗျားဆိုင်က အကောင်းဆုံး အရက်နဲ့ စားစရာတွေကို ကျုပ်ညီမတွေကို ချပေးလိုက်စမ်းပါ'

ဆိုင်ရှင်မှာ သူ့အား ဝက်သိုးကြီးဟု ခေါ်လိုက်သဖြင့် နှာခေါင်းကြီးရှုံ့သွားလေသည်။

ဆိုင်ရှင်လူဝကြီးက....

'ဟေ့ကောင်လေးတွေ စားစရာတွေ မြန်မြန် ချပေးလိုက်ကြစမ်း'

ဆိုင်ရှင်လူဝကြီးသည် သူ၏ အလုပ်သမားကလေးများကို အမိန့်ပေးလိုက်ပြီးနောက် မြွေဟောက်တို့ စားပွဲသို့လှည့်၍...

'ကျုပ်မှာ နာမည်ရှိပါတယ်ဗျ၊ ကျုပ်ကို ဝက်သိုးလို့မခေါ်ပါနဲ့'

'ဟား ဟား ဟား'





အခြားစားပွဲတွင် စားသောက်နေကြသော လူများမှာ ရယ်မောလိုက်ကြလေသည်။

မြွေဟောက်က....

'မသိလို့ပါဗျာ၊ အမည်လေးလဲ ပြောထားဦးမှပေါ့'

ထိုအခါ ဆိုင်ရှင်က....

'ကျုပ်နာမည်က အကွားတဲ့ မှတ်ထားပေါ့ဗျာ'

အကွားသည် ထိုသို့ပြောလိုက်ကာ ပြုံးလေသည်။

'မြွေဟောက်က....

'ကျေးဇူးတင်ပါတယ်အကွား၊ ခင်ဗျားက ဝလွန်းတော့လဲ ဝက်ကြီးတစ်ကောင်နဲ့ တူလွန်းလို့ပါ'

အကွားက....

'အေးဗျာ၊ ကျုပ်ကို လူတိုင်းက ခေါ်ကြတယ်၊ ကျုပ်... စိတ်မဆိုးပါဘူး၊ လူတွေက ခင်ဗျားလိုပဲ ခေါ်ကြတယ်'

ထိုအချိန်တွင် နောက်ထပ် သိုင်းသမားတစ်စု ဝင်ရောက်လာကြပြန်သည်။

ထိုသိုင်းသမားများမှာ အပြာရောင် ဝတ်ထားသော သိုင်းသမားများဖြစ်ပြီး လူထွားကြီးတစ်ဦးက ခေါင်းဆောင်လာခြင်းဖြစ်သည်။

စုစုပေါင်း ဆယ်ယောက်မျှ ရှိလေသည်။

'ဟေ့ အရက်နဲ့ စားစရာတွေ မြန်မြန်ချပေးစမ်း'

လူဝကြီးသည် ပျာပျာသလဲနှင့်....

'ဟုတ်ကဲ့ပါ...ဟုတ်ကဲ့ပါ၊ ဟေ့ ကောင်လေးတွေ မြန်မြန်ချပေးလိုက်စမ်း'

အပြာရောင်သိုင်းသမားများသည် ရောက်လာသော အရက်နှင့် စားစရာများကိုစားသောက်လိုက်ကြကာ လူထွားကြီးက....

'ဟေ့....အကွာ၊ တို့စားတာတွေ မှတ်ထားစမ်း၊ နောက်တစ်ခါလာမှ ရှင်းပေးမယ်'

အကွာက....

'ဟာ...ဒီလို မလုပ်နဲ့လေ၊ ကျွန်တော်က ချမ်းသာတာမဟုတ်ဘူး၊ ခင်ဗျားတို့လို စားသောက်ပြီး ပိုက်ဆံ တစ်ပြားမှ မပေးဘူးဆို၊ ကျုပ်ကြာရင် မွဲမှာပဲ'





လူထွားကြီးက....

'ဟေ့ကောင်ဝက်ကြီး ဟိတ်စမ်း၊ နောက်တစ်ခါမှ ပေးမယ်ဆိုရင် ပြီးရောမဟုတ်လား'

'မရဘူး၊ ကျုပ်က မြို့အုပ်ချုပ်ရေးမှူးနဲ့ တိုင်ရမှာပဲ'

'ဟား ဟား ဟား...၊ ငါတို့က မင်းတို့ရဲ့ အုပ်ချုပ်ရေးမှူးကို ကြောက်မယ်ထင်သလား၊ တို့ကူညီထားလို့ လူဆိုးတွေလက်ထဲက ဘယ်နှစ်ခါရှိပြီလဲ လွတ်သွားတာ'

ထိုသို့ပြောကာ အလျင်အမြန် ထလိုက်ကြလေသည်။

ဤတွင် မြေဟောက်ကထ၍....

'ဟိတ် နေကြဦး'

လူထွားကြီးနှင့် အပြာရောင် သိုင်းသမားများသည် မြေဟောက်၏အသံကြောင့် တစ်ပြိုင်တည်း လှည့်ကြည့်လိုက်ကြသည်။

လူထွားကြီးက....

'ဟိတ် မင်းက ဘယ်သူလဲ'

'ကျုပ်က ခရီးသွားတစ်ဦးပါ'

လူထွားကြီးက....

'မဆိုင်ဘဲနဲ့ မင်းက ဘာဝင်စွက်ချင်လို့လား'

မြွေဟောက်က....

'သူ့အစားအသောက်စားပြီးရင် ကုန်ကျငွေရိတ်လေးတော့ ပေးသင့်တာပေါ့၊ ဒီလိုဗိုလ်ကျပြီး မပေးဘဲ ထွက်သွားရင် ဘယ်ကောင်းမလဲ'

လူထွားကြီးက....

'အဲဒါ မင်းနဲ့ဘာဆိုင်သလဲ'

'ဟား ဟား ဟား....ခင်ဗျားလည်ပင်းက ရွှေဆွဲကြိုးကို ဖြုတ်ပေးလိုက်ပါလား'

မြွေဟောက်က ထိုသို့ပြောလိုက်သဖြင့် လူထွားကြီးမှာ ဒေါ ပွသွားပြီး မြွေဟောက်တို့၏ စားပွဲဆီသို့ လှမ်းထွက်လာပြီး ထိုနောက် သူ၏လက်ဝါးဖြင့် မြွေဟောက်အား ပြင်းထန်စွာ ရိုက်ချလိုက်လေသည်။

'ဝုန်း'

'အား'





ကြမ်းပြင်ပေါ်သို့ လိမ့်ကျသွားသူမှာ မြွေဟောက်မဟုတ်ပါ။ လူထွားကြီးပင်ဖြစ်သည်။

မြွေဟောက်က လူထွားကြီးအား ရိုက်ချလိုက်သော အချိန်မှာပင် သူ၏လက်ဝါးတွင် အတွင်းအားကိုသုံး၍ ပြန်လှန်ထွန်းထုတ်လိုက်ခြင်းပင်ဖြစ်သည်။

ထိုနောက် လူထွားကြီး၏လည်ကုပ်ကိုကိုင်၍ ဆိုင်အပြင်သို့ လွှင့်ပစ်လိုက်လေသည်။

'ဝုန်း....'

'အား....'

လူထွားကြီး၏ တပည့်များဖြစ်သော အပြာရောင်သိုင်းသမားများလည်း ထိတ်လန့်သွားကြကာ ဆိုင်အပြင်သို့ ပြေးထွက်သွားကြလေတော့သည်။

မြွေဟောက်က....

'ဟေ့ အကွာ၊ သူတို့စားသောက်ခတွေကို ဒီဆွဲကြိုးကိုရောင်းပြီး နှိမ်ယူလိုက်ပေါ့၊ ကျန်တာတွေ ပြန်ပေးလိုက်ကွာ'

ထိုသို့ပြောကာ ဆွဲကြိုးကြီးအား ပစ်ပေးလိုက်လေသည်။

'ချမ်း'

လူထွားကြီး၏ဆွဲကြိုးသည် လေထဲတွင် လည်ထွက်သွားကာ လူထွားကြီး၏ထိုင်ခုံပေါ်သို့ ချမ်းခနဲ ထိုးကျသွားတော့ စိုက်ဝင်နေလေတော့သည်။

အကွာအဝေးမှာ မျက်လုံးကြီးပြူးလျက်....

'အိုး....အားရှိုး....'

သူသည် အထိတ်တလန့် အော်မိလိုက်လေသည်။

အကွာအဝေး ဆွဲကြိုးကို သူ၏အံဆွဲထဲသို့ ထည့်လိုက်ပြီး....

'သိပ်ကျေးဇူးတင်ပါတယ်ဆရာကြီး'

ထိုသို့ပြောလိုက်ကာ စားစရာများကို သူ၏ အလုပ်သမားကလေးများအား ထပ်မံ၍ချပေးစေလေသည်။

■ ■ ■

အချိန်မှာ တဖြည်းဖြည်းနှင့်ညဉ့်နက်လာပြီဖြစ်သည်။

ထို့နောက် ဆိုင်အတွင်းတွင်ရှိနေကြသော စားသောက်သူများမှာ မြွေဟောက်တို့အဖွဲ့နှင့် အမျိုးသမီးများပင် ကျန်ရှိနေလေတော့သည်။





ဆိုင် အလုပ်သမားကလေးများသည် ဆိုင်ပိတ်တော့ရန်အတွက် ပြင်ဆင်လျက် ရှိနေကြလေသည်။

ထိုအချိန်တွင် မြင်းခွာသံများကို လမ်းမကြီးပေါ်တွင် ကြားလိုက်ရလေသည်။

မြင်းခွာသံများသည် ဆိုင်ရှေ့တွင်ရပ်သွားပြီး နောက်ဆိုင်အတွင်းသို့ တပ်မှူးကလေးတစ်ဦး ခေါင်းဆောင်ကာ တပ်သားများသည် ဝင်ရောက်လာကြလေသည်။

သူတို့နှင့်အတူ ခပ်စောစောက လူထွားကြီးနှင့် အပြောရောင်ဝတ် ဆိုင်းသမားများလည်း ပါရှိလာကြလေသည်။

လူထွားကြီးက တပ်မှူးလေးအား....

'သူတို့ပဲ ကျုပ်ဆွဲကြိုးကို လုယူလိုက်ပြီး ကျွန်တော့်ကို ဆိုင်အပြင်ကို ကိုင်ပေါက်လိုက်တယ်'

လူထွားကြီးက မြွေဟောက်ကို လက်ညှိုးထိုး၍ ပြောလိုက်လေသည်။

တပ်မှူးလေးသည် မြွေဟောက်တို့ကို ကြည့်လိုက်ရာက ပန်းကမ္ဘာ အမျိုးသမီးကလေးများကို တွေ့လိုက်သဖြင့်....

'ဟာ ညီမလေးတို့ပဲ ဗိုလ်ဆိုင်ကိုရောက်နေပါလား'

ဖေ့ချင်သည် အလျှင်အမြန်ထကာ အရှိအသေပြုရင်း....

'ညီမလေးတို့လဲ ဒီဆိုင်မှာ တည်းခိုပြီး စားသောက်နေတာပါ'

'ဟား ဟား ဟား.... ခပ်စောစောက အဖြစ်အပျက်ကို ညီမလေးတို့ သိလိုက်သလား'

ဖေ့ချင်က ခေါင်းညိတ်ရင်း....

'ညီမလေးတို့ အားလုံးသိပါတယ်'

ထိုစဉ် မိကျောင်းတို့ကို ဖေ့ချင်က လက်ညှိုးထိုးပြလျက်....

'သူတို့တစ်တွေဟာ ညီမလေးမှ အစ်ကိုကြီးတွေပါ'

ဟု ဖြစ်ပုံကို ပြောပြကာ....

'လွန်တာက ကျွန်မအစ်ကိုကြီးတွေက လွန်တာမဟုတ်ပါဘူး၊ သူတို့က လွန်တာပါ၊ ဆွဲကြိုးကို လုယူလိုက်တာ မဟုတ်ပါဘူး၊ အနုဆိုင်ရှင်ဆီမှာရှိပါတယ်၊ သူတို့စားသောက်ခတွေ ရှင်းပြီးရင် ကျန်တဲ့ငွေတွေကို ပေးပါလိမ့်မယ်'

မြွေဟောက်ကလည်း ထ၍ အရှိအသေပြုရင်း....





'ညီမလေး ပြောတဲ့အတိုင်း မှန်ပါတယ် တပ်မှူးလေး၊ သူတို့က စားသောက်ခတွေ မပေးတဲ့အပြင် ကျွန်တော့်ကို တောင် လာပြီး ရန်လုပ်တဲ့အတွက် သူခံလိုက်ရတာပါ၊ ဘယ်သူလွန်သလဲဆိုတာကို အကွာကို မေးကြည့်ပါ'

အကွာက အံဆွဲထဲမှ ဆွဲကြိုးကြီးကို ထုတ်ယူလိုက်ပြီး....

'သူတို့စားသောက်တာ ငွေငါးဆယ်ကျပါတယ်၊ ဒီဆွဲကြိုးကို ပြန်လိုချင်ရင် ကျွန်တော့်ကုန်ကျစရိတ် ငါးဆယ်ကိုထုတ်ပေးပါ'

အကွာက ပြောလိုက်သဖြင့် တပ်မှူးလေးသည် လူထွားကြီးအား ဟုတ်သလားဟု မေးလိုက်သည်။ လူထွားကြီးက မငြင်းနိုင်တော့ဘဲ....

'ဟုတ်ပါတယ်ခင်ဗျာ'

တပ်မှူးလေးသည် ဒေါပွသွားလျက်....

'ခင်ဗျားဆွဲကြိုးလိုချင်ရင် ငွေငါးဆယ် မြန်မြန်ပြန်ပေးလိုက်၊ မရှိရင် နောက်မှလာရွေး'

ထိုသို့ပြောလိုက်သောကြောင့် လူထွားကြီးသည် သူ၏အိတ်ထဲမှ ငွေငါးဆယ်ကို အလျှင်အမြန် ထုတ်ပေးလိုက်ရလေတော့သည်။

ဆိုင်ရှင်အကွာကလည်း လူထွားကြီး၏ ဆွဲကြိုးကို ပြန်လည်ပေးလိုက်လေသည်။

တပ်မှူးလေးက လူထွားကြီးအား....

'ဟော့....မင်းတို့အကောင်တွေ တော်တော်ရှုပ်တယ်၊ မြန်မြန်ထွက်သွားကြစမ်း'

တပ်မှူးလေးက နှင်ထုတ်လိုက်သဖြင့် လူထွားကြီးတို့အလည်း အလျင်အမြန်ပင် ထွက်သွားကြသည်။

ထို့နောက် တပ်မှူးလေးတို့လည်း နှုတ်ဆက်၍ ထွက်သွားကြသည်။

ဆိုင်အလုပ်သမားလေးများက ဆိုင်တံခါးများကို အလျင်အမြန် ပိတ်လိုက်ကြသည်။

'ဟား....ဟား....ဟား....'

အကွာက ရယ်မောလိုက်ကာ သူ၏ အလုပ်သမားလေးများအား ...

'ပိတ်ကောင်လေးတွေ သူတို့ကြိုက်တဲ့ အရက်နဲ့ စားစရာတွေကို မြန်မြန်ချပေးလိုက်စမ်း၊ အခုချပေးတဲ့ စားသောက်ခတွေကို ကျုပ်က တစ်ပြားမှ မယူပါဘူး'





ထိုစဉ်မှာပင်....

ဆိုင်အလုပ်သမားလေးများကလည်း အရက်နှင့် စားစရာများကို မြန်မြန် ချပေးလိုက်ကြသည်။

ပန်းကမ္ဘာဂိုဏ်းမှ ဂိုဏ်းချုပ်ကြီး၏ သမီးဖြစ်သော ဖေ့ချင်နှင့် ကိုယ်ရံတော် သိုင်းအမျိုးသမီးတို့သည် တည်းခိုဆောင်များ ...သော အပေါ်ထပ်သို့ တက်သွားကြတော့သည်။

မြွေဟာက်၊ မိကျောင်းနှင့် ဒေါင်းစိမ်းတို့သည် တဖြည်း ...ည်းနှင့် အရက်နှင့် စားစရာများကို စားသောက်လာရာ ည ...စန်းကောင်ကျော်သို့ ရောက်လာပြီ ဖြစ်သည်။

ထိုအခါမှပင် သူတို့သုံးယောက်သည် စားသောက်ခြင်း ...များ ပြီးဆုံးသွားကာ အိပ်ဆောင်အပေါ်ဆီသို့ တက်လာ ...ကြတော့သည်။

■ ■ ■

နံနက် မိုးသောက် အလင်းမရောက်မီမှာပင် သူတို့လူစုသည် ...စားသောက်ခများကို ရှင်းပေးကာ ခရီးဆက်၍ ထွက်ခွာလာ ...သည်။

လမ်းခရီးတွင် ဖေ့ချင်က ဒေါင်းစိမ်းကို ပြောလိုက်သည်။

'မမလေးက ချင်းတိုင်းပြည်နယ် မြောက်ပိုင်းကို သွားပြီး သွားသွားအဆိပ်မှယ်တော်နဲ့ တွေ့ရပါ၊ ဖေဖေဟာ အဆိပ်ပြေဆေးကို မရရင် တစ်လအတွင်း သေသွားနိုင်တယ် မောင်လေး'

ဒေါင်းစိမ်းက....

'မမရေ...ကျွန်တော်တို့က ဟောမုန်ပင်လယ်ကို သွားရမှာပါ၊ အဲဒီတော့ ချင်းတိုင်းမြို့ကို မရောက်ခင် လမ်းခွဲကြရမှာပါ'

ဖေ့ချင်က ခေါင်းညိတ်လျက်....

'ဟုတ်တာပေါ့ မောင်လေး'

ဒေါင်းစိမ်းက....

'ကျွန်တော့်တို့လိုက်ပြီး အကူအညီ ပေးချင်ပါတယ် မမလေ'

ဖေ့ချင်က...

'ကျေးဇူးတင်ပါတယ်ကွယ်'

'တကယ်လို့ ပင်လယ်က ကိစ္စပြီးသွားရင် မမလေးတို့နောက် လိုက်ခဲ့ပါ့မယ်'





ထို့နောက် ချင်းတိုင်းပြည်နယ် အတွင်းရှိသော မြို့ကလေးတစ်မြို့သို့ နေ့လယ်သောက်တွင် ရောက်လာကြသည်။

ထိုမြို့ကလေးအမှာပင် မိခကျောင်း၊ မြွေဟောက်၊ ဒေါင်းစိမ်းတို့သည် ဖေ့ချင်တို့နှင့် လမ်းခွဲလိုက်ကြသည်။

ထိုမြို့ကလေးမှာ လမ်းဆုံမြို့ကလေးတစ်မြို့ ဖြစ်သည်။

ကုန်သည်များ ရထားများနှင့် ခရီးသည်များသည် ဆူညံလျက် ရှိနေသည်။

ချင်းတိုင်းမြို့တော်မှာ နောက်ထပ် မိုင်တစ်ရာလောက်ပင် လိုတော့သည်။

မြွေဟောက် မိကျောင်းနှင့် ဒေါင်းစိမ်းတို့သည် ထိုမြို့ကလေးတွင် နေ့လယ်စာ အမြန်စားသောက်ကာ အလျှင်အမြန်ပင် ခရီးဆက်လက် ထွက်ခွာလာခဲ့ကြသည်။

■ ■ ■

ချင်းတိုင်းပြည်နယ်၏ ဟောမုန်ပင်လယ်မှာ ချင်းတိုင်းမြို့တော်နှင့် မိုင်တစ်ရာခန့်ကွာသော အီမာန်လူမျိုးတို့၏ တောင်ပေါ် ရှိနေသည်။

ထိုတောင်ပေါ်တွင် အီမာန်လူမျိုး အလုပ်သမားများနှင့် သိုင်းသမားများက ဦးစီးသည့် စားသောက်ဆိုင်တစ်ဆိုင်မှာ အလွန်ပင် နာမည်ကျော် ဆန်းပြားလှသည်။

ထိုစားသောက်ဆိုင်၏ နောက်တွင် အိမ်ကြီးတစ်ဆောင်က ရှိခဲ့သည်။

ထိုအိမ်ထဲတွင် အဆင့်မြင့် သိုင်းသမားများနှင့် အီမာန်လူမျိုးတို့သည် အစည်းအဝေးတစ်ခု ကျင်းပလျက် ရှိနေပေသည်။ သိုင်းသမားခေါင်းဆောင်များမှာ ပြည်မကြီး၏ အလယ်ပိုင်းမှ ဖြစ်ကြသည်။

'အခု အားလုံး နားထောင်ကြစမ်းပါ၊ ဒီပင်လယ်ကိုလာနေတဲ့ ရန်သူသုံးယောက်ဟာ မြို့တော်နဲ့ တဖြည်းဖြည်း နီးလာပြီလို့ ကြားရတယ်၊ သူတို့ဟာ မြို့တော်ရောက်ပြီးရင် ဒီပင်လယ်ကို ရောက်လာမှာပဲ၊ အဲဒီအခါမှာ ကျုပ်တို့အားလုံးက အထူးသတိရှိဖို့လိုတယ်၊ ကျုပ်တို့ဆရာကြီးက မကြာခင် ရောက်လာပါလိမ့်မယ်'

ဤတွင် အီမာန်လူမျိုးတစ်ဦးက ထ၍....

'သူတို့ ရောက်လာရင် ကျုပ်တို့ကို အချက်ပေးလိုက်ပါ၊ သူတို့ကို ဖမ်းပြီးတော့ ပင်လယ်မုန်တိုင်း ကျောက်ဆောင်ထဲကို ပစ်ချလိုက်မယ်'





သိုင်းသမားတစ်ဦးက....

'ပင်လယ်မုန်တိုင်း ကျောက်ဆောင်ဟာ ဘယ်လိုလဲ'

အီမန်လူမျိုးက....

'ပင်လယ်မုန်တိုင်း ကျောက်ဆောင်ဟာ ပင်လယ်ဝဲဂယက်တွေဆပြီး ရေစီးကြောင်းတွေဟာ မုန်တိုင်းကျောက်ဆောင်ထဲကို ဝင်ရောက်သွားကြတယ်၊ ဒီအထဲကို ပစ်ချလိုက်တဲ့ လူတိုင်းဟာ အသက်ရှင်ဖို့ လမ်းမရှိတော့ဘူး'

'ဟား... ဟား... ဟား....'

သိုင်းသမားများက ရယ်မောလိုက်ကြလေသည်။

သိုင်းသမားခေါင်းဆောင်မှာ လူထွားကြီးတစ်ဦးပင်ဖြစ်သည်။

မုတ်ဆိတ်မွေးနှင့် နှုတ်ခမ်းမွေးများကြောင့် သူ၏ ရုပ်ကို ပိုမို ကြမ်းတမ်းစေသည်။

သိုင်းသမားများ အားလုံးတို့သည် အနက်ရောင် အင်္ကျီများကို ဝတ်ကာထားလျက် ခါးတွင်ခါးပတ်များကို ပတ်ထားလျက် ဓားပြားများကို ချိတ်ဆွဲထားလျက် ရှိပေသည်။

သူတို့၏ ခေါင်းပေါ်တွင် နှင်းခံ ဒါးမောက်များကိုလည်း အသီးသီး ဆောင်းထားလျက် ရှိပေသည်။

သိုင်းသမားအားလုံးမှာ လူထွားလူကြမ်းကြီးများ ဖြစ်၏။

သူတို့၏ ဂိုဏ်းမှ လက်မရှိလူသတ်သမား သိုင်းသမားများ ပင် ဖြစ်ကြသည်။

ထို့နောက် အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြသည်။

ထိုအချိန်မှာပင် အစိမ်းရောင်ဝတ်ထားသော သိုင်းသမား ငါးဦးတို့သည် ဟောမုန့်ပင်လယ်၏ ကမ်းခြေတစ်လျှောက်ဆီသို့ မြင်းများကို စီးလာကြကာ အိမန်လူမျိုးတို့၏ ရွာဦးတွင်ရှိသည့် စားသောက်ဆိုင်ရှေ့တွင် မြင်းများကို ရပ်လိုက်ကြသည်။

'ရွှေပင်လယ် စားသောက်ဆိုင်'

စားသောက်ဆိုင်၏ အဝတွင် ခန့်ထည်ကြွားဝါသည့် ဆိုင်ဘုတ်မုခ်ဦးကို တွေ့လိုက်ရလေသည်။

'ဒေါက်....ဒေါက်....ဒေါက်'

ဒယ်အိုးခေါက်သံများ အသားကြော်သံများက ဆူညံလျက် ရှိလေသည်။





အစိမ်းရောင်ဝတ် သိုင်းသမားသည် ထိုဆိုင်အတွင်းသို့ ဝင်လာကာ အရက်နှင့် စားစရာများကို မှာယူလိုက်ကြလေသည်။

'ဟေ့....အရက်နဲ့ စားစရာတွေ မြန်မြန် ချပေးစမ်း'

ထိုအချိန်မှာပင် ဆိုင်အတွင်းသို့ ဒါးမောက်ကြီးကို ဆောင်းထားသော အဘိုးအိုတစ်ဦးလည်း ဝင်ရောက်လာလေသည်။

အဘိုးအို၏အသက်မှာ အသက်ခြောက်ဆယ်ခန့်ရှိလေသည်။

သို့သော် သူ၏ မျက်လုံးများမှာ အလွန်ပင် စူးရှ တောက်ပြောင်လျက် ရှိပေသည်။

အဘိုးအိုသည် အရက်နှင့်စားစရာများကို မှာယူစားသောက်လိုက်လေသည်။

အစိမ်းရောင်ဝတ်သိုင်းသမားများသည် အရက်နှင့် စားစရာများကို မှာယူစားသောက်ကြရင်း စားပွဲထိုး အိမန်လူမျိုး အမျိုးသမီးတစ်ဦးကို....

'ဟေ့....နောက်ထပ် ကြက်ကြော်တစ်ပွဲ ပေးစမ်း'

အိမန်အမျိုးသမီးလေးသည် ကြက်ကြော်တစ်ပွဲကို အလျင်အမြန်ယူ၍ အစိမ်းရောင်ဝတ်လူများ၏ စားပွဲပေါ်သို့ ချပေးလိုက်လေသည်။

အစိမ်းရောင်ဝတ် ခေါင်းဆောင်သည် အမိမာန်အမျိုးသမီးလေး၏လက်ကို ဆွဲယူသွားလိုက်ကာ....

'ဟား ဟား ဟား၊ မင်းလေးက တယ်ချစ်စရာ ကောင်းပါလား'

အမိမာန်အမျိုးသမီးလေးက ပြုံးလိုက်တာ....

'ကျွန်မက ဒီဆိုင်မှာ အကာမင်းသမီးရှင့်၊ ညအခါမှာဆိုရင် ကျွန်မတို့ဆိုင်ရှေ့မှာ စားပွဲတွေကို ချထားတယ်၊ အဲဒီမှာ အမိမာန်လူမျိုးအတီးအမှုတ်တွေနဲ့ ကျွန်မတို့က ကပြပြီး အသုံးတော်ခံမှာပါ၊ ရှင်တို့ ဘာမှ မပူပါနဲ့'

'ဟား ဟား ဟား၊ မင်းလေးက စကားလဲ ကောင်းကောင်း ပြောတတ်တယ်၊ ရော့....ဆုငွေ'

ထို့နောက် ငွေတုံးကလေး တစ်တုံးကို သူမ၏ လက်ထဲသို့ ထည့်ပေးလိုက်လေသည်။

အမိမာန်စားပွဲထိုးကလေးက အရှိအသေပြုကာ....

'ကျေးဇူးတင်ပါတယ်ရှင်၊ လိုတာရှိလဲ ထပ်မှာပါ'

'ဖတ် ဖတ် ဖတ်'





အစိမ်းရောင်ဝတ် သိုင်းသမား ခေါင်းဆောင်က သူမ၏ တင်ပါးလေးကို ပွတ်ပေးလိုက်လေသည်။

'ဟား တား ဟား၊ ဒီဆိုင်က စားသောက်ရတာ ပျော်စရာကြီးပဲဟေ့'

အစိမ်းရောင်ဝတ် သိုင်းသမားတစ်ဦးက....

'ဟုတ်တယ် အစ်ကိုကြီး၊ ကျွန်တော်တော့ သိပ်ပျော်တာပဲ'

'မြန်မြန်စားသောက်ကြဟေ့၊ တို့တစ်တွေ နဂါးကျောက်ဆောင်ကို သွားကြည့်ရဦးမယ်'

သိုင်းသမားတစ်ဦးက

'ဟာ အစ်ကိုကြီးကလဲ၊ သိပ်လောတာပဲ၊ နောက်နေ့မှသွားကြည့်ကြတာပေါ့'

ထိုအစိမ်းရောင်ဝတ် သိုင်းသမားများသည် ပင်လယ်ထဲမှ ရတနာသိုက်ကို လိုက်၍ရှာနေကြခြင်းဖြစ်သည်။

ထိုအချိန်မှာပင် အပြာရောင်ဝတ် သိုင်းသမားတစ်စုတို့သည် ဆိုင်အတွင်းသို့ ဝင်ရောက်လာကြပြန်လေသည်။

ဝင်ရောက်လာသူများမှာ တောင်ပေါ် ဘီလူးကြီးဂိုဏ်းမှ သိုင်းသမားများပင် ဖြစ်ကြသည်။

သူတို့ကလည်း အရက်နှင့်စားစရာများကို မှာယူစားသောက်လိုက်ကြကာ အစိမ်းရောင်ဝတ် သိုင်းသမားများကို ကြည့်လိုက်ကြလေသည်။

'ဟား ဟား ဟား၊ ကောင်းစံဂိုဏ်းက သိုင်းသမားတွေပါလား'

ထို့နောက် သူတို့သည် အရက်နှင့် စားစရာများကို စားသောက်ရင်းက ဆူညံလျက် ရှိနေကြလေသည်။

ထိုအချိန်တွင် စားပွဲတစ်လုံးတွင် အေးအေးဆေးဆေး ကိုင်၍ စားသောက်နေသည့် အဘိုးကြီးသည် ဆက်ကာဆက်ကာ သောက်လျက် ရှိနေလေသည်။

အဘိုးအို၏ နားများသည် သိုင်းသမားများပြောနေသော စကားများကို မှတ်သားလျက် ရှိနေလေသည်။

အဘိုးအိုသည် စောစောက စားပွဲထိုးအမျိုးသမီးကို လှမ်း၍ ခေါ်လိုက်လေသည်။

'ဟေ့ ကလေးမ၊ ဘာဘာဆီကို လာပါဦး'

အိမာန်စားပွဲထိုး အမျိုးသမီးလေးသည် အဘိုးအို၏ စားပွဲဆီသို့ ရောက်လာကာ





'ဘာဘာ ဘာကိစ္စပါလဲ'

အဘိုးအိုက

'နောက်ထပ် အရက်တစ်အိုးနဲ့ ပင်လယ်ခရုပေါင်းကို ယူခဲ့ပါဦး'

'ဟုတ်ကဲ့ ဘာဘာ'

စားပွဲထိုး အိမာန် အမျိုးသမီးလေးသည် အလျင်အမြန် ထွက်သွားလေတော့သည်။

မကြာမီ ပင်လယ်ခရုပေါင်းနှင့် ဟင်းတစ်ခွက်ကို ယူ၍ လာကာ စားပွဲပေါ်သို့ ချလိုက်လေသည်။

ထို့နောက် အဘိုးအိုသည် အိမာန် အမျိုးသမီးလေး၏ လက်ထဲသို့ ငွေတုံးကလေးတစ်တုံးကို ထည့်ပေးလိုက်လေသည်။

ထိုငွေတုံးကလေးနှင့်အတူ ဖယောင်းလုံးလေးတစ်လုံးလည်း ပါရှိသွားလေသည်။

**အိမာန်အမျိုးသမီး စားပွဲထိုးကလေးသည် ဆိုင်နောက်သို့ ဝင်သွားပြီး အစားအသောက်များ ချက်ပြုတ်ကြော်လှော်နေသည့် အခန်းကို ဖြတ်၍ အဆောင်တစ်ဆောင်သို့ ဝင်ရောက်သွားလေသည်။**

သူမသည် ထိုအဆောင်ထဲသို့ ရောက်သည်နှင့် အခန်းကို ပိတ်လိုက်ကာ ဖယောင်းလုံးကိုဆွဲ၍ အတွင်းမှ စာရွက်ကလေးကို ဆွဲထုတ်လိုက်လေသည်။

ကျင်ကျင်....

ဒီနေ့ည ဆူဝါသစ်တောထဲကို အမြန်လာခဲ့ပါ။ ဘာဘာ စောင့်နေမယ်။

နဂါးကြီး

ထိုနေ့ည မိုးချုပ်ချိန်လောက်တွင် တီးသံမှုတ်သံများသည် ပေါ်ထွက်လာလေသည်။

ရွှေပင်လယ် စားသောက်ဆိုင်ရှေ့တွင် တည်ခင်းထားသော စားပွဲအားလုံးတွင် စားသောက်သူများက ပြည့်လျက်ရှိနေ၏။

စားပွဲထိုးများမှာ တစ်စားပွဲပြီးတစ်စားပွဲ စားသောက်စရာနှင့် အရက်များကို ချပေးနေရလေသည်။

မြောက်ဘက်လပ်ထဲတွင် အိမာန် အမျိုးသမီးတစ်စုသည် ကနွဲ့ကလျ ခါးနှင့် တင်များကို လှုပ်ကာ ရင်ကိုကော့ပြီး ဆိုင်းချက်ညီညီနှင့် ကလျက် ရှိနေကြလေသည်။





အိမာန်အမျိုးသမီးအက ခေါင်းဆောင်သည် သူမ၏ စွင့်ကားသော တင်ပါးကြီးများကို လှုပ်ကာလှုပ်ကာနှင့် ကိုယ်ကို ယိမ်းနွဲ့ပြီး လက်များကို မြှောက်လိုက် ဆန့်လိုက်နှင့် စီးဝါးကျကျ သူမ၏ ခြေထောက်များကို လှုပ်ခါလျက်ရှိနေသည်။

သူမ၏ ခြေကျင်းဝတ်တွင် ငွေခေါင်းလောင်းကလေးများကို ချိတ်ဆွဲထားလျက် ရှိလေသည်။

'ချွမ်း ချွမ်း ချွမ်း'

'ချွမ်း ချွမ်း ချွမ်း'

'အ ဘာ ရှိ'

သူမ၏အသံများမှာ လွင်လျက် နားထောင်ကောင်းလှပေသည်။

အသံလွှင်လွင်ဖြင့် သီဆိုလိုက်သော အသံများသည် အလွန်ပင် တက်ကြွစရာ ကောင်းနေသည်။

သူတို့အားလုံးသည် ပါးလွှာသည့် ပိုးဂါဝန်များကို ဝတ်ထားကာ အလွန်တိုလှသော ရင်စည်းအင်္ကျီများကို ဝတ်ထားလေသည်။

သူမတို့၏ရင်မှာ ရွှေရင်ဖုံးစွင့် မို့မောက်ဝင်းလျက် ရှိနေသဖြင့် စားသောက်သော ပရိသတ်များအဖို့ ယစ်မူးချင်စရာပင် ဖြစ်တော့သည်။

'ဟေး ဟေး ဟေး'

'ဟား ဟား ဟား'

ပရိသတ်များသည် လက်ခုပ်လက်ဝါးတီး၍ အားပေးလိုက်ကြလေသည်။

ထိုအကခေါင်းဆောင် အမျိုးသမီးသည် သူမ၏ စွင့်ကားသည့် တင်ပါးကြီးများကို လှုပ်ဖော်လျက် ခြေထောက်များကို လျင်မြန်စွာ လှမ်းယူပြီး သူမ၏ ပါးလွှာသော ဂါဝန်ကြီးများဖြင့် ငန်း၍ စားနေကြသည့် သိုင်းသမားများ၏ အပေါ်သို့ ယမ်းကာယမ်းကာ လွှားသွားခဲ့လေသည်။

သိုင်းသမားများအဖို့ သူမ၏ ဂါဝန်ကြီးက သူတို့၏ခေါင်းပေါ်သို့ ဝဲသွားတိုင်း မျက်လုံးများပြူး၍ သွားကြလေသည်။

'ဟေး ဟေး ဟေး'

'ဟား ဟား ဟား'

'ဖုံ ဖုံ ဖုံ'





စာစွာ ၁၅ / ၁၁၈၊ ၆ [illegible]

သိုင်းသမားများ၏ ရယ်သံမောသံတွာ လွှမ်းမိုးလျက် ရှိနေတော့သည်။

ထိုအချိန်တွင် စားသောက်ဆိုင်ကြီး၏အပေါ်ထပ်မှ အနက်ရောင်ဝတ်သိုင်းသမားတစ်စုသည် ထိုသိုင်းသမားများကိုကြည့်၍ အလွန်သဘောကျနေတော့သည်။

'ဟား ဟား ဟား'

'ဟား ဟား ဟား'

'တို့ ရွှေပင်လယ်စားသောက်ဆိုင်ကြီးက သူတို့ကို စွဲဆောင်ထားလိုက်တာ ဘယ်လောက် သဘာဝကျသလဲ'

'ဟုတ်တာပေါ့ ဆရာကြီး'

သို့နှင့်ပင် အပြာရောင်ကိုယ်ကျပ်အင်္ကျီကို ဝတ်ထားပြီးလျှင် အဖြူရောင်ပဝါများကို စည်းထားကြသည့် သိုင်းသမားဆယ်ဦးတို့သည် ခေါးကိုယ်စီဖြင့် မြေကွက်လပ်ကြီးအတွင်းသို့ ခုန်လွှားဝင်ရောက်လာကြသည်။

ထိုအချိန်တွင် အဆိုအကနှင့် အသုံးတော်ခံခဲ့သော အမိမာန်အဆိုတော် အမျိုးသမီးများသည် ဆိုင်အတွင်းသို့ ဝင်ရောက်သွားကြလေသည်။

7

'ဒုန်း....ဒုန်း'

'ဒုန်း....ဒုန်း'

'ချမ်း ချမ်း ချမ်း'

'ထန်း ထန်း ထန်း'

သိုင်းသမားများသည် မြေကွက်လပ်ကြီးထဲတွင် နှစ်စုခွဲ၍ သိုင်းကစားပြလျက် ရှိနေပေသည်။

စားသောက်နေသော သိုင်းသမားများမှာ ခပ်စောစောက အီခာန်လူမျိုးများ၏ အဆိုအကာလောက် စိတ်ဝင်စားခြင်း မရှိကြပေ။

'သူတို့ သိုင်းကစားတာဟာလဲ ကလေးတွေ ကစားနေတာ ကျနေတာပဲ'

သိုင်းသမားတစ်ဦးက အရက်ခွက်ကို မြှောက်၍ ပြောလိုက်သည်။

ထိုအချိန်တွင် အဖြူရောင် အရိပ်ကလေးတစ်ခုသည် သိုင်းနောက်မှနေ၍ အလျင်အမြန် ပြေးထွက်သွားသည်ကို မည်သူမျှ မသိလိုက်ချေ။





မကြာမီ ဆူဝါခေါ် သစ်တောအနီးသို့ ရောက်လာလေသည်။

တဝုန်းဝုန်း ရိုက်ခတ်နေသော ပင်လယ်လှိုင်းတံပိုးများသည် ကမ်းခြေဆီသို့ တဝေါဝေါ တက်လာကာ တဖြန်းဖြန်းနှင့် ရိုက်လျက်ရှိနေပေသည်။

လေကလည်း တစ်ဟူးဟူး တိုးဝှေ့လျက် ရှိနေလေသည်။

ခပ်စောစောက အဖြူရောင် အရိပ်ကလေးသည် ဆူဝါသစ်တောအုပ်ထဲမှ သစ်တုံးအိမ်ကလေးဆီသို့ ပြေးလွှား သွားခဲ့လေသည်။

ထိုစဉ်....သစ်ပင်တစ်ပင်ဆီမှ လူရိပ်တစ်ရိပ်သည် လွှားဆင်းလာသည်။

'ကျွင်....ကျွင်'

'ဟင်....ဘဘ'

'ကြာလှချည့် လား'

'ဆိုင်ရှင်ရဲ့အလိုကျ သိုင်းသမားတွေကို ညှော်ခံနေရလို့ပါ ဘဘ'

ကျွင်ကျွင်က ပြောလိုက်သည်။

ထို့နောက် အဘိုးအိုသည် ကျင်ကျင်အား သစ်တောအုပ်ထဲ ရှိ သစ်လုံးအိမ်ကလေးထဲသို့ ခေါ်သွားခဲ့လေသည်။

အဘိုးအို၏ သစ်လုံးအိမ်ကလေးထဲတွင် မီးလင်းဖိုတစ်ခု ရှိနေသည်။

အဘိုးအိုက ပြတင်းတံခါးကို ပိတ်လိုက်ပြီး....

'ဘာသတင်းထူးများ ကြားသလဲသမီး'

ကျင်ကျင်က,...

'သူတို့က အစ်ကိုမြွေဟောက် အစ်ကိုမိကျောင်းတို့ ရောက်လာရင် ဖမ်းပြီးသတ်ဖို့ အစီအစဉ်လုပ်နေပါတယ်'

'နေဦးကွ်ထပ်ရော'

ကျင်ကျင်က....

'သူတို့ဆရာကြီး မကြာမီ ရောက်လာမယ်လို့ ပြောပါတယ်'

'ဟား,...ဟား....ဟား....'

အဘိုးအိုက ရယ်မောလိုက်ပြီး....





'အင်း....သူတို့တစ်တွေဟာ အတော်အကြံကြီးတဲ့ လူဆိုးသိုင်းသမားတွေပဲ၊ ငါ့သမီး အထူးသတိထားပြီးတော့ ဆက်ဆံပါ၊ ဘဘတော့ သူတို့လာမယ့် လမ်းတစ်ဝက်ကသွားပြီး ကြော်လိုက်ပါဦးမယ်'

အဘိုးအိုက ထိုသို့ပြောကာ ကျင်ကျင်အား ရွှေရောင်ဆေးကလေးတစ်လုံး ပေးလိုက်၏။

'တကယ်လို့များ သူတို့က သမီးကို မသက်သာတဲ့ အဆိပ်ကျွေးသတ်ပစ်မယ်ဆိုရင် ဒီဆေးလုံးလေးကို အမြန်ဆုံး စားသောက်လိုက်ပါ'

ကျင်ကျင်က ခေါင်းညိတ်လိုက်ကာ....

'ဟုတ်ကဲ့ ဘဘ'

'အင်း....အခုနေတော့ ဒီမာန်လူမျိုးတစ်ဦးလိုပဲ နေသွားပေတော့၊ ဘာဖြစ်ဖြစ် အထူးသတိထားပါ'

'ဟုတ်ကဲ့ ဘဘ'

ထိုသို့ပြောကာ အဘိုးအိုက လက်ဖက်ရည်ကြမ်းတစ်ခွက်ကို သောက်လိုက်လေသည်။

အဘိုးအိုက ဆက်၍....

'အခု ဘဘရဲ့ မိတ်ဆွေကြီး တောင်ပေါ်နဂါးသိုင်းမင်းသားကြီးဟာ သိုင်းပညာရှင်ကြီးတွေရဲ့ အစည်းအဝေးကို တက်နေတယ်၊ ဒါကြောင့် ဘဘက သူ့အစား ဒီမှာ တာဝန်ယူနေရတာပဲ'

အတိုးအို၏ စကားကြောင့် ကျင်ကျင်မှာ မျက်လုံးများ ဝင်းလက်လာလျက်....

'သိုင်းပညာရှင်ကြီးတွေရဲ့ အစည်းအဝေးဟာ ဘယ်မှာ လုပ်နေတာလဲ ဘဘ'

အတိုးအိုသည် သက်ပြင်းတစ်ချက် ရှိုက်လျက်....

'သိုင်းသမား ပညာရှင်ကြီးတွေရဲ့ အစည်းအဝေးဟာ တရုတ်ပြည်ကြီးမှာ မဟုတ်ဘူး၊ စီကျုံးခေါ်တဲ့ တိဗက်အရှေ့ဖျားမှာ ရှိတဲ့ ဟိမဝန္တာတောင်ကြီးတစ်တောင်ရဲ့ ထိပ်မှာ ကျင်းပနေတာပဲ၊ ဒီတောင်ကြီးဟာ ဟိမဝန္တာရဲ့ အမြင့်ဆုံးတောင်ကြီးရဲ့ ဒုတိယအမြင့်ဆုံး တောင်ကြီးပဲ၊ သူက ဖျားဆင်းသွားတဲ့ တောင်တန်းစွယ်တွေကလဲ မနည်းဘူး'

'ဟိမဝန္တာတောင်တန်း တောင်ထွတ်တွေဆိုတာ တော်ရုံလူတွေရောက်နိုင်မယ် မဟုတ်ဘူး'

ကျင်ကျင်က ပြောလိုက်၏။





အတိုးအိုက....

'ဟုတ်တယ် သမီး၊ ဒီတောင်ကြီးတွေပေါ်ကို တန်ခိုးကြီးတဲ့ သိုင်းပညာရှင်တွေပဲ ရောက်နိုင်ကြတယ်၊ အခုသိုင်းပညာရှင်ကြီးတွေဟာ နိုင်ငံတကာကရောက်လာကြတဲ့ သိုင်းပညာရှင်တွေ သူတို့တစ်တွေရဲ့အစည်းအဝေးဟာ ငါးနှစ်တစ်ကြိမ် ဆယ်နှစ်တစ်ကြိမ် အစည်းအဝေးပြုလုပ်ပြီးတော့ ကယ်သင့်တဲ့သတ္တဝါတွေကို တာဝန်ပေးတဲ့အတိုင်း သွားရောက်ကယ်တင်ကြရတယ်'

ကျင်ကျင်က....

'သူတော်ကောင်းကြီးတွေပေါ့နော် ဘဘ'

'ဟုတ်တယ် သမီး'

အတိုးအိုက လျှပ်တစ်ပြက်ထကာ သိုင်းပညာရှင်ကြီးများ အစည်းအဝေး ပြုလုပ်နေသော ဟိမဝန္တာတောင်ဆီသို့ ဒူးထောက်ကာ အရိုအသေပြုလိုက်သည်။

ထို့နောက်....

မျက်စိကိုမှိတ်ကာ အာရုံပြုလျက်ရှိနေလေသည်။

အတိုးအို၏ မျက်လုံးများအတွင်းဝယ် အလင်းရောင်များ လက်လျက် အတိုးအိုတစ်ဦး၏ ရုပ်ပုံသဏ္ဌာန်ပေါ်လာပြီး....

'ဂိုဏ်းတူညီလေး၊ မင်းတပည့်မဟာ ဆရာကို့ရဲ့သိုင်းပညာရှင် အစည်းအဝေးကို အတော်ပဲစိတ်ဝင်စားနေတယ်၊ ကလေးမ လေးကို အာရုံအပြုခိုင်းလိုက်ပါ'

'ဟုတ်ကဲ့ အစ်ကိုကြီး'

အဘိုးအိုသည် မျက်စိမှိတ်ထားရာက တဖြည်းဖြည်းပွင့်လာ ပြီး 'ကျင်ကျင်ဘက်လှည့်လျက်...

'သမီးကို ဂိုဏ်းတူအစ်ကိုကြီးက အာရုံအပြုခိုင်းနေတယ်၊ ဒီတော့ အနောက်မြောက်ဘက်ကို လှည့်ပြီးတော့ ဂိုဏ်းတူ အစ်ကိုကြီးကို အာရုံပြုလိုက်ပါ'

ထိုသို့ပြောလိုက်သဖြင့် ကျင်ကျင်သည် အနောက်မြောက် ဘက်လှည့်၍ ဒူးထောက်ကာ အရိုအသေပြုလိုက်ပြီး မျက်လုံး များကို မှိတ်ထားလိုက်၏။

အဘိုးအိုက ကျင်ကျင်ကိုပြောလိုက်သည်။

'ကဲ... လိုက်ဆို'

'ဟုတ်ကဲ့ ဘဘ'

'သိုင်းပညာရှင်ကြီးဖြစ်သော ဆရာဘိုးဘိုး၊ သမီးတော်ဖြစ် တဲ့ ကျင်ကျင်က ဘိုးဘိုးကိုဂါရဝပြုနေပါတယ်၊ ရောက်တဲ့ ဒေသကနေပြီး သမီးတော်ကို လမ်းညွှန်ဆုံးမတော်မူပါ'





ထိုသို့ပြောလိုက်သဖြင့် ကျင်ကျင်က လိုက်၍ပြောကာ နဂါး တောင် ဘိုးဘိုးသိုင်းသမားကြီးကို အာရုံပြုလိုက်သည်၊

သူမသည် အချိန်အတော်ကြာ ပြုရုံပြုနေစဉ် သူမ၏မျက်လုံး များမှာ လင်းထိန်လာပြီး တစ်ကိုယ်လုံးမှာ ပေါ့ပါးလာလျက် သူမ၏ကိုယ်ခန္ဓာသည် တိမ်လိုင်းများအတွင်းရောက်သွားသည်ဟု ထင်လိုက်ရသည်။

သူမသည် တိမ်လိုင်းများပေါ်တွင်ပြေးသွားနေရာက တောင် တန်း တောင်ထွတ်ကြီးများကို ကျော်လွှားလျက် အလွန် ရှည် လျား ဝေးသီခေါင်ဖျားမြင့်သော တောင်တန်းကြီးပေါ်သို့ ရောက်သွားတော့သည်။

ထိုတောင်တန်းကြီးတွင် အလွန်မြင့်မားသော တောင်ကြီး များက မိုးကောင်းကင်သို့ ထိုးတက်လျက်ရှိနေလေသည်။

တောင်ထွတ်ကြီးများအတွင်း နှင်းများ ဖုံးလွှမ်းနေသော တောင်ထွတ်ကြီးပေါ်သို့ ထိုးကျသွားလျက် တောင်ထိပ်တစ်ခု ၏ ရေကန်ကြီးဘေးသို့ ရောက်သွားလေတော့သည်။

ထိုရေကန်ကြီးဘေးမှကြည့်လျှင် ကျောက်ဖြင့်တည်ဆောက် ထားသော အဆောက်အဦကြီးတစ်ခုကို တွေ့လိုက်ရလေတော့ သည်။

အဆောက်အဦကြီး၏ ကွက်လပ်ထဲတွင် အဝါရောင်ဝတ် ဘုန်းကြီးများသည် လမ်းလျှောက်လျက်ရှိနေတာ ဘုန်းကြီး တစ်ပါးက ကျောင်းကျောင်း၏ထံသို့လာ၍....

'ဒကာမလေး သိုင်းပညာရှင်ကြီးတွေကို ဖူးတွေ့ရအောင် လာတာလား'

ကျောင်းကျောင်းက အရိုအသေပြုလျက်....

'မှန်....မှန်ပါတယ်ဘုရား၊ အရိုအသေပြုရန် လာခဲ့ခြင်းဖြစ် ပါတယ် ဘုရား'

'သာဓု....သာဓု'

ဘုန်းတော်ကြီးသည် ဗေဒ္ဒာပုံလျက် ကျောင်းကျောင်းအား အဆောင်ကြီး တစ်ဆောင်ဆီသို့ခေါ်ဆောင်သွားလေသည်။

ထိုအဆောင်ကြီးတွင် ကျောင်းကျောင်းကဲ့သို့ အမျိုးသမီးများနှင့် လူပုဂ္ဂိုလ်များသည် သိုင်းပညာရှင်ကြီးများကို အရိုအသေပြု ကာ တည်ငြိမ်စွာ ထိုင်လျက်ရှိနေသည်ကို တွေ့ရလေသည်။

အဆောက်အဦကြီး၏ အစည်းအဝေးခန်းမကြီးထဲတွင် အဖြူ ရောင်ဝတ် သိုင်းပညာရှင်ကြီးများသည် တိတ်ဆိတ်စွာထိုင်လျက် ရှိနေကြသည်။





သူတို့သည် စကားမပြောဘဲ တိတ်ဆိတ်စွာ ထိုင်လျက်ရှိနေ ကြသည်။

အမှန်တော့ သိုင်းပညာရှင်များသည် လုံးဝစကားမပြော ကြဘဲ မနောအာရုံဖြင့် ဆက်သွယ်စကားပြောလျက်ရှိနေခြင်း ပင် ဖြစ်သည်။

ထိုစဉ်မှာပင် အဖြူရောင်ဝတ် ပုဂ္ဂိုလ်ကြီးနှစ်ဦးတို့သည် ထိုင် နေရာက ထလိုက်ကြပြီး လေထဲသို့လွှားတက်လိုက်ကြလေတော့ သည်။

သူတို့နှစ်ဦးသည် လေထဲမှာပင် ချာချာလည်ကာရှိနေလေ သည်။

'ကြည်ညိုသော သမီးတော်နှင့်သားတော်များ ယခု သိုင်း ပညာယှဉ်ပြိုင်နေသော ပုဂ္ဂိုလ်များသည် အရှေ့ပင်လယ် သိုင်း ပညာရှင်ကြီးနဲ့ အနောက်ဘက်ပင်လယ် သိုင်းပညာရှင်ကြီးတို့ ဖြစ်ကြတယ်'

ထိုအသံသည် သိုင်းပညာရှင်များ၏အတွင်းမှ နာယကအဖြစ် ပြုလုပ်သော သိုင်းပညာရှင်ကြီးတစ်ဦးက မနောအာရုံဖြင့် ပြော လိုက်ခြင်းဖြစ်လေသည်။

လေထဲတွင် အဖြူရောင်အရိပ်ကြီးနှစ်ရိပ်သည် ပွဲးကပ်လျက် ဝုန်းဆိုသော အသံကြီးတစ်သံ ပေါ်ထွက်လာလေသည်။

မီးခိုးများသည် ထောင်းခနဲ ထသွားကာ အဖြူရောင်အရိပ်ကြီး နှစ်ရိပ်တို့သည် တစ်ဘက်နှင့်တစ်ဘက် လွင့်စဉ်ထွက်သွားကြသည်။

ထို့နောက် သိုင်းပညာရှင်နှစ်ဦးတို့သည် သူတို့၏လက်များကို မြှောက်လိုက်ကြကာ ရှေ့သို့တွန်းပို့လိုက်လေသည်။

ထို့နောက် သိုင်းပညာရှင်နှစ်ဦးတို့သည် သူတို့၏နေရာသို့ သူတို့ ပြန်လည်ထိုင်လိုက်ကြလေသည်။

ထိုအချိန်တွင် ဝတ်ရုံနီ ဝတ်ထားသော သိုင်းပညာရှင် အဘွားအိုတစ်ဦးသည် လေထဲတွင် လွှားထွက်လာကာ သူ၏ လည်ပင်းမှ ပုတီးကြီးများကို လေထဲတွင်လွှင့်ပစ်လိုက်လေတော့သည်။

'ဝေါ'

'ဝှီး....ဝှီး....ဝှီး'

ပုတီးလုံးများသည် ပိတုန်းကောင်များ ပျံဝဲနေသကဲ့သို့ အခန်းကြီးအတွင်း ပျံဝဲနေကာ ဝတ်ရုံနီဝတ်ထားသော အဘွားအိုကလည်း လေထဲတွင် ပုတီးစေ့များကဲ့သို့ လည်ပတ်လျက်ရှိနေလေသည်။

ထိုအချိန်မှာပင်....





မနော်အာရုံဖြင့်ပေးပို့လိုက်သော အသံတစ်သံကို ကြားလိုက်ရလေသည်။

'လာရောက်ကြည့်ရှုကြသော သိုင်းပညာရှင်ကြီး၏တပည့်များ အခု သိုင်းကစားနေတဲ့ သိုင်းပညာရှင်ကြီးမှာ နယ်ခြားတောင်ထိပ်မှာနေထိုင်တဲ့ မဟာဝတ်ရုံနီသခင်မကြီးလို့ ခေါ်တယ်၊ သူ့ရဲ့သိုင်းပညာဟာလဲ အလွန်ပဲ အားကိုးလောက်ပါတယ်'

ထိုသို့ မနော်အာရုံဖြင့်ပေးပို့လိုက်သော အသံသည် ကျင်ကျင်၏ နားထဲသို့ ထိုးဖောက်ဝင်ရောက်လာလေသည်။

ထိုအချိန်တွင် ရေကန်ပြင်အတွင်း ပြေးလွှားလာကြသည့် လူနှစ်ယောက်ကို တွေ့လိုက်ရသည်။

တစ်ဦးမှာ မီးခိုးရောင်ဝတ်ရုံကြီးကိုဝတ်ထားလျက် တစ်ဦးမှာ အနက်ရောင်ဝတ်ရုံကြီးကို ဝတ်ထားလေသည်။

သူတို့နှစ်ဦးသည် နှင်းပွင့်ခြေရာမထင် သိုင်းကွက်ဖြင့် ရေမျက်နှာပြင်ကိုနင်း၍ ပြေးလွှားလာကြခြင်းဖြစ်သည်။

ထို့နောက်....

ထိုလူနှစ်ယောက်တို့သည် အစည်းအဝေးခန်းမထဲသို့ ပြတင်းပေါက်မှတစ်ဆင့် ထိုးဖောက်ဝင်ရောက်သွားလိုက်ကြသည်။

မီးခိုးရောင် ဝတ်ထားသောလူနှင့် အနက်ရောင် ဝတ်ထားသော လူနှစ်ဦးမှာ အတိုးအိုများဖြစ်ကြသည်။

သူတို့၏ နှုတ်ခမ်းမွေးများ၊ မုတ်ဆိတ်မွေးများ စာလည်း ဆွတ်ဆွတ်ဖြူလျက် ရှိနေကြသည်။

သူတို့နှစ်ဦးသည် အစည်းအဝေးခန်းမကြီး၏ အတွင်းတွင် မထိုင်သေးဘဲ ရယ်မောနေကြသည်။

'ဟား ဟား ဟား....ခင်ဗျားတို့ အစည်းအဝေးက ထိတိတဆိတ် လုပ်နေတာ ဘယ်သူ့ကိုများ ကြောက်နေရလို့လဲ'

ထိုစဉ် အစည်းအဝေးခန်းမ၏ သဘာပတိနေရာမှ သိုင်းပညာရှင်ကြီးတစ်ဦးက ထလိုက်ပြီး....

'မိုးထိတောင်က မိုးနဂါး သိုင်းဆရာကြီး၊ ကျုပ်တို့က တိတိတဆိတ် မလုပ်ပါဘူး၊ ဘယ်သူ့မှလဲ ကြောက်နေစရာ မလိုပါဘူး၊ ခင်ဗျားတို့ ဒီအစည်းအဝေး တက်လာရင် အေးအေးဆေးဆေး ကြားသမျှ မှတ်သားပြီး ပြန်သွားနိုင်တယ်၊ အခုလောလောဆယ်မှာတော့ ခင်ဗျားတို့နှစ်ဦးဟာ ကျုပ်တို့ သိုင်းပညာရှင်တွေထဲက ကြိုက်တဲ့လူနဲ့ သိုင်းပညာယှဉ်နိုင်တယ်'

ထိုစကားကြောင့် ခပ်စောစောက ရောက်လာကြသည့် မိုးထိတောင် မိုးကြိုးနဂါးသိုင်းဆရာကြီးတို့မှာ အလျင်အမြန်ပင် မတ်တတ်ရပ်လိုက်ကြပြီး....





'ကျုပ်တို့က ဒီမိုးနှင်းတောင်ကြီးနဲ့ အတွင်းရေးမှူးကြီးဖြစ်တဲ့ ချန်ပါလိုနဲ့ ချန်ပါရှင်တို့ကို ယှဉ်ပြိုင် တိုက်ခိုက်ချင်ပါတယ်'

ထိုစကားကြောင့် သိုင်းပညာရှင်ကြီးများထဲမှ အဖြူရောင်ဝတ် သိုင်းသမားကြီးနှစ်ဦး ထလာလေသည်။

'ငါတို့က ဘယ်သူမှ ရန်ငြိုးမထားပါဘူး၊ ယှဉ်ပြိုင် တိုက်ခိုက်ဖို့ကိုတော့ အချိန်မရွေး တိုက်ခိုက်နိုင်တယ်'

ချန်ပါလို သိုင်းပညာရှင်က ပြောလိုက်၏။

ထိုနောက် သိုင်းပညာရှင်တို့သည် အလျင်အမြန်ပင် အစည်းအဝေးခန်းမထဲမှ ထွက်သွားကာ တစ်ဦးနှင့်တစ်ဦး လေထဲသို့ လွှားချီတက်လိုက်ကြလေသည်။

ကန်ရေပြင်ပေါ်ရှိလေထဲတွင် သိမ်းငှက်ကြီးများ လည်ပတ် တိုက်ခိုက်နေသကဲ့သို့ တစ်ဦးနှင့် တစ်ဦးလှည့်ပတ်တိုက်ခိုက်လျက် ရှိနေသည်။

ချန်ပါလိုနှင့် ချန်ပါရှင်တို့သည် အဖြူရောင်ဝတ်စုံ များကို ဝတ်ထားပြီး မိုးထိတောင်မိုးကြိုးနဂါး သိုင်းသမားကြီး များသမူ မီးခိုးရောင်နှင့် အနက်ရောင်များ ဝတ်သားကြသည်။

ထို့ကြောင့် အဖြူနှင့် အမည်းအရိပ်များသည် ရေပြင်၏ အထက် ပေအစိတ်ရာအကွာတွင် တက်လိုက်ဆင်းလိုက်ဖြင့်လှည့်ပတ်တိုက်ခိုက်လျက် ရှိနေကြသည်။

'ချွမ်း ချွမ်း ချွမ်း'

'ထန်း ထန်း ထန်း'

သံ သံခြင်း ထိခိုက်သံများသည် ဟိန်းထွက်လျက်ရှိနေသည်။

မကြာမီ အဖြူနှင့်အမည်းရိပ်များသည် လေထဲမှတစ်ဆင့် အောက်သို့ဆင်းလာကြကာ ရေထဲတွင်ပင် လှည့်ပတ်တိုက်ခိုက်လျက် ရှိနေပြန်သည်။

ချန်ပေါလုံနှင့် ချန်မေါ်ရှင်တို့သည် သူတို့၏ဓားများကိုအတွင်းအားနှင့် စိတ်အားကိုပေါင်းပြီး ကန်ရေပြင်ကို ဒေါ့ယမ်းတောရိုက်ထုတ်လိုက်လေသည်။

'ဝုန်း ဝုန် ဝုန်း'

ထန်ရေပြင်သည်လှိုင်းကြီးများထကြွလာလျက် မိုးထိအောင် မိုးကြိုးနဂါး သိုင်းသမားကြီးများမှာ ရေဝဲဂယက် အတွင်း ရှုတ်တရက် မဟန်နိုင်ဘဲ မျောပါသွားကြလေသည်။

'အား'





'ဝုန်း....'

'ဝုန်း....'

မိုးထိအောင် မိုးကြိုးနဂါးသိုင်းသမားကြီးက ရေထဲမှပင်ခုန်လွှားၡ တက်လိုက်ရာ ကမ်းခြေသို့ ရောက်သွားလေသည်။

ချန်ပေါလုံနှင့် ချန်ပေါ်ရင်တို့သည်....

'မိုးကြိုးနဂါး သိုင်းသမားကြီးခင်ဗျာ၊ အရှုံးပေးပြီလား'

'အရှုံးပေးပါတယ်၊ ကမ်းပေါ်ကို ခြေနင်းမိတဲ့ လူဟာ အရှုံးလို့ သတ်မှတ်ထားတဲ့အတွက် ကျုပ်တို့ ရှုံးသွားပါပြီ၊ ကျုပ်တို့ကို သိုင်းပညာရှင်ကြီးများက ခွင့်လွှတ်ပါဦး'

ထိုစဉ် အဖြူရောင်အရိပ်များသည် တိုးကျလာကာ မိုးကြိုးနဂါး သိုင်းသမားကြီးများကို ဝိုင်းပတ်ထားလိုက်လေသည်။

သိုင်းပညာရှင်ကြီးထဲမှ သဘာပတိ သိုင်းပညာရှင်ကြီးသည် ရှေ့ကို တစ်လှမ်းချင်းတိုးလာကာ....

'မိုးကြိုးသိုင်း သိုင်းသမားကြီး၊ ခင်ဗျား ဇီတောင်ပေါ်ကို နောက်ထပ်ငါးနှစ်တိတိ မလာရဘူး၊ တကယ်လို့လာရင် မဟာအသူရာပင်လယ်အောက်က အကျဉ်းထောင်ကြီးထဲမှာ ပိတ်လှောင်ထားရလိမ့်မယ်'

မိုးကြိုးနဂါး သိုင်းသမားကြီးက ခေါင်းညိတ်လိုက်ကာ....

'ကျုပ်တို့ နောက်ထပ် ငါးနှစ်တိတိဒီဘက်ကို ခြေဦးတောင် မလှည့်တော့ဘူး'

ထိုသို့ပြောကာ သိုင်းပညာရှင်ကြီးကို အရိုအသေပြုလိုက်ကြလေသည်။

သဘာပတိသိုင်းပညာရှင်ကြီးက....

'သိုင်းပညာရှင်ကြီးအပေါင်းတို့၊ သူတို့ကိုလမ်းဖွင့်ပေးလိုက်ကြပါ၊ အေးအေးဆေးဆေး ထွက်သွားကြပါစေတော့'

ထိုသို့ပြောလိုက်သဖြင့် အဖြူရောင် သိုင်းပညာရှင်ကြီးများသည် လမ်းဖွင့်ပေးလိုက်ကြလေသည်၊

မိုးကြိုးနဂါးသိုင်းသမားကြီးနှင့် သူ၏အဖော်သည် လေထဲသို့ ထိုးတက်သွားကာ အလျင်အမြန်ပင် ပြေးလွှားသွားကြလေသည်။



အခန်း (၂၀)

သူ၀ါသစ်တောအုပ်ကြီးအတွင်းသစ်လုံးအိမ်ကလေးအတွင်း ...ရောက်နေသော ကျင်ကျင်သည် အိပ်ရာမှ နိုးလာသကဲ့သို့ သူမ၏ ...မျက်လုံးများသည် တဖြည်းဖြည်းပြန်လည် ပွင့်လာလေသည်။

သူမအား အနီးကပ် စောင့်ရှောက် ကြည့်နေသော သိုင်း...သမား အဘိုးအိုသည်....

'သမီးလေး သိုင်းပညာရှင်ကြီးတို့ရဲ့ အစည်းအဝေးကို ...ရောက်ခဲ့တယ် မဟုတ်လား'

ကျင်ကျင်က ခေါင်းညိတ်လျက်....

'ကျွန်မဟာ အိမ်မက်သလိုပါပဲ အဘရယ်၊ ကျွန်မ သိုင်းပညာရှင်ကြီးတွေရဲ့ အစည်းအဝေးကို ရောက်သွားပြီးတော့ သူတို့ရဲ့ အံ့ဩစရာကောင်းတဲ့ ယှဉ်ပြိုင်မှုတွေကို မျက်မြင်တွေ့နေသလို တွေ့ကြုံခံစားနေရပါတယ် အဘ'

'ဟား ဟား ဟား…သမီးလေးရဲ့ မနောဝိညာဉ်ဟာ ဟိမဝန္တာ တောင်တန်းတက်ကို အာရုံပြုတဲ့ အချိန်ကစပြီး ပျံလွင့်သွားခဲ့တယ်၊ ကိုယ်ခန္ဓာနဲ့ မနောဝိညာဉ်တို့ဟာ အဆက်အသွယ်ရှိနေတဲ့အတွက် အသက်ခန္ဓာ မပြတ်တန်း မြဲခဲ့တာပဲ၊ အဲဒီတော့ သမီးလေးလဲ အချိန်နှောင်းသွားပြီ၊ အမြန်ဆုံးပဲ ရွှေပင်လယ် စားသောက်ဆိုင်ကို ပြန်သွားပေတော့'

ကျင်ကျင်သည် အဘိုးအိုအား အရိုအသေပြုလျက် သစ်လုံးအိမ်ကလေးထဲမှ ပြေးထွက်လာခဲ့လေသည်။

သူမသည် အိမာန်လူမျိုး ဟန်ဆောင်ထားသည့် အမျိုးသမီးကလေးတစ်ဦးပင်ဖြစ်သည်။

အဘိုးအိုက အိမာန်အမျိုးသမီးတစ်ဦးကဲ့သို့ ရုပ်ဖျက်စေကာ ရွှေပင်လယ်စားသောက်ဆိုင်သို့ အိမာန်ရွာသူကြီး၏အကူအညီဖြင့် လျှို့ဝှက်သွင်းပေးခဲ့ခြင်းဖြစ်သည်။





မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် မိုးချုပ်ချိန်လောက်တွင် ချင်ဟိုင်းမြို့တော်သို့ ရောက်ရှိလာကြသည်။

ချင်ဟိုင်းမြို့တံခါးမှ အစောင့်တပ်သားများက စောင့်ကြပ်လျက်ရှိရာ စစ်ဆေး၍ လွှတ်လျက် ရှိနေလေသည်။

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် ကုန်သည်များအသွင်ဖြင့် မြို့တော်အတွင်းသို့ ရောက်ရှိခဲ့သည်။

မြို့တော်အတွင်းသို့ သွားသော လမ်းကြီးမှာ အလွန်ပင်ကျယ်ပြန့်လှသည်။

မြို့စောင့်တပ်သားများနှင့် အစောင့်တပ်များကို ဖြတ်ကျော်သွားရသည့် လိမ်နီလမ်းမကြီးမှာ တောင်ကုန်းများကို ဖြတ်သန်းလျက် မြို့တွင်းသို့ ရောက်ရှိလာကြသည်။

မြို့တွင်းတွင် ပြေးဆွဲနေသည့် ရထားများသည် ဥဒဟို သွားလာလျက် ရှိနေလေသည်။

တိုက်အိမ်များနှင့် သစ်သားအိမ်ကြီးများကလည်း တောင်ကုန်း တောင်တန်းများပေါ်တွင် လှပစွာ မြင်နေရပေသည်။

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် မင်းလမ်းမကြီးအတိုင်း မြင်းများကို ဒုန်းစိုင်းလျက် လာခဲ့ရာ မကြာမီ မြို့တွင်းသို့ ရောက်ရှိလာလေသည်။

ထိုနေရာသည် ယန်စီမြစ်ကြီးကို ဖြတ်လျက် ဆောက်ထားသော တံတားတစ်ခုရှိနေကာ ထိုတံတားပေါ်မှနေ၍ တစ်ဘက်ကမ်းသို့ မြင်းများကို နှင်ကာ လာခဲ့ကြရပြန်လေသည်။

မကြာမီ အလွန်ကြီးကျယ်သည့် စားသောက်ဆိုင်ကြီးများရှိသော ဈေးလမ်းမကြီးသို့ ရောက်ရှိလာလေသည်၊

'ရွှေနဂါး စားသောက်ဆိုင်ကြီး'

သူတို့သည် ရွှေနဂါးစားသောက်ကြီးကို တွေ့လိုက်ရသည်နှင့် မြင်းများပေါ်မှ ဆင်းလိုက်ကြကာ ပြေးထွက်၍ လာကြိုသော အလုပ်သမားလေး၏လက်သို့ မြင်းကြိုးများကို အပ်လိုက်လေသည်။

ထို့နောက် သူတို့သည် ဆိုင်ထဲသို့ ဝင်ရောက်လာခဲ့ကြသည်၊

မြှေဟောက်က ဆိုင်ပိုင်ရှင်အား မေးလိုက်သည်။

'ခင်ဗျားတို့ဆိုင်မှာ တည်းခိုခန်းနှစ်ခန်း ရနိုင်မလား'

ဆိုင်ရှင်က....

'ရပါတယ် ရပါတယ်၊ ဟော့ကောင်တွေ.... ဒီဆရာတွေကို တည်းခိုခန်းနှစ်ခန်းဆီ လိုက်ပို့လိုက်ကြစမ်း'





ဆိုင်ရှင်က အလုပ်သမားလေးများကို အမိန့်ပေးလိုက်လေသည်။

သူတို့သုံးယောက်သည် မြှေဟောက်နှင့် မိကျောင်းက တစ်ခန်း၊ ဒေါင်းဝိမ်းက တစ်ခန်း ယူလိုက်ကြပြီး ဝန်ဆောင်အိတ်များကို ထား၍ တံခါးကို ပိတ်ကာ အပြင်သို့ ထွက်လာကြလေသည်။

ထိုစဉ် စားပွဲထိုး အမျိုးသမီးကလေးများက သူတို့ဆီသို့ ဝိုင်းအုံလာကြကာ....

'အစ်ကိုတို့.... ဘာစားကြမလဲ၊ ကျွန်မတို့ကို ပြောနော်၊ ကျွန်မတို့အားလုံး အစ်ကိုတို့အတွက် ဧည့်ခံကျွေးမွေးပါမယ်'

ထိုဆိုင်ကြီးထဲတွင် စားပွဲထိုးအမျိုးသားများနှင့် စားပွဲထိုးအမျိုးသမီးများ အသီးသီး ရှိနေကြသည်။

မြှေဟောက်နှင့် မိကျောင်းတို့မှာ စားပွဲထိုးအမျိုးသမီးများ၏ စကားကြောင့် ပျော်ရွှင်သွားကြသည်။

ထို့နောက် သူတို့သည် သီးသန့် အခန်းတစ်ခန်း အတွင်းရှိ စားပွဲလွတ်တစ်လုံးတွင် ထိုင်လိုက်ကြကာ အရက်နှင့်သားစရာများကို မှာလိုက်သည်။

စားပွဲထိုးအမျိုးသမီးများက အချက်နှင့် စားစရာများကို ယူလာတာ သူတို့သုံးဦးအား အချက်များကို ငှဲထည့်ပေးရုံမက စားစရာများကိုလည်း တူများဖြင့် ခွံ့၍ကျွေးနေကြသည်။

'ဟား ဟား ဟား'

မြှေဟောက်နှင့် မိကျောင်းတို့မှာ အလွန်သဘောတွေ့မနေရာ ခွေ့ကာ ရှိနေသော်လည်း ဒေါင်းစိမ်းမှာ ဘဝင်မကျတဲ ဖြစ်နေသည်။

စားပွဲထိုးမိန်းကလေးများမှာ မိန်းမချောလေးများပင် ဖြစ်သည်။

'အစ်ကိုတို့ စားကြနော်၊ ဘာလိုသေးလဲ'

သွက်သွက်လက်လက် မိန်းမချောလေးတစ်ဦးက ပြောလိုက်သည်။

မြွေဟောက်က အစားအသောက်များကို ကြည့်ကာ....

'မင်းတို့ဆိုင်က အစားအသောက်လဲ တော်တော် စုံတာပဲ၊ ဒါပေမယ့် တစ်ခုတော့ လိုတယ်'

'ဘာလိုတာလဲ အစ်ကို'





'ငါတို့ လမ်းမှာစားခဲ့တဲ့ ခရုပေါင်းဟင်းလို ဟင်းတစ်ပွဲ လိုတယ်၊ ရနိုင်မလား'

'ရပါတယ် အစ်ကို၊ ရပါတယ်၊ အစ်ကိုတို့ မစားမှာစိုးလို့ ချန်ထားခဲ့တာပါ'

ထို့နောက် စားပွဲထိုး မိန်းမချောလေးတစ်ဦးက ပြေးထွက်သွားလေသည်။

ထိုစဉ် အသံတစ်သံ ပေါ်ထွက်လာသည်။

'ဟော့....သမီးလေးတို့ ဘယ်အခန်းထဲ ရောက်နေသလဲ၊ ဒီမှာ ဧည့်သည်တွေကျလာလို့ လာပြီး ဧည့်ခံကြပါဦး'

မြွေဟောက်က စားပွဲထိုး မိန်းမချောလေး၏ခါးကို သိမ်းဖက်ထားရာက မိန်းမချောကလေးက....

'ဟော....မမကြီး ခေါ်နေတယ်၊ ညီမတို့ သွားလိုက်ဦးမယ်နော်၊ ပြီးမှ ပြန်လာမယ်၊ ဟီဟိ'

စားပွဲထိုး မိန်းမချောကလေးနှစ်ဦး ထွက်သွားပြီးနောက် ခရုပေါင်းဟင်းကို တင်လိုက်ကာ....

'အစ်ကို၊ ညီမတို့ကိုလဲ ဆုပေးရမယ်နော်'

'ဟား ဟား ဟား၊ ပေးမှာပေါ့ကွာ'

မြွေဟောက်က ပြောလိုက်လေသည်။

ထို့နောက် မြွေဟောက်က သူ၏ အိတ်ထဲမှ ငွေတုံးကလေး နှစ်တုံးကို နှိုက်၍ စားပွဲထိုး မိန်းမချောကလေး၏ လက်ထဲသို့ ထည့်ပေးလိုက်လေသည်။

စားပွဲထိုး မိန်းမချောကလေးမှာ ကျေနပ်စွာဖြင့် ပြန်လည် ထွက်သွားလေတော့သည်။

ဆိုင်အလုပ်သမားများကလည်း ဆိုင်သိမ်းရန်အတွက် ပြင်ဆင်လျက် ရှိနေကြလေတော့သည်။

မြွေဟောက်နှင့် မိကျောင်း၊ ဒေါင်းစိမ်းတို့သည် စားစရာများကို လက်စသတ် စားသောက်လိုက်ကာ သူတို့၏ တည်းခိုခန်းများဆီသို့ ထွက်လာလေသည်။

ထိုစဉ် အခန်းတစ်ခန်းထဲမှ ရယ်သံမောသံများက ဆူညံလျက် ရှိနေလေသည်။

ထိုအခန်းထဲတွင် မြွေဟောက်တို့အား ညှော်ခံခဲ့သော မိန်းမချောလေး သုံးယောက်တို့သည် သူတို့ကဲ့သို့ပင် ဆိုင်းသမား သုံးဦးအား ညှော်ခံလျက် ရှိနေသည်ကို တွေ့ရသည်။

မြွေဟောက်မှာ ရုတ်တရက် ဒေါသထွက်သွားပြီး....





'ကြည့်စမ်း....သူတို့ကို ညှော်ခံကြ ဆုများများပေးနိုင်တဲ့ လူတွေဆီကို သူတို့က သွားပြီး ပြုစုနေတာကိုး'

ဒေါင်းစိမ်းက....

'အစ်ကိုကြီးမသွားနဲ့၊ သက်သက် ကျွန်တော်တို့ ရန်ဖြစ်နေကြဦးမယ်'

မိကျောင်းက....

'ဟုတ်တယ် အစ်ကိုကြီး၊ ဒီဟာမျိုးတွေက အင်မတန် မျက်နှာလိုက်ကြတယ်၊ အရေးမစိုက်ပါနဲ့ အစ်ကိုကြီးရာ၊ သွားကြမယ်'

တိုသို့ပြောကာ မိကျောင်းက မြွေဟောက်ကို ဆွဲခေါ်သွားလေတော့သည်။

■ ■ ■

ဒုတိယနေ့နံနက်စောစောတွင် မြင်းသုံးစီးနှင့် လူသုံးယောက်တို့သည် ဟေမုန်ပင်လယ်ဆီသို့ ဒုန်းစိုင်းလျက်ရှိနေကြလေတော့သည်။

ဟောမုန်ပင်လယ်သည် ချင်ဟိုင်းမြို့တော်နှင့်မိုင်တစ်ရာလောက်ကွာသော နဂါးတောင်တန်းများအောက်တွင် တည်ရှိနေလေသည်။

ထိုအချိန်မှာပင်....

အစိမ်းရောင်ဝတ်ထားသော မြင်းသုံးစီးနှင့် လူသုံးယောက်တို့ကလည်း သူတို့နှင့်မလှမ်းမကမ်းမှ လိုက်ပါလျက်ရှိနေလေသည်။

နေ့လယ်ချိန်ရောက်တွင် နဂါးတောင်တန်း၏ တောင်ခြေဆီသို့ ရောက်လာလေသည်။

တောင်ခြေတွင် ဆိုင်းသမားများ ခေတ္တခဏတည်းခိုနိုင်သည့် ရွာကြီးတစ်ရွာရှိနေလေသည်။

မြှေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် ရွာကြီး၏ အလယ်တွင်ရှိသော စားသောက်ဆိုင်တစ်ခုသို့ ဝင်ရောက်လိုက်ကာ နံနက်စာကို စားသောက်လိုက်ကြသည်။

ထိုအချိန်တွင်....

အစိမ်းရောင်ဝတ်ဆိုင်းသမားသုံးဦးကလည်း ဆိုင်အတွင်းသို့ ဝင်ရောက်လာကြပြန်သည်။

မပြီးသေး



သူတို့လည်း အရက်နှင့်စားစရာများကို မှာယူစားသောက်နေကြပြန်လေသည်။

အစိမ်းရောင်ဝတ်ဆိုင်းသမားတစ်ဦးက စားသောက်ရင်း....

'နောက်သုံးရက်ကြာရင် ဟောမုန်ပင်လယ်မှာ ပွဲတော်ကြီးတစ်ခုရှိနေတယ်၊ ပျော်စရာကောင်းကယ်၊ ပင်လယ်ထဲက ကျွန်းကြီး တစ်ကျွန်းမှာ ပြုလုပ်မယ့်ပွဲကွ'

ထိုစကားကြောင့် မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့မှာ ပွဲတော်သို့သွားရန်အတွက် စိတ်ဝင်စားသွားကြလေသည်။

ထို့နောက် အလျင်အမြန်စားသောက်ကြပြီး နဂါးတောင်တန်းပေါ်သို့ မြင်းများကိုစီးကာ တက်ရောက်လာကြလေတော့သည်။

သူတို့သုံးဦးသည် လမ်းတစ်ဝက်ရှိ သစ်တောအုပ်တစ်အုပ်ကို ကျော်ဖြတ်လိုက်သည်နှင့် ရန်သူတစ်စုကို တွေ့လိုက်ရလေတော့သည်။

သူတို့အားလုံးအည် အနက်ရောင်အဝတ်များဝတ်ထားကာ ဓားကောက်ကြီးများကို ကိုင်ဆွဲထားလျက်ရှိနေလေသည်။

မပြီးသေး

အနက်ရောင်သိုင်းသမား လူဆိုးများထဲမှ လူထွားကြီးတစ်ဦးသည် ရှေ့သို့ထွက်လာကာ....

'ဟော့....မင်းတို့ပါတဲ့ပစ္စည်းတွေ ထားခဲ့ကြစမ်း'

မြွေဟောက်က....

'မင်းတို့က ဘယ်သူတွေလဲ'

'တို့က တောင်ပေါ်ကျားကြီးဂိုဏ်းသားတွေကွ၊ တို့ကို ဆက်ကြေး မပေးလို့တော့ မင်းတို့ ဆက်သွားခွင့်မပြုနိုင်ဘူး'

မြွေဟောက်က....

'မပေးဘူးဆိုရင်ကော'

'မပေးဘူးဆိုရင် မင်းတို့ကိုသတ်ပစ်ရမယ်၊ ကဲ....သေကြပေတော့'

တောင်ပေါ်ကျားကြီး၊ဂိုဏ်းသားများသည် သူတို့သုံးဦးကို လွှား၍တိုက်ခိုက်ကြလေသည်။

'ချွမ်း'

'ချွမ်း'





'ထန်း'

'ထန်း'

တောင်ပေါ်ကျားကြီး လူဆိုးများသည် သိုင်းပညာအဆင့်မနိမ့်သူများဖြစ်၍ မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့ကို သိုင်းကွက်ပေါင်းနှစ်ဆယ်အထိ တိုက်ခိုက်လျက်ရှိနေကြလေသည်။

ထိုအချိန်မှာပင်....

အစိမ်းရောင်သိုင်းသမားသုံးဦးတို့သည် လေထဲမှာပင်လွှား၍ ဝင်ရောက်လာကာ တောင်ပေါ်ကျားကြီးလူဆိုးများကို ဝင်ရောက် တိုက်ခိုက်ကြလေတော့သည်။

'ချွမ်း ချွမ်း ချွမ်း'

'အား'

'အိုး'

'စုန်း'

တောင်ပေါ်ကျားကြီး ဂိုဏ်းသားများမှာ တစ်ယောက်ပြီး တစ်ယောက် လဲကျသွားကြလေတော့သည်။

ထို့နောက်....

သူတို့သည် တောထဲကို ဝင်ရောက်ထွက်ပြေးသွားကြလေတော့သည်။

အစိမ်းရောင်သိုင်းသမားများကို မြွေဟောက်တို့က ကျေးဇူး တင် စကား ပြောလိုက်ကြလေသည်။

'အခုလိုကူညီတာ ကျေးဇူးတင်ပါတယ်၊ ခင်ဗျားတို့က ဘယ်ဂိုဏ်းကပါလဲ'

'ကျွန်တော်တို့က ချင်ဟိုင်းမြည်နယ်က ကြယ်သုံးလုံး သိုင်းသမားတွေပါ။ ကျုပ်တို့အဖွဲ့က မတရားတာမှန်ရင် ဘယ်တော့မှ မလုပ်ဘူး'

ကြယ်သုံးလုံးဂိုဏ်းသားတစ်ဦးက ပြောလိုက်လေသည်။

မြွေဟောက်က....

'ခင်ဗျားတို့ကရော ဟေမုန်ပင်လယ်ကို ဘာကိစ္စသွားမှာလဲ'

'ကျုပ်တို့က ရတနာသိုက်တစ်ခုကိုရှာဖွေရင်းနဲ့ အမိမန် လူမျိုးတွေရဲ့ ပွဲတော်ကိုသွားမလို့ပါ'

'ဒီလိုဆိုရင် အတူတူသွားကြတာပေါ့ဗျာ'





မြွေဟောက်က ပြောလိုက်လေသည်။

ထို့နောက်....

သူတို့နှစ်ဖွဲ့သည် အလျင်အမြန်ပင် ထွက်ခွာလာကြလေသည်။

## အခန်း (၂၁)

လေသည် တဟူးဟူးတိုးဝှေ့တိုက်ခတ်လျက်ရှိနေလေသည်။ သစ်ရွက်နှင့်ဖုန်မှုန့်များက လွင့်ပါလျက်ရှိနေလေသည်။
ထိုအချိန်တွင်....

သိုင်းသမားတစ်စုသည် တောင်တန်းတောင်ခြေလမ်းအတိုင်း ဒုန်းစိုင်းလျက်ရှိနေကြလေသည်။

မကြာမီ သူတို့သည် တောင်ကြားလမ်းဝသို့ ရောက်လာလေသည်။

ထိုတောင်ကြားလမ်းဝတွင် သစ်ပင်များပေါ်မှ အရာဝတ္ထုများ တွဲလောင်းချိတ်ကာ လှုပ်ရှားလျက်ရှိနေသည်။





တွဲလောင်းချိတ်ကာရှိနေသော အရာဝတ္ထုများမှာ လေထဲတွင် တရမ်းရမ်း လှုပ်ယမ်းနေသည့် လူသေကောင်ကြီးများပင်ဖြစ်သည်။

'အား'

မြင်းစီးလာသော သိုင်းသမားတစ်စုထဲမှ အမျိုးသမီးတစ်စုသည် ထိတ်လန့်စွာဖြင့် အော်လိုက်လေသည်။

သူတို့အားလုံးသည် ပန်းကမ္ဘာသိုင်းဂိုဏ်းမှ ဂိုဏ်းချုပ်ကြီး၏ သမီး ဖေ့ချင်ဒေါင်းဆောင်သော သိုင်းအမျိုးသမီးနှစ်ဆယ်တို့ပင် ဖြစ်သည်။

ဖေ့ချင်သည် လှုပ်ရှားနေသော သစ်ပင်ထက်မှ ကြိုးတွဲလောင်းနှင့် လူသေကောင်ကြီးများကိုကြည့်ကာ ထွီခနဲ တံတွေး ထွေးရင်း လေထဲသို့ခုန်ပျံတက်သွားလေသည်။

'ရှမ်း ရှမ်း ရှမ်း'

သူမသည် လူသေကောင်ကြီးများ၏လည်ပင်တွင် ချည်ထားသည့် ကြိုးများကို လျှပ်တစ်ပြက် ဖြတ်ချလိုက်သည်။

ရုတ်တရက် သစ်ပင်တွင် ကြိုးတွဲလောင်းနှင့် လူသေကောင်ကြီးများသည် ဝုန်းခနဲ လှုပ်ရှားသွားကာ အခြားသစ်ပင်များဆီသို့ ကူးပြောင်းသွားပြန်လေသည်။

'ဟီး… ဟီး….ဟီး'

'ဟား….ဟား….ဟား'

လူသေကောင်ကြီးများသည် ကြောက်မက်ဖွယ်ရာ မျက်လုံးကြီးများပြူးလျက် ရယ်မောလိုက်ပြန်လေသည်။

'ဟာ လူသေကောင်တွေကသဲ ရယ်မောပြီး တစ်ပင်နဲ့ တစ်ပင် ကူးသွားပါလား'

ပန်းကမ္ဘာအမျိုးများက တအံ့တသြဖြင့် ပြောလိုက်ကြသည်။

မေ့ချင်က….

'မင်းတို့ ဘာမှကြောက်စရာမလိုဘူး၊ ဒါဟာ တို့ကို သဏ္ဍာန်လုပ် သရုပ်တူအောင် ခြိမ်းခြောက်နေတဲ့ တောင်ကြားစောင့် သိုင်းသမားဂိုဏ်းသားတွေဖြစ်ရမယ်'

ထိုအချိန်မှာပင် သူတို့သည် ရှေ့သို့တဖြည်းဖြည်း တိုးလာကြစဉ် ရုတ်တရက် သစ်ပင်ပေါ်မှ ကြိုးတွဲလောင်း နှင့် လူသေကောင်များသည် မြေပေါ်သို့ တဖြည်းဖြည်းခုန်ချလာကြလေတော့သည်။





'ယား….'

လူသေကောင်ကြီးများသည် ရှေ့အောင်ဟစ်ကာ ပန်းကမ္ဘာဂိုဏ်းမှ သိုင်းသမားများကို တစ်ပြိုင်တည်း တိုက်ခိုက်ကြလေသည်။

'ချွမ်း ချွမ်း ချွမ်း'

'ထန်း ထန်း ထန်း'

'အား'

'အိုး'

လူသေကောင်ကြီးများဟန်ဆောင်ထားသည့် တောင်ကြားလူဆိုးအစောင့်များမှာ မေ့ချင်တို့လက်ချက်ကြောင့် မြေပေါ်သို့ တစ်ဦးပြီးတစ်ဦး လဲကျသွားလေတော့သည်။

ထိုအချိန်တွင် အသံကြီးတစ်သံကို ကြားလိုက်ရလေသည်။

'ဝေါ ဝေါ'

ထိုအသံမှာ လေနီလုံးကြီး တစ်လုံးဖြစ်ကာ ဖုန်မှုန့်နှင့် ကျောက်ခဲများသည် ပလူပျံလျက်ရှိနေလေသည်။

ပန်းကမ္ဘာဂိုဏ်းမှ သိုင်းအမျိုးသမီးများသည် ရုတ်တရက် နှစ်ခြမ်းခွဲကာ ဘေးသို့ ဆုပ်ပေးလိုက်သည်။

ဤတွင် အနက်ရောင်ဘောလုံးကြီးတစ်လုံး ကဲ့သို့ လိမ့်လာသည်ကို တွေ့လိုက်ရလေသည်။

ဘောလုံးကြီး မဟုတ်ပါ။

တစ်ကိုယ်လုံး မည်းမှောင်နေသော လူဝကြီးတစ်ဦး ဖြစ်သည်။

သူသည် ဘောလုံးကြီး တစ်လုံးကဲ့သို့ မြေပြင်တွင် လိမ့်၍ ပြေးလာခြင်းဖြစ်သည်။

ပန်းကမ္ဘာသိုင်း အမျိုးသမီးများ အနီးသို့ရောက်သည်နှင့် ဝုန်းခနဲ ခုန်ထလိုက်လေသည်။

သူသည် ပုက္ကကွနှင့် လူမည်းကြီးတစ်ဦးဖြစ်သည်။

'ဟား ဟား ဟား.... နင်တို့ ဘယ်လေနဲ့ လွင့်လာတဲ့ ကောင်မတွေလဲ'

ဖေ့ချင်က....





'မင်းက ဘယ်သူလဲ'

'ငါက ဒီတောင်ကြားလမ်းရဲ့ အစောင့်ခေါင်းဆောင် လူမည်းကြီးပဲ၊ နင်တို့က ဘယ်သွားမှာလဲ'

'ငါတို့က ဘွားဘွား အဆိပ်မယ်တော်ဆီကိုသွားဖို့ လာခဲ့တာ'

'မင်းတို့ ဒီလိုသွားလို့ ဘယ်ရမလဲ၊ မင်းတို့အထဲက ချစ်စရာကောင်းတဲ့ မိန်းကလေးတစ်ဦးကို ငါ့ဆီမှာ ထားခဲ့ရမယ်၊ ဒါမှ သွားခွင့်ပြုမယ်'

'အောင်မာ ရှင်လို သတ္တဝါကြီးကများ ကျုပ်တို့ပန်းကမ္ဘာ ဂိုဏ်းက မိန်းမချောလေးတွေကို ဒီလိုလုပ်လို့ ဘယ်ရမလဲ'

'ဟား ဟား ဟား....၊ ငါကရော မချောလို့လား'

'ရှင်က ချောပါတယ်၊ ဘောလုံးကြီးကျနေတာပဲ'

'အေး....ငါနဲ့ သိုင်းပညာပြိုင်ပြီးမှ ငါ့ဆီက သွားခွင့်ရမယ်၊ ကဲ ဘယ်သူပြိုင်မလဲ၊ လာခဲ့ကြစမ်း'

ထိုသို့ ပြောလိုက်ကာ တောင်ကြားစောင့်လူမည်းကြီးသည် သူ၏ပါးစပ်ကို ဖော်ကာ လေကို မှုတ်ထုတ်လိုက်လေသည်။

'ဝူး ဟူး ဟူး'

လူမည်းကြီး၏ပါးစပ်မှ ထွက်လာသောလေများမှာ အလွန်ပင် နံစော်လှပေသည်။

ဖေချင်သည် လေထဲမှာပင်လွှား၍ တောင်ကြားစောင့် လူမည်းကြီးကို သူမ၏ဓားဖြင့် ထိုးခုတ်ချလိုက်လေသည်။

'ဒုတ် ဒုတ် ဒုတ်'

တောင်ကြားစောင့်လူမည်းကြီးမှာ ဖေချင်ခုတ်လိုက်သော ဓားကို လုံးဝအရေးမစိုက်သကဲ့သို့ ရှောင်တိမ်းကာ သူ၏ကျောကုန်းဖြင့် ခံပေးလိုက်လေသည်။

ဖေချင်မှာ လူမည်းကြီးကို ဓားဖြင့်ခုတ်လိုက်ရသော်လည်း ခဲလေးအလုံးကို ခုတ်လိုက်ရသကဲ့သို့ သူမ၏ဓားမှာ ရှေ့သို့ ကန်ထွက်သွားလေတော့သည်။

တောင်ကြားစောင့်လူမည်းကြီးနှင့်ဖေချင်တို့သည် အပြန်အလှန် တိုက်ခိုက်လျက် ရှိနေလေသည်။

ထို့နောက် ဖေချင်သည် တစ်စုံတစ်ရာကို နှိုက်ယူလိုက်လေသည်။





သူမသည် နဂါးအပ်များဖြင့် လူမည်းကြီးထံသို့ အလျင်အမြန် ပစ်လွှတ်လိုက်လေသည်။

'ဝှစ် ဝှစ် ဝှစ်....'

'ဝှစ် ဝှစ် ဝှစ်....'

နဂါးအပ်များသည် လူမည်းကြီးထံသို့ ပြေးဝင်သွားလေတော့သည်။

လူမည်းကြီးမှာ လေထဲသို့ လွှားတက်လိုက်ရင်း မြေပေါ်သို့ ပြန်ကျကာ သူ့ကိုယ်သူ ဘောလုံးတစ်လုံးကဲ့သို့ ခွေခေါက်ပစ်လိုက်ပြီး တောထဲသို့ လိမ့်ထွက်သွားလေတော့သည်။

ပန်းကမ္ဘာသိုင်းအမျိုးသမီးများသည် ဝမ်းသာအားရဖြင့် အော်ဟစ်လိုက်ကြကာ မြင်းများကို ဒုန်းစိုင်း၍ နှင်လာခဲ့ကြသည်။

မကြာမီ ဒုတိယတောင်ကြားတစ်ခုသို့ ရောက်လာပြန်လေသည်။

ထိုတောင်ကြားထဲတွင် အဖြူရောင် အဝတ်ကိုဝတ်ကာ ဝါးခမောက်များကို ဆောင်းထားသော ဖြူဆွတ်သော လူဖြူကြီးကိုးဦးကို တွေ့လိုက်ရလေသည်။

လူဖြူကိုးဦးတို့သည် ဖေ့ချင် ခေါင်းဆောင်သော ပန်းကမ္ဘာသိုင်းအမျိုးသမီးများကို တွေ့လိုက်ရသည်နှင့်....

'ဟေ့ အာ...ကောင်မလေးတွေပါလား၊ မြန်မြန်ဖမ်းပြီး စားပစ်လိုက်ကြအောင်ဟေ့'

'ဘုန်း ဘုန်း ဘုန်း'

လူဖြူကိုးဦးတို့သည် သူတို့၏ရင်ဘတ်များကို ရိုက်ခတ်လိုက်ကြလေသည်။

'ဟား ဟား ဟား....၊ ဟေ့ကောင်မလေးတွေ နင်တို့က ဘယ်ကလဲ'

ခေါင်းဆောင်ဖြစ်သော လူဖြူတစ်ဦးက မေးလိုက်လေသည်။

ဖေ့ချင်က....

'ကျွန်မတို့က စိုင်ဖုန်းမြို့ကပါ၊ အဆိပ်မယ်တော် ဘွားဘွားကို အရေးတကြီးကိစ္စနဲ့ တွေ့ရအောင် လာခဲ့ကြတာပါ'

'ဟား ဟား ဟား....၊ ဒီလိုလွယ်လွယ်နဲ့ တွေ့ဖို့ဆိုတာ ဘယ်ဖြစ်မလဲ၊ ငါတို့ကို တိုက်ခိုက်ပြီးမှ သွားလို့ရမယ်'





ထိုနောက် လူဖြူခေါင်းဆောင်သည် သူ၏လူများဘက်သို့ လှည့်၍....

'ငါ့လူတို့ရေ စားရကံကြုံတော့ မုတ်ဆိတ်ပျားစွဲသလို ဒီကောင်မလေးတွေကို ကျွတ်ကျွတ် ဝါးစားလိုက်ရအောင်ဟေ့'

'ဝုန်း ဝုန်း'

လူဖြူများသည် ဖေ့ချင်တို့ဆီသို့ လွှား၍တိုက်ခိုက်လာနေကြတော့သည်။

'ချွမ်း ချွမ်း ချွမ်း'

'ထန်း ထန်း ထန်း'

လူဖြူကြီးများသည် မိန်းကလေးများကို သံကြိုးကြီးများဖြင့် လှည့်ပတ်ဝှေ့ယမ်းတိုက်ခိုက်လျက်ရှိနေကြလေသည်။

'ဝှီး ဝှီ ဝှီး'

'ဖြောင်း ဖြောင်း ဖြောင်း'

သံကြိုးကြီးများသည် တဝှီးဝှီး လည်ပတ်ကာ တဖြောင်းဖြောင်းဖြင့် ကျရောက်လာလေတော့သည်။

ပန်းကမ္ဘာသိုင်းအမျိုးသမီးများသည် လေထဲမှာပင် လွှားကာ သူတို့၏ဓားဖြင့် တစ်ပြိုင်တည်း တိုက်ခိုက်လျက်ရှိနေကြပေသည်။

'ဝှစ် ဝှစ် ဝှစ်...'

ဖေ့ချင်သည် နဂါးမုတ်ဆိတ်အပ်ခေါ် လက်နက်ပုန်းများကို ပစ်လွှတ်လိုက်ပြန်လေသည်။

နဂါးမုတ်ဆိတ်အပ်များသည် လူဖြူများထံသို့ ပြေးဝင်သွားကာ ထိုးဖောက်ဝင်ရောက်သွားလေတော့သည်။

'အား'

'အို'

လူဖြူကြီးများသည် အော်ဟစ်ကာ လဲကျသွားပြန်လေသည်။

ဖေ့ချင်နှင့် ပန်းကမ္ဘာသိုင်း အမျိုးသမီး နှစ်ဆယ်တို့သည် ဒုတိယလမ်းကြားမှ အမြန်ဆုံး ဒုန်းစိုင်းကာ ထွက်လာခဲ့ကြလေသည်။





မကြာမီ သူတို့သည် တတိယ တောင်ကြားလမ်းတစ်ခုသို့ ရောက်သွားပြန်လေသည်။

တတိယ တောင်ကြားလမ်းထဲသို့ ဝင်ရောက်လာသည်နှင့် အသံကြီးများကို ကြားလိုက်ရလေသည်။

ရုတ်တရက် မီးတောက်ကြီးများသည် တောက်လောင်လာလေတော့သည်။

'ဝီ ဝီ ဝီ....'

အသံကြီးများသည် ပေါ်ထွက်လာသော လူသားစားလိပ်ပြာကြီးများကို ဖေ့ချင်တို့က ဓားများဖြင့် ဝှေ့ယမ်းခုတ်ကာ သတ်ဖြတ်ကြရလေတော့သည်။

'ဟား ဟား ဟား....'

ထိုအချိန်မှာပင် ရယ်မောသံကြီးကို ကြားလိုက်ရလေသည်။

ထိုရယ်မောသံနှင့်အတူ တောင်ပေါ်မှ အရပ်ရှည်ရှည် လူထွားကြီးများသည် ဓားများကိုထမ်း၍ ဘီလူးများသဖွယ် ခုန်ဆင်းလာကြလေသည်။

သူတို့ကို ကြည့်လိုက်ရသည်မှာ ဖေ့ချင်နှင့် သိုင်းအမျိုးသမီးများမှာ အလွန်အံ့အားသင့်သွားရလေသည်။

လူ့ဘီလူးကြီးများသည် မြင်ရသည်မှာ မျက်လုံး လုံးဝ မရှိကြပေ။

နားရွက်များအလည်း ပြတ်လျက်ရှိနေပေသည်။

သို့သော် သူတို့သည် အကြားအာရုံဖြင့် သိနိုင် မြင်နိုင်သော မျက်ကန်းကြီးများ ဖြစ်ကြလေသည်။

'ဟိတ် မင်းတို့ ဘယ်သူတွေလဲ'

'ကျုပ်တို့က ပန်းကမ္ဘာဂိုဏ်းက အမျိုးသမီးသိုင်းသမားတွေပ။ အဆိပ်မယ်တော်ဘွားဘွားနဲ့ တွေ့ဖို့လာခဲ့တာ'

'ဟာ ဟား ဟား....'

မျက်ကန်းကြီးများက ရယ်မောလိုက်ကြလေသည်။

မျက်ကန်းတစ်ဦးက ရှေ့သို့ တက်လာရင်း....

'ဟိတ် ဗီကောင်မလေးတွေကို မြန်မြန်ဖမ်းထားရလိမ့်မယ်၊ တို့မှာ မိန်းမမရှိတာ ကြာပြီကွ'





'ဟား ဟား ဟား....၊ သဘောတူတယ်၊ သဘောတူတယ်'

ထိုနောက် မျက်ကန်းများသည် အော်ဟစ်၍ ပန်းကမ္ဘာ သိုင်းအမျိုးသမီးများကို လွှား၍ တိုက်ခိုက်လိုက်ကြလေသည်။ သူတို့ထဲတွင် ရှည်လျားသော ဓားပြားများကို ကိုင်ဆောင်ထားကြလေသည်။

'ဝိး ဝိး ဝိး....'

'ရွှမ်း ရွှမ်း ရွှမ်း....'

မျက်ကန်းများသည် ဓားများဖြင့် ဝှေ့ယမ်းလိုက်ကာ ပိုက်ကွန်များဖြင့် အုပ်၍အုပ်၍ တိုက်ခိုက်လိုက်ကြသည်၊

ပန်းကမ္ဘာဂိုဏ်းမှ အမျိုးသမီးများကလည်း သူတို့၏ဓားများဖြင့် ပြန်လည်တိုက်ခိုက်လိုက်ကြရင်း လေထဲသို့ လွှား၍ တက်လိုက်ကြသည်။

ဖေ့ချင်သည် သူမ၏ဓားဖြင့် နဂါးအမြီးယမ်း သိုင်းကွက်ကို အသုံးပြုကာ မျက်ကန်းများကို တိုက်ခိုက်လိုက်ကြလေသည်။

တစ်ချိန်တည်းမှာပင် ပန်းကမ္ဘာ သိုင်းအမျိုးသမီးများကလည်း သူတို့၏ဓားများဖြင့် လေထဲသို့ လွှားတက်ကာ နဂါး

တိမ်ဖောက် လကိုရောက် သိုင်းကွက်ဖြင့် တစ်ပျင်တည်း တိုက်ခိုက်လိုက်ကြလေသည်။

'ချွမ်း ချွမ်း'

'ဟန်း ဟန်း....

'အား'

'အိုး...'

မျက်ကန်းကြီးတချို့ အောင်ဟစ်၍ လဲကျသွားကြလေသည်။

ထိုအချိန်မှာပင် မျက်ကန်းများသည် ရုတ်တရက် နောက်သို့ဆုတ်ကာ တောင်စောင်းများတွင် ချည်ထားသည့် ကြိုးများကို ဖြုတ်ချလိုက်လေသည်။

'ဝုန်း ဝုန်း ဝုန်း....'

'ဝုန်း ဝုန်း ဝုန်း'

ကျောက်တောင်ပေါ်မှ ကျောက်တုံး ကျောက်ခဲများသည် တစ်ဝုန်းဝုန်း လိမ့်ဆင်းလာလေတော့သည်။

ဖေချင်နှင့်သိုင်းအမျိုးသမီးများသည် နောက်သို့ အနည်းငယ်ဆုတ်ကာ ရှောင်လိုက်ကြရသည်။





ကျောက်တုံးများ ဝဲသွားသည်နှင့် မျက်ကန်းများသည် အော်ဟစ်၍ ပြေးလွှားလာကြပြန်လေသည်။

'ဝှစ် ဝှစ် ဝှစ်....'

ဖေချင်သည် လက်နက်ပုန်းဖြစ်သော နဂါးမုတ်ဆိပ်အပ်များကို တစ်ပြိုင်တည်း ပစ်လွှတ်လိုက်လေသည်။

'အား'

'အိုး'

မျက်ကန်းများသည် နဂါးမုတ်ဆိပ်အပ်များထိ၍ အတုံးအရုံး လဲကျသွားပြန်လေတော့သည်။

ထိုနောက် သူတို့သည် တောင်ပေါ်သို့ ပြေးထွက်သွားကြပြန်လေတော့သည်။

ထိုစဉ် ဖေချင်နှင့်သိုင်းအမျိုးသမီးတို့သည် မြင်းများကို ဒုန်းစိုင်းကာ ထွက်ခဲ့ကြလေတော့သည်။

ထိုအချိန်မှာပင် နောက်ဆုံး တောင်ပေါ်သို့ တက်သည့် လမ်းထိပ်သို့ ရောက်လာလေတော့သည်။

'ရှူး ရှူး ရှူး....'

အသံကြီးများကို ကြားလိုက်ရကာ မြွေဖြူကြီးများနှင့် အတူ အမျိုးသမီးတို့သည် တောထဲမှ ပေါ်ထွက်လာကြလေတော့သည်။

'မင်းတို့ တောင်ကြားသုံးခုကို ကျော်လွှားလာနိုင်တယ်ဆိုတော့ မင်းတို့ရဲ့သတ္တိကို ချီးကျူးရမှာပဲ၊ မင်းတို့ ဘာကိစ္စနဲ့ လာတာလဲ'

ဖေ့ချင်က....

'အဆိပ်မယ်တော်ဘွား ဘွားဝတ်ရုံနီသခင်မကြီးနဲ့တွေ့ချင်လို့ လာတာပါ'

'မင်းတို့က ဘယ်ဂိုဏ်းကလဲ'

'ပန်းကမ္ဘာဂိုဏ်း'

'ကောင်းပြီ၊ ငါတို့ ချက်ချင်း ပြန်အကြောင်းကြားလိုက်မယ်....အဲဒီမှာ စောင့်ကြဦး'

မြွေကြီးများနှင့်အတူလာသော အမျိုးသမီး သုံးဦးတို့သည် လေလဲသို့ အလျင်အမြန် ပြန်လည်ဝင်ရောက်သွားကြလေတော့သည်။

'ချွန်း....ချွန်း'





အချက်ပေး ကြေးလင်ပန်းတီးသံ ပေါ်ထွက်လာသည်။

ကွမ်းတစ်ရာညက်ခန့်ကြာသောအချိန်တွင်တောင်ထိပ်ပေါ်မှ အဖြူရောင် အရိပ်တစ်ရိပ် လွှားဆင်းလာသည်ကို တွေ့လိုက်ကြရလေသည်။

အနီးရောက်သည်နှင့် အဖြူရောင်ဝတ်အမျိုးသမီးမှာ အဘွားအိုတစ်ဦး ဖြစ်နေသည်သို့ တွေ့လိုက်ရသည်။

'မင်းတို့...ငါနဲ့ အမြန်ဆုံး လိုက်ခဲ့ပါ'

အဘွားအိုက ထိုသို့ပြောကာ သူတို့ရှေ့မှ ထွက်သွားလေတော့သည်။

ပန်းကမ္ဘာ အမျိုးသမီးတို့သည် အဘွားအိုနောက်မှ မြင်းစီး၍ အလျင်အမြန်လိုက်ခဲ့ကြသည်။

လမ်းများမှာ ကွေ့ကာကောက်ကာဖြင့် မကြာမီ တောင်ပေါ်သို့ ရောက်ခဲ့ကြသည်။

တောင်ပေါ်ရောက်သည်နှင့် တဝေါဝေါ စီးဆင်းနေသော ရေတံခွန်ကြီးကို တွေ့လိုက်ရကာ ချောင်း တစ်ချောင်းသည် တောင်ပေါ်မှဖြတ်၍ စီးသွားသည်ကို တွေ့လိုက်ရလေသည်။

ထိုတောင်ပေါ်မှာပင် မြင့်မားသော အုတ်တံတိုင်းနှင့် အဆောက်အအုံကြီးတစ်ခုကို တွေ့လိုက်ရသည်။

ဝင်းတံတိုင်းကြီးရှေ့တွင် အစောင့်သိုင်းသမားများကိုတွေ့ တော့ရိက်ကြရသည်။

'မောင်ဖေချင်တို့လည်း အဘွားအိုး၏နောက်မှ မြင်းများကိုဆွဲ ဆော့ ဥ ါလာကြသည်။

လာတာ ဂျိန်း....'

သံတံခါးကြီးသည် ပွင့်ထွက်သွားတာ အဘွားအိုက ရှေ့ ဆောင်၍ သူတို့ကို အဆောက်အဦကြီးအတွင်းသို့ ခေါ်ဆောင် သွားလေသည်။

ဝင်းကြီး၏ ရှေ့တွင် အမျိုးသမီး သိုင်းသမားများနှင့် အစောင့် သိုင်းသမားများကို တွေ့လိုက်ရသည်။

အဆောက်အဦကြီး၏ ညွှန်ခန်းမထဲသို့ ဝင်ရောက်လိုက်ကြ သည်နှင့် နဂါးရုပ်ကြီးများ ထိုးထားသည့် နံရံများကို တွေ့ရ ကာ နဂါးလွှင်ပေါ်တွင် ဝတ်ရုံနီအဆိပ်မယ်တော် ဘွားဘွား ကို ယပ်တစ်ချောင်းကိုင်ကာ တွေ့လိုက်ရသည်။

ဖေချင်နှင့် သိုင်းအမျိုးသမီးတို့သည် ဝတ်ရုံနီသခင်မအဆိပ် မယ်တော် ဘွားဘွားအား ဒူးထောက်၍ အရိုအသေ ပေးလိုက် ကြသည်။

ဖေချင်က...





'အဆိပ်မယ်တော်ဘွားဘွားကြီးရှင့်၊ ကျွန်မတို့ဟာခိုင်ဖုန်းမြို့ ပန်းကမ္ဘာဂိုဏ်းကသိုင်းအမျိုးသမီးများ ဖြစ်ကြပါတယ်။ ကျွန်မ တို့ရဲ့ ဖေဖေ ပန်းကမ္ဘာဂိုဏ်းချုပ်ကြီးဟာ ရန်သူရဲ့ အဆိပ်လက် နက် မိထားတဲ့အတွက် နောက်တစ်လကြာရင် သေသွားမှာဖြစ် ပါတယ်။ ဒါကြောင့် ကျွန်မရဲ့ဖေဖေက ဂိုဏ်းတူ ဘွားဘွား ထံကို အမြန်ဆုံးသွားရောက်ပြီး အဆိပ်ဖြေဆေးတောင်းဖို့ လွှတ် လိုက်ခြင်းဖြစ်ပါတယ်'

အဆိပ်မယ်တော်ဘွားဘွားက ခေါင်းညိတ်လျက်....

'သမီးလေးတို့ ထိုင်ကြပါ၊ ထိုင်ခုံပေါ်မှာ ထိုင်ကြ၊ အေး အေးဆေးဆေး ပြောကြတာပေါ့၊ ပန်းကမ္ဘာဂိုဏ်းချုပ်ကြီးကို ဘယ်ရန်သူက လုပ်ကြံသွားတာလဲ'

'ကျွန်မဖေဖေ ပြောတာကတော့ မဟာတန္တရထဲက အလွန် ပြင်းထန်လှတဲ့ အဆိပ်တစ်မျိုးလို့ ပြောပါတယ်'

ဖေချင်ကပြန်ဖြေလိုက်သည်။

'မဟာကန္တာရ အဆိပ် လက်နက် ဆိုရင် အသက် ရှင်ဖို့က မလွယ်ဘူး'

ဖေချင်က....

‘ဖေဖေဟာ အဆိပ်ဝေဒနာကို ပြင်းထန်စွာ ခံစားနေရ
တယ် ဘွားဘွား’

‘ကောင်းပြီ... ဒီတစ်ည မင်းတို့ အနားယူကြဦး၊ မနက်ဖြ
မဟာရေတံခွန်အောက်မှာရှိတဲ့ အဆိပ်ဖြေဆေးကိုမယ်တော်ကြ
သွားယူပေးပါ့မယ်’

ထိုနောက် ဖေ့ချင်နှင့် ပန်းကမ္ဘာသိုင်းအမျိုးသမီးများ
ကောင်းမွန်စွာ ဧည့်ခံကျွေးမွေးရန် အမိန့် ပေးလိုက်လေသ

■ ■ ■

တောင်ပေါ်တွင် မိုးများက အခါမဟုတ်တဲ့ ရွာသွန်းလျ
ရှိနေသည်။

ပင်လယ်လှိုင်းများကလည်း တဝုန်းဝုန်းနှင့် မာန်ကြ
သောင်းကျန်းလျက် ရှိနေလေသည်။

အချိန်မှာ နေဝင်စပင်ဖြစ်သည်။





မိုးသည် အချိန်တော်တော်ကြာကြာရွာပြီးနောက် စဲသွားလေသည်။

ထိုအချိန်မှာပင် တောင်စောင်းများတွင် မိုးခိုနေကြသော ခရီးသည်များသည် တောင်ပေါ်သို့တက်ရန် လာခဲ့ကြလေသည်။

ထိုနေရာမှာ ဟောမုန်ပင်လယ်ပင်ဖြစ်ပေသည်။

ဟောမုန်ပင်လယ်တွင် ကျွန်းကြီးများနှင့် ကျောက်ဆောင်ကြီးများသည် လှပစွာ ပေါ်နေရှာလေသည်။

အမှန်တော့ ဟောမုန်ပင်လယ်သည် ရေကန်ကြီး တစ်ကန်ပင်ဖြစ်လေသည်။

အလွန်ပင် ကျယ်ပြန့်လှသဖြင့် ပင်လယ်ကြီးဟု ခေါ်တွင်ရလေသည်။

အဓိမာန်လူမျိုးတို့၏ နေရာတွင် စားသောက်ဆိုင်များသည် တစ်ဆိုင်ပြီးတစ်ဆိုင် တိုးလာပြန်သည်။

အဘယ့်ကြောင့်ဆိုသော် အဓိမာန်လူမျိုးတို့မှာ ပွဲတော်သည် နီးကပ်လာပြီဖြစ်သဖြင့် ဆိုင်းသံ ဗုံသံများသည်ဆူညံလျက်ရှိနေလေသည်။

အိမာန်လူမျိုးတို့၏ ပွဲတော်မှာ ပင်လယ်အတွင်းရှိကျွန်းကြီး တစ်ကျွန်းဖြစ်ကာ ထိုကျွန်းပေါ်တွင် ဘုရားကျောင်းကြီး တစ်ကျောင်း ရှိနေသည်။

ကျွန်းကြီးနှင့် ကမ်းခြေကို ယာယီ တံတားကြီး ထိုးထားလျက် ရှိသည်။

ထိုအချိန်တွင် သိုင်းသမားများသည် မြင်းကိုယ်စီဖြင့် ရွှေပင်လယ် စားသောက်ဆိုင်ဆီသို့ ရောက်လာခဲ့ကြသည်။

ထိုသိုင်းသမားများမှာ မြွေဟောက်၊ မိကျောင်းနှင့် ဒေါင်းစိမ်းတို့ ဖြစ်ပြီး ကြယ်သုံးလုံးဂိုဏ်းမှ သိုင်းသမားများ ဖြစ်ကြလေသည်။

သူတို့သည် မိတ်ဆွေများ ဖြစ်သွားကြသည့်အတိုင်း အတော်ပင် ရင်းနှီးသွားကြလေသည်။

သူတို့အားလုံးသည် မြင်းများကို အလုပ်သမားလေးများကို ပေးအပ်ကာ စားသောက်ဆိုင်ထဲသို့ ဝင်ရောက်ခဲ့ကြသည်။

'မင်းတို့ဆိုင်က တည်းခိုခန်း ရနိုင်မလား'

ဆိုင်တာဝန်ခံကို မေးလိုက်လေသည်။





'ရပါတယ်...ရပါတယ်၊ ဟော့ ကောင်လေးတွေ တည်းခိုခန်းကို လိုက်ပို့လိုက်ကြစမ်း'

မြွေဟောက်နှင့်မိကျောင်း၊ ဒေါင်းစိမ်းတို့သည်ကြယ်သုံးလုံး ဂိုဏ်းသားများနှင့်အတူ တည်းခိုခန်းဆီသို့ တက်လာကြလေသည်။

ထို့နောက် တည်းခိုခန်းများအတွင်းတွင် ဝန်ဆောင်အိတ်များကိုထားလျက် တံခါးပိတ်ပြီး စားသောက်ရန် အောက်သို့ ဆင်းလာခဲ့လေသည်။

စားပွဲထိုး အမျိုးသမီးများမှာ အိမာန် အမျိုးသမီးများ ဖြစ်ကာ တချို့ ယောကျ်ားစားပွဲထိုး ဖြစ်လေသည်။

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် စားပွဲလွတ်များတွင် ထိုင်လိုက်ကြကာ စားစရာများကို မှာလိုက်ကြလေသည်။

ကြယ်သုံးလုံး ဂိုဏ်းသားများကလည်း အရက်နှင့် စားစရာများကို မှာ၍ စားသောက်လိုက်ကြလေသည်။

သူတို့ စားသောက်နေစဉ်မှာပင် အိပ်ခန်းတစ်ခန်းအတွင်းမှ လူတစ်စုသည် လှုပ်ရှားလျက် ရှိနေကြသည်။

လှုပ်ရှားနေသော လူများမှ ခေါင်းဆောင်ဖြစ်သော သိုင်းသမားသည်....

'မီးခိုးရောင်ဝတ်ထားတဲ့ သတ္တဝါသုံးကောင်ပဲ ဖြစ်ရမယ်'

ထိုအချိန်တွင် စားပွဲထိုး မိန်းကလေးတစ်ဦးသည် အရက်တစ်အိုးကို ဆွဲ၍ ရောက်လာပြီး စာလိပ်ကလေး တစ်လိပ်ကို မြေဟောက်၏လက်ထဲသို့ ထည့်ပေးလိုက်သည်။

> အစားအစာတွေထဲမှာ အဆိပ် ပါတယ်။
> လိပ်သားနဲ့ ကဏန်းပေါင်းကို မစားကြနဲ့။
> အရက်ထဲမှာလည်း အဆိပ်ပါတယ်။ သတိထားပါ

စာထဲတွင် အထက်ပါအတိုင်း ပါရှိသည်ကို တွေ့လိုက်ရသည်။

ထိုအချိန်မှာပင် ထိုဆိုင်မှ အစောင့်သိုင်းသမားတစ်ချို့သည် အတွင်းသို့ဝင်ရောက်လာကာ အခြေအနေကို စောင့်ကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

မြေဟောက်၊ မိကျောင်းနှင့် ဒေါင်းစိမ်းတို့သည် တစ်ချိန်က ချောက်ဝှမ်းကြီးအောက်တွင် ပညာသင်ကြားခဲ့ပြီး အဆိပ်နိုင်သော သတ္တဝါများကို စားသောက်ခဲ့ရသည်။





ထို့ပြင် မိုးကြိုးသိုင်းသမားကြီးက ပေးလိုက်သည့် အဆိပ်ဖြေဆေးမှာလည်း ပါရှိလာလေသည်။

'ဟား ဟား ဟား'

မြေဟောက်သည် တဟားဟား ရယ်မောကာ အဆိပ်ပါသည်ဆိုသော အရက်အိုးကြီးကို ပထမဆုံး မ၍ ဂလောက်... ဂလောက်နှင့် သောက်ပစ်လိုက်သည်။

သူတို့သုံးဦးစလုံးသည် အရက်ခွက်ထဲသို့ အရက်များမထည့်တော့ဘဲ အိုးများအတိုင်း သောက်နေကြတော့သည်။

အစားအသောက်များကိုလည်း အားရပါးရ စားသောက်လိုက်ကြသည်။

ထို့နောက် သူတို့အားလုံးသည် အရက်တစ်အိုးပြီးတစ်အိုး မှာယူစားသောက်လိုက်ပြီး အစားအစာများကိုလည်း အဝအပြဲ စားလိုက်ကြသည်။

ဆိုင်မှ အနက်ရောင်သိုင်းသမားများသည် သူတို့စားသောက်နေသည်ကို ကြည့်ကာ မျက်လုံးကြီးများ ပြူးကျယ်သွားရလေသည်။

'ကဲ...စားသောက်ပြီး ကြမ်းပြင်ပေါ် လှဲအိပ်လိုက်ကြရအောင်၊ သူတို့ဘာလုပ်မယ်ဆိုတာ သိရတာပေါ့ကွာ'

အနက်ရောင် အစောင့်သိုင်းသမားများသည် သူတို့အား မသိမသာ အကဲခတ်၍ နေကြသည်။

သူတို့သုံးဦးသည် အချိန်တော်တော်ကြာ စားသောက်ပြီး နောက်....

'အေား...'

'အိုး....'

'အ ီး....'

'ဂုန် း....'

သူတို့သုံးယောက်စလုံး ကြမ်းပြင်ပေါ်သို့ လဲ့အိပ်လိုက်၏။

ထိုအခါမှ အနက်ရောင် သိုင်းသမားများသည် ဝှမ်းသာ အားရ ဖြစ်သွားကြကာ....

'ဟား ဟား ဟား'

တစ်ပြိုင်တည်း ရယ်လိုက်ကြလေသည်။

'ခွေးမသားတွေ....ဒီတစ်ခါ တို့လက်က ဘယ်လွတ်တော့ မလဲကွာ'





အနက်ရောင်သိုင်းသမား အစောင့်များက ပြောလျက် သူတို့ သုံးဦးအား ထမ်းထွက်သွားကြလေသည်။

ထို့နောက် သူတို့အား အခန်းကြီးတစ်ခန်းအတွင်းသို့ ခေါ် ဆောင်သွားသည်။

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် မလှုပ်မယှက် နှင့် ကြမ်းပြင်ပေါ်တွင် ရှိနေကြ၏။

ထိုအချိန်တွင် ရယ်ခမောသံနှင့်အတူ လူထွားကြီးတစ်ဦး ဝင် ရောက်လာသည်။

'ဟား ဟား ဟား'

'လူစွမ်းကောင်းကြီးတွေ၊ အခု ဘာတတ်နိုင်သေးလဲ'

လူထွားကြီးသည် အနက်ရောင် ဝတ်ရုံကြီးကို ဝတ်ထား လျက် ခေါင်းတွင် အနီပဝါဖြင့် ဆံစုကို စည်းထားသည်။

ထို့နောက်....

'ကဲ....ဒီသတ္တဝါတွေကို အမြန်ဆုံး ပင်လယ်ထဲ ပို့ပစ်လိုက်၊ ပင်လယ်ဝဲနဲ့ ရေစီးကြောင်းထဲ ပစ်ချလိုက်ကြ၊ မရဏကျောက် ဆောင်တွေအောက် ငါးစိခဏချင်း ရောက်သွားမယ်'

သူကား အနက်ရောင်လူဆိုးခေါင်းဆောင်တစ်ဦး ဖြစ်သည်။

ပြီး ထပ်၍ မေးလိုက်၏။

'ဟိတ်....သူတို့ အတွင်းအိတ်တွေထဲ ရှာပြီးကြပြီလား'

'မရှာရသေးပါဘူး ဆရာကြီး'

'တော်တော်ညံ့တဲ့ အကောင်တွေပဲ၊ တို့ဆရာကြီး ဘာမှာ ထားသလဲ၊ သူတို့ဆီက ကျောက်စိမ်းကြေးအိုးရှာဖို့ မှာထား တယ် မဟုတ်လား၊ မြန်မြန်ရှာကြစမ်း'

ထိုစဉ် အနက်ရောင် သိုင်းသမားနှစ်ဦးသည် အဆိပ်မိ၍ မေ့မျောနေဟန် ဆောင်နေသည့် မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့ဆီသို့ လျှောက်၍ ဝင်လာတော့သည်။

ထိုစဉ် အနက်ရောင် သိုင်းသမားတစ်ဦးက ဒေါင်းစိမ်းတို့၏ ကိုယ်ပေါ်သို့ လက်ရောက်သွားစဉ် အသံကြီးတစ်သံ ပေါ် ထွက်လာလေတော့သည်။

ထိုအသံကြီးမှာ မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့က တစ်ပြိုင်တည်း ထကာ အနက်ရောင်သိုင်းသမားနှစ်ဦးကို ရိုက်ချ လိုက်ခြင်း ဖြစ်၏။

'ဝုန်း....'

'အား'





အနက်ရောင်သိုင်းသမားနှစ်ဦးတို့သည် အပြင်သို့ လွင့်ထွက် သွားလေတော့၏။

တစ်ချိန်တည်းမှာပင် မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်း တို့သည် တစ်ပြိုင်တည်းပင် အနက်ရောင် သိုင်းသမားများကို တိုက်ခိုက်လိုက်ကြသည်။

အနက်ရောင်သိုင်းသမားများမှာ သူတို့ထင်သကဲ့သို့ သူတို့၏ အဆိပ်များမိကာ မသေဆုံးသွားကြပြီဟု ထင်နေရာက ရုတ် တရက် မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့မှာ လျှပ် တစ်ပြက်ထကာ တိုက်ခိုက်လိုက်ကြသောကြောင့် တဝုန်းဝုန်း ကျဆုံးသွားလေသည်။

'ဒီကောင်တွေကို ဝိုင်းတိုက်ကြ'

'သတ်ကြ'

ဒေါင်းဆောင်လုပ်သူက အမိန့်ပေးလိုက်သည်နှင့် တစ်ပြိုင် တည်း အနက်ရောင်သိုင်းသမားများက ဓားများကို ထုတ်ကာ မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့အား တိုက်ခိုက်ကြ၏။

'ချွမ်း....ချွမ်း....ချွမ်း'

'အား....'

'အိုး'

အနက်ရောင် ဓားသမားများမှာ အဆင့်မြင့်သိုင်းသမားကြီးများ ဖြစ်ကြသည့် မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့၏ တိုက်ခိုက်မှုကြောင့် အတုံးအရုံး ကျဆုံးသွားပြန်လေတော့၏။

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် လေထဲတွင် လွှားတက်ကာ ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့လွှားထွက်သွားကြသည်။

အနက်ရောင်ဝတ် သိုင်းသမားများသည် မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် ဆိုင်အပြင်သို့ ရောက်သွားကြလေသည်။

တစ်ချိန်တည်းမှာပင် အနက်ရောင်သိုင်းသမားများက ပြေးလွှားလာကာ သူတို့သုံးဦးအား ဝိုင်းဝန်းတိုက်ခိုက်ကြတော့သည်။

'ချွမ်း ချွမ်း ချွမ်း'

'ထန်း ထန်း ထန်း'

သံ သံချင်းထိခိုက်သံများက ဟိန်းထွက်သွားလေတော့၏။

'အား'





'အိုး'

အနက်ရောင်သိုင်းသမားများသည် မြေပြင်ပေါ်သို့ လဲကျသွားကြသည်။

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့၏ ဓားရောင်များက မိုးအောက်မြေပြင် တဝင်းဝင်းလက်ကာ ကြောက်မက်ဖွယ်ရာ ဓားစက်ဝိုင်းကြီး ဖြစ်နေလေတော့သည်။

အနက်ရောင်သိုင်းသမားများသည် အလျင်အမြန်ပင် ပြေးထွက်သွားကြကာ သူတို့၏ အနက်ရောင်သိုင်းသမား ခေါင်းဆောင်ကို သတင်းပို့လိုက်ကြသည်။

'ကျွန်တော်တို့ လုံးဝ သူတို့ကိုနိုင်အောင်မတိုက်နိုင်ပါဘူး'

အနက်ရောင် သိုင်းသမားခေါင်းဆောင်သည် အတော်ပင် မကျေမနပ်ဖြစ်ကာ....

'ဒါ မင်းတို့ညံ့လို့ခံလိုက်ရတာပဲ၊ သူတို့ တကယ်အဆိပ်မိပြီး သေမသေဆိုတာ မင်းတို့ သိဖို့ကောင်းတယ်'

'ကျွန်တော်တို့က သူတို့ တကယ်အဆိပ်မိနေတယ် ထင်လို့ အတွင်းခန်းထဲကို ခေါ်လာတာပါ'

11

အနက်ရောင်သိုင်းသမား ခေါင်းဆောင်က....

'မင်းတို့လုပ်တာနဲ့ တို့ရဲ့အကြံအစည်တွေကို ဗီသတ္တဝါတွေက သိသွားပြီ၊ အဲဒီတော့ မင်းတို့ ဖြစ်တဲ့နည်းနဲ့သူတို့ကို ရှင်းပစ်ကြရမယ်'

'ဟုတ်ကဲ့ပါ ဆရာကြီး'

အနက်ရောင်သိုင်းသမားများသည် ပြောဆိုနေစဉ်မှာပင် ရွှေပင်လယ်စားသောက်ဆိုင်ကြီးအတွင်းသို့ မြွေဟောက်၊ မိကျောင်း ခေါင်းစိမ်းတို့သည် အေးအေးဆေးဆေးနှင့် ပြန်လည်ဝင်ရောက်လာကြလေသည်။

သူတို့သည် သူတို့စားသောက်ခဲ့သော စားပွဲလတ်တွင် ဝင်ရောက် ထိုင်လိုက်ကာ အစားအသောက်ကို မှာလိုက်ကြသည်။

'ဟေ့....အရက်နဲ့ စားသောက်စရာတွေချပေးစမ်း'

ဆိုင်တာဝန်ခံမှာ မျက်လုံးပြူးသွားလျက်....

'ဟေ့ ကောင်လေးတွေ မြန်မြန်အရက်နဲ့စားစရာတွေချပေးလိုက်ကြစမ်း'

ထိုအခိုက်....





အစိမ်းရောင်သိုင်းသမားသုံးဦးတို့သည် အလျင်အမြန်ထ၍ သူတို့အား နှုတ်ဆက်လိုက်ကြလေသည်။

'အစ်ကိုကြီးတို့ ခပ်စောစောက အစ်ကိုကြီးတို့ အစားအသောက်မှားပြီး လဲကျသွားတယ်၊ အခု အစ်ကိုကြီးတို့ ပြန်ကောင်းလာတယ်၊ ဒီဆိုင်ကလူတွေက အစ်ကိုကြီးတို့ကိုကုလိုက်ကြတာလား'

မြွေဟောက်က ရယ်မောလိုက်လေသည်။

'ဟား....ဟား....ဟား....ငါတို့က ဒီကောင်တွေကို ပညာပေးလိုက်တာပါ၊ ဒီဆိုင်မှာ ငါတို့အတွက် ရန်သူတွေရှိနေတယ်ဆိုတာ သိတယ်၊ တို့ကို မတရားလုပ်ကြံခဲ့တာပဲ'

မိကျောင်းက ဆိုင်တာဝန်ခံဘက်လှည့်လျက်....

'ဟေ့....ဆိုင်တာဝန်ခံလာစမ်း'

ဆိုင်တာဝန်ခံသည် ထိတ်ထိတ်လန့်လန့်နှင့် သူတို့စားပွဲဆီသို့ အလျင်အမြန်လာခဲ့လေသည်။

ထို့နောက် အရှိအသေပြုကာ....

'အမိန့်ရှိပါ ဆရာကြီးတို့'

'မင်းတို့ အရက်နဲ့စားစရာတွေထဲမှာ ဒီထက်ပြင်းတဲ့အဆိပ်နဲ့ စားစရာတွေ ပေးကြစမ်း၊ ဒါမှမဟုတ်လဲ အဆိပ်တွေပဲပေးကြစမ်း၊ ငါတို့ စားပစ်လိုက်ကြမယ်'

ဆိုင်တာဝန်ခံမှာ ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး....

'ဟာ....ကျွန်တော်တို့ဆိုင်မှာ ဘယ်တော့မှ စားသောက်သူတွေကို အန္တရာယ်မလုပ်ပါဘူး၊ ဆရာကြီးတို့ တစ်ခုခုအစားမှားတာ ဖြစ်ပါလိမ့်မယ်'

မြွေဟောက်နှင့် မိကျောင်းတို့သည် ဆိုင်တာဝန်ခံကို....

'ဟေ့ကောင်ကြီး မင်းခုနရာ မှင်းမြန်မြန်သွားနေစမ်း၊ မင်းက သူ့များခိုင်းတာလုပ်နေရတဲ့ သိုင်းသမားလူဆိုးတစ်ဦးပဲ၊ ခွေးမသား သေသွားချင်သလား'

မြွေဟောက်သည် ဒေါသတကြီးပြောလျက် ဆိုင်တာဝန်ခံကို သူစားပွဲမှ နှင်လွှတ်လိုက်လေသည်။

ထိုအချိန်မှာပင်....

ဆိုင်အပေါ်ထပ်ရှိ အခန်းတစ်ခန်းထဲမှာ အနက်ရောင်သိုင်းသမားတစ်စုသည် မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့ကို မှကျေမနပ်ဖြင့် ချောင်းကြည့်လျက်ရှိနေလေသည်။





ဤတွင် အချက်ပေးသံ ပေါ်ထွက်လာသည်။

'ချွန်း ချွန်း'

တစ်ချိန်တည်းမှာပင်....

ဆိုင်အပြင်ရှိ ကွက်လပ်ကြီးထဲသို့ အလုပ်သမားလေးများသည် စားပွဲထိုင်ခုံများကို ပြင်လျက်ရှိနေကြလေသည်။

'ဒိုး ဒိုး ဒိုး'

'ချွန်း ချွန်း ချွန်း'

ရုတ်တရက် ဆိုင်းသံဗုံသံများသည် ပေါ်ထွက်လာလေတော့သည်။

ထိုစဉ်....

အလုပ်သမားကလေးတစ်ဦးသည် မြွေဟောက်တို့၏စားပွဲသို့ ရောက်လာကာ အရိုအသေပြုလိုက်ပြီး....

'ကျွန်တော်တို့ဆိုင်က အတီးအမှုတ် အကအခုန်တွေနဲ့ ဖြေဖျော်ပါတော့မယ်၊ ဆရာတို့ ကွက်လပ်ထဲကိုရွှေ့ကြပါ၊ ကျွန်တော်တို့ ဆရာတို့ရဲ့အစားအသောက်တွေကို ယူလာပေးပါ့မယ်'

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် ဆိုင်ရှေ့ ကွက်လပ်အတွင်း ရွှေ့ပြောင်းလိုက်လေသည်။

ထိုအချိန်တွင်...

အိမာန်အမျိုးသမီးငါးဦးတို့သည် ကွက်လပ်ထဲသို့ ဝင်ရောက်လာကြကာ ဆိုင်းသံနှင့်အညီ သူတို့၏ကိုယ်ကိုယိမ်းနွဲ့လျက် ကလျက်ရှိနေလေသည်။

သူတို့အားလုံးသည် အဖြူရောင်ပိုးဂါဝန်ကြီးများကို ဝတ်ထားကာ အလွန်ပါးလွှာလျက်ရှိသဖြင့် အတွင်းမှ အဖုအထစ် အရာဝတ္ထုများကို မြင်ရလောက်နီးနီးရှိနေကြလေသည်။

'ဒုံ ဒုံ ဒုံ'

'ဒုံ ဒုံ ဒုံ'

'ဗုံ ဗုံ ဗုံ'

'ချန်း ချန်း ချန်း'

အိမာန်အမျိုးသမီး အဆိုတော်နှင့် ကချေသည်အမျိုးသမီး ငါးဦးတို့ထဲမှ ခေါင်းဆောင်ဖြစ်သော မိန်းမချောလေးမှာ





အရပ်မြင့်မားပြီး သူမ၏ရွှေရင်များက ဖြိုးဖြိုးမောက်မောက် ရှိနေလေသည်။

သူမ၏ခါးမှာ တွာစိုင်ပင်မရှိဘဲ သူမ၏တင်ပါးကြီးမှာလည်း လုံးဝန်းစွံကားလျက် ရှိနေလေသည်။

ခေါင်းဆောင်ဖြစ်သော အိမာန်အမျိုးသမီးချောမှာ သူမ၏ တင်ပါးကြီးက လှုပ်ကာ ကစ်ကာ စားသောက်နေသူများ၏ ခေါင်းပေါ်သို့ သူမ၏ဂါဝန်ကြီးကို ဝဲ၍ ဝဲ၍ ဆိုင်းချက်ညီညီဖြင့် ကခုန်၍သွားလေသည်။

စားသောက်နေသော သိုင်းသမားများနှင့် ပရိသတ်များမှာ မျက်လုံးကြီးများပြူးကာ အော်ဟစ်၍နေကြတော့သည်။

'ဟေး ဟေး ဟေး'

'ဟား ဟား ဟား'

အိမာန် အမျိုးသမီးကလေးများသည် ကခုန်သွားရာမှ နောက်သို့ တဖြည်းဖြည်း ပြန်ဆုတ်သွားကြစဉ် သိုင်းသမားဆယ်ဦးတို့ ဓားများကိုဆွဲယမ်း၍ ဝင်ရောက်လာကြလေတော့သည်။

ထိုသိုင်းသမားဆယ်ဦးတို့သည် အချင်းချင်း ဓားများကို ဆွဲယမ်းကာ တိုက်ခိုက်ကစားပြလျက်ရှိနေလေသည်။

'ချွမ် ချွမ်း ချွမ်း'

'ထန်း ထန်း ထန်း'

သိုင်းသမားဆယ်ဦးတို့သည် အချင်းချင်းတိုက်ခိုက်ကာ ပရိသတ်ကို ဖြေဖျော်ကစားပြသွားကြလေသည်။

စားသောက်နေသော ပရိသတ်များသည် နောက်ထပ်မစားတော့ဘဲ အပြင်သို့ပြန်ထွက်သွားတော့သည်။

မြှေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် စားသောက်ပြီးနောက် ပင်လယ်ကမ်းခြေအတိုင်း လသာသာဖြင့် လမ်းလျှောက်ထွက်ခဲ့ကြသည်။

သူတို့သည် ထူးဆန်းသော ကျောက်တောင် ကျောက်တုံးများကို ကျော်လွန်လျက် ပင်လယ်ကမ်းခြေအတိုင်း ကျော်လာခဲ့ကြလေသည်။

သူတို့သည် အလွန်မြင့်မားသည့် ပန်းပွင့်ကျောက်ဆောင်ကြီးများအနီးသို့ ရောက်လာသည်နှင့် အမည်းရောင်လူရိပ်တစ်ရိပ်သည် ကျောက်ဆောင်ကြီးပေါ်မှ ခုန်ဆင်းလာကာ သူတို့ရှေ့သို့ ရောက်လာလေသည်။

ရောက်လာသောလူမှာ အဘိုးအိုတစ်ဦးပင် ဖြစ်သည်။





'မင်းတို့သုံးဦးဟာ ဘယ်သူတွေလဲ'

မိကျောင်းက အဘိုးအိုကိုအရိုအသေပေးကာ....

'ဘဘက ကျွန်တော်တို့အမည်ကို သိချင်လို့လား'

အဘိုးအိုက....

'အေး....ဟုတ်တယ်'

မြွေဟောက်က သူတို့၏အမည်များကို ပြောပြလိုက်လေသည်။

'မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်း'

အဘိုးအိုက....

'မင်းတို့က ဘယ်သူ့တပည့်လဲ'

'ကျွန်တော်က နဂါးတောင်ဘိုးဘိုးကြီးရဲ့ တပည့်တွေပါ'

အဘိုးအိုက ရယ်မောလိုက်သည်။

'ဟား ဟား ဟား....မင်းတို့ကို ငါစောင့်နေတာ ကြာပြီ၊ ငါဟာ နဂါးတောင်ဘိုးဘိုးကြီးရဲ့ မိတ်ဆွေဖြစ်တဲ့ နဂါးမျက်လုံး သိုင်းသမားဆိုတာ ဘဘပဲ'

'ဘာဘာက ကျွန်တော်တို့ကို ဘာကိစ္စနဲ့ စောင့်နေတာလဲ'

'မင်းတို့ရဲ့ဆရာကြီးက မှာထားလို့ပေါ့၊ ကဲ ကဲ ဘာဘနဲ့ ဆူဝါသစ်တောထဲကို လိုက်ခဲ့ပေတော့'

အဘိုးအိုသည် သူတို့သုံးဦးအား ဆူဝါသစ်တောအတွင်းသို့ ခေါ်ဆောင်သွားလေသည်။

ဆူဝါသစ်တောအတွင်းရှိ သစ်လုံးအိမ်ကလေးအတွင်းသို့ ရောက်သည်နှင့် အဘိုးအိုက သူတို့က အရက်နှင့် စားစရာများကို ညွှန်ခံကျွေးမွေးလိုက်ကြလေသည်။

အဘိုးအို...

'မင်းတို့ရဲ့ဆရာကြီး ဟာ ခရီးထွက်သွားတာ တစ်လလောက်ရှိနေပြီ၊ ဒါကြောင့် ဘာဘကို မှာထားခဲ့တယ်၊ မင်းတို့လက်ထဲမှာ ရထားတဲ့စာဟာ ဘာဘတို့ရဲ့ဘပည့်မလေးက ကြိုတင်သတိပေးခဲ့တာပဲ'

မြေဟောက်က အရိုအသေပြုလျက်....

'ကျေးဇူးတင်ပါတယ် ဘဘ'

အဘိုးအိုက....

'ဒီဆိုင်ရှဲ့အကြောင်းကို မင်းတို့သိသလား'





'ကျွန်တော်တို့ မသိသေးပါဘူး'

'အေး....ဒီလိုဆိုတဲ့ ဘာဘက ပြောပြရမှာပေါ့၊ ဒီဆိုင်ဟာ တောင်းမြို့စောက်လူဆိုးကြီးက သူ့တပည့်တွေထားပြီး တိတ်တဆိတ် ဖွင့်ထားတဲ့ဆိုင်ပဲ၊ မင်းတို့လာခဲ့ရင် သူတို့က အသေသတ်ပစ်ဖို့ စီစဉ်ထားကြတယ်'

မြေဟောက်က

'ဒါထက် သူတို့က ကျွန်တော်တို့ဆီမှာ ပါလာတဲ့ကျောက်စိမ်းကြေးအိုးကို လိုချင်ကြတယ်'

အဘိုးအိုက မျက်လုံးများ တောက်ပြောင်လာပြီး....

'အေး....ဒီကျောက်စိမ်းကြေးအိုးနဲ့ ပတ်သက်ပြီး မင်းတို့ဆရာကြီးက မှာထားခဲ့တယ်၊ ဒီကျောက်စိမ်းကြေးအိုးကို ဘဘဆီမှာ သိမ်းထားဖို့ပဲ'

အဘိုးအိုသည် တည်ငြိမ်စွာဖြင့် ပြောလိုက်လေသည်။

ဒေါင်းစိမ်းက....

'ကျွန်တော်တို့ဆရာဘိုးဘိုးက သူ့လက်ထဲကို အပ်ရမယ်လို့ ပြောထားခဲ့ပါတယ်'

အဘိုးအိုက....

'မင်းတို့ တောဒီမှာ သူရေးပေးထားခဲ့တဲ့စာကို ကြည့်လိုက်ပါ'

အဘိုးအိုက ထိုသို့ပြောကာ သူ၏အိတ်ထဲမှ စာတစ်စောင်ကို ထုတ်ပေးလိုက်လေသည်။

မြှေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် စာကိုယူ၍ကြည့်လိုက်ကြရာ....

'အပည့်များဖြစ်တဲ့မြွေဟောက်၊မိကျောင်း၊ ဒေါင်းစိမ်းတို့ ဆရာကြီးဟာ သိုင်းပညာရှင်တွေရဲ့ အစည်းအဝေးတက်နေရတဲ့အတွက် သုံးလခန့် ကြာလိမ့်မယ်၊ တပည့်ဒေါင်းစိမ်းမှာ ရှိနေတဲ့ ကျောက်စိမ်းကြေးအိုးကို ဆရာ့မိတ်ဆွေ နဂါးမျက်လုံး သိုင်းသမားကြီးကို အပ်ထားလိုက်ပါ၊ ဘာမှဆို အားကိုးရပါတယ်'

နဂါးတောင်ဘိုးဘိုးသိုင်းသမားကြီး

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် ထိုစာကိုဖတ်ပြီးသည်နောက် အချင်းချင်းတိုင်ပင်လိုက်ကြကာ အဘိုးအို၏အပေါ်တွင် ယုံကြည်သွားကြလေသည်။





ဒေါင်းစိမ်းသည် သူ၏အတွင်းအိတ်ထဲတွင် လျှို့ဝှက်သိမ်းဆည်းထားသော ကျောက်စိမ်းကြေးအိုးကို ထုတ်ယူလိုက်လေသည်။

ကျောက်စိမ်းကြေးအိုးသည် မီးရောင်နှင့်တွေ့လိုက်ရသည်နှင့် ဖြိုးဖြိုးဖြက်ဖြက် အလင်းရောင်များ ထွက်ပေါ်လာလေတော့သည်။

ဒေါင်းစိမ်းသည် ကျောက်စိမ်းကြေးအိုးကို သူ၏ဆရာကြီး၏စာပါအတိုင်း အဘိုးအိုအား ကျောက်စိမ်းကြေးအိုးကို ပေးအပ်လိုက်လေသည်။

ကျောက်စိမ်းကြေးအိုးမှာအလင်းရောင်များဖြင့် လင်းလက်လျက်ရှိနေလေတော့သည်။

အဘိုးအိုသည် ကျောက်စိမ်းကြေးအိုးကို လျင်မြန်စွာ ယူလိုက်ပြီး သစ်လုံးအိမ်ကလေးအတွင်း ပြေးဝင်သွားလေတော့သည်။

'ဂျိန်း....'

**အသံကြီးတစ်သံသည် ပေါ်ထွက်လာလေသည်။**

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းသည် အသံလာရာဆီသို့ ရောက်သောအခါတွင် ကြီးမားလှသော ကျောက်ဂူကြီးကို

တွေ့လိုက်ရကာ ကျောက်တံခါးကြီးသည် ပိတ်လျက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

အတိုးအိုသည် ကျောက်ဂူကြီး၏ အတွင်းသို့ ပြေးဝင်သွားခြင်းပင် ဖြစ်သည်။

ဒေါင်းစိမ်းသည် သူ၏ အတွင်းအားကြီးကို လက်ပေါ်တွင် ပို့လိုက်ကာ ကျောက်တံခါးကြီးကို ရိုက်ချလိုက်သည်။

'ဝုန်း....'

ကျောက်တံခါးကြီးသည် ပွင့်ထွက်သွားလေတော့သည်။

သူတို့သုံးဦးသည် ကျောက်ဂူကြီးအတွင်းသို့ပြေးဝင်ခဲ့လေရာ မည်သူ့ကိုမျှ မတွေ့ရတော့ချေ။

ကျောက်ဂူကြီးအတွင်းမှ အပေါ်ထပ်သို့တက်သော ကျောက်လှေကားတစ်ခုရှိနေသည်ကို တွေ့လိုက်ရသည်။

သူတို့သုံးဦးသည် ကျောက်လှေကားထစ်များကို ကျော်လွှားကာ အပေါ်သို့တက်ခဲ့ကြသည်။

အပေါ်ထပ်သို့ ရောက်သည်နှင့် အလင်းရောင်ကြီးတစ်ခုကို တွေ့လိုက်ရကာ ကျောက်ဂူကြီးအပြင်သို့ ထွက်နိုင်သော ဂူပေါက်ဝတစ်ခုဖြစ်မှန်း သိလိုက်ရသည်။





သူတို့သုံးဦးသည် ထိုဂူပေါက်မှ ထွက်ပြေးလာရာ အတိုးအို၏ အရိပ်အယောင်ကိုပင် မတွေ့လိုက်ရတော့ချေ။

မြွေဟောက်က ဒေါင်းစိမ်းကို ပြောလိုက်သည်။

'ညီလေး....တို့ကိုတော့ ရန်သူက တစ်ပတ်ရိုက်သွားပြီ၊ တို့ အသက်စွန့်ပြီး ရှာထားတဲ့ ကျောက်စိမ်းကြေးအိုးကို ရန်သူက လှည့်စားယူသွားတာပဲ'

ဒေါင်းစိမ်းက....

'ဟုတ်တယ် အစ်ကိုကြီး၊ ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ'

'အခုအတိုင်းဆိုရင်တော့ တို့ဆရာကြီးက တို့ကို အပြစ်တင်တော့မှာပဲ'

မိကျောင်းက....

'ဟုတ်တယ် အစ်ကိုကြီး၊ သူတို့ဘက်က ကျွန်တော်တို့ကို ဆိုင်မှာလဲ တစ်မျိုး၊ အခု သစ်တောထဲမှာလဲ တစ်မျိုး အမျိုးမျိုး အကွက်ဆင်ပြီးတော့ ကျောက်စိမ်းကြေးအိုးကို ရအောင် ယူသွားတာပဲ'

ဒေါင်းစိမ်းက....

'ဟုတ်တယ် အစ်ကိုကြီး၊ ဒီအတိုးအိုဟာ ဘယ်သူလို့ ထင်သလဲ'

မြွေဟောက်က....

'ဒီအတိုးအိုဟာ ရုပ်ဖျက်ထားတဲ့ ကင်းမြီးကောက်ပဲ ဖြစ်ရမှာပေါ့၊ မင်းတို့ စဉ်းစားကြည့်စမ်း၊ ဆိုင်ထဲမှာ အိမ်မာန်အမျိုးသမီးက အဆိပ်တွေ ပါတယ်ဆိုပြီးတော့ လျှို့ဝှက်စာပေးခဲ့တယ်၊ တို့ကလဲ ဟန်ဆောင်ပြီး အဆိပ်မိတဲ့ပုံနဲ့ လဲကျသွားကြတယ်၊ အဲဒီနောက် သူတို့ကို တိုက်ခိုက်ခဲ့ကြတယ်၊ အခုဆိုရင် တို့က ဒီကမ်းခြေတစ်လျှောက်မှာ လမ်းလျှောက်လာကြတယ်၊ အတိုးအိုနဲ့တွေ့ပြီး ကျောက်စိမ်းကြေးအိုးကို သူတို့ရဲ့ လှည့်စားမှုနဲ့ ပေးလိုက်ရတယ်၊ ဒါတွေအားလုံးဟာ ကင်းမြီးကောက်က အကွက်ဆင်ထားတာတွေပဲ၊ အမှန်တော့ ကင်းမြီးကောက်ဟာ ကြာဖြူရဲတိုက်ကြီးမှာ မသေဘဲ ဒီကို ရောက်နေခဲ့တယ်'

ထိုသို့ မြွေဟောက်က ကွင်းဆက်များကို ရှင်းပြလိုက်လေသည်။

သူတို့သည် ထိုကျောက်ဂူကြီးမှ ထွက်လိုက်သည်နှင့် တောင်ထိပ်တစ်ခုပေါ်သို့ ရောက်နေကြသည်။

လေသည် တဟူးဟူး တိုက်ခတ်လျက် ရှိနေကြသည်။

တောင်ထိပ်ပေါ်မှ ကြည့်လိုက်သောအခါတွင် အိမ်မာန်ရွာတွင် မီးရောင်များ တလက်လက် တွေ့နေရသည်။





ပင်လယ်ပြင်တွင်လည်း လှိုင်းလုံးများ တဝုန်းဝုန်း ရိုက်ခတ်လျက် ရှိနေသည်။

ထိုအချိန်တွင် လူရိပ်တစ်ရိပ်သည် ကျောက်ဆောင်ကြီးများပေါ်သို့ လှုပ်ရှားသော ပြေးလွှားသွားလျက် ရှိနေသည်ကို မြွေဟောက်တို့က တွေ့လိုက်ရသည်။

ဒေါင်းစိမ်းက....

'ဟိုမှာ လူတစ်ယောက် ကျောက်ဆောင်ပေါ်ကို ပြေးသွားနေတယ်၊ သူဟာ အတိုးအိုပဲ ဖြစ်ရမယ်၊ ကျွန်တော်တို့ မြန်မြန် လိုက်ကြရအောင်'

သူတို့သုံးဦးလုံးသည် တောင်ထိပ်ပေါ်မှနေ၍ လွှားဆင်းသွားကြလေသည်။

## အခန်း (၂၁)

ရေတံခွန်မှ ရေလုံးကြီးများသည် တဝေါဝေါ စီးဆင်းလျက် ရှိနေသည်။

ထိုအချိန်တွင် ဝတ်ရှုံ အဆိပ်မယ်တော် ဘွားဘွားနှင့် ပန်းကမ္ဘာဂိုဏ်းမှ သိုင်းအချို့သမီးတစ်စုတို့သည် ရေတံခွန်ကြီး၏ တောင်ထိပ်ဆီသို့ ရောက်နေလေသည်။

ထို့နောက် သူတို့သည် အလွန်ကြီးမားသော ကျောက်ဆောင်ကြီးတစ်ဆောင်ဆီသို့ ထွက်သွားကာ အဆိပ်မယ်တော် ဘွားဘွားသည် ထိုကျောက်ဆောင် ကျောက်တုံးကြီးကို ဘေးသို့ တွန်းပစ်လိုက်သည်။





'ဂျိမ်း....'

, ကျောက်တုံးကြီးသည် လေးသို့လည်၍ ဆင်းသွားလေတော့သည်။

ထို့နောက် မြေအောက်သို့ဆင်းသော ကျောက်လှေကားကြီးကို တွေ့လိုက်ရကာ အဆိပ်မယ်တော် ဘွားဘွားက ခေါင်းဆောင်၍ တွင်းကြီးထဲသို့ ဆင်းလာခဲ့လေသည်။

ကျောက်လှေကားများမှာအထစ်ပေါင်းသုံးရာကျော်ရှိလျက် ကွေ့ကာ ကောက်ကာဖြင့် မြေအောက်သို့ ရောက်သွားလေတော့သည်။

လိုဏ်ဂူလမ်းကြီးအတိုင်း အဆိပ်မယ်တော် ဘွားဘွားက ရှေ့ဆောင်၍ လာခဲ့သည်။

မကြာမီ ကျောက်ခန်းမကြီးအလယ်ရှိ အခန်း တစ်ခန်းသို့ ရောက်လာသည်။

'ဝေါ ဝေါ ဝေါ'

ဆူညံသော အသံကြီးများသည် ကြောက်စရာ ကောင်းကောင်း ကြားလိုက်ရသည်။

အဆိပ်မယ်တော်ဘွားဘွားက....

'တို့ဟာ အခုဆိုရင် ရေတံခွန်ကြီးအောက်က လိုဏ်ဂူထဲကို ရောက်နေကြတယ်၊ မကြာခင် ဘွားဘွားဆေးဖော်တဲ့အခန်းကို ရောက်လိမ့်မယ်'

ထိုသို့ပြောကာ အဆိပ်မယ်တော် ဘွားဘွား ခေါင်းဆောင်ပြီး ရှေ့မှထွက်သွားသည်။

ကွမ်းတစ်ရာညက်ခန့်ကြာသောအခါတွင် ကျောက်ခန်းကြီးအတွင်းသို့ ရောက်လာသည်။

ထိုကျောက်ခန်းကြီးမှာ အဘွားအို ဆေးဖော်သော အခန်းပင် ဖြစ်လေသည်။

ပန်းကမ္ဘာဂိုဏ်းချုပ်ကြီး၏သမီးဖြစ်သော ဖေ့ချင်နှင့် သိုင်းအမျိုးသမီးငါးယောက်တို့သည် ကျောက်ခန်းကြီး၏ အပြင်တွင် စောင့်လျက် ရှိနေကြသည်။

အဆိပ်မယ်တော်ဘွားဘွားသည် ဆေးပုလင်းများကို တစ်ခုနှင့် တစ်ခု စပ်လျက်ရှိနေသည်။

အခိုးအငွေ့များသည် တထောင်းထောင်း ထလျက် ရှိနေလေသည်။

အဆိပ်မယ်တော်အဘွားအိုသည် ရုတ်တရက် ဆေးပုလင်းများကို တစ်ခုချင်း စပ်ရာက လဲကျသွားလေသည်။





'ဂူနံ....'

ပန်းကမ္ဘာ အမျိုးသမီးများမှာ မျက်လုံးပြူးသွားလေတော့သည်။

တစ်ခန်းလုံးတွင် အဆိပ်ငွေ့များဖြင့် ဖုံးလွှမ်းလျက်ရှိနေလေတော့သည်။

ထိုအချိန်မှာပင် ကျောက်ခန်းတွင်းမှ မီးခိုးများသည် အနက်ရောင်မှ အဖြူရောင်သို့ ပြောင်းလာကာ တဖြည်းဖြည်း လင်းလာတော့သည်။

အဘွားအို၏ မျက်နှာမှာလည်း အသွင်အမျိုးမျိုး ပြောင်းလျက် ရှိနေလေသည်။

ဤတွင် အဘွားအို၏ မျက်နှာမှာ မည်းမှောင်နေရာက အဖြူရောင်သို့ ပြောင်းလဲလာသည်။

ပန်းကမ္ဘာဂိုဏ်းမှ ဂိုဏ်းချုပ်ကြီး၏သမီးဖြစ်သော ဖေ့ချင်နှင့် သိုင်းအမျိုးသမီးတို့သည် ကျောက်ခန်းအတွင်းသို့မဝင်ရဲနိုင်ကြမှာပေ။

ထမင်း တစ်အိုးချက်ခန့် ကြာသောအချိန်တွင် အဆိပ်မယ်တော် ဘွားဘွားသည် ဆေးခန်းအတွင်းမှ ခုန်ပျံထလာလေသည်။

မျက်နှာမှာ အိုမင်းခြင်း မရှိတော့ဘဲ နုပျိုလျက်ရှိနေသည်ကို အံ့ဩစွာ တွေ့လိုက်ရသည်။

'ဟား ဟား ဟား....သမီးတော်တို့လာဘာ သိပ်ကျေးဇူးတင်တယ်၊ ဘွားဘွား အသိပ်ဖြေဆေးနဲ့ ခန္ဓာပြောင်းဆေးကို ပေါင်းစပ်မိတဲ့အတွက် ဘွားဘွားကိုယ်တိုင် မူလရုပ် ပြောင်းလဲသွားပြီး နုပျိုသွားရတာပဲ'

ထို့နောက် အသိပ်မယ်တော်ဘွားဘွားက ခေါင်းဆောင်၍ ကျောက်လိုဏ်ခေါင်းကြီး အတွင်းမှ ပြန်လည် ထွက်ခွာလာလေသည်။

ကျောက်တောင်ကြီး၏ထိပ် ဂူပေါက်သို့ ရောက်လာစဉ်မှာပင် စွန်ကြီးတစ်ကောင် ဝဲကျလာသကဲ့သို့ အဘိုးအို တစ်ဦးသည် တောင်ကမ်းပါးယံတစ်ခုမှ ခုန်ဆင်းလာသည်ကို တွေ့လိုက်ရသေးသည်။

အဘိုးအို၏လက်ထဲတွင် သံဆူးများပါသော သံကြိုးခွေကို ကိုင်၍ အဘွားအိုအား လှမ်း၍တိုက်ခိုက်လိုက်လေသည်။

'ဖြောင်း ဖြောင်း ဖြောင်း'

အဘွားအိုသည် လေထဲသို့ ခုန်တက်သွားကာ ရုတ်တရက် အဘိုးအို၏ခေါင်းကို သူ၏ စွန်လက်သည်းကုပ်လက်ချောင်းများဖြင့် ကုပ်ချလိုက်လေသည်။





'စုန်း'

အဘိုးအိုသည် ကျွမ်းတစ်ပတ်ပစ်၍ ရှောင်လိုက်သဖြင့် သက်သာရာ ရသွားသည်။

'လက်စသတ်တော့ မဟာကန္တာရ ကျားသင်ကြီးပါလား၊ ရှင်က ကျုပ်ကို ဘာဖြစ်လို့ လာတိုက်ရတာလဲ'

အဘိုးအိုက ရယ်မောလိုက်ကာ....

'မင်းက ငါ့ရန်သူတွေအတွက် ကူညီနေတာမို့ မင်းလဲ ငါ့ရန်သူပဲ၊ ဒါကြောင့် မင်းကို ငါ လာပြီး အပြတ်ရှင်းတာပဲ'

'ရှင် အပြတ်ရှင်းချင်တိုင်း မရဘူး၊ ကျွန်မ သိုင်းပညာကိုလဲ ရှင် နည်းနည်းလောက်မြည်းကြည့်သွားပါဦး'

ထိုသို့ပြောကာ အသိပ်မယ်တော်ဘွားဘွားသည် ကန္တာရ ကျားသင်ကြီးအား လှည့်၍ တိုက်ခိုက်လိုက်ပြန်လေသည်။

'ဝုန်း'

ကန္တာရကျားသင်ကြီးသည် နောက်သို့ ခြေတစ်လှမ်းဆုတ်ကာ သူ၏သံကြိုးကြီးကို လေထဲတွင် လှည့်ပတ်လိုက်လေသည်။

'ဝီး ဝီး ဝီး....'

ကန္တာရကျားသစ်ကြီးသည် မှာန်သွင်း၍ အောင်ဟစ်ကာ အဆိပ်မယ်တော်ဘွားဘွားအား သူ၏သံဆူးကြိုးဖြင့် ရိုက်ချလိုက်ပြန်လေသည်။

အဆိပ်မယ်တော်ဘွားဘွားသည် သူမ၏ညာလက်ကိုမြှောက်၍သံဆူးကြိုးအား ဆွဲယူလိုက်လေသည်။

ထို့နောက်သံဆူးကြိုးအား လက်ဝါးစောင်းဖြင့် ရိုက်ထုတ်ပစ်လိုက်လေသည်။

'ဖြောင်း ဖြောင်း ဖြောင်း'

သံဆူးကြိုးခွေသည် အပိုင်းပိုင်းပြတ်ထွက်သွားကာ ကန္တာရကျားသစ်ကြီးခေါ် သိုင်းသမားအဘိုးအိုမှာ မျက်နှာပျက်သွားတော့သည်။

ထို့နောက် သူ၏ခါးထဲမှ ဓားတိုများကို ဆွဲထုတ်လိုက်ကာ အဆိပ်မယ်တော်ဘွားဘွားထံသို့ ပစ်လွှတ်လိုက်ပြန်လေသည်။

'ဝှစ် ဝှစ် ဝှစ်'

'ချွမ်း ချွမ်း ချွမ်း'





အဆိပ်မယ်တော်ဘွားဘွားသည် သူမ၏ဓားကိုထုတ်၍ ဓားများကို ယမ်းခါပစ်လိုက်လေသည်။

ထိုအချိန်မှာပင် ပန်းကမ္ဘာသိုင်းဂိုဏ်းချုပ်ကြီး၏ သမီးဖြစ်သော ဖေ့ချင်သည် သူမအဖေ၏ရန်သူကိုတွေ့နေရသဖြင့် စိတ်ကို မထိန်းနိုင်တော့ဘဲ လက်နက်ပုန်းများဖြစ်သည့် နဂါးမှတ်ဆိတ်အပ်များကို ထုတ်ယူလိုက်ကာ ကန္တာရကျားသစ်ကြီးဆီသို့ လျှပ်တစ်ပြက် ပစ်လွှတ်လိုက်လေသည်။

'ဝှစ် ဝှစ် ဝှစ်....'

'ဖြန်း ဖြန်း ဖြန်း'

ကန္တာရကျားသစ်ကြီးသည် သူ၏အင်္ကျီလက်စကြီးဖြင့် ဝင်ရောက်လာသော နဂါးမှတ်ဆိတ်အပ်များကို ခါထုတ်ပစ်လိုက်လေသည်။

'ယား'

ဖေ့ချင်သည် ဓားကိုဝင့်ကာ ကန္တာရကျားသစ်ကြီးဆီသို့ လွှားဝင်သွားလေတော့သည်။

သူမ၏ ဓားရောင်သည် ကန္တာရကျားသစ်ကြီးအပေါ်သို့ စက်ဝိုင်းသဖွယ် ထိုးကျသွားလေတော့သည်။

'ချွမ်း ချွမ်း ချွမ်း'

ကန္တာရကျားသစ်ကြီးသည် သူ၏ခါးဖြင့် ဖေ့ချင်၏ တိုက်ခိုက်ခြင်းကို ပြန်လည်တိုက်ခိုက်လိုက်ကာ နောက်ကျွမ်းတစ်ပတ် ပစ်လိုက်လေသည်။

ထိုစဉ်မှာပင် အဆိပ်မယ်တော်ဘွားဘွားကလည်း သူမ၏ အဆိပ်လက်နက်များဖြင့် လျှပ်တစ်ပြက် ကန္တာရကျားသစ်ကြီးအား တိုက်ခိုက်လိုက်လေသည်။

'ဝုန်း'

မီးခိုးများသည် ထောင်းခနဲထသွားကာ ကန္တာရ ကျားသစ်ကြီးသည် ဘောင်ထိပ်ပေါ်မှနေ၍ ဘောင်အောက်သို့ လိမ့်ဆင်းသွားလေတော့သည်။

'အား'

အဆိပ်မယ်တော်ဘွားဘွားက ကန္တာရ ကျားသစ်ကြီးအား....

'ဒုစရိုက်အကောင်တွေပဲ၊ သူတို့ကို ဘာမှညှာစရာမလိုဘူး၊ သူဟာ မဟာရေတံခွန်ထဲကျပြီးသေသွားမှာပဲ'

အဆိပ်မယ်တော်ဘွားဘွားက ထိုသို့ပြောလိုက်ကာ သူမ၏ ဂေဟာအတွင်းသို့ ပြန်လည် ခေါ်ဆောင်သွားလေတော့သည်။

■ ■ ■





အချိန်မှာ နံနက်ခင်းဖြစ်လေသည်။

နှင်းများက တဖွဲဖွဲကျဆင်းလျက်ရှိကာ လေများက တဟူးဟူးတိုက်ခိုက်လျက်ရှိနေသည်။

ထိုအချိန်တွင်....

မြင်းကိုယ်စီနှင့် သိုင်းသမားတစ်စုတို့သည် ဟေမုန်ပင်လယ်ကမ်းခြေအတိုင်း ခရီးပြင်းနှင်လျက် ရှိနေကြလေသည်။

သူတို့သည် မြွေဟောက်၊ မိုးကျခင်းနှင့် ဒေါင်းစိမ်းတို့ ဖြစ်ကြသည်။

သူတို့သုံးဦးသည် သူတို့လက်ထဲမှ လိမ်လည်လှည့်ဖြား ယူသွားသော အဘိုးအိုကို ရှာဖွေရန် ထွက်လာကြခြင်းဖြစ်သည်။

ညဦးက ကျောက်ဆောင်ပေါ်တွင် ပြေးလွှားနေသော လူရိပ်မှာ ရုတ်တရက် ပျောက်သွားသဖြင့် သူတို့သုံးယောက်မှာ လုံးဝလိုက်မရတော့ချေ။

ဟေမုန်ပင်လယ်၏ ခရီးတစ်ဝက်ဖြစ်သော ကျောက်ဆောင်တန်းကြီးများဆီသို့ ရောက်ရှိလာလေသည်။

ထိုကျောက်ဆောင် ကျောက်တန်းများသည် ပင်လယ်အတွင်းသို့ တစ်ဝက်ခန့် ထိုးထွက်နေကာ ထိုနေရာတွင် ပွက်ပွက်ဆူ၍ရှိနေလေသည်။

သိုင်းသမား တစ်စုသည် ထိုကျောက်ဆောင်ကြားမှ ဖြတ်၍ လာခဲ့စဉ် ရုတ်တရက် ဆူညံသောအသံများကို ကြားလိုက်ရလေသည်။

ယား

လူရိုင်းများသည် သူတို့အပေါ်သို့ ထိုးကျလာလျက် သူတို့ကို တစ်ပြိုင်တည်း တိုက်ခိုက်ကြလေသည်။

ကျောက်ဆောင်ကြီးများပေါ်မှ ခုန်ဆင်းလာသော သူတို့မှာ အလွန်ကြီးမားသည့် ဓားကြီးများကို ကိုင်ဆောင်လျက် လက်တစ်ဘက်တွင် ခက်ရင်းခွလက်နက်များကိုင်ဆွဲပြီး တိုက်ခိုက်နေကြခြင်းဖြစ်သည်။

‘ချွမ်း ချွမ်း ချွမ်း’

‘ထန်း ထန်း ထန်း’

လူဆိုးများမှာ ဟောမုန်ပင်လယ်တွင် ရှိနေကြသည့် ကျားဖြူ၊ ကျားမည်း၊ သရဲကြီးဂိုဏ်းသားများ ဖြစ်ကြလေသည်။ တိုက်ခိုက်လာသော သရဲဂိုဏ်းသားများမှ လူပေါင်း နှစ်ဆယ်ကျော် ရှိလေသည်။





မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် လေထဲတွင် နေ၍ တက်လိုက်ကြကာ ထိုလူဆိုးများကို ပြင်းထန်စွာ တိုက်ခိုက်ကြလေသည်။

‘ချွမ်း ချွမ်း ချွမ်း’

‘အား’

‘အိုး’

လူဆိုးများသည် မြေပေါ်သို့ အတုံးအရုံး ကျဆုံးသွားကာ ကျန်ရှိနေသူများသည် နောက်သို့ ဆုတ်သွားကြလေသည်။

ခေါင်းဆောင်လုပ်သူက....

‘ဟိတ် မင်းတို့ ငါတို့နဲ့ နောက်ထပ်တွေ့ရဦးမှာပဲ၊မင်းတို့ကို ကြက်ကလေး ငှက်ကလေးလို ဖမ်းပြမယ်’

ထိုသို့အော်ကာ ပြေးထွက်သွားလေတော့သည်။

သူတို့သုံးဦးသည် ကျောက်ဆောင် တစ်ဆောင်ပေါ်တွင် အပန်းဖြေ ထိုင်လိုက်ကြလေသည်။

‘ရန်သူတွေဟာ ကျွန်တော်တို့ကို တစ်မျိုးပြီးတစ်မျိုး လုပ်ကြံ တိုက်နေကြတယ်၊ ဒါဟာ သူတို့ရဲ့ဆရာကြီး ကင်းမြီးကောက်

ရဲ့ လက်ချက်ပဲ ဖြစ်ရမယ်၊ ကင်းမြီးကောက်ကို မဖမ်းနိုင်သရွေ့ ဒီရန်က အေးမှာမဟုတ်ဘူး'

မိကျောင်းကပြောလိုက်သဖြင့် ဒေါင်းစိမ်းက....

'ဟုတ်တယ် အစ်ကိုကြီး၊ ကင်းမြီးကောက်ဟာ အင်မတန် ညာဏ်များတယ်၊ ကျွန်တော့် သဘောကတော့ စားသောက်ဆိုင်ထဲက သူတို့အစောင့်တစ်ဦးကို ဖမ်းပြီး စစ်ဆေးလိုက်ရင်တော့ ပေါ်လာမှာပဲ'

မြွေဟောက်က....

'ညီလေးတို့ မင်းတို့ပြောတာမှန်ပေမယ့် အစ်ကိုကြီးကိုယ်တိုင် သူတို့ထဲက လူတစ်ယောက်ကို စစ်မေးပြီးပြီ၊ ဘယ်သူမှ အမှန်မပြောနိုင်ဘူး'

မိကျောင်းက....

'ကျွန်တော်တို့ အခု ငါးမန်းဖြူရဲတိုက်ကြီးကို သွားရင် ကောင်းမယ်ထင်တယ်'

မြွေဟောက်က....

'တို့ဆရာကြီးဟာ ဘယ်မှာချိန်ထားတယ်ဆိုတာ မင်းတို့ သိရဲ့လား'





'မသိပါဘူး အကိုကြီး'

'သူချိန်းထားတာက ဆူဝါသစ်တောထဲမှာ ချိန်းထားတာ အခုထိ မရောက်သေးဘူး'

မြွေဟောက်က ပြောလိုက်လေသည်။

ဒေါင်းစိမ်းက....

'ကဲ....အစ်ကိုကြီး ကျွန်တော်တို့ ပန်းသုံးပွင့် ကျောက်ဆောင်တွေကို သွားကြည့်လိုက်ရအောင်၊ ကင်းမြီးကောက်ဟာ ဒီမှာပုန်းရင် ပုန်းနေမှာ'

မြွေဟောက်က....

'ဟုတ်တယ်ညီလေး'

ထိုနောက် သူတို့သုံးဦးသည် မြင်းများကို ပန်းသုံးပွင့် ကျောက်ဆောင်များဆီသို့ ဆိုင်းနှင်သွားကြလေသည်။

ပန်းသုံးပွင့် ကျောက်ဆောင်များပေါ်တွင် သိုင်းသမားတစ်ဦးသည် ကျောက်ဆောင်တစ်ခုမှတစ်ခုသို့ကူး၍ သိုင်းပညာလေ့ကျင့်လျက်ရှိနေသည်ကို တွေ့ရလေသည်။

ထိုကျောက်ဆောင်ကြီးများပေါ်တွင် သိုင်းပညာ ရေးထားသည့် သိုင်းကွက်များက ရှိနေလေသည်။

မြှေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် ဟေမန် ပင်လယ်ကမ်းခြေတစ်လျှောက် အသျှင်အမြန်ပင် မြင်းကို စီးလာကြရာ သိုင်းသမားတစ်ဦး ကျောက်ဆောင်များပေါ်တွင် သိုင်းပညာလေ့ကျင့်နေသော ယောကျ်ားတစ်ဦး မဟုတ်ဘဲ အမျိုးသမီးတစ်ဦးဖြစ်နေသည်ကို တွေ့လိုက်ကြရလေသည်။

'ဝီး ဝီး ပီး....'

မိန်းကလေးသည် လေထဲသို့ ထိုးတက်သွားကာ သူ၏လက်များကို ဝှေ့ယမ်းလိုက်လေသည်။

လေတိုးသံများသည် တစ်စီစီ မြည်၍သွားလေတော့သည်။

မြှေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် မြင်းပေါ်မှနေ၍ကြည့်လိုက်ကြကာ....

'သိပ်ကြည့်ကောင်းတယ် မိန်းကလေး၊ မိန်းကလေးရဲ့ သိုင်းပညာဟာ ဘယ်ဆိုးလို့တုန်း'

ထိုအသံကြောင့် သိုင်းပညာ လေ့ကျင့်နေသော မိန်းကလေးသည် သူတို့ဆီသို့ လှမ်းကြည့်လိုက်ကာ ကျောက်ဆောင်များပေါ်မှ ပျံလွှားတစ်ကောင် လွှားဆင်းလာသကဲ့သို့ ကမ်းခြေဆီသို့ ဆင်းလာလေသည်။

'ရှင်တို့က ဘယ်သူတွေလဲ'





'တို့က ဆရာကြီးနဲ့ တွေ့ဖို့အတွက် ဇီပင်လယ်ကို ရောက်လာတဲ့ ဂိုဏ်းတူညီအစ်ကိုသုံးဦးပါ၊ မင်းကရော ဘယ်သူလဲ'

'ကျွန်မအမည်က ချင်ဟွာလို့ ခေါ်တယ်'

'မင်းက ဘယ်မှာ နေတာလဲ'

'မိန်းကလေးက'

'ကျွန်မက ဟေမန်ပင်လယ်ကို ခဏလာနေတာပါ'

မိကျောင်းက အံ့အားသင့်သွားပြီး....

'ဩော် ဩော်....မိန်းကလေးက ဘယ်လိုသိုင်းပညာတွေ လေ့ကျင့်နေတာလဲ'

'ကျွန်မက လုံပင်သိုင်းပညာကို လေ့ကျင့်နေတာပါ'

'အစ်ကိုတို့က လုံပင်သိုင်းပညာဆိုတာ မကြားဖူးပါလား'

'အစ်ကိုကြီးတို့ ဘယ်သိမလဲ၊ ဒါက ကျွန်မနဲ့ ကျွန်မမိခင်ပဲသက်ဆိုင်တာပဲ'

မြှေဟောက်က ခေါင်းညိတ်လျက်....

'ဒါထက် ညီမလေး ဇီနေရာကို အဘိုးအိုတစ်ဦးများ မြင်းမလာဘူးလား'

'ကျွန်မတော့ အခုထက်ထိ မတွေ့ရသေးဘူး'

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် မိန်းကလေးကို နှုတ်ဆက်လျက် မြင်းများကို ပြန်လှည့်စီးလာခဲ့ကြလေတော့သည်။

သူတို့ သုံးဦးသည် ရှေ့ပင်လယ် စားသောက်ဆိုင်ကြီးသို့ မတည်းခိုတော့ဘဲ တခြားစားသောက်ဆိုင် တစ်ဆိုင်တွင် တည်းခိုလိုက်ကြလေသည်။

ထိုနေ့ညနေတွင် သူတို့သုံးဦးသည် ဆူဝါသစ်တောအုပ်ဆီသို့ မြင်းများကိုစီးကာ ထွက်ခွာလာကြလေသည်။

ဆူဝါသစ်တောအုပ်အတွင်းသို့ ရောက်သောအခါတွင် ငှက်သံများမှလွဲ၍ မည်သည့်အသံကိုမျှ မကြားရချေ။

သူတို့သုံးဦးသည် ဆူဝါသစ်တောအုပ်ထဲတွင် ရှိနေသော သစ်လုံးအိမ်ကလေးဆီသို့ လာခဲ့ကြလေသည်။

သစ်လုံးအိမ်ကလေးမှာ လုံးဝပင်ပျောက်ကွယ်လျက်ရှိနေပြီ ဖြစ်သည်။

ဤတွင် တောင်ထိပ်ဆီမှ အသံများကို ကြားလိုက်ရလေသည်။





'ဖြန်း ဖြန်း ဖြန်း'

အဝတ်လေတိုးသံများဖြစ်လေသည်။

တောင်ထိပ်ဆီမှ အဝတ်နက်လူဆိုး ငါးယောက်တို့သည် ပျံလွှားများထိုးဆင်းလာသကဲ့သို့ ဆူဝါသစ်တောအတွင်းသို့ ခုန်ဆင်းလာကြလေသည်။

သူတို့ငါးဦးစလုံးတို့မှာ မျက်နှာဖုံးများ စွပ်ထားကြလေသည်။

'ယား'

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့ကို အဝတ်နက်ဝတ် မျက်နှာဖုံးစွပ်လူဆိုးများက တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်လိုက်ကြသည်။

'ချွမ်း ချွမ်း'

'ထန်း ထန်း'

'အား'

'အိုး'

မျက်နှာဖုံးစွပ် လူဆိုးနှစ်ဦးတို့သည် မြေပေါ်သို့ လဲကျသွားကာ အော်ဟစ်ညည်းတွားလျက် ရှိနေကြလေသည်။

ကျန်သော လူဆိုးသုံးယောက်တို့သည် ကွမ်းတစ်ယာညက်မျှ တိုက်ခိုက်ပြီးနောက် တောင်ပေါ်သို့ အလျင်အမြန် ပြေးတက်သွားကြလေတော့သည်။

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် တောင်ထိပ်ပေါ်သို့ လွှားရှိတက်ကာ လိုက်သွားကြလေသည်။

သူတို့သည် ရှေ့မှပြေးနေသော လူများနောက်သို့ အလျင်အမြန်ပင် လိုက်သွားကြလေသည်။

ရှေ့မှပြေးနေသော လူဆိုးသုံးယောက်တို့သည့် ရုတ်တရက် တောင်ချောက်ဝှမ်းတစ်ခုဆီသို့ လွှားရှိလွှားရှိ သွားကြလေတော့သည်။

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် ထိုတောင်ချောက်ဝှမ်းဆီသို့ ရောက်သည်နှင့်တစ်ပြိုင်တည်း ချောက်ဝှမ်းဘက်သို့ လွှားရှိ ခုန်တက်လိုက်ကြလေသည်။

ထိုစဉ်....

ဝုန်း ဟူသော အသံကြီးတစ်သံ ကြားလိုက်ရကာ သူတို့ခြေချလိုက်သော တောင်ကမ်းပါးယံကြီးသည် ပြိုဆင်းသွားလေတော့သည်။





သူတို့ သုံးယောက်လည်း တောင်ချောက်ဝှမ်း အတွင်းသို့ ထိုးကျသွားလေတော့သည်။

■ ■ ■

လဝန်းသည် တဖြည်းဖြည်းပေါ်ထွက်လာလေသည်။

လရောင်ခြည်သည် တောင်တစ်ခုလုံးအား သာယာလျက် ရှိနေလေတော့သည်။

လူတစ်စုသည် တောင်ထိပ်ပေါ်သို့ ရောက်လာလေသည်။ သူတို့သည် တောင်ထိပ်ပေါ်ရှိ ချောက်ကမ်းပါးကြီးအောက်သို့ ငုံ့ကြည့်ကာ ရယ်မောလိုက်ကြလေသည်။

'ဟား ဟား ဟား....ဒီတစ်ခါတော့ ဒီကောင်တွေ ဘယ်လိုမှ အသက်ရှင်စရာ လမ်းမရှိတော့ဘူး'

အဝတ်နက်ဝတ် သိုင်းသမားတစ်ဦးက အရိုအသေပြုကာ....

'ဟုတ်ပါတယ်ဆရာကြီး၊ သူတို့ကို ဟောင်ရုံနဲ့ အစွမ်းပြိုင်တိုက်ခိုက်လို့ ရမှာမဟုတ်ဘူး၊ ဒီလိုလုပ်မှလဲ သူတို့ကိုနိုင်မှာပဲ'

'ဟား ဟား ဟား'

အတိုးအိုသည် ရယ်မောလိုက်လေသည်။

သူကား လူဆိုးသိုင်းသမားကြီးဖြစ်သော ကင်းမြီးကောက်ပင် ဖြစ်လေသည်။

ထိုနောက် သူတို့သည် တောင်အောက်သို့ ပြန်လည်ဆင်းသွားလေတော့သည်။

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် ရုတ်တရက် ချောက်ဝှမ်းကြီးအတွင်းသို့ ထိုးကျသွားကာ သေကံမရောက် သက်မပျောက်ဘဲ ချုံကြီးတစ်ချုံပေါ်သို့ ကျသွားကြလေသည်။

သူတို့သုံးဦးသည် ချောက်ဝှမ်းကြီးအတွင်းသို့ ကျဆင်းလာစဉ်က အောက်မှပင့်တိုက်လိုက်သော လေကြောင့် တဖြည်းဖြည်း ကျဆင်းလာခြင်းဖြစ်သည်။

ထိုလေကိုပင် ကျေးဇူးတင်ရဦးမည် ဖြစ်သည်။





ချောက်ဝှမ်းကြီးတစ်ခုလုံး မှောင်နေသဖြင့် သူတို့သုံးဦးသည် ချုံကြီးပေါ်မှာပင် ညအိပ်လိုက်ရလေသည်။

နံနက်မိုးလင်းသည်နှင့် ချောက်ဝှမ်းကြီးထဲတွင် ရှိနေသော တောကောင်ကြီး၏အသံကြောင့် နိုးလာကြကာ ချောက်ဝှမ်းအောက်သို့ တဖြည်းဖြည်း ဆင်းလာကြလေသည်။

ချောက်ဝှမ်းအောက်တွင် စမ်းချောင်းတစ်ချောင်း တွေ့ရပြီး ထိုစမ်းရေကို မျက်နှာသစ်ကာ ရေသောက်လိုက်ကြလေသည်။

ထို့နောက် ချောက်ဝှမ်းကြီးအတွင်း လှည့်ပတ်ကြည့်နေမိလေသည်။

တစ်ချိန်က သူတို့ အသူတစ်ရာနက်သည့် ချောက်ဝှမ်းထဲသို့ ကျခဲ့ဖူးလေရာ ယခုချောက်ဝှမ်းနှင့်စာသော် ထိုချောက်ဝှမ်းမှာ တစ်ဝက်လောက်ပင် ရှိပေမည်။

နေရောင်ခြည်ထွက်လာသည်နှင့် နေခြည်များသည် ချောက်ဝှမ်းထဲသို့ ထိုးဆင်းကျလာလေသည်။

သူတို့သည် ချောက်ဝှမ်းထဲသို့ လှည့်ပတ်သွားလာနေမိလေသည်။

ချောင်းရေထဲတွင် ကျောက်ငါးကြင်းများကို တွေ့ရသဖြင့် ဖမ်းယူကာ မီးကင်စားသောလိုက်ကြသည်။

ထိုစဉ် အသံကြီးများကို ကြားလိုက်ရလေသည်။

'ဝုန်း ဝုန်း'

'ဝုန်း ဝုန်း'

မျောက်ဝံကြီး တချို့သည် ကျောက်ဆောင် ကျောက်တုံးများပေါ်မှ ခုန်ဆင်းလာသည်ကို တွေ့လိုက်ရလေသည်။

ရုတ်တရက် မျောက်ဝံကြီးများက သူတို့ကို မတိုက်ခိုက်သေးတဲ့ သွားကြီးများဖြဲ၍ ကွိကွိကွကွဖြင့် အော်လိုက်ကြလေသည်။

မြွေဟောက်...

'မင်းတို့ဟာ ငါတို့ရန်သူမှ မဟုတ်ဘူး၊ ငါတို့ဟာ ဒီတောင်ချောက်ထဲကို ချလိုက်လို့ ကျလာတဲ့လူတွေပဲ၊ ဒါပေမယ့် အခုပဲ ပြန်တက်မယ်'

မျောက်ဝံကြီးများသည် မည်သို့မျှပြန်မပြောဘဲ အနီရောင်သစ်သီးများ သီးနေသည့် သစ်ပင်ကြီးများဆီသို့ လွှားတက်သွားကြကာ တစ်လုံးပြီးတစ်လုံး စားသောက်နေကြလေသည်။





သူတို့သုံးဦးကိုလည်း မျောက်ဝံကြီးများသည် ထိုအနီရောင်သစ်သီးများကို ပစ်၍ပေးလိုက်ကြလေသည်။

သူတို့သုံးဦးသည် ထိုအနီရောင် သစ်သီးများကို စားလိုက်သည်နှင့် အလွန်ပင်အရသာရှိနေပြီး သူတို့၏ အားအင်များလည်း တိုးတက်လာသည်ကို ခံစားလိုက်ရလေသည်။

ထိုနောက် မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် ထိုအသီးများကို အိတ်ထဲတွင်ထည့်၍ ဆောင်ယူထားလိုက်ကြလေသည်၊

ထိုနောက် သူတို့သည် ထိုနေရာမှ ဆက်၍ထွက်လာကြပြန်လေသည်။

မကြာမီ သူတို့သုံးဦးသည် ချောက်ဝှမ်းကြီး၏ အထက်သို့ တက်နိုင်သော နေရာတစ်ခုကို တွေ့လိုက်ကြရလေသည်။

ထိုနေရာမှာ သစ်ပင်ချုံငယ်များ ရှိနေသည့် ကျောက်ဆောင်ကျောက်တုံးများ ရှိနေသော နေရာတစ်ခုပင် ဖြစ်သည်။

သူတို့သုံးဦးသည် အတွင်းအားနှင့် ကိုယ်ဖော့ပညာများ အထွတ်အထိပ်သို့ ရောက်နေကြသည့်အတိုင်း ချောက်ဝှမ်းကြီး၏ထိပ်ပေါ်သို့ အားမာန်သွင်းကာ ခုန်လွှား၍ တက်လိုက်ကြလေသည်။

'ယား ယား'

'ယား ယား'

သူတို့သုံးဦးစလုံးပင် တိမ်ပေါ် နဂါးခုန်လွှားတက်ခြင်း သိုင်းကွက်များဖြင့် ခုန်လွှားတက်လိုက်ကြခြင်း ဖြစ်သည်။

'ဝေါ ဝေါ ဝေါ'

လေတိုးသံကြီးများသည် ပေါ်ထွက်လာကာ သုံးဦးစလုံးသည် တောင်ထိပ်ပေါ်သို့ ရောက်ရှိလာလေတော့သည်။

သူတို့၏ကိုယ်မှ အဝတ်များသည် တဖျတ်ဖျတ်လှုပ်ခါလျက် ရှိနေသည်။

'ဖတ် ဖတ် ဖတ်....'

ထိုအချိန်မှာပင် အဖြူရောင် အရိပ်ကလေး တစ်ရိပ်သည် တောင်တန်းပေါ်မှ ပြေးလွှားလာနေသည်ကို တွေ့လိုက်ရလေသည်။

သူတို့သုံးဦးက ကြည့်လိုက်သောအခါတွင် မိန်းကလေး တစ်ယောက်ဖြစ်နေသည်ကို တွေ့ကြရလေသည်။

အနီးသို့ ရောက်လာသည်နှင့် ထိုမိန်းကလေးမှာ ပန်းသုံးပွင့် ကျောက်ဆောင်များပေါ်တွင် လုံပင်သိုင်းကျမ်းကို သင်နေသည့် မိန်းကလေးဖြစ်မှန်း သိလိုက်ရလေသည်၊





မြွေဟောက်က....

'အလို ချင်ဟွာပါလား၊ ညီမလေး ဘယ်သွားမလို့လဲ'

ချင်ဟွာက...

'အစ်ကိုကြီးတို့ကိုမြင်လိုက်ရတဲ့အတွက် ညီမလေး ပြေးလာတာပါ'

'ညီမလေးက ဘယ်မှာနေလို့လဲ'

'ညီမလေးက ဒီတောင်တန်းစပ်နေရာမှာပဲ ဆိုပါတော့၊ ညီမလေးရဲ့ အထိန်းတော်ကြီးနဲ့အတူ နေတာပါ၊ အခု အစ်ကိုကြီးတို့က ဘယ်သွားမှာလဲ'

မြွေဟောက်က တောင်ချောက်ထဲသို့ လက်ညှိုးထိုးပြပြီး....

'အစ်ကိုကြီးတို့ ညက ဒီတောင်ချောက်ထဲမှာ အိပ်ခဲ့ရတယ်'

ချင်ဟွာက မျက်လုံးပြူးသွားပြီး....

'အစ်ကြီးတို့က ဘာကြောင့်အိပ်ခဲ့ရတာလဲ'

'အစ်ကိုကြီးတို့ ရန်သူတွေက ဒီတောင်ချောက်ကို တွန်းချလိုက်လို့ ကျသွားတာ၊ ကံကောင်းလို့မသေတယ်'

ထိုနောက် ချင်ဟွာနှင့်အတူ ဘောင်ထိပ်ပေါ်မှာ ခေတ္တမျှ ထိုင်လိုက်ကြလေသည်။

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့က ချောက်အတွင်းမှ ယူလာသည့် အနီရောင် သစ်သီးတစ်လုံးစီကို ထုတ်၍ ချင်ဟွာကို လက်ဆောင်ပေးလိုက်လေသည်။

မြွေဟောက်က....

'ညီမလေးချင်ဟွာ၊ အစ်ကိုကြီးတို့ တောင်ချောက်ထဲမှာ တွေ့ခဲ့ရတဲ့ ဟောဒီအသီးဟာ မျောက်ဝံကြီးတွေလဲ စားတယ်၊ ညီမလေးစားကြည့်ပါ၊ အင်မတန် အားအင်တိုးတဲ့ အသီးပါပဲ'

သူတို့သုံးဦးသည် နောက်ထပ် သစ်သီးတစ်လုံးစီကို ထုတ်၍ အခွံများကိုခွာကာ စားလိုက်ကြလေသည်။

ချင်ဟွာကလည်း သူမ၏ သစ်သီးတစ်လုံးကို စားလိုက်လေသည်။

'ဟာ.... သိပ်ကောင်းတဲ့အသီးပါလား.... အစ်ကိုကြီး'

'ဟုတ်တယ်ညီမလေး၊ ဒီအသီးဟာ တောင်ပေါ်မှာမရှိဘူး၊ ဟောဒီချိုင့်ဝှမ်းထဲမှာပဲ ရှိတယ်'

ချင်ဟွာက သူတို့ကို အလျင်အမြန်အရှိအသေပြုလိုက်ကာ...





'အစ်ကိုကြီး၊ ဒီလိုဆိုရင် ညီမလေးအောက်ကိုခုန်ဆင်းသွားလိုက်ဦးမယ်'

'ဟာ.... ညီမလေး မလုပ်နဲ့၊ အန္တရာယ်ရှိနေပါဦးမယ်'

'ဒီချောက်ဝှမ်း လောက်တော့ ညီမလေး ဘာမှ မစိုးရိမ်ပါဘူး'

ထိုသို့ပြောကာ ချင်ဟွာသည်ငှက်တင်ကောင်သဖွယ်ချောက်ဝှမ်းထဲသို့ ခုန်ဆင်းသွားတော့သည်။

'ဟား ဟား ဟား'

သူတို့သုံးဦးစလုံးသည် အတော်ပင် အံ့အားသင့်သွားကြလေသည်။

ချင်ဟွာအတွက်လည်း အတော်ပင် စိုးရိမ်သွားကြလေသည်။

အချိန်အနည်းငယ်ကြာသောအခါလေတိုးသံတစ်သံကိုကြားလိုက်ရသည်။

'ဝေါ...'

ချင်ဟွာသည် တောင်ထိပ်သို့ အနီရောင်သစ်သီးများကို နှယ်ကြိုးဖြင့်သီလျက် ခုန်တက်လာလေ၏။

မြှေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့မှာ ချင်ဟွာ၏ သိုင်းပညာကို အထော်ပင်အထင်ကြီးသွားကြလေသည်။

'ညီမလေးရဲ့ ကိုယ်ဖော့စွမ်းအားဟာ အထွတ်အထိပ်ရောက်နေပြီပဲ၊ အစ်ကိုကြီးတို့ ချီးကျူးပါတယ်'

ချင်ဟွာက အရိုအသေပြုလျက်....

'ကျေးဇူးတင်ပါတယ် အစ်ကိုကြီးတို့'

မြှေဟောက်က....

'ကဲ... ညီမလေး အစ်ကိုကြီးတို့သွားမယ်'

ချင်ဟွာက....

'အစ်ကိုကြီးတို့ ခဏနေပါဦး၊ ကျွန်မတို့ ရဲတိုက်ကို အလည်လိုက်ခဲ့ပါလား'

မြှေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့ တစ်ပြိုင်တည်း ခေါင်းညိတ်လိုက်ကြလေသည်။

ထိုနောက် ချင်ဟွာက ရှေ့မှပြေးထွက်သွားလေတော့၏၊

သူတို့သုံးယောက်ကလည်း နောက်မှ လိုက်သွားကြ၏။





ထမင်းတစ်အိုးချက်ခန့် ကြာသောအချိန်တွင် တောင်ထိပ်တစ်ခု၏ ချိုင့်ဝှမ်းဆီသို့ ချင်ဟွာက ခုန်ဆင်းသွားသည်။

သူတို့ သုံးဦးကလည်း နောက်မှ ခုန်ဆင်း လိုက်သွားကြလေသည်။

မကြာမီ ချောက်ဝှမ်းကြီးထဲတွင် ရှိနေသော တောင်ကုန်းတစ်ကုန်းပေါ်တွင် ကျောက်တုံးများဖြင့် တည်ဆောက်ထားသော အိမ်ကြီးတစ်အိမ်သို့ ရောက်ရှိသွားသည်။

အဘွားအို တစ်ဦးသည် ကျောက်တုံးအိမ်ကြီး ရှေ့တွင် တောင်ဝှေးတစ်ချောင်းကိုင်ကာ ပြေးလာသော ချင်ဟွာကိုမေးလိုက်လေသည်။

'ဟဲ့ ချင်ဟွာ၊ နင်ဘယ်သွားနေတာလဲ'

'ဘွားဘွားရေ မိတ်ဆွေတွေကိုသွားတွေ့တာပါ၊ အခု သူတို့ကို အလည်ခေါ်လာတယ်'

ထိုအချိန်မှာပင် မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် အဘွားအို အနီးသို့ ရောက်လာကာ အလေးပြုလိုက်ကြသည်။

'ဟဲ့....နင်တို့က ဘယ်သူတွေလဲ'

အဘွားအိုက မြွေဟောက်တို့ကို မေးလိုက်သည်။

'ကျွန်တော်တို့က နဂါးတောင်တိုးတိုး သိုင်းသမားကြီးရဲ့ တပည့်တွေပါ၊ အခု ဆရာကြီးနဲ့ ချိန်းထားတဲ့အတွက် လာခဲ့တာပါ'

'မင်းတို့ဆရာကြီးက နဂါးတောင် သိုင်းသမားကြီးလား'

'ဟုတ်ပါတယ် ဘွားဘွား'

အဘွားအိုက....

'ဒီလိုဆိုရင် မင်းတို့ကိုငါစိတ်ချသွားပြီ၊ ငါတို့ရဲ့ကျောက်ဖြူရဲတိုက်မှာ ဧည့်သည်အဖြစ် နေနိုင်ပါတယ်'

အဘွားအိုကပြောပြီး သူတို့ကို ကျောက်ဖြူရဲတိုက်အတွင်း ခေါ်ဆောင်သွားလေသည်။

ကျောက်ဖြူရဲတိုက်အတွင်းတွင် ချင်ဟွာနှင့် အဘွားအိုတို့က စားဖွယ်ရာများနှင့် သူတို့အား ဧည့်ခံကျွေးမွေးလေသည်။

**မြွေဟောက်က မေးလိုက်လေသည်။**

**'ဘွားဘွားက နဂါးတောင် သိုင်းသမားကြီးနဲ့ သိသလား'**

**အဘွားအိုက....**





'ဘွားဘွား သိတာပေါ့၊ မင်းတို့ဆရာကြီးဟာ ဘွားဘွားတို့ရဲ့ ဟူပင်းပြည်နယ်မှာ သိုင်းပညာတွေလာပြီး သင်ပေးသွားတာပဲ၊ သူဟာ သုံးနှစ်လောက်သင်ပေးပြီး ပျောက်သွားခဲ့တာ အခုထက်ထိပဲ'

ချင်ဟွာက....

'အစ်ကိုကြီးတို့ဟာ ဆရာကြီးနဲ့တွေ့ဖို့တင် မဟုတ်ဘူး တစ်ခုခု လိုက်ရှာနေတာဖြစ်ရမယ်....

မြွေဟောက်ကို ခေါင်းညိတ်လိုက်ကာ....

'ဟုတ်ပါတယ် ညီမလေး၊ ဗီပင်လယ်မှာ ရှိနေတဲ့ သိုင်းကျမ်းနဲ့ ရတနာသိုက်ကို လိုက်ရှာနေတာပါ၊ ဒါပေမယ့် လမ်းညွှန်မြေပုံဖြစ်တဲ့ ကျောက်စိမ်းကြေးအိုးဟာ ရန်သူက ယူပြီး ထွက်ပြေးသွားခဲ့တယ်၊ ဒါကြောင့် အစ်ကိုကြီးတို့ ဒီရန်သူကို ရှာနေတာပါ'

**ချင်ဟွာက....**

'အစ်ကိုကြီးတို့ ရန်သူက ဘယ်သူလဲ'

**မြွေဟောက်က....**

14

'အစ်ကိုကြီးတို့ ရှန်းသူဟာ အသိုးအို တစ်ဦးပါပဲ၊ သူတို့ရဲ့ ဆရာကြီးက ကင်းမြီးကောက်လို့ခေါ်တယ်'

ချင်ဟွာက....

'အသိုးအိုတစ်ဦးကိုတော့ ညီမတွေ့လိုက်ရတယ်၊ ဒီအသိုးအိုဟာ နဂါးဖြူ ကျောက်ဆောင်များဆီကို ထွက်ပြေးသွားတာ တွေ့လိုက်ရတယ်'

မြွေဟောက်က....

'နဂါးဖြူကျောက်ဆောင်တွေဆိုတာ ညီမလေး သိသလား'

'သိပ်သိတာပေါ့၊ နဂါးဖြူကျောက်ဆောင်တွေဟာ တောင်ကြီးတွေလို ထိုးထက်နေတာပဲ'

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် ဝမ်းသာသွားကြကာ....

'ဟုတ်ပြီ၊ ညီမလေးပြောမှ သတိရတယ်၊ အဲဒီကို လိုက်သွားကြမယ်'

ချင်ဟွာက ဆက်၍....





'ဒီနဂါးဖြူ ကျောက်ဆောင်ကြီးတွေဆီကို ထိပ်တန်း သိုင်းပညာရှင်တွေမှ သွားလို့ရတယ် အစ်ကိုကြီး'

မြွေဟောက်က....

'သိပ်မြင့်သလား ညီမလေး'

ချင်ဟွာက....

'သိပ်မြင့်တာပေါ့ အစ်ကိုကြီး၊ သူတို့ဟာလဲ တောင်ကြီးတွေလိုပါပဲ'

ထိုအချိန်တွင် အော်သံ ဟစ်သံများကို ကြားရလေသည်။

သူတို့အားလုံးသည် ကျောက်ဖြူရဲတိုက်ကြီးအတွင်းမှ ထွက်၍ ကြည့်လိုက်သောအခါ အနက်ရောင်ဝတ်ထားသော သိုင်းသမားများသည် တောင်ထိပ်ပေါ်မှ ချောက်ဝှမ်းထဲသို့ ခုန်ဆင်းလာကြသည်ကို တွေ့လိုက်ကြရလေသည်။

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းနှင့် ချင်ဟွာတို့သည် အနက်ရောင်သိုင်းသမားများအား တစ်ပြိုင်တည်းလွှား၍ တိုက်ခိုက်လိုက်ကြသည်။

'ချွမ်း....ချွမ်း'

'ထနီး....ထနိုး'

'အား....'

'အိုး....'

သံသံချင်း ထိခိုက်သော အသံများသည် ဟိန်းထွက်သွား လေတော့သည်။

အနက်ရောင်သိုင်းသမားတချို့မှာလည်း မြေပေါ်သို့ လဲကျ သွားလေသည်။

အနက်ရောင် သိုင်းသမားများကို ခေါင်းဆောင်လာသော လူမှာ ရွှေပင်လယ်စားသောက်ဆိုင်မှ လူထွားကြီးပင် ဖြစ်လေ သည်။အနက်ရောင်သိုင်းသမားများမှာ လူတစ်ရာနီးပါးမျှရှိလေ သည်။

'ဝိုင်းကြ....ဝိုင်းကြ'

'သတ်ကြ....သတ်ကြ၊ တစ်ယောက်မှ မလွတ်စေနဲ့'

လူထွားကြီး၏ အော်ဟစ် အမိန့်ပေးသံသည် ချောက်ဝှမ်း တစ်ခုလုံး ဟိန်းထွက်သွားလေသည်။





ချင်ဟွာ၏အထိန်းတော် အဘ အဖိုးသည်နှင့် မြင်းထဲသို့ လှသား တက်လိုက်ကာ သူမ၏တောင်ဝှေးကြီးဖြင့် ရန်သူများကို ပန်းကြဲ ခန်းလှဲသိုင်းကွက်ဖြင့် တရကြမ်း တိုက်ခိုက်လိုက်လေသည်။

'ဝိုး....ဝိုး....ဝိုး'

'ဖြောင်း....ဖြောင်း....ဖြောင်း'

'အား....'

'အိုး....'

အနက်ရောင် သိုင်းသမားများသည် အတုံးအရုံး လဲပြိုကျ သွားလေသည်။

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းနှင့် ချင်ဟွာတို့သည် လေထဲမှာပင် လွှား၍လွှား၍ ရန်သူများကို တိုက်ခိုက်ကြသည်။

'ဝိုး....ဝိုး....ဝိုး'

ရှည်လျားသော ကြိမ်ကြိုးကြီးများသည် လေထဲသို့ မြွေ ဟောက်များပမာထိုးခုန်တက်လာလျက် မြွေဟောက်၊မိကျောင်း နှင့် ဒေါင်းစိမ်းတို့ကို ရစ်ပတ်ဆွဲယူလိုက်ကြသည်။

မြွေဟောက်၊ မိကျောင်းနှင့် ဒေါင်းစိမ်းတို့သည် လေထဲတွင် ကျွမ်းများပစ်၍ ရှောင်တိမ်းလိုက်ကြသည်။

ထိုအချိန်မှာပင် လက်နက်ပုန်းများက သူတို့ဆီသို့ ဝင်လာကြပြန်လေသည်။

'ဝှစ် ဝှစ် ဝှစ်'

လက်နက်ပုန်းများသည် မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့ဆီသို့ ပြေးဝင်လာပြန်လေသည်။ ဓားများဖြင့် လက်နက်ပုန်းများကို ယမ်းထုတ်လိုက်ကြလေသည်။

'ချွမ်း ချွမ်း ချွမ်း'

လက်နက်ပုန်းများသည် အပြင်သို့ လွင့်ထွက်သွားသည်။

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် သိုင်းကွက်ပေါင်း နှစ်ဆယ်ကျော်အထိ တိုက်လာပြီးသည့်နောက် အနက်ရောင်သိုင်းသမားများသည် တောင်ပေါ်သို့ ပြေးထွက်သွားကြလေတော့သည်။

'အစ်ကိုကြီး....အစ်ကိုကြီး'





မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့တွင် မိကျောင်းမှာ ဒဏ်ရာရသွားခဲ့လေသည်။

'အစ်ကိုကြီး၊ ဘယ်လိုနေသေးသလဲ'

မိကျောင်းက

'ညီမလေး၊ အစ်ကိုကြီး နည်းနည်းပါးပါး ဒဏ်ရာရသွားတာပါ'

မိကျောင်းက ပြောလိုက်သဖြင့် မိန်းကလေးက သူ၏ဆေးများကို ထည့်ပြီး ပတ်တီးများကို စည်းပေးလိုက်သည်။

ထို့နောက် ချင်ဟွာနှင့် အထိန်းတော်ကြီးတို့သည် သူတို့အား ခေါ်၍ အတွင်းခန်းထဲသို့ ဝင်ရောက်သွားကြလေသည်။

■ ■ ■

ဟေမုန်ပင်လယ်အတွင်းရှိ အဂ်မာန်လူမျိုးတို့၏ နှစ်ပတ်လည် ပျော်ရွှင်ပွဲကြီးသည် ရောက်ရှိလာပြီဖြစ်သည်။

'ဒုံ ဒုံ ဒုံ ဗုံ ဗုံ ဗုံ'

အာမိမာန်လူမျိုးတို့၏ ပွဲတော်ကြီးသည် အလွန်ပင် စည်ကား လှလေသည်။

ထိုစဉ် သိုင်းဂိုဏ်းများမှ သိုင်းသမားများစွာကလည်း ဖော မုန်ပင်လယ်သို့ ရောက်ရှိလာကြလေသည်။

'ဒုံ ဒုံ ဒုံ ဗုံ ဗုံ ဗုံ'

ကျွန်းကြီးတစ်ကျွန်းလုံးသည် မီးများ ထိန်လင်းလျက် ရှိနေ သည်။ထိုအချိန်တွင် ထိုကျွန်းကြီး၏ အဆောက်အအုံကြီးတစ်ခု တွင် အနက်ရောင်သိုင်းသမားများ စုဝေးလျက် ရှိနေပေသည်။

'ဟား ဟား ဟား'

ရယ်မောသံကြီးနှင့်အတူ ထိုအဆောက်အအုံအတွင်းမှဝတ်ရုံ နက် လွှမ်းခြုံထားသော အဘိုးအိုသည် တဖြည်းဖြည်း ထွက် ပေါ်လာလေသည်။

လူပေါင်း နှစ်ရာခန့်ရှိသော အနက်ရောင် သိုင်းသမားများ သည် အဘိုးအိုအား အရိုအသေပြုလိုက်ကြလေသည်။

'ဟား ဟား ဟား'

အဘိုးအိုသည်





'ဟိတ်၊ မင်းတို့ မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့ အပြင် ချင်ဟွာဆိုတဲ့ ကလေးမတစ်ယောက် ပါလာလိမ့်မယ်၊ သူတို့ကို ဒီကျွန်းရောက်တာနဲ့ လုံးဝ ဖမ်းချုပ်ထားရမယ်၊ အခု ငါတို့ဟာ ဒီပင်လယ်ပြင်မှာ ကြီးစိုးထားတယ်ဆိုတာ မင်းတို့ သိတယ် မဟုတ်လား'

အနက်ရောင် သိုင်းသမားများသည် တစ်ပြိုင်တည်း အရို အသေ ပြုလျက်

'သိပါတယ်ဆရာကြီး၊ သိပါတယ်'

မိကျောင်း၊ မြွေဟောက်၊ ဒေါင်းစိမ်းတို့သည် ကျောက်ဖြူ ရိုက်ကွက်မှတစ်ဆင့် သူတို့တည်းခိုနေသော စားသောက်ဆိုင်သို့ အလျင်အမြန် ပြန်လာကြလေသည်။

အချိန်မှာ နေဝင်ချိန်ပင်ဖြစ်သည်။

သူတို့သုံးဦးသည် အရက်နှင့် စားစရာများကို မှာယူစားလိုက်ကြကာ အရက်များကို မအေးဆေးစွာ စားသောက်လျက်ရှိနေကြလေသည်။

ဤတွင် အဖြူရောင်အရုပ်ကလေးတစ်ရုပ်သည် ပြေးလွှားလာလျက် ဆိုင်အတွင်းသို့ ရောက်လာလေသည်။

အနီးသို့ ရောက်လာသောအခါတွင် သိုင်းအမျိုးသမီး ချင်ဟွာဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

'ညီမလေးချင်ဟွာ ဘယ်လိုကိစ္စရှိလို့ ရောက်လာသလဲ'

မြွေဟောက်က မေးလိုက်သည်။

'အစ်ကိုကြီး ရန်သူတွေက ကျွန်မတို့ ကျောက်ဖြူရဲတိုက်ကိုလာပြီး တိုက်ခိုက်နေပါတယ်၊ အစ်ကိုကြီးတို့အားလုံး လိုက်ခဲ့ကြပါဦး'

ထိုသို့ပြောကာ ချင်ဟွာသည် အလျင်အမြန် ပြေးထွက်သွားလေတော့သည်။

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် အလျင်အမြန် စားသောက်ပြီးနောက် ကျောက်ဖြူရဲတိုက်ဆီသို့ အလျင်အမြန် ပြေးလွှားကြလေသည်။





ကောင်းကင်ပြင်တွင် မိုးရိပ်များဖြင့် တရိပ်ရိပ် လွှမ်းလျက်ရှိနေလေသည်။

လေသည် တဟူးဟူး တိုးဝှေ့လျက်ရှိနေလေသည်။

ထိုအချိန်မှာပင် မြင်းစီးသမားတစ်စုတို့သည် နှင်းတံတိုင်းကြီးကို ထိုးဖောက်လျက် အလျင်အမြန် ဒုန်းစိုင်းလျက်လာနေသည်ကို တွေ့ရလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးသည် အဖြူရောင် နှင်းမြူများဖြင့် ဖုံးအုပ်လျက် ရှိနေသည်။

မြင်းစီးသမားတစ်စုတို့သည် ပကြားမီ မြစ်ကမ်းခြေရှိ ရွာကြီးတစ်ရွာသို့ ရောက်သွားကြလေသည်။

သူတို့သည် ပန်းကမ္ဘာဂိုဏ်းချုပ်ကြီး၏သမီးဖြစ်သော ဖေချင်နှင့်သိုင်းအမျိုးသမီးများဖြစ်ကြလေသည်။

သူတို့သည် အလျင်အမြန်ပင် လှေကြီးတစ်စင်းကို ငှားလျက် ခိုင်ဖုန်းမြို့သို့ သွားရောက်ရန်အတွက် နံနက်စောစောတွင် ထွက်ခွာလာကြလေသသည်။

ထိုအချိန်တွင် အသံကြီးလစ်သံကို ကြားလိုက်ရလေသည်။

'ဟေ့ ဟိုလှေကြီး ကမ်းနားကိုကပ်စမ်း'

ပန်းကမ္ဘာဂိုဏ်းချုပ်ကြီး၏ သမီးဖြစ်သော ဖေ့ချင်သည် လှေသူကြီးအား ပြောလိုက်သည်။

'ဆက်ပြီးတော့ သွားစရာရှိတာ သွားပါ၊ ဘယ်သူ ဘာပဲပြောပြော အခရေးမစိုက်နဲ့ သွားစရာရှိတာသွားပါ'

လှေသူကြီးသည် ဆက်လက်၍ ယန်စီမြစ်ကြီး၏ အောက်သို့ ဆက်လက်၍သွားလေသည်။

ယင်းအချိန်မှာပင် အသံများကို ဆက်လက်၍ ကြားလိုက်ရပြန်လေသည်။

'ဟိတ် ဟိုလှေကြီး ကမ်းနားကို မကပ်သေးဘူးလား'

ထိုအသံသည် မြေပြင်တစ်ခုလုံးတွင် ဟိန်းထွက်သွားလေတော့သည်။

တစ်ချိန်တည်းမှာပင် ရေပြင်ကို မြေပြင်ကဲ့သို့ ပြေးလွှားလာသော လူတစ်စုကို တွေ့လိုက်ရလေသည်။

သူတို့၏ခြေထောက်များသည် ရေပြင်ထဲတွင် ကျွံဝင်မသွားဘဲ ရှေ့သို့သာ ဆက်၍ ပြေးလွှားလာနေကြလေသည်။





လှေကြီးဆီမှ အမျိုးသမီးသိုင်းသမားတစ်စုတို့သည် လှေအပြင်သို့ ထွက်ကာ ပြေးလွှားလာသော သိုင်းသမားတစ်စုအား အံ့ဩထိတ်လန့်စွာဖြင့် ကြည့်လိုက်ကြလေသည်။

'ဝုန်း'

ရေပြင်ပေါ်မှ ပြေးလွှားလာသော အနက်ရောင် သိုင်းသမားတစ်စုတို့သည် လှေပေါ်တွင်ရှိသော ပန်းကမ္ဘာသိုင်းအမျိုးသမီးတို့အား ခုန်လွှားတိုက်ခိုက်ကြလေသည်။

ပန်းကမ္ဘာ သိုင်းအမျိုးသမီးတို့သည် နောက်ကျမ်းပစ်ကာ ဆုတ်ခွာလိုက်ကြပြီး လှေကြီး၏ ကုန်းပတ်ပေါ်တွင် လိမ့်ကာ အနက်ရောင်သိုင်းသမားများကို တစ်ပြိုင်တည်း တိုက်ခိုက်လိုက်ကြလေသည်။

'ချွမ်း ချွမ်း'

'ထန်း ထန်း'

'အား'

'အိုး'

အနက်ရောင်သိုင်းသမားတစ်စုတို့သည် ကုန်းပတ်ပေါ်တွင် ဝုန်းဝုန်း လဲကျသွားကြလေသည်။

'ဝုန်း'

'ဗွမ်း'

အနက်ရောင်သိုင်းသမားများသည် ပန်းကမ္ဘာ သိုင်းသူများ တို့၏တိုက်ခိုက်မှုကြောင့် ရေထဲသို့ လွင့်စဉ် ထွက်သွားကြလေ သည်။

လာရောက် တိုက်ခိုက်သူများမှာ အနက်ရောင် သိုင်း သမားဆယ်ဦးဖြစ်သည်။

မိုးချုပ်ချိန်လောက်တွင် မြို့ကြီးတစ်မြို့ဖြစ်သော ချီအန်မြို့ ကြီးဆီသို့ ရောက်လာကြလေသည်။

အချိန်မှာ နေဝင်စပင် ဖြစ်လေသည်။

ပန်းကမ္ဘာ ဂိုဏ်းချုပ်ကြီး၏သမီးဖြစ်သော ဖေ့ချင်က ခေါင်းဆောင်လျက် မြို့ပေါ်သို့ တက်လာခဲ့ကြလေသည်။

တစ်ချိန်တည်းမှာပင် အပြာရောင်ဝတ်စုံ သိုင်းသမားတစ်စု တို့သည် လမ်းပေါ်တွင် ရုတ်တရက် တွေ့မြင်လိုက်ရသည့် ဖေ့ချင်ကို....

'ညီမလေး ညီမလေး၊ အစ်ကိုကြီးတို့ကို မှတ်မိသေးရဲ့ လား'





ဖေ့ချင်က....

'ကျွန်မကတော့ ရှင်တို့ကို လုံးဝမသိဘူး'

ဖေ့ချင်ကို လာရောက်နှုတ်ဆက်လိုက်သော သိုင်းသမား တစ်စုမှာ ချီအန်မြို့တွင်ရှိသော လူဆိုး သိုင်းသမားတစ်စုပင် ဖြစ်သည်။

'ညီမလေးတို့က အခုဘယ်သွားမှာလဲ'

'ဘယ်သွားသွား ရှင်တို့နဲ့ ဆိုင်သလား'

'ဟား ဟား....ဟား ဟား'

ထိုလူဆိုးတစ်စု၏ခေါင်းဆောင်က ရယ်မောလိုက်ကာ ဖေ့ ချင်၏လက်ကို လျှပ်တစ်ပြက် ဆွဲယူလိုက်လေသည်။

'ဝုန်း'

'အား'

ဖေ့ချင်အား ဆွဲယူလိုက်သော လူဆိုးမှာ ရုတ်တရက် မြေ ပေါ်သို့ လိမ့်ထွက်သွားလေသည်။

ဤတွင် ကျန်ရှိသော လူဆိုးများသည် ဖေ့ချင်တို့အား ဝိုင်း တိုက်ခိုက်ကြလေသည်။

'ဖြောင်း ဖြောင်း'

'ဝုန်း'

'အား'

လူဆိုးများသည် မြေပေါ်သို့ လဲကျသွားကာ မိန်းကလေးများ၏ သိုင်းပညာကျွမ်းကျင်မှုကိုသိကာ မတိုက်ခိုက်ရဲတော့ဘဲ ထွက်ပြေးသွားကြလေတော့သည်။

ဖေ့ချင်နှင့် သူ၏ကိုယ်ရံတော် သိုင်းအမျိုးသမီး နှစ်ဆယ်တို့သည် စားသောက်ဆိုင်ကြီးတစ်ဆိုင်သို့ ဝင်ရောက်ကာ အစားအသောက်များကို မှာယူစားသောက်လိုက်ကြလေသည်။

ထိုစဉ် ဆိုင်အတွင်းသို့ အဘိုးအိုတစ်ဦး ဝင်ရောက်လာလေသည်။

အဘိုးအိုသည် ဝတ်ရုံစိမ်းကြီးကို ဝတ်ထားလျက် သူ၏မျက်နှာမှာ ငှက်တစ်ကောင်ကဲ့သို့ ရှိနေလေသည်။

အဘိုးအိုသည် ဖေ့ချင်တို့၏စားပွဲသို့ လျှပ်တစ်ပြက် ဝင်ရောက်လာကာ ရုတ်တရက် ဖေ့ချင်ကို အရိုအသေပေးလိုက်လေသည်။

ဖေ့ချင်က....





'အလို ရွှေငှက်တော်ဘဘပါလား'

ရွှေငှက်တော် အဘိုးအိုဆိုသူက....

'ဘဘ သမီးတို့နောက်ကို လိုက်လာခဲ့တာ၊ အင်မတန်အရေးကြီးနေတယ်'

ဖေ့ချင်က....

'နောက်မှပြောတာပေါ့၊ တစ်ခုခု စားသောက်လိုက်ပါဦး'

ရွှေငှက်တော်အဘိုးအိုဆိုသူက....

'ဘဘ မစားတော့ဘူး၊ အဆိပ်ဖြေဆေးရှိရင် ပေးလိုက်ပါ၊ ဘဘ ပြန်သွားမယ်'

ဖေ့ချင်က....

'ဖေဖေ ဘယ်လိုနေသေးသလဲ'

'သခင်ကြီးဟာ အခြေအနေ အတော်ဆိုးနေတယ်၊ ဒါကြောင့် ဘဘကို ထင်ပြီး လွှတ်လိုက်တာပဲ'

'ဒီလိုဆိုရင် ဘဘပဲ ဒီအဆိပ်ဖြေဆေးကို ယူသွားပါ၊ သမီးတို့က လမ်းမှာကြာဦးမယ်၊ အရေးကြီးတဲ့ကိစ္စတစ်ခုနဲ့ သွားရဦးမယ်'

ထိုသို့ ဖေ့ချင်ကပြော သူမ၏အိတ်ထဲမှ အနီရောင် ဆေးပုလင်းတစ်လုံးကို ထုတ်ယူပြီး အဘိုးအိုအား ပေးလိုက်လေသည်။

အဘိုးအိုသည် ဆေးပုလင်းကို အိတ်ထဲထည့်လိုက်ကာ....

'သမီးတို့က ဘယ်သွားဦးမှာလဲ'

ဖေ့ချင်က....

'ဘဘရောက်လာမှတော့ သမီးဆီက ဆေးပုလင်း ယူသွားပြီး အမြန်ဆုံးတိုက်လိုက်ပါ၊ ချက်ချင်း သက်သာသွားမှာပဲ၊ မေဖေရဲ့ ရန်သူကိုလဲ သမီးတို့သမ်းမှာ တိုက်ခိုက်ခဲ့ဘယ်လို့ပြောလိုက်ပါ၊ အခုချင်တိုင်းပြည်နယ်ကို လမ်းကြုံသို့ ဝင်သွားပါရစေ'

အဘိုးသည် နောက်ထပ်မပြောတော့ဘဲ ခေါင်းညိတ်လျက် လှစ်ခနဲ ပြေးထွက်သွားလေတော့သည်။

ပန်းကမ္ဘာသိုင်းဂိုဏ်းကြီးတွင် ရှေ့ငှက်တော် အဘိုးအိုသည် ဂိုဏ်းချုပ်ကြီး၏ ခြေမြန်တော်တစ်ဦးပင်ဖြစ်သည်။

သူသည် မိုင်ပေါင်းများစွာကို အလျင်အမြန်ပြေးသွားနိုင်သူ ဖြစ်သည်။





ယခုလည်း ဆိုင်အတွင်းမှ ပြေးထွက်သွားတာ လေထဲသို့ ခုန်တက်သွားသည်မှာ ငှက်တစ်ကောင် ပျံသွားသည်နှင့်မခြား မြန်ဆန်လှလေတော့သည်။

## အခန်း (၂၃)

လေသည် တဟူးဟူးတိုက်ခိုက်လျက် ရှိနေလေသည်။

လေနှင့်အတူ သစ်ရွက်သစ်ခက်များသည် တဖွဲဖွဲ ကြွေလွင့်လျက်ရှိနေကြလေသည်။

ထိုအချိန်တွင် ဟောမုန်ပင်လယ်ကမ်းခြေတွင် ဝေးသံများသည် ဆူညံလျက် ရှိနေလေသည်။

အနက်ရောင်သိုင်းသမားအင်စုတို့သည် ဟောမုန်ပင်လယ်၏ ကမ်းခြေအတိုင်း ပြေးထွက်သွားကြလေသည်။

မြေဖြှောက်၊ မိခကျောင်း၊ ဒေါင်းစိမ်းတို့သည် သစ်တောအုပ်ထဲမှ ခုန်ဆင်းလာကာ ရှေ့သို့ပြေးထွက်လာကြလေသည်။





သူတို့နှင့်အတူ သမျိုးသမီးနှစ်ဦးတို့သည် နောက်မှ ပါရှိလာလေသည်။

တစ်ဦးမှာ ကျောက်ဖြူရဲတိုက်မှ ချင်ဟွာနှင့် သူ၏ အထိန်းတော်ကြီးဖြစ်လေသည်။

ကျောက်ဖြူရဲတိုက်သို့ လာရောက်တိုက်ခိုက်ကြသော အနက်ရောင်ဝတ် သိုင်းသမားများမှာ မည်သည့်ဂိုဏ်းမှဟူ၍ မသိပေ။

အချိန်မှာ နေ့လယ်ချိန်ပင်ဖြစ်သည်။

မြေဖြှောက်၊ မိခကျောင်း၊ ဒေါင်းစိမ်းတို့က ချင်ဟွာနှင့် အထိန်းတော်ကြီးတို့အား နှုတ်ဆက်လိုက်ကြသည်။

'ကျွန်တော်တို့ကို သွားခွင့်ပြုပါဦး'

မြေဖြှောက်၊ ဒေါင်းစိမ်းနှင့်မိကျောင်းတို့က အထိန်းတော်ကြီးကို ပြောလိုက်လေသည်။

အထိန်းတော်ကြီးက....

'မင်းတို့ ဘယ်ပြန်မှာလဲ'

'ကျွန်တော်တို့ တည်းခိုနေတဲ့ စားသောက်ဆိုင်ကို ပြန်သွားမှာပါ'

အဘွားအိုက....

'ဒီလိုဆိုရင် မနက်ဖြန်တစ်ခေါက် လာကြဦးပေါ့'

ချင်ဟွာက....

'ဟုတ်တယ်အစ်ကို၊ ကျွန်မတို့ဆီကို ဒုတိယတစ်ခေါက် လာလည်ပါဦး'

မြှေဟောက်၊ ဒေါင်းစိမ်းနှင့်မိကျောင်းတို့က ကတိပေးလိုက်လေသည်။

ထိုနောက် သူတို့သုံးဦးသည် ချင်ဟွာတို့ကို နှုတ်ဆက်လျက် အီမာန်ရွာဆီသို့ ပြန်လည်လာခဲ့ကြလေသည်။

သူတို့တည်းခိုနေသော စားသောက်ဆိုင်ကြီးမှာ ရွှေပင်လယ်စားသောက်ဆိုင်နှင့် နှစ်ဆိုင်ကျော်တွင်ရှိလေသည်။

ထိုနေ့ညတွင် အီမာန်လူမျိုးတို့သည် ဝတ်ကောင်းစားသစ်များဖြင့် တစ်ရွာလုံး ထွက်လာကြကာ ဟောမုန်ပင်လယ် အလယ်ရှိ ကျွန်းကြီးဆီသို့ သွားနေကြသည်ကို တွေ့လိုက်ရလေသည်။

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် အီမာန်လူမျိုးတို့၏ပွဲတော်ကျင်းပရာဖြစ်သည့် ကျွန်းကြီးဆီသို့ သွားရန်ပြင်ဆင်လိုက်ကြလေသည်။





မြွေဟောက်က....

'ညီလေးတို့ သူတို့ရဲ့ပွဲတော်ကို လိုက်ကြည့်ရင် မကောင်းဘူးလား'

မိကျောင်း၊ ဒေါင်းစိမ်းတို့က ခေါင်းညိတ်လျက်....

'ကျွန်တော်တို့လဲ သိပ်စိတ်ဝင်စားတာပဲ'

'ဒီလိုဆိုရင် ထို့သုံးယောက် သွားကြတာပေါ့'

သူတို့သုံးယောက်သည် ညစာစားသောက်ပြီးသည်နှင့် အီမာန်လူမျိုးတို့၏ပွဲတော်ကျင်းပရာ ကျွန်းကြီးဆီသို့ ထွက်လာခဲ့ကြလေသည်။

ထိုနေရာမှာ ကျွန်းကြီး၏အလယ်ရှိသော ရွာကြီးတစ်ရွာကင် အီမာန်လူမျိုးတို့၏ပွဲတော်ကျင်းပနေခြင်းဖြစ်သည်။

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် ပင်လယ်ပြင်တွင် ထိုးထားသော တံတားအတိုင်း ထိုကျွန်းကြီးဆီသို့ ပြေးလွှားလာကြလေသည်။

အချိန်မှာ မိုးချုပ်ချိန်ပင်ဖြစ်သည်။

ကျွန်းကြီးတစ်ကျွန်းလုံးမှာ မီးရောင်များဖြင့် ထိန်ထိန်လင်းလျက်ရှိနေလေသည်။

ဆိုင်းသံဗုံသံများကလည်း ဆူညံလျက်ရှိသည်။

ဒေါင်းစိမ်းတို့သည် ကျွန်းကြီးပေါ်တွင် လှည့်ပတ်သွားလာလျက် ပွဲတော်ကျင်းပရာဆီသို့ လာခဲ့ကြသည်။

သူတို့သုံးဦးမှာ လူစိမ်းများဖြစ်ကြသည့်အတိုင်း အီမာန်လူမျိုးတို့သည် ဟိုကကြည့် သည်ကကြည့်ဖြင့် ဝိုင်းဝန်းကြည့်လျက် ရှိနေကြလေသည်။

အီမာန်လူမျိုး၊ အမျိုးသမီးနှင့် အီမာန်အမျိုးသားတို့သည် လက်ချင်းတွဲကာ ကွက်လပ်ကြီးထဲတွင် ကခုန်လျက် ရှိနေကြလေသည်။

ပွဲတော်ကြီးကြပ်ရေး အီမာန်လူကြီးများသည် မြွေဟောက် မိကျောင်း ဒေါင်းစိမ်းတို့အား လာရောက်ကြိုဆို ခေါ်ဝင်သွားကြသည်။

'ကျုပ်တို့ ပွဲတော်ကြီးကို လာတဲ့ မိတ်ဆွေများကို အထူးဧည့်သည်တော်အဖြစ် ဧည့်ခံပါတယ်'

အီမာန်လူကြီးသည် သူတို့သုံးဦးအား ကွက်လပ်ကြီးထဲတွင် ရှိသော ထိုင်ခုံများ၌ နေရာချထားပေးလိုက်လေသည်။





ပွဲတော်ကြီးကြပ်ရေး အီမာန်လူမျိုး အဘိုးအိုတစ်ဦးက....

'ဧည့်သည်တော်များ ပါဝင်ပြီး ကခုန်နိုင်ပါတယ်၊ ကျွန်တော်တို့ ပွဲတော်မှာ အရေးကြီးတဲ့ ဒေါင်းဖမ်းပွဲတစ်ခုကို ကျင်းပပါလိမ့်မယ်၊ လူကြီးများထဲမှ စိတ်ဝင်စားသူများက ဒေါင်းဖမ်းပွဲကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါတယ်'

အီမာန်အမျိုးသမီးများက အရက်နှင့် စားစရာများကို သူတို့ရှေ့သို့ လာရောက်ချပေးလိုက်လေသည်။

ထိုအချိန်တွင်....

ဆိုင်းသံဗုံသံများက ဆူညံလျက် ရှိနေသည်။

အီမာန်လူမျိုး အတီးအမှုတ်သမားများသည် ဗုံတိုများနှင့် ကြေးမောင်းများ ပလွေများကို တီးကာ သီချင်းဆိုသူများက ဆိုလျက် ရှိနေကြလေသည်။

အီမာန်လူမျိုး အမျိုးသမီးနှင့် အမျိုးသားများသည် တစ်ဦးနှင့်တစ်ဦး တွဲကနေရာက အလျင်အမြန်ပင် အမှောင်ရိပ်ထဲသို့ ပြေးထွက်သွားကြသည်။

ထိုစဉ်....

အီမာန် လူပျိုဖြူ တစ်စုသည် မြင်းများကိုဆွဲ၍ ယူလာကြလေသည်။

ထို့နောက်....

အီမာန် လုပျိုဖြူများ ဝိုင်းလျက် အမျိုးသမီးတစ်ဦးအား ခေါ်ဆောင်လာသည်ကို တွေ့ကြရလေသည်။

မြှေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့က ကြည့်လိုက်သောအခါတွင် ထိုအမျိုးသမီးမှာ ချင်ဟွာဖြစ်နေသည်ကို တွေ့လိုက်ကြရလေသည်။

ချင်ဟွာကို အစားအသောက်များဖြင့် ဧည့်ခံကျွေးလျက်ရှိနေလေသည်။

'ချန်း....ချန်း....ချန်း....'

အချက်ပေး ကြေးလင်ပန်းများ တီးသံသည် ပေါ်ထွက်လာလေသည်။

အီမာန်အဘိုးအိုးတစ်ဦးသည် ရှေ့သို့ထွက်လာပြီး ပြောဆိုလိုက်လေသည်။

'ယခုအချိန်ကစပြီး ဒေါင်းစိမ်းပွဲကို ကျင်းပပါတော့မယ် ဒေါင်းဖမ်းပွဲကို ဝင်ရောက်ယှဉ်ပြိုင်သူများ အမြန်ဆုံး ရှေ့ကို ထွက်လာကြပါ'

ထိုအချိန်တွင် အီမာန် လူငယ်နှစ်ဆယ်တို့သည် စုန့်ခန့်ထ၍ ရှေ့သို့ ပြေးထွက်လာကြလေသည်။





ပွဲတော်ကျင်းပရေး လူကြီးမျိုးအနက် အဘိုးအိုတစ်ဦးက မြှေဟောက်တို့ထံသို့ ထလာပြီး....

'လူကြီးများရော ဒေါင်းဖမ်းပွဲကို ပါဝင် ယှဉ်ပြိုင်မယ် မဟုတ်လား'

မြှေဟောက်က....

'ဒေါင်းဖမ်းပွဲဆိုတာ ဘာလဲ'

'ဒေါင်းဖမ်းပွဲဆိုတာ ကျွန်တော်တို့လူမျိုး အဓိကထားတဲ့ ဒေါင်းနှစ်ကောင်ကို လည်ပင်းမှာ ဆွဲလည်းများ ဆွဲထားပါတယ်၊ ဒီဒေါင်းကို တောနက်ထဲမှာ သွားပြီးထားပါမယ်၊ ဒီဒေါင်းကို ပထမဆုံး ဖမ်းမိသူဟာ အီမာန်လူမျိုးတို့ရဲ့ ဒေါင်းဆုကို ရပါလိမ့်မယ်၊ ဒါပေမယ့် ဒီဒေါင်းကို အရှင်ဖမ်းရပါလိမ့်မယ်'

မြှေဟောက်က....

'ကောင်းပြီ၊ ကျုပ်တို့လဲ ပါဝင်ယှဉ်ပြိုင်မယ်'

ထို့နောက်....

သူတို့သုံးဦးအတွက် မြင်းသုံးကောင်ကို အီမာန်လူငယ်များက ယူဆောင်လာကြသည်။

ထိုအချိန်တွင်....

အာမာန်အမျိုးသမီးများ စိုင်းရံလျက် ချင်ဟွာကလည်း ပေါ်ထွက်လာသည်။

သူမလည်း ဒေါင်းဖမ်းပွဲကို ပါဝင်ယှဉ်ပြိုင်ရန်အတွက် ထွက်လာခြင်းဖြစ်သည်။

မြေဟောက် မိကျောင်း၊ ဒေါင်းစိမ်းတို့သည် ချင်ဟွာကို မြင်း၍ ပြုံးလိုက်ကြသည်။

ချင်ဟွာက သူတို့ကို မသိသည့်အလား၊ ခပ်တည်တည်ပင် နေလျက် ရှိနေလေသည်။

အာမာန်လူငယ်နှစ်ဆယ်တို့လည်း မြင်းများပေါ်ကို အသီးသီး ရောက်လျက် ရှိနေကြသည်။

တာထွက်သော ဒိုင်လုပ်သူ အာမာန်အဘိုးအိုက ရှေ့တွင် ထားထားသည့် ကြိုးကို ဓားဖြင့် ခုတ်လိုက်သည်။

ဒုံ....ဒုံ....ဒုံ

ရုတ်တရက် အချက်ပေးစည်သံများလည်း ပေါ်ထွက်လာလေသည်။





မြေဟောက် မိကျောင်း၊ ဒေါင်းစိမ်းတို့သည် အာမာန်လူငယ်များနှင့်အတူ မြင်းများကိုစီး၍ ထွက်လာခဲ့ကြသည်။

အာမာန်လူငယ်များသည် သစ်တောကြီးအတွင်းတွင် အုပ်စုသုံးစုခွဲ၍ ထွက်သွားလေရာ မြေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့ကလည်း သုံးနေရာခွဲ၍ မြင်းစီးကာ တောအတွင်းသို့ ဝင်ရောက်လာကြသည်။

ဒေါင်းစိမ်းမှာ သူ၏ မြင်းကို အလျင်အမြန် နှင်ရင်းက အာမာန်လူငယ်များ၏ ရှေ့သို့ ရောက်လာလေသည်။

အာမာန်လူငယ်များနှင့် သူသည် အတော်ပင် ဝေးကွာရာ တောအတွင်းသို့ တဖြည်းဖြည်း ဝင်ရောက်လာခဲ့၍လေ၏။

'ချွင်....ချွင်'

'ချွင်. ချွင်'

တောကြီးအတွင်းတွင် ဆွဲလည်းသံများကို ကြားလိုက်ရသောသည်။

ဒေါင်းစိမ်းသည် ဆွဲလည်းသံကြားရာဆီသို့ မြင်းကိုနှင်ခဲ့ရာ သူ့ရှေ့တွင် အဖြူရောင် လူရိပ်တစ်ရိပ်သည် လေထဲသို့ ထိုးတက်သွားသည်ကို တွေ့လိုက်ရ၏။

'ချွင်....ချွင်'

'ချွင်....ချွင်'

ဆွဲလည်းသံသည် ဟိုမှဒီမှ ပေါ်ထွက်လာသည်ကို ကြားလိုက်ရပြန်လေ၏။

ဆွဲလည်းသံကြားရာဆီသို့ ဒေါင်းစိမ်းက ကြည့်လိုက်သောအခါ ဒေါင်းတစ်ကောင်သည် သစ်ပင်တစ်ပင်မှ တစ်ပင်သို့ ပျံလွှားသွားသည်ကို တွေ့လိုက်ရလေသည်။

'ဖြန်း....ဖြန်း....ဖြန်း'

တောင်ပံခတ်သံများက ပေါ်ထွက်လာလေ၏။

ဒေါင်းစိမ်းသည် အိမ္မာန်လူမျိုးတို့၏ အထိမ်းအမှတ်ဖြစ်သော ဒေါင်းပင်ဖြစ်ရမည်ဟု ယုံကြည်ကာ လေထဲသို့ လွှား၍တက်သွားလေသည်။

သူသည် ဒေါင်းနားနေသော သစ်ပင်ထိပ်ဖျားသို့ ရောက်လုလု အချိန်တွင် အဖြူရောင် လူရိပ်သည် ထိုးတက်လာကာ ထိုဒေါင်းကို ဖမ်းလိုက်၏။

ဒေါင်းသည် အခြားသစ်ပင်တစ်ပင်ဆီသို့ ပျံထွက်သွားပြန်လေသည်။





ဒေါင်းစိမ်းနှင့် ထိုအဖြူရောင် လူရိပ်တို့သည် ဒေါင်းပျံသွားရာ သစ်ပင်ဆီသို့ လျှပ်တစ်ပြက် ခုန်လွှား လိုက်သွားကြပြန်သည်။

'ဝုန်း....'

ဒေါင်းနားနေသော သစ်ပင်ဆီသို့ ရောက်သည်နှင့် တစ်ပြိုင်တည်း အဖြူရောင်လူရိပ်သည် ဒေါင်းစိမ်းအား လျှပ်တစ်ပြက် ရိုက်ချလိုက်လေသည်။

ဒေါင်းစိမ်းက ရှောင်ပေးလိုက်ပြီး သစ်ကိုင်းထိပ်ဖျားတွင် နားနေသော ငွေဆွဲလည်းနှင့် ဒေါင်းကလေးကို လျင်မြန်စွာ ဖမ်းယူလိုက်လေသည်။

ထိုကဲ့သို့ပင် အဖြူရောင်လူရိပ်သည်လည်း ထိုဒေါင်းကလေးကို ဖမ်းယူလိုက်ပြန်လေသည်။

သူတို့နှစ်ဦးသည် ဒေါင်းကလေးကို ဖမ်းလိုက်သည်မှာ တစ်ပြိုင်တည်းပင်ဖြစ်ကြလေသည်။

သူတို့နှစ်ဦးသည် ဒေါင်းကလေးကိုင်၍ မြေပေါ်သို့ လွှားဆင်းလာကြလေသည်။

အဖြူရောင်လူရိပ်မှာ မိန်းကလေးတစ်ဦးပင် ဖြစ်လေ သည်။ သူမ၏မျက်နှာမှာ ချင်ပွှာနှင့် အသားပင်တူလေသည်။

မိန်းမချောလေးက....

'ဒီဒေါင်းလေးဟာ ကျွန်မရတဲ့ ဒေါင်းကလေး၊ ရှင်နဲ့ ဘာမှ မဆိုင်ဘူး'

ဒေါင်းစိမ်းကလည်း....

'မဟုတ်ဘူး မိန်းကလေး၊ ဒါ ကျုပ်ကိုယ်တိုင် ဖမ်းယူလိုက်တဲ့ ဒေါင်းလေးဖြစ်တယ်၊ ကျုပ်ဖမ်းပြီးမှ မင်းရောက်လာတာပဲ'

မိန်းမချောလေးက....

'ရှင် ဒီလိုမပြောနဲ့၊ ဒီဒေါင်းကို ကျွန်မ ဖထမဆုံးတွေ့တာပဲ'

ဒေါင်းစိမ်းက....

'မင်းနဲ့ငါ အတူတူဒီဒေါင်းလေးကို ကိုင်မိကြတာပဲ၊ အဲဒီတော့ ဒီဒေါင်းကလေးကို တစ်ယောက်တစ်ဝက်စီ ဆိုင်တယ်'

'မဟုတ်ဘူး၊ ကျွန်မနဲ့ပဲ ဆိုင်တာ'

'မဟုတ်ဘူးမိန်းလေး၊ ကျုပ် ဒီဒေါင်းကို တစ်ဝက်ဆိုင်တယ်'





'ရှင် စကားမများနဲ့၊ ရှင် သတ္တိရှိရင် ခေါးကိုထုတ်လိုက်စမ်းပါ'

'ဟား ဟား ဟား....ငါ မင်းကို မတိုက်ခိုက်ချင်ပါဘူး'

'ကျွန်မကိုနိုင်ရင် ဒီဒေါင်းကိုယူသွားပေတော့၊ ရှင် ရှုံးရင် ဒီဒေါင်းကို ကျွန်မယူမယ်'

မိန်းမချောလေးသည် သူမ၏ဓားကို လျှပ်တစ်ပြက် ဆွဲထုတ်လိုက်လေသည်။

'ရှမ်း'

ဒေါင်းစိမ်းကလည်း သူ၏ဓားကို ဆွဲထုတ်လိုက်ရလေသည်။

'ယား'

မိန်းကလေးသည် အော်ဟစ်ကာ ဒေါင်းစိမ်းကို စတင်တိုက်ခိုက်လိုက်လေသည်။

'ချွမ်း'

'ချွမ်း ချွမ်း....ချွမ်း ချွမ်း'

ဒေါင်းစိမ်းနှင့်မိန်းမချောလေးတို့သည် အပြန်အလှန်တိုက်ခိုက်လျက်ရှိနေကြလေသည်။

မိန်းကလေး၏သိုင်းကွက်များမှာ အတော်ပင် အဆင့်မြင့်လှပေသည်။

သူ၏ခါးစက်ဝိုင်းကြီးသည် ဒေါင်းစိမ်း၏ ကိုယ်ပေါ်သို့ လွှမ်းခြုံကျသွားလေသည်။

'ချွမ်း ချွမ်း'

'ချွမ်း ချွမ်း'

ဒေါင်းစိမ်းသည် သူ၏ဓားဖြင့် ဆီးခံလိုက်ကာ လေထဲသို့ လွှားတက်သွားလေသည်။

အမှန်တော့ ဒေါင်းစိမ်းမှာ သူ၏သိုင်းကွက်များကို အစွမ်းကုန် မတိုက်ဘဲ မိန်းမချောလေး၏ တိုက်ခိုက်ခြင်းများကို ခုခံတိုက်ခိုက်နေခြင်းသာ ဖြစ်သည်။

သိုင်းကွက်ပေါင်း ငါးဆယ်ကျော်လာသည်နှင့် ဒေါင်းစိမ်းသည် သူ၏ထိုးစစ်ကို စတင်တိုက်ခိုက်လေသည်။

'ယား'





'ချွမ်း ချွမ်း ချွမ်း'

ဒေါင်းစိမ်း၏သိုင်းကွက်များသည် အင်မတန်မှ ပြင်းထန်လှပေသည်။

မိုးကြိုးသိုင်းသမားကြီး၏ သင်ကြားလိုက်သော သိုင်းကွက်များနှင့် နဂါးတောင်ဘိုးတို၏ သိုင်းကွက်များကိုပေါင်းကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

ဓားရောင်များသည် ပြိုးပြိုးပြက်ပြက် လက်လျက်ရှိနေသေးသည်။

သိုင်းကွက်ပေါင်းတစ်ရာကျော်လာသည်နှင့် တစ်ပြိုင်တည်း မိန်းမချောကလေးမှာ နောက်သို့ တဖြည်းဖြည်း ဆုတ်ခွာသွားလေသည်။

ထိုအချိန်မှာပင် ဒေါင်းစိမ်းသည် သူ၏ဓားကို ဓားအိမ်ထဲ ပြန်သွင်းကာ မိန်းမချောလေးကို အရိုအသေပေးလိုက်လေသည်။

'ဒီမှာမိန်းကလေး၊ မင်းရဲ့သိုင်းပညာတွေဟာ အင်မတန်မှ အဆင့်မြင့်လှပါတယ်၊ ဒီပွဲမှာ အစ်ကိုကပဲ အရှုံးပေးလိုက်ပါတယ်၊ ညီမလေး ဒီဒေါင်းကိုယူသွားပေတော့

'ဖြောင်း ဖြောင်း ဖြောင်း'

'အာ အာ ဟော ဟော....'

ရုတ်တရက် သစ်တောအုပ်ထဲမှ အိမ်ခြံမ်န် လူကြီးလူငယ်များသည် ပြေးထွက်လာကြလေသည်။

သူတို့သည် လက်ခုတ်များကို တီး၍ အော်ဟစ် ချီးကျူးနေကြလေသည်။

မိန်းမချောကလေးက ဒေါင်းစိမ်းကို ပထမဆုံး အပြုံးလေးဖြင့် ပြောလိုက်၏။

'ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ဒီဒေါင်းကလေးဟာ ကျွန်မချည်းပဲ မဆိုင်ပါဘူး၊ ရှင်နဲ့လဲ ဆိုင်တဲ့အတွက် ဆုရရင် တစ်ယောက်တစ်ဝက် ယူကြတာပေါ့'

ဒေါင်းစိမ်းက....

'မိန်းကလေး အစ်ကိုမလိုချင်ပါဘူး၊ အစ်ကိုက အပျော်ဝင်ပြိုင်တာပါ၊ ကဲ သွားကြစို့'

မိန်းကလေးသည် ဒေါင်းကလေးကိုပိုက်လျက် အလျင်အမြန် ပြေးထွက်သွားလေသည်။





အိမ်မာန်လူချီးတို့ကလည်း လက်ခုပ်များတီး၍ နောက်မှ လိုက်သွားကြလေသည်။

ဒေါင်းစိမ်းသည် သူ့မြင်းပေါ်သို့တက်၍ ပြန်လာခဲ့လေသည်။

လမ်းတွင် အစ်ကိုများဖြစ်သော မြွေဟောက်၊ မိကျောင်းတို့နှင့် ပြန်လည်ဆုံမိကြလေသည်။

ဒေါင်းစိမ်းက အဖြစ်အပျက် အတိုချုံး၍ ပြောပြလိုက်လေသည်။

မြွေဟောက်က....

'ညီလေးရဲ့သဘောထားက အလွန်ကောင်းပါတယ်၊ ဆုလဲ မလိုချင်ပါနဲ့တော့၊ ပြန်တာကောင်းပါလိမ့်မယ်'

မိကျောင်းက....

'ဟုတ်တယ် အစ်ကိုကြီး၊ မိန်းကလေးပဲ ဆုယူပါစေတော့'

ဒေါင်းစိမ်းကလည်း ခေါင်းညိတ်ကာ သဘောတူလိုက်သည်။

အချိန်မှာ မိုးလင်းကာနီးပင် ဖြစ်သည်။

သူတို့သုံးဦးသည် ပွဲတော်ကျင်းပရာဆီသို့ မသွားတော့ဘဲ ဟောမှန်ပင်လယ်၏ တစ်ဘက်ကမ်းခြေ တည်းခိုဆိုင်သို့ ပြန်လည်လာခဲ့ကြလေတော့သည်။

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် နံနက်ခင်း နေခြည်များ ဝင်လာသည်နှင့် နံနက်စာကို အလျင်အမြန် စားသောက်လိုက်ကြကာ နဂါးကျောက်ဆောင်များဆီသို့ မြင်းများကိုစီး၍ ထွက်လာခဲ့ကြလေသည်။

ပင်လယ်လေသည် တဟူးဟူးတိုးဝှေ့ကာ ပင်လယ်လှိုင်းလုံးများက တဖြန်းဖြန်း ရိုက်ခတ်လျက် ရှိနေလေသည်။

သူတို့သုံးဦးသည် မြင်းများကိုစီး၍သွားနေစဉ်မှာပင် သူတို့နောက်သို့ လူတစ်စု မြင်းများကိုစီးလျက် လိုက်လာသည်ကို တွေ့လိုက်ရလေသည်။

ခရီးတစ်ဝက်ကျော်ခန့် ရောက်သည်နှင့် သူတို့၏ မြင်းများသည် ရှေ့သို့ဆက်၍ မသွားနိုင်တော့ဘဲ တစ်စုံတစ်ခု ဟန့်တားထားသည်ကို တွေ့လိုက်ရလေသည်။





သူတို့ရှေ့တွင် ဝတ်ရုံနက် ဝတ်ထားသော သိုင်းသမားတစ်စုတို့သည် သူတို့အား တန်းစီလျက် ကြိုဆိုနေသည်ကို တွေ့လိုက်ရလေသည်။

သူတို့နောက်မှ လိုက်ပါလာသော သိုင်းသမား တစ်စုကလည်း သူတို့သုံးဦးအား နောက်မှ ပိတ်ဆို့ထားလိုက်သည်ကို တွေ့လိုက်ရလေသည်။

ထိုအချိန်တွင် ဝတ်ရုံနက်ဝတ်ထားသော လူထွားကြီး တစ်ဦးသည် ကမ်းခြေရှိ ကျောက်ဆောင်ပေါ်သို့ ခုန်တက်လာကာ...

'ဟား ဟား ဟား... ဒီယုန်သူငယ်လေးတွေ ဒီတစ်ခါ မင်းတို့ ဘယ်လွတ်တော့မလဲ'

မြွေဟောက်က...

'မင်းတို့ ဘယ်သူတွေလဲ'

'တို့က ရွှေပင်လယ် သိုင်းသမားတွေပဲ'

'ကျုပ်တို့ကို ဘာရန်ငြိုးနဲ့ ခင်ဗျားတို့က တိုက်တာလဲ'

'မင်းတို့ကို တို့ဆရာကြီးက ဖမ်းဖို့ အမိန့်ပေးထားတယ်၊ ကဲ... သူတို့ကို အသေသတ်လိုက်ကြစမ်း'

'ယား'

'ချွမ်း ချွမ်း ချွမ်း'

မြှေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် သိုင်းသမား လူဆိုးများ၏ တိုက်ခိုက်ခြင်းကို ပြန်လည် တိုက်ခိုက်လိုက်ကာ လေထဲသို့လွှား၍ တက်လိုက်လေသည်။

သူတို့သုံးဦးစလုံးသည် လေထဲမှာပင် ကျွမ်းပစ်၍ သိုင်းသမားလူဆိုးများကို လျှပ်တစ်ပြက် ပြန်လည်တိုက်ခိုက်လိုက်ကြလေသည်။

'ချွမ်း ချွမ်း'

'ထန်း ထန်း'

'အား'

'အိုး'

သိုင်းသမားလူဆိုးများသည် တစ်ဦးပြီးတစ်ဦး မြေပေါ်သို့ လဲကျသွားကြလေသည်။

ထိုစဉ် နောက်ထပ် သိုင်းသမားတစ်စုတို့သည် တောင်ကမ်းပါးယံပေါ်မှ ခုန်ဆင်းလာကြပြန်လေသည်။





'ဂုန်း ဂုန်း'

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့၏ ကိုယ်ပေါ်သို့ ပိုက်ကွန်ကြီးတစ်ခုသည် အုပ်ဆင်းကျလာလေ၏။

'ချွမ်း....ချွမ်း'

'ချွမ်း....ချွမ်း'

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် ပိုက်ကွန်ကြီးကို ဓားများဖြင့် ခုတ်ဖြတ်လိုက်ကြသည်။

သို့သော် ထိုပိုက်ကွန်ကြီးမှာ သူတို့၏ဓားဖြင့် ခုတ်ဖြတ်မရ ဖြစ်နေလေသည်။

မကြာမီ သူတို့သုံးဦးစလုံးသည် ပိုက်ကွန်ကြီး အတွင်းသို့ ရောက်သွားကာ အဖမ်းဆီးခံလိုက်ရလေသည်။

'ဟား ဟား ဟား'

သိုင်းသမားလူဆိုးခေါင်းဆောင်က ရယ်မောလိုက်ကာ....

'မင်းတို့ ဘာတတ်နိုင်သေးလဲ'

မြွေဟောက်က....

'မင်းတို့ သတ္တိရှိရင် အခုလွှတ်ကြည့်စမ်း'

သိုင်းသမား လူဆိုးခေါင်းဆောင်က မြွေဟောက်ကို ခြေထောက်ဖြင့် ကန်ပစ်လိုက်သည်။

'ဝုန်း....'

မြွေဟောက်ကလည်း ပိုက်ကွန်ထဲမှနေ၍ သူ၏ ခြေထောက်ဖြင့်ပြန်လည်ကန်လိုက်လေသည်။

'ဝုန်း....'

ထို့နောက် သူ့ကိုအား ပိုက်ကွန်ကြီး တတိုင်း ဆွဲယူသွားကြသည်။

တစ်နာရီခန့် ကြာသော အချိန်တွင် သစ်တောအုပ်ကြီးအတွင်းရှိ အဆောက်အဦကြီးတစ်ခုဆီသို့ရောက်လာတော့ သူတို့ကို မြေတိုက်အကျဉ်းခန်း ထဲသို့ သိုင်းသမားလူဆိုးများက ပို့လိုက်ကြလေသည်။

'ဂျိမ်း'

သံတံခါးကြီးများကိုလည်း ပိတ်လိုက်လေသည်။

ထမင်းတစ်အိုးချက်ခန့် ကြာသောအချိန်တွင် အမျိုးသမီးသည် လင်ပန်းထဲတွင် အရက်နှင့် စားစရာများကို ထည့်ယူလာ





ကာ အပေါက်ကလေးတစ်ပေါက်မှနေ၍ အခန်းထဲသို့ ပို့လိုက်လေသည်။

ထိုအမျိုးသမီးကို တွေ့လိုက်သည်နှင့် မိကျောင်းမှာအတော်ကလေး အံ့အားသင့်သွားလေသည်။

'ဟာ....ညီမ'

'ရှူး....'

မိန်းကလေးက ပါးစပ်ကိုပိတ်၍ စကားမပြောရန် အချက်ပေးလိုက်သည်။

ထို့နောက် အလျင်အမြန်ပင် မြန်ကည့် ထွက်ခွာသွားလေတော့သည်။

မိကျောင်း တွေ့လိုက်ရသည်မှာ သူ၏ညီမဖြစ်သောကျိန်းယင်ပင် ဖြစ်သည်။

ကျိန်းယင်သည် အဘယ်ကြောင့် လူဆိုးများ၏ လက်ထဲသို့ ရောက်နေသည်ကို နားမလည်နိုင်အောင် ဖြစ်နေသည်။

မြွေဟောက်က မိကျောင်းအား ပြောလိုက်သည်။

'ညီလေးမိကျောင်း အခုနက စားစရာလာပို့တဲ့ မိန်းကလေးဟာ ညီလေးရဲ့နှမ မဟုတ်သလား'

'ကဲ ထားပါတော့ကွာ၊ စားစရာရှိတာကို စားလိုက်ကြရအောင်'

ထိုအချိန်တွင် ဒေါင်းစိမ်းမှာ စိတ်ပျက်လက်ပျက်ဖြင့် ရှိနေလေသည်။

မြွေဟောက်က....

'ညီလေး ဒေါင်းစိမ်း မင်းဘာဖြစ်လို့ ဝမ်းနည်းနေတာလဲ'

မိကျောင်းကလည်း....

'ညီလေးဒေါင်းစိမ်း၊ ဘာဝမ်းနည်းစရာလိုလဲ၊ ယောကျ်ားပဲကွ'

'ဒေါင်းစိမ်းက....

'ကျွန်တော်ဝမ်းနည်းတာ တစ်ခုပါပဲ'

မြွေဟောက်က....

'ဘာများလဲ ညီလေး'

'ကျွန်တော်တို့ အလစ်ခံလိုက်ရတာပါ'

မိကျောင်းက....





'ဝမ်းမနည်းပါနဲ့ ညီလေးရာ၊ အားရှိအောင် ကောင်းကောင်းစားလိုက်စမ်းပါ၊ ဒါမှ ဒီကောင်တွေကိုကောင်းကောင်းတိုက်နိုင်မှာ'

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် အရက်နှင့်စားစရာများကို အလျင်အမြန် စားသောက်လိုက်ကြလေသည်။

သူတို့သည် စားသောက်ရင်းနှင့် ပုစွန်လုံးကြော်များ ထည့်ထားသော ပန်းကန်လုံးအောက်မှ စာတစ်စောင်ကို တွေ့လိုက်ရလေသည်။

အစ်ကိုကြီး....မိကျောင်း၊ မြွေဟောက်နဲ့
ဒေါင်းစိမ်းတို့၊ ကျွန်မ ဒီနေရာကို ရှပ်ဖျက်ပြီး
ရောက်နေတာကြာပြီ၊ သန်းခေါင်ယံမှ ကျွန်မ
လာပြီး အစ်ကိုကြီးတို့ကို ကယ်ထုတ်ပေးပါ့
မယ်....'

ကျိန်းယင်

စာမှာ တိုတိုပင်ဖြစ်သည်။

မိကျောင်းသည် စာရွက်ကလေးအား ပါးစပ်ထဲသို့ထည့်ကာ ဝါးစားပစ်လိုက်လေသည်။

စာသောက်ပြီး၍ မကြာမီမှာပင် ခြေသံများကို ကြားလိုက်ရလေသည်။

ဝတ်ရုံဖြူကြီးကိုဝတ်၍ မျက်နှာဖုံးစွပ်ထားသော လူတစ်ဦးသည် ကိုယ်ရံတော် သိုင်းသမားများနှင့်အတူ ရောက်ရှိလာလေသည်။

'ဟား ဟား ဟား'

ရယ်သံမှာ ယောကျ်ားတစ်ဦး၏ ရယ်သံမဟုတ်ဘဲ အမျိုးသမီး တစ်ဦး၏ ရယ်သံကို ကြားလိုက်ရလေ၏။

ဝတ်ရုံဖြူနှင့်လူက....

'မင်းတို့ အသက်မသေချင်ရင် ကျောက်စိမ်းကြေးအိုးကို ထုတ်ပေးပါ'

'ကျုပ်တို့ဆီမှာ ဒီပစ္စည်းမရှိဘောဘူး၊ အဘိုးအို တစ်ဦးက လုယူသွားပြီ'

ဒေါင်းစိမ်းက ပြောလိုက်လေသည်။

ဝတ်ရုံဖြူနှင့်လူက....

'မင်းတို့ အမှန်ပြောတာလား'





'ကျုပ်တို့ ဘာလိမ်ပြောစရာလိုလဲ'

ဒေါင်းစိမ်းက ပြောလိုက်လေသည်။

ထို့နောက် ဝတ်ရုံဖြူနှင့် မျက်နှာဖုံးစွပ်လူသည် သူ၏ ကိုယ်ရံတော် သိုင်းသမားများနှင့်အတူ ပြန်လည်ထွက်သွားလေတော့သည်။

အချိန်သည် တဖြည်းဖြည်းကုန်သွားခဲ့လေသည်။

အစောင့်များက မီးအိမ်တစ်လုံးကို တံခါးဝတွင် လာရောက်ချိတ်ဆွဲထားလိုက်လေသည်။

မြှဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် ဘာမှ မစဉ်းစားမတော့ဘဲ ကောက်ရိုးအခင်းများအပေါ်တွင် အိပ်ချလိုက်လေသည်။

မည်သည့်အချိန်သို့ ရောက်သာသည်မသိ။ ရုတ်တရက် အသံတစ်သံကို ကြားလိုက်ရလေသည်။

'အီး....အား'

ထိုအသံနှင့်အတူ လူတစ်ယောက်လဲကျသွားသံကိုကြားလိုက်ရလေသည်။

ထိုစဉ် အချုပ်ခန်းတံခါးကို ဖွင့်၍....

'မြန်မြန်ထွက်ကြ'

ဟူသော အသံကို ကြားလိုက်ရသည်။

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် အချုပ်ခန်းထဲမှနေ၍ အလျင်အမြန် ထွက်လိုက်ကြလေသည်။

သူတို့သုံးဦးအား ကယ်တင်လိုက်သူမှာ ကျိန်းယင် ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

'အစ်ကိုကြီးတို့ မြန်မြန်လာကြ'

ကျိန်းယင်လည်း ရှေ့သို့ ပြေးထွက်သွားလေသည်။

မြွေဟောက်၊ မိကျောင်းနှင့် ဒေါင်းစိမ်းတို့သည်ကျိန်းယင်၏နောက်မှ ပြေးလိုက်သွားကြလေသည်။

သူတို့သည် အလျင်အမြန်ပင် ကျောက်လှေကားများကို တက်လာကြစဉ် အပြင်သို့ ရောက်လာကြလေသည်။

'ရှိုး....ရှိုး....'

'ဒုတ်....'





'အား'

ရှုတ်တရက် လက်နက်ပုန်း တစ်ခုသည် ပြေးဝင်လာသော ကျိန်းယင်၏ ရင်ဝကို ထိုးဖောက်သွားလေတော့သည်။

ကျိန်းယင်သည် ထိုနေရာမှာပင်လဲကျသွားတော့သည်။

မိကျောင်းက ပြေး၍ ပွေ့ယူလိုက်ပြီး....

'ညီမလေး... ညီမလေး'

'အစ်ကိုကြီး'

'ညီမလေး ဘယ်လိုနေသလဲ၊ အစ်ကိုကြီး ပျောက်အောင် ဆေးကုပေးပါ့မယ်'

'ညီမလေး မနေရတော့ဘူး သေမှာပဲ၊ ဒီတိုက်ကြီးဟာ ကင်းမြီးကောက်ရဲ့တိုက်ကြီးပဲ၊ ညီမလေး အခိုင်းအစေ တစ်ယောက်အနေနဲ့ နေခဲ့တာပါ၊ သူ့ကို ညီမလေး လက်စားချေဖို့အတွက် နေခဲ့တာ၊ အခုတော့ ညီမလေး သေရတော့မယ်၊ အစ်ကိုကြီး သူ့ကို ဆက်ပြီးတော့ သတ်လိုက်စမ်းပါ အစ်ကိုကြီး'

ကျိန်းယင်သည် ထိုသို့ပြောစဉ် ပါးစပ်ထဲမှသွေးများ အန်ကျလာပြီး အသက်ပျောက်သွားတော့သည်။

ထိုအချိန်တွင် အစောင့်သိုင်းသမား လူဆိုးများသည် ပြေးလွှားဝင်ရောက်လာကြသည်။

'ယား....'

'ချွမ်း ချွမ်း ချွမ်း'

'ထန်း ထန်း ထန်း'

'အား....'

အစောင့်သိုင်းသမားများသည် အတုံးအရုံး ကျဆုံးသွားကြလေသည်။

ထိုအချိန်မှာပင် နောက်ထပ် လူဆိုးများသည် ပြေးလွှားဝင်ရောက် လာကြပြန်လေသည်။

မြွေဟောက်၊ မိကျောင်းနှင့်ဒေါင်းစိမ်းတို့သည် ထိုအစောင့်သိုင်းသမားတို့ကို လွှား၍ တစ်ပြိုင်တည်း တိုက်ခိုက်လိုက်ကြလေသည်။

'ချွမ်း ချွမ်း ချွမ်း'

'ထန်း ထန်း ထန်း'

'အီး....'

'အား....'

အစောင့်သိုင်းသမားများသည် သူတို့သုံးဦး၏ ပြင်းထန်သော တိုက်ကွက်များကြောင့် ဘဝုန်းဝုန်း လဲပြိုကျသွားကြသည်။

ထို့နောက် မြွေဟောက်၊ မိကျောင်းနှင့် ဒေါင်းစိမ်းတို့သည် ရဲတိုက်ကြီး၏အပြင်သို့ ရောက်ရှိလာကာ လွှား၍ ခုန်ထွက်လာကြတော့သည်။

'ဝှစ်....ဝှစ်....ဝှစ်'

လက်နက်ပုန်းများသည် သူတို့ဆီသို့ တိုက်ရိုက်ပြေးဝင်လာကြသည်။

'ချွမ်း ချွမ်း ချွမ်း'

မြွေဟောက်တို့က ဓားများဖြင့် ယမ်း၍ လက်နက်ပုန်းများကို ယမ်းထုတ်ပစ်လိုက်ကြသည်။





ထို့နောက် သူတို့သည် တောအုပ်ကြီးအတွင်းမှ အလျင်အမြန် ပြေးထွက်လာကြလေသည်။

ထိုစဉ်မှာပင် သူတို့စီးလာသော မြင်းများကို တောအုပ်အတွင်းတွင် တွေ့လိုက်ရသဖြင့် မြင်းများပေါ်သို့ လွှားတက်ကာ ဒုန်းစိုင်း၍ ထွက်လာကြလေသည်။

ယား....

ရုတ်တရက် သစ်ပင်ကြီးများပေါ်မှ ခုန်ဆင်းလာသော လူနက်ကြီးများကို တွေ့လိုက်ကြရပြန်သည်။

လူနက်ကြီးများ မဟုတ်ပါ။

ပတ်ရုံနက်ဝတ်ထားသော လူဆိုးများပင် ဖြစ်ချေသည်။

သူတို့မှာ သစ်ပင်ပေါ်မှ ခုန်ဆင်းလာကာ တိုက်ခိုက်လိုက်ကြလေသည်။

'ချွမ်း....ချွမ်း'

'ထန်း....ထန်း'

'အား....'

'အိုး....'

သစ်ပင်များပေါ်မှ ခုန်ဆင်းလာသော သိုင်းသမားလူဆိုးများသည် အတုံးအရုံး ကျဆုံးသွားပြန်လေသည်။

ထို့နောက် သူတို့သုံးဦးသည် မြင်းများကို စိုင်းနှင်ကာ သစ်တောအုပ်ကြီးထဲမှ ထွက်လာနိုင်ကြလေသည်။

သူတို့ရှေ့တွင် ကျောက်ဆောင်ကြီးများဖြင့် ရေလှိုင်းများ တဝုန်းဝုန်းမြည်နေသော ပင်လယ်ပြင်ကြီးကို တွေ့လိုက်ကြရလေသည်။

ချောင်းကမ်းပြင်တွင် ကြယ်ရောင်ကလေးများ တလက်လက် တောက်ပနေကာ လဝန်းသည် ကောင်းကင်အလယ်သို့ ရောက်ရှိနေပြီ ဖြစ်သည်။

သူတို့သုံးဦးသည် ပင်လယ်ကမ်းခြေအတိုင်း မြင်းများကို စိုင်းနှင်ကာ လာခဲ့ကြကာ နဂါးကျောက်တွင်းကြီးများဆီသို့ ရောက်ရှိလာကြသည်။

နဂါးကျောက်တွင်းကြီးများက ပင်လယ်ထဲတွင် တောင်များသဖွယ် ပေါ်ထွက်နေခြင်း ဖြစ်သည်။

မြှဟောက်က....

'နဂါးကျောက်ဆောင်ကြီးတွေဆိုတာ ဒါတွေပဲ ဖြစ်မယ်'

သူတို့သည် မြင်းများကို ကမ်းခြေရှိ သစ်တောအုပ်ထဲတွင် ချည်ထားလိုက်ကာ ကျောက်ဆောင်ကြီးများဆီသို့ လာခဲ့ကြသည်။ သူတို့သည် နဂါးကျောက်ဆောင်ကြီးများဆီသို့ ပင်လယ်ထဲမှ ကျောက်ဆောင်များကိုဖြတ်၍ နဂါးကျောက်ဆောင်ကြီးများပေါ်သို့ ခုန်လွှား တက်လာကြလေသည်။

နဂါးကျောက်ဆောင်ကြီးတစ်ဆောင်ပေါ်သို့ ရောက်သည်နှင့် ထူးဆန်းသော အသံများကို ကြားလိုက်ကြရလေသည်။

'ဝူး ဝူး'

'ဝါး....ဝါး'

ကျောက်ဆောင်ကြီးများပေါ်တွင် မည်သည့် အချိန်က ရောက်နေသည် မသိရသော မျောက်ဝံကြီးများနှင့် အခြားသော မျောက်ဝံကြီးများသည် အုပ်စုလိုက် ယှဉ်ပြိုင်တိုက်ခိုက်လျက် ရှိနေသည်ကို တွေ့လိုက်ကြရလေသည်။





မျောက်ဝံကြီးများသည် အော်ဟစ်၍ တိုက်ခိုက်နေကြခြင်း ဖြစ်သည်။

'ဖြောင်း....ဖြောင်း'

'ဖြောင်း....ဖြောင်း'

'ဝုန်း....ဝုန်း'

'အူး....'

'ဝူး....'

မျောက်ဝံကြီးများသည် ထမင်းတစ်အိုးချက်ခန့် ကျော်ကျော် ပြင်းထန်စွာ တိုက်ခိုက်နေရာက အခြားမျောက်ဝံဖြူကြီးများသည် ပြေးထွက်သွားကြလေသည်။

'အူး....ဝူး'

'အူး....ဝူး'

ကျန်ရစ်ခဲ့သော မျောက်ဝံကြီးများသည် ဝမ်းသာအားရဖြင့် အော်ဟစ်လိုက်ကြလေသည်။

မြှဟောက်၊ မိကျောင်းနှင့် ဒေါင်းစိမ်းတို့သည် နဂါးကျောက်ဆောင်များပေါ်တွင် လှည့်ပတ်သွားလာရင်းက သူတို့သည် ကျောက်ဆောင်တစ်ခုပေါ်တွင် ထိုင်လိုက်ကြသည်။

ထိုနေရာမှာ အမြင့်ဆုံးကျောက်ဆောင်တစ်ခု ဖြစ်လျက် ပင်လယ်ပြင်တစ်ခုလုံးကို လှမ်းခြုံ၍ မြင်နိုင်သည်။

သူတို့သည် ထိုကျောက်ဆောင်များပေါ်မှာပင် လှဲကာ အနားယူလိုက်ကြလေသည်။

ဒေါင်းစိမ်းမှာ လူငယ်ဖြစ်သည့်တိုင်း အိပ်လိုက်သည်နှင့် ပျော်၍သွားလေတော့သည်။

ကောင်းကင်ပြင်တွင် လင်းရောင်ခြည်များသည် ထိုးတက်၍လာလေသည်။

ကျီးသံ ငှက်သံများ ဆူညံလျက် ရှိနေလေသည်။

တောကြက်ကလေးများ၏ တွန်သံက အလွန်ပင် သာယာလှပေတော့သည်။

ထိုအချိန်တွင် အဘိုးအိုတစ်ဦးသည် နဂါးကျောက်ဆောင်တစ်ခုပေါ်သို့ တက်လာသည်ကို တွေ့လိုက်ရသည်။

ထိုအဘိုးအိုကို မြင်လိုက်သည်နှင့် မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် အဘိုးအိုကို ဝိုင်းရံလိုက်ကြသည်။

မြွေဟောက်က....

'ဘိုးဘိုးနဂါး....ခင်ဗျားယူသွားတဲ့ ကျောက်စိမ်းကြေးအိုးကို ပြန်ပေးပါ'

အဘိုးအိုက ခေါင်းခါလျက်...

'မင်းတို့ ငါ့ကို တိုက်ခိုက်နိုင်မှ ပြန်ရမယ်'

မြွေဟောက်က...

'ခင်ဗျား ကျုပ်တို့လက်က လွတ်မယ်ထင်သလား'

'ဟား ဟား ဟား၊ မင်းတို့က ငါ့ကို သတ်နိုင်မယ် ထင်သလား'

'ယား....'

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် တစ်ပြိုင်တည်းပင် အဘိုးအိုကို တိုက်ခိုက်လိုက်ကြလေသည်။

အဘိုးအိုသည် လေထဲသို့ ထိုးတက်သွားကာ သူတို့သုံးဦး၏ ရိုက်ချက်ကို ရှောင်တိမ်းလိုက်သည်။





သူတို့သုံးဦးလည်း အဘိုးအိုနောက်သို့ လိုက်သွားကြကာ အဘိုးအိုကို လေထဲမှာပင် တိုက်ခိုက်လိုက်ကြသည်။

'ဖြောင်း....ဖြောင်း'

'ဖြောင်း....ဖြောင်း'

အဘိုးအိုက သူ၏ အားမာန်အပြည့် ပါသော တောင်ပင်လယ်ကာက်စ ါးဖြင့် သူတို့သုံးဦးအား ရိုက်ချလိုက်သည်။

မြွေဟောက်၊ မိကျောင်းနှင့် ဒေါင်းစိမ်းတို့သည်လည်း လေထဲမှာပင် လှည့်ပတ်ကာ အဘိုးအိုကို တန်ပြန်ရိုက်ချလိုက်သည်။

'ဝုန်း...'

အဘိုးအိုသည် ဒေါင်းစိမ်း၏ အတွင်းအားကြီး ပါသော လက်ဝါး ရိုက်ချက်တစ်ချက် မိသွားလေသည်။

'ဝုန်း....'

'အား...'

အဘိုးအိုသည် နဂါးကျောက်တောင်ပေါ်မှ အောက်သို့ ထိုးကျသွားလေသည်။

'ယား....'

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် အော်ဟစ်လိုက်ကြကာ အဘိုးအိုနောက်သို့ ဆင်းလိုက်သွားကြလေသည်။

အဘိုးအိုသည် နဂါးကျောက်ဆောင် တစ်ဆောင်ပေါ်သို့ ကျသွားကာ ဒုတိယကျောက်ဆောင်ပေါ်သို့ တက်သွားပြန်လေသည်။ သူတို့သုံးဦးကလည်း ထက်ကြပ်မကွာ လိုက်သွားကြပြန်လေသည်။

အဘိုးအိုသည် ဒုတိယကျောက်ဆောင်ကြီး၏ ကျောက်တုံးကြီးတစ်တုံးပေါ်တွင် ထိုင်ချလိုက်ကာ သူ၏အတွင်းအားများကို လက်ဝါးတွင်းပို့ကာ ခါးတွင် ပတ်ထားသည့် ကြိုးခွေကြီးတစ်ခွေကို ထုတ်၍ ယူလိုက်ပြီး မြွေဟောက်၊ မိကျောင်းနှင့် ဒေါင်းစိမ်းတို့ကို တဖြောင်းဖြောင်း ရိုက်ချလိုက်လေသည်။

'ဖြောင်း....ဖြောင်း'

'ဖြောင်း....ဖြောင်း'

မြွေဟောက်၊ မိကျောင်းနှင့် ဒေါင်းစိမ်းတို့သည် အဘိုးအို၏ ရိုက်ချက်ကို ရှောင်လိုက်ကြကာ လျှပ်တစ်ပြက် ခုန်ဝင်၍ တိုက်ခိုက်လိုက်လေသည်။

'ဝုန်း....'

အဘိုးအိုသည် ဒေါင်းစိမ်း၏ ဒုတိယရိုက်ချက်ကို မိသွားပြန်လေသည်။

အဘိုးအိုသည် တစ်ချက်မျှ နောက်သို့ ယိမ်းယိုင်ထွက်သွားပြီး သူတို့သုံးဦးအား အားမာန်အပြည့်ဖြင့် လွှားကာ တိုက်ခိုက်လိုက်ပြန်လေသည်။

အဘိုးအို၏အတွင်းအားပါသော ကြိုးခွေကြီးသည် မြွေတစ်ကောင်ကဲ့သို့ တွန့်လိမ်ကာ မြွေဟောက်တို့၏အပေါ်သို့ တဖြောင်းဖြောင်း ကျလာပြန်လေသည်။

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် လေထဲမှာပင် ကျွမ်းပစ်၍ ရှောင်လိုက်ကြကာ အဘိုးအိုအား လျှပ်တစ်ပြက် တိုက်ခိုက်လိုက်ကြပြန်သည်။





ဒေါင်းစိမ်းသည် သူ့လက်ဝါးဆီသို့ အတွင်းအား အပ္ပလှိုင်းကြီးကို ပို့လိုက်ပြီး အဘိုးအို၏ ရင်ဝကို လျှပ်တစ်ပြက် ဝင်ရောက်ရိုက်ချလိုက်လေသည်။

'ဝုန်း....'

'အား....'

အဘိုးအိုသည် ကျွမ်းတစ်ပတ်ပစ်၍ လဲကျသွားလေသည်။

'ဝေါ့'

အဘိုးအိုသည် ပါးစပ်မှ သွေးများထွက်ကျလာကာ ငြိမ်ကျသွားလေသည်။

ထိုအချိန်မှာပင်....

ဒေါင်းစိမ်းသည် အဘိုးအိုဆီသို့ ခုန်လွှား ပင်လိုက်ကာ သူ၏ ကျောက်စိမ်းကြေးအိုးကို အဘိုးအို၏ အတွင်းအိတ်ထဲမှ ဆွဲထုတ်လိုက်သည်။

'ဟား....ဟား....ဟား....'

ရယ်သံများသည် ပေါ်ထွက်လာလျက် ငှက်ကြီးသုံးကောင် လွှားဆင်းလာသကဲ့သို့ အဘိုးအိုသုံးဦးတို့သည် ကျောက်ဆောင်ကြီးပေါ်မှ လွှားဆင်းလာသည်ကို တွေ့ကြရလေသည်။

အဘိုးအိုသုံးဦးတို့၏ လက်ထဲတွင် နဂါးခေါင်းများ ပါရှိသည့် တောင်ဝှေးများကို တွေ့ကြရသည်။

အဘိုးအိုက....

'မင်းတို့သုံးယောက်က တို့အစ်ကိုကြီး တောင်နဂါးကို သတ်လိုက်ကြပြီလား'

မြွေဟောက်က အဘိုးအိုကိုကြည့်ကာ....

'ခင်ဗျားတို့က ဘယ်သူတွေလဲ'

အဘိုးအိုတစ်ဦးက....

'ငါတို့က တောင်နီ၊ တောင်ဖြူ၊ တောင်ကြား၊ ညီအစ်ကို သုံးဖော်ပဲ၊ တို့အစ်ကိုကြီးကို သတ်လိုက်တဲ့အတွက် မင်းတို့ကို ဒဏ်ခတ်ရလိမ့်မယ်'

မြှေဟောက်က....

'ခင်ဗျားတို့ အစ်ကိုကြီးက ကျုပ်တို့ရဲ့ပစ္စည်းကို လိမ်ယူသွားတာပဲ၊ ဒီတော့ သူ့ကို ကျုပ်တို့က မတိုက်ဘဲ နေရမလား'

အဘိုးအိုတစ်ဦးက....

'ညီလေးတို့ရေ၊ ဒီအကောင်တွေကို ကောင်းကောင်း ဆုံးမလိုက်ကြစမ်း'

အဘိုးအိုသုံးဦးတို့သည် သူတို့၏ ဘယ်ခြေထောက်များကို ရှေ့သို့ လှမ်းတက်လိုက်ကြကာ တောင်ဝှေးများကို လေထဲကွင်လှည့်ပတ်လိုက်ကြလေသည်။

'ဝှီး....ဝှီး....ဝှီး....'

အဘိုးအိုသုံးဦးတို့၏ တောင်ဝှေးများမှ အစိမ်းရောင်ဓက်ဝိုင်းများသည် လည်ပတ်ထွက်လာလျက် မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့၏ အပေါ်သို့ အုပ်ဆိုင်းကျဆင်းလာတော့သည်။

'ချမ်း....ချမ်း....ချမ်း....ထန်း....ထန်း....ထန်း....'

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် သူတို့၏ ဓားများဖြင့် ပြန်လည်တိုက်ခိုက်လိုက်ကြကာ လေထဲသို့ လွှား၍ တက်လိုက်ကြလေသည်။





'ဝုန်း....'

'ဝုန်း....'

'ဝုန်း....'

လေထဲမှာပင် ကျွမ်းပစ်၍ အဘိုးအိုများကို တိုက်ခိုက်လိုက်လေတော့သည်။ အဘိုးအိုများက နောက်ကျွမ်းတစ်ပတ်ပစ်၍ ရှောင်တိမ်းလိုက်ကြသည်။

'ယား....'

'ယား....'

မိကျောင်း၊ မြွေဟောက်၊ ဒေါင်းစိမ်းတို့သည် တစ်ပြိုင်တည်း အော်ဟစ်လိုက်ကြကာ . အဘိုးအိုများကို တစ်ပြိုင်တည်း ဝင်ရောက် တိုက်ခိုက်လိုက်ကြပြန်လေသည်။

'ချွမ်း....ချွမ်း....'

'ချွမ်း....ချွမ်း....'

အဘိုးအိုများ၏ တောင်ဝှေးများနှင့် ဓားထိကာ တစ်ချွမ်းချွမ်းမြည်၍ သွားလေသည်။

အဘိုးအိုသုံးဦးတို့သည် သူတို့၏ တောင်ဝှေးများကို နဂါးတစ်ကောင်ကဲ့သို့ ရှေ့သို့ ထိုးလိုက်ပြီး တောင်ဝှေးများကို ဝေ့ယမ်းလိုက်ကာ တစ်ပြိုင်တည်းပင် ရိုက်ချလိုက်သည်။

'ဖြောင်း....ဖြောင်း....ဖြောင်း....'

တောင်ဝှေးများသည် မြေပြင်ပေါ်သို့ ထိုးကျသွားကာ ကျောက်တုံးများနှင့်ထိ၍ တဖြောင်းဖြောင်း မြည်သွားလေ၏။

ထိုနေရာမှ မီးခိုးများလည်း တထောင်းထောင်း ထလာလေတော့သည်။

'ရှမ်း ရှမ်း ရှမ်း'

တောင်ဝှေးလက်နက်ကိုင် အဘိုးအိုတို့၏ တောင်ဝှေးများကို ရုတ်တရက် လေထဲသို့ မြှောက်၍ ပစ်လိုက်ကြ၏။

'ဝီး ဝီး ဝီး'

'ဝီး ဝီး ဝီး'

တောင်ဝှေးများ လေထဲသို့ ထိုးတက်သွားကာ တစ်ဝီးဝီး လည်ပတ်လျက် မြွေဟောက်၊ မိကျောင်းနှင့် ဒေါင်းစိမ်းတို့၏ အပေါ်သို့ ထိုးကျသွားလေသည်။

အဘိုးအိုသုံးဦးတို့သည် သူတို့၏ အတွင်းအားစိတ်တန်ခိုးကို အသုံးပြု၍ သူတို့၏ တောင်ဝှေးများကို စိတ်တန်ခိုးဖြင့် ဆွဲဆောင်စေခိုင်းကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

'ချွမ်း ချွမ်း'

'ချွမ်း ချွမ်း'

အဘိုးအိုသုံးဦးသည် ကျောက်ဆောင်ကြီးပေါ်တွင် ထိုင်ချလိုက်ကာ သူတို့၏ တောင်ဝှေးကြီးများဆီသို့ အတွင်းအားနှင့် စိတ်တန်ခိုးများကို ပို့လျက်ရှိနေလေသည်။

မြွေဟောက်၊ မိကျောင်းနှင့် ဒေါင်းစိမ်းတို့မှာ နဂါးခေါင်းတောင်ဝှေးများနှင့် တိုက်ခိုက်လျက် ရှိနေကြလေသည်။

နဂါးခေါင်း တောင်ဝှေးများသည် မိကျောင်းတို့၏ ဒေါသဖြင့် တိုက်ခိုက်လိုက်ခြင်းဖြင့် နောက်သို့ ဆုတ်မသွားဘဲ လေထဲသို့ ထိုးတက်သွားပြန်သည်။

ထို့နောက်....

သူတို့သုံးဦးဆီသို့ စက်ဝိုင်းကြီးပမာ ထိုးကျလာပြန်သည်။





'ချွမ်း ချွမ်း ချွမ်'

'ချွမ်း ချွမ်း ချွမ်'

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် သိုင်းကွက်ပေါင်း တစ်ရာကျော်သည့်အထိ တိုက်ခိုက်လိုက်ပြီးနောက် အလွန်ပင် အားအင်များ ချည့်နဲ့လာတော့သည်။

အဘိုးအို သုံးဦးတို့သည် ကျောက်ဆောင်ကြီးများပေါ်မှ ထိုင်၍ သူတို့၏လက်များကို ဝှေ့ယမ်းလိုက်သည်နှင့် သူတို့၏ တောင်ဝှေးကြီးများသည် လေထဲတွင် လည်ပတ်နေရာက အဘိုးအိုသုံးဦးဆီလို ပြန်လည်၍ရောက်ရှိသွားလေတော့သည်။

မြွေဟောက်၊ မိကျောင်းနှင့် ဒေါင်းစိမ်းတို့သည် အဘိုးအိုသုံးဦးအား အရိုအသေပေးကြလိုက်တည့်။

'ကျွန်တော်တို့ကို ခုလိုညွှာတာတဲ့အတွက် ကျေးဇူးတင်ပါတယ်'

အဘိုးအိုသုံးဦးက တဟားဟား ရယ်မောလိုက်ကြလေသည်။

ထိုအချိန်တွင် စောစောက မြေပြင်ပေါ်တွင် လဲကျနေသည့် အဘိုးအိုကို မတွေ့ရတော့ချေ။

အဘိုးအိုတစ်ဦးက....

'မင်းတို့ဆရာကြီးဖြစ်တဲ့ နဂါးတောင် သိုင်းဆရာကြီးဟာ ငစ်လတိတိ တရားဝင်နေတယ်၊ ဒီတော့ နောက်တစ်ပွတ် လပြည့်နေ့မှာ မင်းတို့ ဒီနဂါးကျောက်ဆောင်တွေကို လမွန်းတည့်တဲ့အချိန်မှာ လာခဲ့ပါ'

ထိုသို့ပြောကာ အဘိုးအိုသုံးဦးတို့သည် နဂါးကျောက်ဆောင်များဆီမှ ခုန်ဆင်းသွားကြလေတော့သည်။

မြွေဟောက်က....

'ညီလေးတို့ တို့ဆရာကြီးက တို့ကို ပညာစမ်းနေသလား မပြောသေးဘူး။ ကျောက်စိမ်းကြေးအိုးကိုလဲ မတွေ့ရတော့ဘူး၊ ညီလေးဒေါင်းစိမ်းဆီမှာ ကျောက်စိမ်းကြေးအိုး ရထားတယ် မဟုတ်လား'

ထိုသို့ မြွေဟောက်က ပြောလိုက်သဖြင့် ဒေါင်းစိမ်းက....

'ဟုတ်တယ်အစ်ကိုကြီး၊ အဘိုးအိုသုံးဦးဟာ ဆရာကြီးရဲ့ ဂိုဏ်းတူ ညီအစ်ကိုတွေပဲ ဖြစ်ရမယ်၊ ကျွန်တော်တို့ကို ပညာပေးချင်တဲ့အတွက် တိုက်ခိုက်လိုက်ကြတာပဲ ဖြစ်မယ်'

ထိုနောက် သူတို့သည် နဂါးကျောက်ဆောင်ကြီးများပေါ်မှ ပြန်လည်လွှားဆင်းကာ ကမ်းခြေရှိ သူတို့မြင်းများဆီသို့ သွားခဲ့လေသည်။

သူတို့စီးလာသော မြင်းသုံးကောင်သည် တောအုပ်တစ်နေရာတွင် ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ထိုနောက် မြင်းများကိုစီး၍ တည်းခိုဆောင်များဆီသို့ပြန်လည်လာခဲ့လေသည်။



## အခန်း (၂၂)

နေဝန်းသည် ကောင်းကင်ပြင်သို့ တဖြည်းဖြည်း မြင့်တက်လာလေသည်။

တည်းခိုဆောင်သို့ ပြန်ရောက်လာသောအခါတွင် နေမွန်းတည့်နေပြီဖြစ်သည်။

သူတို့သည် အရက်နှင့်စားစရာများကို မှာယူစားသောက်လိုက်ကြလေသည်။

ထိုစဉ် စားပွဲထိုးလေးက စာတစ်စောင်ကို လာရောက်ပေးအပ်လိုက်လေသည်။

'အစ်ကိုကြီး မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့ ဒီနေ့ည အီခန်လူမျိုးတို့ရဲ့ ပွဲတော်မှာ ပင်လယ်နတ်သမီး သိုင်းပြိုင်ပွဲရှိတယ်၊ သိုင်းပြိုင်ပွဲကို လေ့လာချင်ရင် ရေလယ်ကျွန်းကြီးကိုလာခဲ့ပါ'

ချင်ဟွာ

ထိုစာကြောင့် မြွေဟောက်၊ မိကျောင်းနှင့် ဒေါင်းစိမ်းတို့မှာ အတော်ကလေး စိတ်ဝင်စားသွားကြလေသည်။

ထိုနေ့ညနေမိုးချုပ်ချိန်လောက်တွင် သူတို့လုံးဦးသည် အိမာန်ပွဲတော်ကျင်းပရာ ရေလယ်ကျွန်းကြီးဆီသို့ လာခဲ့ကြသည်။

အိမာင်လူမျိုးတို့၏ ပွဲတော်ကျင်းပရေး လူကြီးများသည် မြေပေါက်၊ မိကျောင်းနှင့် ဒေါင်းစိမ်းတို့ကို တွေ့လိုက်ကြရသည်နှင့် ဝမ်းသာအားရ ကြိုဆိုလိုက်ကြလေသည်။

'လူကြီးမင်းများကို ကျွန်တော်တို့လာကြိုပါတယ်၊ လွန်ခဲ့သောညက ဒေါင်းဖမ်းပွဲကျင်းပခဲ့တာကို ကျွန်တော် သတိမမေ့ပါဘူး၊ ဒေါင်းဖမ်းပွဲမှာ ဒီသူငယ်လေးတာ အမျိုးသမီးတစ်ဦးနဲ့အတူ အောင်ပန်းဆင်နိုင်ခဲ့ကြပါတယ်၊ ဒါပေမယ့် ဆုပေးတဲ့အခါမှာ လူကြီးမင်းတို့ကို မတွေ့ရတော့ပါဘူး၊ အခု ဒီနေ့ညမှာ ပင်လယ်နတ်သမီး သိုင်းပြိုင်ပွဲရှိပါတယ်၊ လူကြီးမင်းများ ဝင်ရောက်အားပေးကြပါဦး'

မြေပေါက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့ကလည်း ခေါင်းညိတ်လိုက်ကြလေသည်။

အိမာန်အမျိုးသမီးတို့၏ တီးသံမှုတ်သံများသည် ဆူညံလျက် ရှိနေလေသည်။

တစ်ချို့ အိမာန်လူမျိုးတို့သည် ဘုရားကျောင်း ရှိနေသော တောင်ပေါ်သို့ မီးတုတ်များကိုင်ကာ တက်လျက်ရှိနေကြသည်။

မြေပေါက်၊ မိကျောင်းနှင့် ဒေါင်းတို့လည်း ဘုရားမှူး ပရိသတ်နှင့်အတူရောၡ တောင်ပေါ်သို့ တက်ခဲ့လေသည်။

တောင်ခြေနှင့်တောင်ပေါ်တွင် မီးရောင်များ ထိန်လင်းလျက် ရှိနေလေသည်။





ဘုရားကျောင်း၏ကွက်လပ်ထဲတွင် အိမာန်လူမျိုး တချို့သည် ဒူးထောက်ထိုင်ကာ သူတို့၏ဘာသာဖြင့် လက်များကို ဆန့်တန်းကာ ခေါင်းများကို ညွတ်လျက် ဆုတောင်းနေကြလေသည်။

ဒေါင်းစိမ်း၊ မိကျောင်းနှင့်မြေပေါက်တို့ကလည်း ဘုရားကျောင်းဝင်းထဲသို့ မဝင်သေးဘဲ အေးမှုရပ်ကာ ကြည့်နေကြလေသည်။

ထိုအချိန်တွင် ဘုရားကျောင်းထဲမှ လူထွားကြီးတစ်ဦးသည် ဓားတစ်ဘက် ဒိုင်းတစ်ဘက်ကိုင်၍ ခုန်လွှားထွက်လာလေသည်။ ဗုံတီးသံများကလည်း ဆူညံလျက် ရှိနေလေသည်။

'ဟူး ဟေး ဟေး...ဟူး ဟေး ဟေး'

သူတို့က ဦးခေါင်းများကို ခါယမ်းလျက် လက်များကို ကွေးချည်ဆန့်ချည်ဖြင့် အလေးပြုလျက်ရှိနေကြလေသည်။

ထိုအချိန်မှာပင် ကျားသစ်ရည် ခြုံလွှားထားသော လူထွားကြီးသည် ဓားနှင့်ဒိုင်းကို ကိုင်၍ ဝတ်ပြုနေသော အိမာန်အမျိုးသားတို့၏အပေါ်သို့ လွှားကာ လွှားကာ ခုန်လွှား၍ သွားနေလေသည်။

ဤတွင် အိမာန်အဘိုးအိုလေးဦးတို့သည် ဝတ်ရုံနီကြီးများကို ခြုံလွှမ်း၍ မိန်းမချောတစ်ဦးအား ဘုရားကျောင်းထဲမှ ဆွဲခေါ်လာသည် တွေ့လိုက်ရလေသည်။

မိန်းမပျို၏ မျက်နှာကို မြင်လိုက်သည်နှင့် မြေပေါက်၊ မိကျောင်းနှင့်ဒေါင်းစိမ်းတို့မှာ ဟာခနဲ ဖြစ်သွားကြလေည်။

အဘိုးအိုလေးဦးခေါ်လာသော မိန်းမချောလေးမှာ ရွှေ

ပင်လယ်စားသောက်ဆိုင်တွင် တွေ့ခဲ့ရသည့် ကျင်ကျင်ဆိုသည့် သူပင် ဖြစ်သည်။

သူမသည် အိမာန်အမျိုးသမီးဟန်ဆောင်၍ ရွှေသင်လယ် စားသောက်ဆိုင်တွင် ဝင်ရောက်အမှုထမ်းနေသူ ဖြစ်သည်။

အဘိုးအိုလေးဦးကထိုမိန်းမချောကလေးကို ကျောက်ပလ္လင် ကြီးပေါ်သို့လှဲချကာ ကြိုးများဖြင့် ချည်နှောင်လိုက်လေသည်။

'အား'

မိန်းချောလေးသည် ထိတ်လန့်စွာဖြင့် အော်ဟစ်လိုက်လေ သည်။ ထိုစဉ်....

ခပ်စောစောက ဓားရေးပြနေသော ကျားသစ်ခေါင်း လူ ထွားကြီးမှာ ပိုး၍ပိုး၍ ကြမ်းတမ်းလာလေတော့သည်။

သူ၏တစ်ကိုယ်လုံးမှာ နတ်သူရဲများ ပူးဝင်နေသကဲ့သို့ တစ်ဆတ်ဆတ် တုန်၍နေလေသည်။

အဘိုးအိုတစ်ဦးသည် ကြေးခွက်ကြီးကိုကိုင်ကာ ပလ္လင် အောက်တွင် ချထားလိုက်လေသည်။

အကယ်၍ အမျိုးသမီးကို ဓားဖြင့် ခုတ်လိုက်ပါက ထွက် လာသောသွေးများကို ထိုခွက်ကြီးဖြင့် ခံယူထားရန်ဖြစ်သည်။

'ဗုံ ဗုံ ဗုံ'

ဗုံသံများက ဆူညံလျက် ရှိနေလေသည်။

လူထွားကြီးသည် သူ၏ဓားကိုဝှေ့ကာဝိုက်ကာဖြင့် ကျောက် ပလ္လင် အနားတွင် ခုန်ပေါက်လျက် ရှိနေလေသည်။

ကျားသစ်ခေါင်း လူထွားကြီး၏ အော်ဟစ်သံမှာ ဟိန်းလျက် ရှိနေတော့သည်။





မြေပြင်ပေါ်တွင် လက်များကို ဆန့်တန်းလျက် ဒူးထောက် ကာ အရိုအသေပြုနေကြသော အိမာန် လူမျိုးတို့မှာ သံပြိုင် ညီညာစွာ အော်ဟစ်လျက် ရှိနေသည်။

ထိုအချိန်မှာပင် အနက်ရောင်လွှမ်းထားသည့်ဝတ်ရုံကို ဝတ် ထားသည့် အဘိုးအိုတစ်ဦးသည် ဦးထုပ်ချွန်ကြီးကို ဆောင်း ထားလျက် ဘုရားကျောင်းထဲမှ ပေါ်ထွက်လာသည်။

ထိုအဘိုးအိုသည် သူ၏ လက်တစ်ဘက်ကို မြှောက်လိုက် သည်နှင့် တီးမှုတ်သံများကရပ်သွားတော့သည်။

အနက်ရောင်ဝတ် အဘိုးအိုသည် အိမာန် ဘာသာဖြင့် အော်ဟစ်ပြောဆိုလျက် ရှိနေသည်။ ၁

သူ၏ ပြောသံကို ကြားရခြင်းဖြင့် ကျောက်ပလ္လင်ပေါ်တွင် ကြိုးဖြင့် ချည်နှောင်ထားသော မိန်းမပျိုအား သတ်ရန် ပြော နေခြင်းဖြစ်သည်။ ထို့နောက် အဘိုးအိုသည် လက်နှစ်ဘက်ကို မြှောက်၍ အမိန့်ပေးလိုက်လေသည်။

ကျားသစ်ခေါင်းထားသော လူသတ်သမား လူထွားကြီး သည် သူ၏ ကြီးမားသော ဓားမကောက်ကြီးကို မြှောက်ကာ ပင့်ကာဖြင့် ကျောက်ပလ္လင်ဆီသို့ ခုန်လွှား၍ သွားလေ၏။

ထို့နောက် ကျောက်ပလ္လင်တွင် ချည်နှောင်ထားသော မိန်းမ ချောလေးအား သူ၏ဓားဖြင့် တစ်အားလွှဲ၍ ခုတ်ချလိုက်သည်။

မိန်းမချောကလေးကို ဓားဖြင့် ခုတ်ချလိုက်သော လူထွား ကြီးသည် ရုတ်တရက် နောက်သို့လဲကျသွားတော့သည်။

သူ၏ ကိုယ်ပေါ်တွင် ဓားတိုတစ်လက်က စိုက်ဝင်လျက်ရှိနေ သည်။

ယင်းအချိန်မှာပင် လူရိပ်သုံးရိပ်တို့သည် ကျောက်ပလ္လင်ဆီသို့ လွှားဝင်သွားကြသည်။

ထိုလူသုံးရိပ်မှာ မြွေဟောက်၊ မိကျောင်းနှင့် ဒေါင်းစိမ်း တို့ပင် ဖြစ်ကြသည်။

မြွေဟောက်သည် ပလ္လင်ပေါ်တွင် ကြိုးဖြင့် ချည်ထားသော ကျင်ကျင်၏ ကိုယ်မှ ကြိုးများကို ဓားဖြင့် ဖြတ်တောက်ပစ် လိုက်ပြီး မိကျောင်းနှင့် ဒေါင်းစိမ်းတို့က ဝတ်ရုံနက် အဘိုးအို အား လွှား၍ တိုက်ခိုက်ကြသည်။

ဝတ်ရုံနက် အဘိုးအိုနှင့် အဘိုးအိုလေးဦးတို့သည် မြေပြင် ပေါ်သို့ လဲကျသွားကြလေသည်။

ထိုအချိန်တွင် မြွေဟောက်၊ မိကျောင်းနှင့် ဒေါင်းစိမ်းတို့ သည် သူတို့ ကယ်တင်လိုက်သော ကျင်ကျင်ကို အလျင်အမြန် မြွေဟောက်ကထမ်းယူကာ တောင်အောက်သို့ ပြေးဆင်းလာ တော့သည်။

'ဟေး ဟေး ဟေး'

မြွေဟောက်၊ မိကျောင်းနှင့် ဒေါင်းစိမ်းတို့နောက် အ°မာန် လူမျိုးတို့သည် အော်ဟစ်၍ ပြေးလိုက်သွားကြသည်။

တောင်အောက်သို့ရောက်သည်နှင့်သူတို့သုံးဦးသည်ကျင်ကျင် ကို မြင်းပေါ်တင်၍ ဒုန်းစိုင်းကာ ထွက်လာကြတော့သည်။

သူတို့သည် ဟေမုန်ပင်လယ်ကမ်းခြေအသိုင်း မြင်းများကို စိုင်းနှင်လာကြသည်။

မကြာမီ သစ်တောအုပ်ကြီးတစ်ခု အတွင်းသို့ ရောက်ရှိလာ သည်။





သူတို့သည် သစ်တောအုပ်ထဲသို့ အမြန်ဆုံး ဝင်ရောက်လိုက် ကာ တောင်ကုန်းတစ်ခုပေါ်သို့ တက်သွားကြသည်။

ထိုနောက် တောင်ကုန်းပေါ် ရောက်သည်နှင့် ကျင်ကျင်က ကျင်ကျင်မှာ ဝမ်းသာလျက် ကျေးဇူးတင်စကား ပြောလိုက် လေသည်။

'အခုလို ကျွန်မ့အသက်ကို ကယ်ဘင်တာ ကျေးဇူး တင်ပါ တယ်'

ဟု ကျင်ကျင်က ပြောလိုက်သည်။

'ဒါဆိုလဲ ကျေပြီပေါ့'

မြွေဟောက်က ပြောလိုက်သည်။

ကျင်ကျင်က....

'ဘာများလဲ အစ်ကိုကြီး'

'ခြောင်....အစ်ကိုကြီးတို့ရောက်စက ရှေပင်လယ်စားသောက် ဆိုင်မှာ အစ်ကိုကြီးတို့ကို ညီမလေးက အစားအသောက်တွေ ထဲမှာ အဆိပ်ပါတဲ့အကြောင်း သတိပေးခဲ့တယ် မဟုတ်လား'

'ဟုတ်ပါတယ် အစ်ကိုကြီး'

မြွေဟောက်က....

'ဒီလိုဆိုလဲ ကျေးဇူးတင်စကားတွေ တစ်ဦးနဲ့တစ်ဦး ကျေ ပြီပေါ့'

ထိုအခါမှ ကျင်ကျင်မှာ သဘောပေါက်သွားပြီး ရယ်မော လိုက်သည်။

မိကျောင်းက....

'ညီမလေး၏ ဖြစ်ပျက်ပုံကိုလဲ ပြောပြပါဦး'

‘အိမ်မာန်ပွဲတော်စတဲ့နေ့ကပဲ ညီမလေးကို အိမ်မာန် ရွာသူကြီးက ဆင့်ခေါ်လိုက်တယ်၊ ပြီးတော့ မင်းဟာအိမ်မာန်လူမျိုး မဟုတ်ဘူး၊ အိမ်မာန်လူမျိုးထဲမှာ ဝင်နေတဲ့ အဆိပ်ကောင် တစ်ကောင်လို့ပြောပြီး ဖမ်းလိုက်တယ်၊ ညီမလေးကို အိမ်မာန် ပွဲတော် ဒုတိယရက်မှာ တောင်ထိပ်ပေါ်မှာရှိတဲ့ ဘုရားကျောင်း ရှေ့မှာ ယစ်နတ်ပူဇော်ရမယ်လို့ပြောတယ်၊ ဒါမှ တို့နတ်ကြီး တွေက စိတ်ချမ်းသာကြမယ်လို့ပြောတယ်၊ ဒါပါပဲ အစ်ကိုကြီး’

မြွေဟောက်က....

‘အစ်ကိုကြီးတို့ ရောက်လာလို့ တွေ့ကြုံပြီး ကယ်တင်လိုက်ရ တာဟာ ညီမလေးရဲ့ ကုသိုလ်ပဲ၊ ဒီတော့ ဒီတောအုပ်ထဲမှာရှိတဲ့ တို့မိတ်ဆွေ ကျောက်ဖြူရဲတိုက်မှာ ခဏလောက် သွားနေပါ၊ အစ်ကိုကြီးတို့ ဒီပင်လယ်ကဆင်းသွားတဲ့အချိန်မှာ ညီမလေးကို မြေပြန့်ကို ပြန်ခေါ်သွားပါမယ်’

ထိုနောက် သူတို့အားလုံးသည် ကျောက်ဖြူရဲတိုက်သို့အလျင် အမြန် လာခဲ့ကြသည်။ သူတို့သည် တောင်တန်းပေါ်တွင် မြင်း များကို ဆွဲလျက် ထမင်းတစ်အိုးချက်ခန့် လာပြီးသည့်နောက် တွင် ကျောက်ဖြူရဲတိုက်ကြီးဆီသို့ ရောက်လာလေသည်။

ကျောက်ဖြူရဲတိုက်ကြီးတွင် မီးရောင်များလင်းလျက်ရှိနေကာ အဘွားအိုတစ်ဦးအား ရဲတိုက်ထဲတွင် တွေ့ရသည်။

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် ကျင်ကျင် ကို ခေါ်လျက် ရဲတိုက်ကြီး ရှိနေသော ချောက်ဝှမ်းထဲသို့ ခုန် ဆင်းသွားကြသည်။

‘ဟိတ်....မင်းတို့ ဘယ်သူတွေလဲ’





အဘွားအိုသည် ကျောက်ဖြူရဲတိုက်ထဲမှ လှမ်း၍ထွက်လာ လေသည်။

အဘွားအိုသည် သိုင်းသမား ပီသလှပေသည်။

အဝေးမှ အသံကိုပင်ကြားနိုင်သော အဘွားအိုတစ်ဦးပင် ဖြစ်သည်။

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့က အဘွားအိုကို အရိုအသေပြုလိုက်ကြသည်။

‘ဪ....လူလေးတို့ပါလား’

‘ဟုတ်ပါတယ်အဘွား၊ ကျွန်တော်တို့ ဟောဒီကညီမလေး အသတ်ခံရမယ့်ဆဲဆဲမှာ ကယ်တင်လာပြီး ဒီမှာ ခဏထိန်းထား ပါလို့ အကူအညီတောင်းရန်လာခဲ့ကြခြင်း ဖြစ်ပါတယ်’

အဘွားအိုက ကျင်ကျင်ကို ကြည့်လိုက်ပြီး....

‘သမီးလေးအမည်က ဘယ်လိုခေါ်သလဲ’

‘ကျင်ကျင်လို့ ခေါ်ပါတယ်အဘွား’

ကျင်ကျင်က သူမ၏ အဖြစ်အပျက်ကိုအတိုချုံး ပြောလိုက် လေသည်။

ထိုနောက် အဘွားအိုက ကျင်ကျင်ကို သူမ၏ ရဲတိုက်အတွင်း သို့ ခေါ်ဆောင်သွားလေသည်။

မြွေဟောက်၊ မိကျောင်းနှင့် ဒေါင်းစိမ်းတို့လည်း နှုတ်ဆက် ကာ ပြန်လည်ထွက်ခွာလာကြသည်။

■ ■ ■

အိမ်မာန်ပွဲတော်ကြီးတွင် ပင်လယ်နတ်သမီး သိုင်းပြိုင်ပွဲကို အိမ်မာန်လူကြီးများက ကြီးကြပ်၍ ကျင်းပလျက် ရှိနေသည်။

သိုင်းပြိုင်ပွဲနေရာမှာ ဝင်းခြံကြီးတစ်ခုအတွင်းတွင် ဖြစ်သည်။ စိတ်ပါဝင်စားသူများသည် အပြင်ဘက်တွင်ရှိသော အစောင့်များကို စာရင်းပေးသွင်း၍ အတွင်းသို့ ဝင်ရောက်နိုင်သည်။

'တုံ…ချန်'

'တုံ…ချန်'

တီးမှုတ်သံများက ပေါ်ထွက်လျက်ရှိနေပေသည်။

မြေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် သူတို့၏ ရုပ်များကိုဖျက်၍ အမိမာန်ပွဲတော်ဆီသို့ ပြန်လည် ရောက်သွားကြလေသည်။

သူတို့ သုံးဦးစလုံးပင် အနက်ရောင် ဝတ်စုံများကို ဝတ်ထားကာ နှင်းခံဦးထုပ်ကြီးများကို ဆောင်းထားကြလေသည်။

ထို့နောက် သူတို့သည် သိုင်းပြိုင်ပွဲဆီသို့လာကာ အစောင့်များကို စာရင်းပေး၍ အတွင်းသို့ဝင်ရောက်ခဲ့ကြသည်။

ပင်လယ်နတ်သမီး သိုင်းပြိုင်ပွဲ၏ စင်ကြီးမှာ အတော်ပင် ကျယ်ဝန်းလှပေသည်။

သူတို့ ရောက်သွားသောအချိန်တွင် ပရိသတ်များမှာအတော်ပင် စည်ကားလျက်ရှိနေပေသည်။

သူတို့သုံးယောက်မှာ ထိုင်ခုံများ မရကြသဖြင့် ဘေးမှရပ်၍ ကြည့်နေရလေသည်။

သူတို့ ရောက်လာစဉ်မှာပင် စင်ကြီးပေါ်တွင် အမျိုးသမီးနှစ်ဦးတို့သည် သိုင်းများယှဉ်ပြိုင်ရန် တိုက်ခိုက်လျက် ရှိနေကြလေသည်။

နှစ်ဦးစလုံး သက်တူရွယ်တူလောက်ပင် ရှိလေသည်။





အမျိုးသမီးနှစ်ယောက်စလုံးပင် ဓားများကို ကိုင်ဆောင်၍ တိုက်ခိုက်နေခြင်းဖြစ်သည်။

'ချွမ်း ချွမ်း…ချွမ်း ချွမ်း'

ထိုအချိန်တွင် အမျိုးသမီးတစ်ဦးသည် အော်ဟစ်၍ လဲကျသွားလေသည်။

ဒိုင်လုပ်သူက အမိမာန်ဘာသာဖြင့် ကြေးကြော်လိုက်သည်။

ထိုအချိန်တွင် လူငယ်တစ်ယောက်သည် စင်ကြီးပေါ်သို့ ပြေးတက်သွားကာ လဲကျသွားသော အမျိုးသမီးကို ပွေ့ယူလျက် ဆင်းပြေးသွားလေတော့သည်။

နောက်ထပ် ဒိုင်လုပ်သူက ယှဉ်ပြိုင်မည့် အမျိုးသမီးများကို ခေါ်လိုက်လေသည်။ အမျိုးသမီးနှစ်ဦးသည် စင်ပေါ်သို့ လှမ်းတက်လာကြလေသည်။

ထို့နောက် ဒိုင်လုပ်သူနှင့် ပရိသတ်ကို အရိုအသေပေးကာ သူတို့နှစ်ဦးသည် ဓားများကို ဆွဲထုတ်လိုက်ကြလေသည်။

ဒိုင်လုပ်သူက အချက်ပေးလိုက်သည်နှင့် တစ်ပြိုင်တည်း ထိုအမျိုးသမီးနှစ်ဦးတို့သည် လေထဲမှာပင် လွှား၍ တိုက်ခိုက်လိုက်ကြခြင်း ဖြစ်လေသည်။

'ချွမ်း… ချွမ်း  ထန်း….ထန်း'

ဓားသံများသည် ဆူညံ၍သွားလေတော့သည်။

မိန်းကလေးနှစ်ဦးတို့သည် လေထဲမှနေ၍ ကျွမ်းတစ်ပတ်ပစ်ကာ အောက်သို့ ဆင်းလိုက်ကြပြီး တစ်ဦးနှင့်တစ်ဦး တိုက်ခိုက်လိုက်ကြပြန်လေသည်။

'ချွမ်း….ချွမ်း….ချွမ်း'

မိန်းကလေးနှစ်ဦးစလုံးပင် အတော်ဖျတ်လတ်စွာ သွက်လက်လှပေသည်။

ထို့နောက် သူတို့နှစ်ဦးသည် သိုင်းကွက်ပေါင်း ငါးဆယ်ကျော်အထိ တိုက်ခိုက်လာပြီးနောက် မိန်းကလေးတစ်ဦး၏ဓားခုတ်ချက်ကြောင့် မိန်းကလေးတစ်ဦးမှာ မည်သို့မျှ မကာကွယ်နိုင်တော့ဘဲ နောက်သို့ကျွမ်းပစ်ကာ တိမ်းရှောင်လိုက်ရသည်။

'ယား....'

အသာစီးရနေသော မိန်းကလေးသည် ရုတ်ရက် အော်ဟစ်လိုက်ကာ သူမ၏ဓားကို မြှောက်၍ လဲကျနေသော မိန်းကလေးထံသို့ ပြေးဝင်သွားလေတော့သည်။

ထိုအချိန်မှာပင် လက်နက်ပုန်းတစ်ခုသည် သူမ၏ ဓားကိုင်လက်ကို ပြေးဝင်၍ ထိသွားလေသည်။

'အား....'

ဓားကိုင်၍ ပြေးဝင်သွားသော အမျိုးသမီးမှာ ထိတ်လန့်စွာဖြင့် အော်ဟစ်လိုက်လေသည်။

ထိုအချိန်မှာပင် ဒိုင်လုပ်သူများက ပွဲကိုရပ်ကာ ထိုမိန်းကလေးကို အနိုင်ပေးလိုက်ပြီး ပွဲကို ကြေညာလိုက်လေသည်။

ထိုစဉ် လူငယ်တစ်ယောက် တက်လာကာ လဲကျနေသော အမျိုးသမီးလေးအား ပွေ့၍ အောက်သို့ ခုန်ဆင်းပြေးသွားလေတော့သည်။

ဒိုင်လုပ်သူသည် တတိယအကြိမ် ထပ်၍ ယှဉ်ပြိုင်လိုသူများကို ခေါ်ယူလိုက်ပြန်လေသည်။ ထိုအချိန်တွင် အမျိုးသမီးနှစ်ဦးသည် စင်ပေါ်သို့ပြေးတက်သွားလေသည်။





တစ်ဦးမှာ အဲမာန်အမျိုးသမီးတစ်ဦးဖြစ်ပြီး တစ်ဦးမှာ ချင်ဟွာ ဖြစ်သည်။

'ချင်ဟွာ....'

မှန်သည်။ ချင်ဟွာပင် ဖြစ်သည်။

ချင်ဟွာသည် အဖြူရောင်သိုင်းဝတ်စုံကို ဝတ်ထားကာ ခါးတွင် ဓားတစ်လက်ကို ထိုးထားလေသည်။

သူမနှင့် ယှဉ်ပြိုင်မည့် အမျိုးသမီးမှာ အပြာရောင်အင်္ကျီကို ဝတ်ထားလေသည်။

ခါးတွင် အဝါရောင်ခါးစည်းကိုစီးလျက် ဓားတစ်ချောင်းကို ဆွဲထားလေသည်။

နှစ်ဦးစလုံးပင် အသက်ချင်း မတိမ်းမယိမ်း ရှိကြသည်။

ဒိုင်လုပ်သူက ကြေညာလိုက်သည်နှင့် ချင်ဟွာနှင့် အဲမာန်အမျိုးသမီးတို့သည် တစ်ဦးနှင့်တစ်ဦး အရိုအသေပြုလိုက်ကြပြီး ဓားများကို ဆွဲထုတ်လိုက်ကြလေသည်။

ဓားရောင်များသည် ပြိုးပြိုးပြက်ပြက် လက်သွားလေသည်။

'ချွန်း....'

အချက်ပေးသံ ပေါ်ထွက်လာသည်နှင့် ချင်ဟွာနှင့် အဲမာန်အမျိုးသမီးတို့သည် လေထဲမှာပင် လွှား၍တိုက်ခိုက်လိုက်သည်။

'ချွမ်း....ချွမ်း ထန်း....ထန်း'

နှစ်ဦးစလုံးသည် လေထဲမှာပင် တိုက်ခိုက်လိုက်ကြပြီးလျှင် နောက်ကျွမ်းတစ်ပတ်ပစ်၍ အောက်သို့ ဆင်းလာကြလေသည်။

ထို့နောက် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် တိုက်ခိုက်လျက်ရှိနေလေသည်။

သူမ ရှောင်နေသော သိုင်းကွက်များမှာ ကုံအင်သိုင်းကွက်များပင် ဖြစ်သည်။

သူမသည် ဟန်ပြတိုက်ကွက်များကို တိုက်ခိုက်လျက် ခြေလှမ်းသွက်များဖြင့် ရှောင်ရှားပြီး ယှဉ်ပြိုင် တိုက်ခိုက်နေသော အမ်မာန်အမျိုးသမီးအား သူမ၏ခေါးချက်များကို မကြာခဏ တန်ပြန်တိုက်ခိုက်လျက် ရှိနေလေသည်။

ထိုအချိန်တွင် မြှေဟောက်၊ မိကျောင်းနှင့် ဒေါင်းစိမ်းတို့သည် သာကီရပ်လျက်ရှိနေသည့် လူအုပ်ထဲမှ အဘွားအိုတစ်ဦးသည် ချင်ဟွာထံသို့ လက်နက်ပုန်းများဖြင့် ပစ်လိုက်သည်ကို လျပ်တစ်ပြက် တွေ့လိုက်ရလေသည်။

ထို့ကြောင့် ဒေါင်းစိမ်းသည် အတွင်းအားသုံး၍ သူ ကောက်ယူလာသော ကျောက်ခဲတုံးများဖြင့် လျှပ်တစ်ပြက် ပစ်ပေါက်လိုက်ရလေသည်။

အဘွားအို ပစ်လိုက်သော လက်နက်ပုန်းနှင့် ဒေါင်းစိမ်း ပစ်လိုက်သော လက်နက်ပုန်းတို့သည် လမ်းတစ်ဝက်မှာပင် ထိပ်တိုက်ထိကာ သွားလေတော့သည်။

'ထန်း ထန်း ထန်း'

လက်နက်ပုန်းများသည် ဘေးသို့ လွင့်စဉ်ကျသွားသည်။

ထိုအချိန်တွင် အဘွားအိုသည် မကျေမနပ်ဖြင့် နောက်သို့ လှည့်ကြည့်လိုက်လေသည်။

ဒေါင်းစိမ်းတို့က ခပ်တည်တည်ဖြင့် နေလိုက်ကြသဖြင့် အဘွားအိုမှာ မည်သူမှန်း မသိလိုက်ချေ။ ထမင်းတစ်အိုးချက်ခန့် ကြာသောအခါ ဒိုင်လုပ်သူက အချက်ပေးလိုက်လေသည်။





'ချန်း...ချန်း'

ထို့နောက် ချင်ဟွာကို ဒိုင်လုပ်သူက အမ်မာန်အမျိုးသမီးကို အနိုင်ရသူဖြစ်ကြောင်း ကြေညာလိုက်လေသည်။

အဘယ့်ကြောင့်ဆိုသော် အမ်မာန်အမျိုးသမီး လက်ထဲမှ ဓားမှာ ထက်ပိုင်းကျိုး၍ လွင့်ထွက်သွားသောကြောင့် ဖြစ်လေသည်။ ချင်ဟွာသည် ပရိသတ်ကို အရိုအသေပြုကာ စင်ပေါ်မှ လှားဆင်းလာလေသည်။ သူမနောက်သို့ အမ်မာန်လူငယ်များ ပြေးလိုက်သွားသော်လည်း မမီလိုက်ကြချေ။

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် လေထဲမှာပင် လွှားကာ ခြံဝင်းထဲမှနေ၍ လွှားထွက်သွားပြီး ချင်ဟွာ နောက်သို့ လိုက်သွားကြလေတော့သည်။

ချင်ဟွာသည် ကျွန်းကြီးအတွင်းရှိ ကမ်းခြေအတိုင်း ပြေးလွှားလျက် ရှိနေလေသည်။

မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် သူမနောက်မှ မလှမ်းမကမ်းမှနေ၍ လိုက်ပါသွားကြလေသည်။

အတန်ကြာ ပြေးလွှားသွားသော အခါတွင် ချင်ဟွာမှာ ကျောက်ဆောင်များဆီသို့ ခုန်လွှားတက်သွားပြီး ကျောက်ဆောင်တစ်ခုမှတစ်ခုသို့ ကူးပြောင်းသွားလေသည်။

မကြာမီ ဆာမ်းခြေဆီသို့ ရောက်လာကာ သစ်တောကြီး အတွင်းသို့ ပြေးဝင်သွားပြန်လေသည်။

မြွေဟောက်၊ မိကျောင်းနှင့် ဒေါင်းစိမ်းတို့သည် သူမ နောက်သို့ ပြေးလိုက်သွားစဉ်မှာပင် တောအုပ်ထဲတွင် ပျောက်သွားပြီး လုံးဝ မတွေ့ရတော့ချေ။

သူတို့သုံးဦးမှာ ထိုသစ်တောအုပ်ကြီး အတွင်းသို့ တဖြည်းဖြည်း ဝင်ရောက်ခဲ့ရာ ရုတ်တရက် အမှတ်မထင် ရဲတိုက်ကြီးတစ်ခုကို ဘွားခနဲ တွေ့လိုက်ရလေသည်။

ထိုရဲတိုက်ကြီးမှာ တောင်ကုန်းကြီးတစ်ခုပေါ်တွင် ဖြစ်လေသည်။ အဖြူရောင်အရိပ်ကလေးတစ်ရိပ်သည် ထိုတောင်ကုန်းကြီးပေါ်သို့ ပြေးတက်သွားသည်ကို တွေ့လိုက်ရသည်။

သူတို့သုံးယောက်သည် စိတ်အားမလျော့ဘဲ တစ်ဦးနှင့်တစ်ဦး သတိပေးကာ ထိုတောင်ကုန်းကြီးပေါ်သို့ ကိုယ်ဖော့အားများဖြင့် တက်ခဲ့ကြသည်။

ထို့နောက် ဝင်းတံတိုင်းကြီးဆီသို့ ရောက်လာသည်။

သူတို့သုံးဦးသည် ဝင်းတံတိုင်းကြီးကို ကျော်ကာ သစ်ပင်များပေါ်မှ ဖြတ်သန်းပြီး ထိုရဲတိုက်ကြီးဆီ လာခဲ့သည်။

သူတို့သည် ရဲတိုက်ကြီး၏ အမိုးပေါ် လွှားတက်လိုက်ကြကာ မီးရောင်လင်းနေသည့် အခန်းများဆီ ပြေးသွားကြလေသည်။ အခန်းကြီးတစ်ခန်းထဲတွင် အနက်ရောင်ဝတ်ရုံကြီး ခြုံ၍ထားသော အဘိုးအိုတစ်ဦးသည် ပန်းချီကားတစ်ချပ်ကို ရေးဆွဲလျက် ရှိနေသည်။ အဘိုးအို ရေးဆွဲသော ပန်းချီကားမှာ ပင်လယ်ပြင်၏ ကျောက်ဆောင်ကြီးများပင် ဖြစ်သည်။

အဘိုးအိုကို ကြည့်လိုက်သောအခါတွင် ခါးတွင် သံကြိုးများ ခတ်ထားလျက် ခြေထောက်တွင် ခြေထိတ်များ ခတ်ထားသည်ကိုလည်း တွေ့လိုက်ရသည်။

အဘိုးအိုကို သေသေချာချာ ကြည့်လိုက်သောအခါတွင် ဒေါင်းစိမ်း၏ကိုယ်ထဲမှ ကျောက်စိမ်းကြေးအိုးကို လိမ်ယူသွား





သည့် အဘိုးအိုဖြစ်နေမှန်း သိလိုက်ရလေသည်။ ထိုအဘိုးအိုသည် နဂါးကျောက်ဆောင်များတွင် တိုက်ခိုက်နေရာမှ အဘယ်ကြောင့် ရဲတိုက်ကြီးအတွင်း အကျဉ်းသမား ဖြစ်နေသည်ကို တွေ့လိုက်ရသည်မှာ အံ့ဩစရာပင် ဖြစ်တော့သည်။

ထိုအချိန်မှာပင် အရပ်မြင့်မြင့် အဘိုးအိုတစ်ဦးသည် မုတ်ဆိတ်ကြီး တဖွားဖွားဖြင့် အခန်းတွင်းသို့ ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

'ဟား ဟား ဟား....တောင်နဂါး၊ ခင်ဗျားရဲ့ မြေပုံပန်းချီကားကြီးကလဲ အခုထိမပြီးသေးဘူးလား'

'မပြီးသေးဘူး၊ ကျုပ်မှတ်မိသလောက် ဆွဲနေတာပဲ'

'အခုတစ်လော ဟိုသုံးကောင်ဟာ အတော်ခြေသွက်နေတယ်၊ ခင်ဗျားလက်ထဲက ကျောက်စိမ်းကြေးအိုးဟာ သူတို့နောက် ပြန်ပါသွားပြန်ပြီ မဟုတ်လား'

ဝင်ရောက်လာသော အဘိုးအိုက ပြောလိုက်လေသည်။

တောင်နဂါးအဘိုးအိုက....

'ဒီမှာ ကင်းမြီးကောက် ခင်ဗျားလောက် ညာဏ်များတဲ့လူဟာ ဒီလောကမှာ မရှိဘူး၊ ကျုပ်ရဲ့သမီးကို ပြန်ပေးဆွဲထားပြီး ကျုပ်ကို ကျောက်စိမ်းကြေးအိုး အယူခိုင်းတယ်၊ ဒီကျောက်စိမ်းကြေးအိုးထဲမှာရှိတဲ့ ရတနာသိုက်နဲ့ သိုင်းကျမ်းအညွှန်းဆိုတာ ကျုပ်ရှာလို့ မတွေ့ဘူး၊ အတုကြီးများ ဖြစ်နေသလားမသိဘူး'

ကင်းမြီးကောက်က ရယ်မောလိုက်လေသည်။

'ဟား ဟား ဟား....ခင်ဗျားမို့ အတုလို့ပြောရက်တယ်

တောင်နဂါးက....

'ကျုပ် မှန်တဲ့အတိုင်း ပြောတာပဲ'

'ခင်ဗျားဟာ ဗဟိုအချက်ဖြစ်တဲ့ သိုက်ညွှန်းကျမ်းရှိတဲ့ ကျောက်ဆောင်ကို အမြန်ဆုံးဆွဲပါ၊ ခင်ဗျားကို တစ်ပတ်ပဲ အချိန်ပေးမယ်'

ထိုအချိန်မှာပင် မြွေဟောက်၊ မိကျောင်း ဒေါင်းစိမ်းတို့သည် ပြတင်းပေါက်မှတစ်ဆင့် လွှား၍ ထိုအခန်းကြီးအတွင်းသို့ ဝင်သွားလေသည်။

သူတို့သုံးဦးသည် ကင်းမြီးကောက်ကို စိုင်း၍ထားကာ သူတို့၏ခေါင်းဦးများမှာလည်း ကင်းမြီးကောက်၏ကိုယ်ပေါ်သို့ ကျရောက်လျက်ရှိနေလေသည်။

ကင်းမြီးကောက်မှာ အတော်ပင်အံ့သြထိတ်လန့်၍သွားလေတော့သည်။ မြွေဟောက်က....

'ကဲ....သစ္စာဖောက်ကြီး၊ ဒီတစ်ခါ ဘယ်ပြေးဦးမလဲ'

မိကျောင်းက....

'နည်းနည်းလှုပ်မယ်မကြံနဲ့၊ ကျုပ်ခေါင်းဦးက ခင်ဗျားလည်ပင်းကို ထိုးဖောက်သွားလိမ့်မယ်'

ဒေါင်းစိမ်းကလည်း....

'ခင်ဗျားကိုယ် တစ်ချက်လှုပ်တာနဲ့ ခင်ဗျားရဲ့ရင်ဝထဲကို ကျုပ်ခေါင်းဦး ထိုးသွင်းပစ်လိုက်မယ်'

ထိုစဉ် အဖြူရောင်အရိပ်တစ်ရိပ်သည် အတွင်းခန်းထဲသို့ ဝင်ရောက်လာလေသည်။

'ဟင် ဖေဖေ'





ဝင်ရောက်လာသော မိန်းမချောကလေးက ကင်းမြီးကောက်ကို ဖေဖေဟု ခေါ်လိုက်လေသည်။

'သမီးကျင်ဟွာ၊ နှင့်ကြောင့် ရန်သူတွေ လိုက်လာပြီး ငါ အဖမ်းခံနေရပြီ၊ နှင်ဟာ နှင့်အစ်မချင်ဟွာ ပုံသဏ္ဌာန်မဆောင်ပြီး အမ္ဗိမာန်လူမျိုးတို့ရဲ့ ပွဲတော်ကို သွားခဲ့တယ် မဟုတ်လား'

'သွားခဲ့ပါတယ် ဖေဖေ၊ ဒါပေမယ့် ကျွန်မက ချင်ဟွာလို သိုင်းပြိုင်ပွဲကို မတက်ခဲ့ပါဘူး၊ ကျွန်မတာသာသွားပြီး မြန်မြန်ပြေးလာခဲ့တာပါ'

ထိုအခါမှ သိုင်းသမား သုံးဦးဖြစ်သော မြွေဟောက်၊ မိကျောင်းနှင့်ဒေါင်းစိမ်းတို့သည် ချင်ဟွာ မဟုတ်ဘဲ ချင်ဟွာနှင့် မျက်နှာချင်းဆင်သော ကျင်ဟွာ ဖြစ်နေသည်ကို အံ့သြစွာ သိလိုက်ရလေသည်။ ကျင်ဟွာက ဒူးထောက်၍....

'ကျွန်မဖေဖေကို မသတ်ကြပါနဲ့ရှင်၊ ကျွန်မ တောင်းပန်ပါတယ်'

မြွေဟောက်က 'ကျုပ်ဆရာကြီးအပေါ်မှာလဲ သစ္စာဖောက်တယ်၊ ကျုပ်တို့ရဲ့ဂိုဏ်းတူညီအစ်ကိုတွေကိုလဲ သတ်ပစ်လိုက်ကြတယ်၊ ဒါကြောင့် ခင်ဗျားဟာ လူ့ပြည်မှာ မနေသင့်ဘူး'

'ကျုပ်လဲ မှားမှန်းသိပါတယ်၊ ဒါပေမယ့် ကျောက်စိမ်းကြေးအိုးကို လောဘတက်ပြီး လိုချင်တဲ့အတွက် ကြံစည်လိုက်ရတာပဲ၊ ခင်ဗျားတို့သတ်ချင်ရင် သတ်လိုက်ကြပါ'

ကျင်ဟွာက....

'ကျွန်မဖေဖေကို မသတ်ကြပါနဲ့ တောင်းပန်ပါတယ်ရှင်၊ ကျွန်မတို့မှာ အဖေတစ်ကွဲ သမီးတစ်ကွဲနဲ့ နေရတဲ့လူတွေပါ'

'ဘယ်လို ဘယ်လို ဘယ်လိုပြောလိုက်တာလဲ'

မြွေဟောက်က မေးလိုက်လေသည်။

'ရှင်တို့ရောက်ခဲ့တဲ့ ကျောက်ဖြူရဲတိုက်က အထိန်းဘော်ကြီး ဆိုတာ ကျွန်မရဲ့ မေမေပါပဲ၊ ချင်ဘွားဟာ ကျွန်မရဲ့ အစ်မ အရင်းဖြစ်ပါတယ်၊ ကျွန်မရဲ့မေမေဟာ အရှေ့ကျွန်းက သိုင်း ပညာရှင် ဓားဘုရင်စမ်ချင်လို့ခေါ်ပါတယ်'

ထိုအခါမှ မြွေဟောက်၊ မိကျောင်းနှင့်ဒေါင်းစိမ်းတို့သည် သဘောပေါက်သွားကြလေသည်။ ကင်းမြီးကောက်က....

'ကျုပ်ဟာ လုံးဝနောင်တရပါပြီ၊ ဒါပေမယ့် ညီလေးတို့ စိတ်မကျေလို့ တိုက်ခိုက်ချင်တယ်ဆိုရင်တော့ ဒီလပြည့်နေ့မှာ နဂါးကျောက်ဆောင်ပေါ်ကို လာခဲ့ပါ၊ ဒီတစ်ခါကျုပ်ရှုံးရင် အသေသတ်ပစ်လိုက် ကျုပ်ခံရဲပါတယ်'

မြွေဟောက်က....

'ခင်ဗျားစကား အမှန်ပဲလား'

'ကျုပ် လိမ်မပြောပါဘူး'

'ကဲ...ညီလေးတို့ ဘယ်လိုသဘောရသလဲ'

မြွေဟောက်က မေးလိုက်လေသည်။

'ကျွန်တော်တို့ သဘောတူပါတယ်'

ဒေါင်းစိမ်းက ပြောလိုက်သည်။ မြွေဟောက်က....

'ကောင်းပြီ၊ အခုလပြည့်နေ့မှာ ကျုပ်တို့ သုံးယောက်နဲ့ ခင်ဗျားကို မတိုက်ပါဘူး၊ ဟောဒီညီလေးနဲ့ ခင်ဗျား တိုက်ရမယ်၊ ခင်ဗျား သဘောတူရဲ့လား'

ကင်းမြီးကောက်က ခေါင်းညိတ်လျက်....





'ကျုပ် သဘောတူတယ်'

မြွေဟောက်က....

'ခင်ဗျားနဲ့ လူနှစ်ယောက်ပဲ အဖော်ခေါ်လာရမယ်၊ ဘယ်သူမှ မခေါ်လာရဘူး'

ကင်းမြီးကောက်က သဘောတူလိုက်လေသည်။

ထိုနောက် မြွေဟောက်သည် တောင်နဂါးအဘိုးအို သုံး ခြေကျင်းများနှင့် ဓါးစည်းသံကြိုးများကို ဓားဖြင့် ခုတ်ဖြတ် ပစ်လိုက်ရာ တောင်နဂါးအဘိုးအိုအား ကျောပိုး၍ မြတောင်း ပေါ်မှ ခုန်လွှားထွက်သွားလေသည်။

မိကျောင်း၊ ဒေါင်းစိမ်းတို့လည်း ပြေးလွှားလိုက်လာကြ လေသည်။

▩ ▩ ▩

တောင်ထိပ်ပေါ်တွင် လူသုံးယောက်တို့သည် အဘိုးအိုအား ထမ်း၍ပြေးလွှားလျက် ရှိနေလေသည်။

ထိုနောက် တောင်ထိပ်ဘစ်ခုပေါ်သို့ ရောက်လာကြလေ သည်။ တောင်ထိပ်ပေါ်မှမြင်နေသော ချောက်ဝှမ်းကြီးမှာ မြွေ ဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့ တစ်ချိန်က ရောက်ခဲ့သော ချောက်ဝှမ်းကြီးပင် ဖြစ်နေလေသည်။

သူတို့ တောင်နဂါးအဘိုးအိုအား ကျောက်ဂူကြီး တစ်ခု ဆီသို့ ခေါ်သွားကာ မီးပုံကြီးတစ်ပုံကို ဖိုလိုက်ကြလေသည်။

တောင်နဂါးအဘိုးအိုမှာ ကင်းမြီးကောက်၏ နှိပ်စက်မှု ကြောင့် အတွင်းအားများ ကုန်ခန်းလျက်ရှိနေသည်ကို တွေ့ လိုက်ရလေသည်။ တောင်နဂါးအဘိုးအိုက...

'လူလေးတို့ကို ကျေးဇူးတင်ပါတယ်'

မြှေဟောက်က....

'ဘဘ ကင်းမြီးကောက်လက်ထဲကို ဘယ်လိုရောက်သွားတာလဲ'

တောင်နဂါးက....

'လူလေးနဲ့ ယှဉ်ပြိုင်တိုက်ခိုက်ပြီး ဘဘဟာ နဂါးကျောက်ဆောင်ပေါ်မှ လဲကျသွားခဲ့တယ်'

ဒေါင်းစိမ်းက....

'ဟုတ်ပါတယ် ဘဘ၊ ကျွန်တော် နည်းနည်းလက်လွန်သွားခဲ့ပါတယ်'

တောင်နဂါးအဘိုးအိုက ခေါင်းခါလျက်....

'သိုင်းသမားဆိုတာ တစ်ဦးနဲ့တစ်ဦး အနိုင်ယူယှဉ်ပြိုင်ရမှာမို့ လက်လွန်သွားတယ်လို့ မရှိပါဘူး၊ ဘဘကိုယ်တိုင် သတိ တစ်ချက် လစ်သွားလို့ပါ'

ထိုနောက် တောင်နဂါးအဘိုးအိုက ဆက်၍ပြောလိုက်ပြန်သည်။

'လူလေးတို့ဟာ တောင်နီ၊ တောင်ဖြူ၊ တောင်ကြားအဘိုးအဘိုးအို သုံးဦးနဲ့ ယှဉ်ပြိုင်တိုက်ခိုက်နေတုန်းမှာပဲ ဘဘကို ကင်းမြီးကောက်က လျှပ်တစ်ပြက် ပွေ့ချီပြီးခေါ်သွားခဲ့တာပဲ၊ သူဟာ ဘဘကို သူ့ရဲ့ ရဲတိုက်ထဲမှာ အကျဉ်းချထားခဲ့တယ်၊ အဲဒီနောက် သူက ရတနာသိုက်ရှိမယ့် နေရာနဲ့ သိုင်းကျမ်းရှိမယ့်နေရာကို မြေပုံဆွဲခိုင်းခဲ့တာပဲ'

မြွေဟောက်က....





'ကင်းမြီးကောက်နဲ့ အရှေ့ကျွန်း ဓားဘုရင်ဘွားဘွားတို့ဟာ လင်မယားပဲလား'

'ဟုတ်တယ်၊ သူတို့နှစ်ဦးဟာ လင်မယားပဲ'

'ဒါဖြင့် ချင်ဟွာနဲ့ ကျင်ဟွာတို့ဟာ ညီအစ်မအရင်းပဲလား'

'ဟုတ်တယ်၊ သူတို့နှစ်ဦးဟာ ညီမအစ်မအရင်းပဲ၊ ဒါပေမယ့် သူတို့လင်မယားတွေဟာ လုံးဝမတည့်ကြဘူး၊ သမီးတစ်ယောက်စီခေါ်ပြီး ခွဲနေလိုက်ကြတယ်'

ထိုအခါမှသာပင် အားလုံးက သဘောပေါက်သွားကြသည်။

မြွေဟောက် မိကျောင်း၊ ဒေါင်းစိမ်းတို့သည် တောင်နဂါးအဘိုးအိုကို ဒဏ်ကြေဆေးများလိမ်းပေးလျက် အတွင်းအားကို ပြန်လည်တိုးပွားနိုင်သော ဆေးလုံးများ တိုက်ကြလေသည်။

သူတို့လက်ထဲတွင် ကျောက်ဂါးကြင်းကြီးများနှင့် အတွင်းအားတိုးပွားနိုင်သည့် အနီရောင်သစ်သီးများပါရှိလာလေသည်။

တောင်နဂါးအဘိုးအိုအား အနီရောင်သစ်သီးများကို ခွဲ၍ ကျွေးလိုက်ကြပြီး သူသို့လည်း စားသောက်လိုက်သည်။

တောင်နဂါး အဘိုးအိုမှာ အတွင်းအား တိုးပွားသော သောက်ဆေးများနှင့် အနီရောင်သစ်သီးများကို စားလိုက်ရသဖြင့် သူ၏ အတွင်းများသည် ပုံမှန်အတိုင်း ပြန်လည်၍ တဖြည်းဖြည်း ရရှိလာလေတော့သည်။

သူတို့သည် ချိုင့်ဝှမ်းကြီးအတွင်းမှာပင် ရက်အနည်းအငယ်နေထိုင်ပြီး အတွင်းအားများကို လေ့ကျင့်လျက် ရှိနေကြလေသည်။ မြွေဟောက် ဒေါင်းစိမ်း၊ မိကျောင်းတို့သည် သူတို့၏ အတွင်းအားများ ပိုမိုရရှိလာသကဲ့သို့ တောင်နဂါး အဘိုးအို

မှာလည်း မူလအတိုင်း ပြန်လည်ကျန်းမာ လာလေတော့သည်။ လေးရက်မြောက်သောနေ့တွင် သူတို့သည် ချိုင့်ဝှမ်းကြီး အပေါ်သို့ ခုန်တက်လိုက်ကြကာ ကျောက်ဖြူရဲတိုက်ဆီသို့ အလျင်အမြန် လာရောက်ခဲ့ကြသည်။

ကျောက်ဖြူရဲတိုက်တွင် ချင်ဟွာနှင့် ကျင်ကျင်တို့သည် မြေကွက်လပ်တစ်ခုတွင် သိုင်းကစားလျက် ရှိနေသည်ကို တွေ့ကြရလေသည်။ သူတို့နှစ်ဦးမှာ ညီအစ်မ အရင်းသဖွယ် ခင်မင်လျက် ရှိနေကြလေသည်။

ကျင်ကျင်သည် သူမ၏ ဖခင်ဖြစ်သော တောင်နဂါးကို တွေ့မြင်ရသည်နှင့် အားရဝမ်းသာစွာ ပြေးလာလျက် တောင်နဂါး၏ ရင်ခွင်ထဲသို့ ပြေးလွှား ဝင်ရောက်လိုက်သည်။

ချင်ဟွာ၏ မယ်တော်ဖြစ်သော အရှေ့ကျွန်းမှ ဓားဘုရင် ဝမ်ချင်သည် တောင်နဂါးတို့ အနီးသို့ ရောက်ရှိလာလေသည်။

တောင်နဂါးက မော့ကြည့်လိုက်ကာ....

'ညီမလေး ဝမ်ချင်'

'အစ်ကိုကြီး'

'အစ်ကိုကြီးဟာ ကင်းမြီးကောက် လက်ထဲက လွတ်လာတာ မကြာသေးဘူး၊ သူဟာ အစ်ကိုကြီးအပေါ်ကို တော်တော် ရက်စက်တယ်'

အရှေ့ကျွန်းဓားဘုရင် ဝမ်ချင်က....

'သူဟာ ရက်စက်ရုံတင်မကဘူး သိပ်ပြီးတော့ ကောက်ကျစ်ယုတ်မာတယ်'

ဝမ်ချင်က သူတို့အားလုံးကို ရဲတိုက်ဖြူထဲသို့ ခေါ်ဆောင်





သွားလေသည်။ချင်ဟွာက ဒေါင်းစိမ်းကို အပြုံးလေးဖြင့် ချစ်စဖွယ် ပြောဆိုကာ လိုက်ပါလာလေသည်။

'အစ်ကိုဒေါင်းစိမ်း'

'ဘာလဲညီမလေး'

'အစ်ကိုဒေါင်းစိမ်းဟာ သိပ်တည်တာပဲနော်...၊ ပြုံးလဲ မပြုံးဘူး ရယ်လဲမရယ်ဘူး သိပ်တည်တာပဲနော်'

'အစ်ကိုဟာ ဒီလိုပဲ နေတတ်လို့ပါ'

'အစ်ကိုမှာ ချစ်သူများ ရှိနေသလား'

'အစ်ကို့မှာ ချစ်သူ မရှိပါဘူး၊ ခင်မင်သူတော့ ရှိနေတယ်'

'ဟင်.... ဘယ်သူလဲ အစ်ကိုရယ်'

'ပန်းကမ္ဘာဂိုဏ်းက ဂိုဏ်းချုပ်ကြီးသမီးဖြစ်တဲ့ မမလေး ဖေ့ချင်ပါ'

'အစ်ကိုနဲ့သူဟာ ခင်မင်ရုံပဲ ရှိသေးတာပဲ၊ ချစ်သူတွေ တော့ မဟုတ်ပါဘူးနော်'

'ဟုတ်ပါတယ် ညီမလေး'

သူတို့အားလုံးသည် အခန်းကျယ်ကြီးအတွင်းသို့ ရောက်ရှိလာကြလေသည်။ တောင်နဂါးအဘိုးအိုက သူတို့၏ အဖြစ်အပျက်များကို အကျဉ်းချုပ်၍ ပြောပြလိုက်သည်။

■ ■ ■

အရှေ့ပင်လယ် ဓားဘုရင်ဖြစ်သော သိုင်းအမျိုးသမီး ဝမ်ချင်သည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ခန့်က မြေပြန့်ဆီသို့ ရောက်လာခဲ့လေသည်။ သူမတွင် သိုင်းပညာအဆင့်မြင့်သည့် တပည့်တစ်ဦးတို့လည်း ပါရှိလာကြလေသည်။

ဘုရင့်စစ်သည်တော်များသည် သိုင်းပညာရှင်တစ်ဦးအား အထင်မှား၍ ဖမ်းလာသည်ဟု သူမက ကြားလိုက်ကြလေသည်။

သူမသည် ထိုသိုင်းပညာရှင် မည်သူမှန်း မသိရသော်လည်း သိုင်းလောကသားတို့၏ ထုံးစံအတိုင်း အလျင်အမြန် ကယ်တင်ယူရန် ဆုံးဖြတ်လိုက်လေသည်။

ဘုရင့်တပ်သားများသည် တောင်ကြားတစ်ခုသို့ ရောက်လာသည်နှင့် ရုတ်တရက် သိုးအုပ်ကြီးတစ်အုပ်သည် တောင်ကြားလမ်းအတိုင်း ပြေးထွက်လာသည်ကို တွေ့လိုက်ရလေသည်။

သိုးအုပ်နှင့်အတူ တောင်ကမ်းပါးယံပေါ်မှ ကျောက်တုံးကျောက်ခဲများသည် တစ်ဝုန်းဝုန်း ကျဆင်းလာသည်ကို ကြားလိုက်ကြရလေသည်။ ထိုအသံကြောင့် မြင်းသည်တော်များနှင့် အချုပ်ရထားသည် ဖရိုဖရဲ ဖြစ်သွားလေသည်။

ကျောက်တုံးများသည် တဝေါဝေါ ပြိုဆင်းလာသဖြင့် ဘုရင့်စစ်သည်တော်များက အလျအမြန် ရှောင်လိုက်ကြရလေသည်။ တစ်ချိန်တည်းမှာပင်....

တောင်ကမ်းပါးယံမှ ခုန်ဆင်းလာသော သိုင်းသမားများသည် ဘုရင့်မြင်းသည်တော်များကို တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်လိုက်ကြသည်။

ဓားသံများသည် တောင်ကြားတစ်ခုလုံး ဆူညံသွားလျက် မြင်းသည်တော်တချို့မှာ မြေပြင်ပေါ်သို့ လိမ့်ဆင်းကျသွားလေတော့သည်။

ထိုစဉ် ဝတ်ရုံနီကို ဝတ်ထားသည့် အမျိုးသမီးတစ်ဦးသည် အချုပ်တံခါးကို ဓားဖြင့် ခုတ်ဖြတ်ပစ်လိုက်ကာ အတွင်းမှ





သိုင်းသမား၏ခြေနှင့်လက်တို့တွင် ခြေထိပ် လက်ထိပ် ခတ်ထားလျက် ထိုခြေထိပ်လက်ထိပ်များကိုလည်း ခုတ်ဖြတ်ပစ်လေသည်။

'ကဲ...ရှင် ကျွန်မနောက်ကို အမြန်ဆုံးလိုက်ခဲ့တော့'

ပြောလိုက်သူမှာ အရှေ့ပင်လယ်ဓားဘုရင် ဝမ်ချင်ပင် ဖြစ်သည်။ အချုပ်ရထားတွင်းမှ လွတ်မြောက်လာသော သိုင်းသမားမှာ ကင်းမြီးကောက်ပင်ဖြစ်သည်။

ကင်းမြီးကောက်သည် ဝမ်ချင်ကို ကျေးဇူးတင်စကားပြောလိုက်ကာ သူမနောက်မှ အမြန်ဆုံးလွှား၍ လိုက်သွားလေသည်။ မကြာမီ သူတို့အားလုံးသည် တောင်ထိပ် တစ်ခုပေါ်ရှိ အိမ်ကြီးတစ်အိမ်သို့ ရောက်ရှိလာလေသည်။

ထိုအိမ်တွင် နေထိုင်သောပုဂ္ဂိုလ်မှာ တောင်နဂါး သိုင်းသမားကြီးပင် ဖြစ်လေသည်။

တောင်နဂါးသိုင်းသမားကြီးသည် သူတို့အားလုံးကို ဆီးကြိုလိုက်ကာ ညစာဖြင့် တည်ခင်းဧည့်ခံလေသည်။

ထိုအချိန်က ကင်းမြီးကောက်မှာ လူရွယ်ပိုင်းတစ်ဦးသာ ဖြစ်လေသည်။ သူသည် ကျောက်စိမ်းကြေးအိုးကို ရှာရန်အတွက် နဂါးတောင်သိုင်းသမားကြီးက စေခိုင်းလိုက်သဖြင့် တောင်ပေါ်မှဆင်းလာကြခြင်းဖြစ်သည်။ သူနှင့်အတူ ဝံပုလွေကြီး၊ ကင်းလက်မ၊ မြွေဟောက်၊ မိကျောင်းတို့ ပါရှိကြသည်။

ကင်းမြီးကောက်သည် ဂိုဏ်းတူညီအစ်ကိုတချို့ကို သတ်ပစ်လိုက်ကာ သူတစ်ဦးတည်း သူဌေးဖြစ်ရန်အတွက် တပည့်များကို မွေးပြီး လျှို့ဝှက် ဓားပြတိုက်နေခြင်း ဖြစ်လေသည်။ ကင်းမြီးကောက်မှာ အမှတ်မထင် မြို့ကလေး တစ်မြို့ဆီသို့

ရောက်ရှိလာခိုက် သူ့အားမှတ်မိသော အရပ်သားတစ်ဦးက မြှားစောင့်တပ်ကို သွားရောက်သတင်းပေးလိုက်လေသည်။

တပ်မှူးနှင့်တပ်သားများသည် သူတည်းခိုရာ စားသောက်ဆိုင်တွင် အမြန်ဝိုင်း၍ဖမ်းလိုက်ကြကာ အကျဉ်းခန်းထဲသို့ ထည့်ထားလိုက်ကြလေသည်။

သုံးရက်မြောက်သောနေ့တွင် နေပြည်တော်မှ အချုပ်ရထားနှင့် အစောင့်တပ်သားများ ရောက်ရှိလာကြသည်။

သူတို့က ကင်းမြီးကောက်ကို လွှဲပြောင်းယူလိုက်ကာ အချုပ်ရထားထဲသွင်း၍ ထွက်လာကြစဉ်မှာပင် အရှေ့ပင်လယ်စားဘုရင်ဝမ်ချင်နှင့် သူ၏တပည့်များက ကယ်တင်ခြင်းဖြစ်သည်။

ကင်းမြီးကောက်နှင့်အရှေ့ကျွန်းစားဘုရင် ဝမ်ချင်တို့သည် ထိုအချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး ချစ်ကြိုက်သွားကာ အစက်ဖြစ်သော တောင်နဂါးအဘိုးထံတွင် ခွင့်ပန်၍ လက်ထပ်လိုက်ကြလေသည်။

သူတို့တွင် သမီးလေးနှစ်ဦး ထွန်းကားလာပြီးမှ ခိုင်ဖုန်းမြို့တွင်ရှိသော ကျောက်စိမ်းဂေဟာကြီးကို မြွေဟောက်တို့က တက်ရောက် တိုက်ခိုက်လိုက်သဖြင့် ပျက်စီးသွားသောကြောင့် အားသာအလဲ ထွက်ပြေးလာကြလေသည်။

ထိုအချိန်မှာပင် သူတို့လင်မယားနှစ်ဦးသည် ကလေး တစ်ယောက်စီ လက်ဆွဲ၍ ကွဲသွားကြလေသည်။

ထိုအချိန်မှစ၍ မတွေ့ရသည်မှာ အချိန်အတော်ကြာ ရှိခဲ့လေသည်။ အရှေ့ကျွန်းစားဘုရင်ဝမ်ချင်သည် သူ၏သိုင်းသမားများကိုလွှတ်၍ စုံစမ်းသောအခါ၌ သူသည် လူဆိုးသူခိုးကြီးတစ်ဦး





ဖြစ်နေပြီး မယားငယ်များကို ယူထားသည်ကို ကြားလိုက်ရလေသည်။ ထိုကြောင့် ဝမ်ချင်မှာ အလွန် စိတ်နာသွားကာ ကင်းမြီးကောက်ကို လက်စားချေရန်အတွက် ပေါမှန်ပင်လယ်သို့ လိုက်ခဲ့ခြင်းဖြစ်လေသည်။

တောင်နဂါးအဘိုးအိုက အထက်ပါအတိုင်း အဖြစ်အပျက်များကို ပြောပြလိုက်သဖြင့် မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့မှာ ခေါင်းတညိတ်ညိတ်ဖြင့် အံ့ဩသွားကြရလေသည်။

❁ ❁ ❁

လပြည့်နေ့ည မြည့်ဝန်းသောလကြီးသည် တဖြည်းဖြည်း မြင့်တက်လာလေသည်။ လဝန်း၏ရောင်ခြည်များသည် ပင်လယ်အတွင်းသို့ သာယာစွာ ထိုးဆင်းနေလေသည်။

ထိုအချိန်တွင် မြင်းသုံးကောင်နှင့် လူသုံးယောက်တို့သည် နဂါးကျောက်ဆောင်များဆီသို့ ဒုန်းစိုင်းလျက် ရှိနေကြလေသည်။ ပင်လယ်လှိုင်းများသည် တဖြန်းဖြန်းရိုက်ခတ်လျက် ရှိနေလေသည်။ မကြာမီ ပင်လယ်အတွင်း၌ တောင်ထွတ်ကြီးများ သဖွယ် ပေါက်ရောက်နေသော နဂါးကျောက်ဆောင်များဆီသို့ရောက်လာလေသည်။

သူတို့သုံးဦးမှာ မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့ပင် ဖြစ်ကြသည်။ သူတို့သုံးဦးသည် နဂါးကျောက်ဆောင်ကြီးများဆီမှ ကျောက်ဆောင်ငယ်များကို ဖြတ်၍ ခုန်လွှားကာ တက်ရောက်လာကြလေသည်။

သူတို့သည် အမြင့်ဆုံး နဂါးကျောက်ဆောင်ကြီးသို့ ခုန်လွှားကူးခဲ့ကြလေသည်။ ထိုနေ့ညတွင် ကင်းမြီးကောက်နှင့်

သူတို့သည် စာရင်းအပြတ်ရှင်းရန် နဂါးကျောက်ဆောင်ကြီးများဆီသို့ လာခဲ့ခြင်းဖြစ်သည်။

လဝန်းသည် တဖြည်းဖြည်းတက်လာသည်မှာ မွန်းတည့်ချိန်သို့ပင် ရောက်လာသည်။

သူတို့ သုံးဦးမှာ ကျောက်ဆောင်ပေါ်တွင်ထိုင်၍ ကင်းမြီးကောက်ကို စောင့်နေစဉ် တောင်ကုန်းတစ်ကုန်းပေါ်မှ အနက်ရောင် ဝတ်ရုံကြီးကို လွှမ်းခြုံထားသည့် လူတစ်ယောက် လှမ်းဆင်းလာသည်ကို တွေ့လိုက်ရလေသည်။

အနီးသို့ ရောက်သောအခါတွင် လူဆိုးသိုင်းသမားကြီး ကင်းမြီးကောက် ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

မြှေဟောက် မိကျောင်း၊ ဒေါင်းစိမ်းတို့သည် ကင်းမြီးကောက်ကို ဆီးကြိုလိုက်ကာ....

'ခင်ဗျားဟာ ကတိတည်သားပဲ'

ဒေါင်းစိမ်းက ပြောလိုက်သည်။ ကင်းမြီးကောက်က....

'ငါဟာ ကတိပေးထားပြီးရင် မဖျက်ပါဘူး'

မိကျောင်းက 'ယောကျ်ားဆိုတာ ဒီလိုမှပေါ့ဗျ၊ ခင်ဗျားမှာ တပည့်နှစ်ယောက်လဲ မပါပါလား'

'ကျုပ် နောက်တို့ ဘယ်သူမှ မလိုက်ရဘူး'

ဒေါင်းစိမ်းက 'ကဲ ဆရာကြီးကင်းမြီးကောက်၊ ခင်ဗျားရဲ့ ဓားကို ထုတ်လိုက်ပါ'

ကင်းမြီးကောက်သည် သူ၏ရှည်လျားသော ဓားကို ဓားအိမ်ထဲမှ ဆွဲထုတ်လိုက်လေသည်။

ဒေါင်းစိမ်းကလည်း သူ၏ ဓားအိမ်တွင်းမှ ဓားကို ဆွဲထုတ်





လိုက်လေသည်။ ဝန်းကျင်တစ်ခုလုံး အအေးလှိုင်းကြီးသည် ဓားမှတစ်ဆင့်ရိုက်ခတ်သွားသည်ဟု ထင်လိုက်ရလေသည်။

မြွေဟောက်က အချက်ပေးလိုက်လေသည်။

ဒေါင်းစိမ်းနှင့် ကင်းမြီးကောက်တို့သည် လေထဲမှာပင် လွှား၍ ပြင်းထန်စွာပင် တိုက်ခိုက်လိုက်ကြသည်။

သံသံချင်း ထိခိုက်သံများသည် ဟိန်းထွက်သွားလေသည်။

ဒေါင်းစိမ်း ကင်းမြီးကောက်တို့သည် လေထဲမှာပင် လှည့်ပတ် တိုက်ခိုက်နေကာ ကျွမ်းတစ်ပတ်ပစ်၍ မြေပေါ်သို့ ဆင်းလာကြလေသည်။ ဒေါင်းစိမ်းသည်သူ၏ အတွင်းအား အရှူလှိုင်းကြီးကို လက်မှတစ်ဆင့် ဓားဆီသို့ပို့လိုက်လေသည်။

ဓားဦးသည် တဆတ်ဆတ် တုန်ခါလျက်ရှိနေသည်။

ကင်းမြီးကောက်ကလည်း အတွင်းအားကြီးကို ဓားဆီသို့ ပို့လိုက်သည်။ ထို့နောက် သူတို့နှစ်ဦးသည် လေထဲမှာပင်လွှား၍ တိုက်ခိုက်လိုက်ကြသည်။

ဓားသံများသည် ဆူညံသွားလျက်ရှိသည်။

ဒေါင်းစိမ်းသည် မိုးကြိုးသိုင်းသမားကြီး သင်ပေးခဲ့သော မိုးကြိုး သိုင်းကွက်များနှင့် နဂါးတောင် သိုင်းဆရာကြီး၏ သိုင်းကွက်များကို ပူးပေါင်းကာ တစ်ပြိုင်တည်း တိုက်ခိုက်လိုက်လေသည်။ တစ်ချိန်တည်းမှာပင် ဒေါင်းစိမ်း၏ ဘယ်လက်ဝါးသည် ကင်းမြီးကောက်၏ ရင်ဝကို ရိုက်ချလိုက်လေသည်။

ကင်းမြီးကောက်သည် မြေပေါ်သို့လွင့်ကာ လဲကျသွားလေတော့သည်။ ဒေါင်းစိမ်းက သူ၏ဓားဖြင့် ကင်းမြီးကောက်၏ လည်ပင်းကို ထိုးထားလိုက်ကာ....

'တဲ့…ကင်းမြီးကောက်၊ ခင်ဗျားကို ဒီတစ်ခါတော့ မညှာနိုင်တော့ဘူး'

ထိုအချိန်မှာပင် ထူးဆန်းသော အသံကို ကြားလိုက်ရလေသည်။ ဒေါင်းစိမ်း၏ခေါင်းသည် နောက်သို့တွန်းကန်သွားကာ ရှတ်တရက် အဖြူရောင်ဝတ်ရုံကြီးကို လွှမ်းခြုံထားသည့် အဘိုးအိုတစ်ဦးသည် သူတို့ရှေ့သို့ ရောက်လာလေသည်။

မြွေဟောက်၊ မိကျောင်းနှင့် ဒေါင်းစိမ်းတို့သည် ထိုအဘိုးအိုကို မြင်လိုက်သည်နှင့် မြေပြင်ပေါ်တွင် ဒူးထောက်ကာ အရိုအသေ ပြုလိုက်ကြသည်။

'နဂါးတောင်ဘိုးဘိုးကြီးကို ကျွန်တော်တို့ တပည့်များက ဂါရဝ ပြုပါတယ်'

'ထလိုက်ပါ တပည့်တို့'

နဂါးတောင်သိုင်းသမားကြီးက ပြောလိုက်သဖြင့် သူတို့သုံးဦးလုံး မတ်တတ်ရပ်လိုက်ကြသည်။

'ငါ့တပည့်တွေထဲမှာ ကင်းမြီးကောက်ဟာ လူမိုက်ကြီးပဲ၊ သူ့မှာ အပြစ်တွေ အများကြီးရှိတယ်၊ ဒါပေမယ့် သူဟာ နောင်တရနေပြီဖြစ်တဲ့အတွက် သူ့ကို ခွင့်လွှတ်လိုက်ကြပါ'

'ကျွန်တော်ကတော့ ညီအစ်ကိုတွေကို သတ်ထားတဲ့အတွက် လုံးဝ မကျေနပ်ပါဘူး၊ သူ့ကို ဘိုးဘိုး ဘယ်လိုအရေးယူမလဲ'

နဂါးတောင်ဘိုးဘိုးကြီးက ရယ်လိုက်ကာ…

'တပည့်တို့…ဘာသာကိုယ်တိုင် ဒီနဂါးကျောက်ဆောင်တွေကြားထဲမှာ တောင်နီ၊ မောင်ဖြူ၊ တောင်ကြားတပည်သုံးဦးနဲ့ အတူ တရားကျင့်နေခဲ့တယ်၊ ဒီနေ့ အချိန်စေ့သွားပြီမို့ တပည့်





တို့ကို ကူညီနိုင်တယ်၊ ဒီလူမိုက်ကြီးကို ဆုံးမချင်တဲ့အတွက် ကျောက်စိမ်းကြေးအိုးမှာ ရတနာသိုက်နဲ့ သိုင်းကျမ်းရှိတယ်ဆိုပြီး ဆရာကြီးကိုယ်တိုင် တီထွင်ခဲ့တာပဲ၊ တကယ့် သိုင်းကျမ်းအစစ်ဟာ ဆရာကြီးထံမှာ ရောက်နေပါပြီ၊ ရတနာတွေကိုတော့ နိုင်ငံတော်နဲ့ လူမျိုးတွေအတွက် အသုံးချဖို့ နောက်သစ်နှစ်မှာပဲ ထုတ်ဖော်လိုက်မယ်'

'ဟုတ်ကဲ့ပါ ဆရာကြီး'

'တပည့်တို့သိမှာ ကျောက်စိမ်းကြေးအိုး ရှိနေတယ်ဆိုရင် လူမိုက်ကြီး ကင်းမြီးကောက်ဟာ အမျိုးမျိုး လိုက်ပြီး ရှာနေမှာပဲ၊ အဲဒီလို ရှာရင်းက လူမိုက်ကြီးဟာ မလွဲမသွေ နောက်ဆုံး ဖမ်းမိတော့တာပဲ မဟုတ်လား'

'ဟုတ်ပါတယ် ဆရာကြီး'

'သူ့ကို ဆရာကြီးကိုယ်တိုင် နောက်ထပ် သိုင်းပညာတွေနဲ့ မမိုက်ရဲအောင် သူ့ရဲ့ သိုင်းပညာတွေကို ဆရာကြီးကိုယ်တိုင် နှုတ်ပစ်လိုက်တော့မယ်'

ထို့နောက် နဂါးတောင် သိုင်းဆရာကြီးသည် ကင်းမြီးကောက်၏ နောက်ကျောနှင့် ငယ်ထိပ်ကို သူ၏ တောင်ဝှေးကြီးဖြင့် ရှတ်တရက် ထိုးပစ်လိုက်သည်။ ကင်းမြီးကောက်သည် တစ်ခဏချင်းပင် မျက်ဖြူကြီးလန်ကာ လဲကျသွားလေသည်။

သူ၏ အင်အားဟူသမျှသည်လည်း လုံးဝ မရှိတော့ပေ။

'တပည့် မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့…ဆရာကြီးနဲ့ သိမ်းငှက်တောင်မှာ နှစ်သစ်ကူးနေ့မှာ ပြန်ဆုံကြမယ်'

'ဟုတ်ကဲ့ပါ ဆရာကြီး'

ထိုအချိန်မှာပင် အဖြူရောင်လူရိပ်များသည် ကျောက်ဆောင်ပေါ်သို့ ခုန်တက်လာကြသည်။ ထိုအချိန်တွင် နဂါးတောင်ဘိုးဘိုးကြီးမှာလည်း မရှိတော့ပါပေ။

ဤတွင် မြွေဟောက်၊ မိကျောင်း၊ ဒေါင်းစိမ်းတို့သည် ပြေးလာကြသော လူများကို ကြည့်လိုက်ရာ တောင်နဂါးအဘိုးအိုနှင့် ချင်ဟွာအပြင် ချင်ဟွာ၏ မိခင်ကြီးကိုပါ တွေ့လိုက်ရသည်။

သူတို့သည် လက်များကိုလှုပ်ရှားပြလိုက်ကာ နဂါးကျောက်ဆောင်များပေါ်မှ ခုန်ဆင်းလာကြသည်။

သူတို့သုံးယောက်သည် မထင်မှတ်ဘဲ ဟေမန်ပင်လယ်ကမ်းခြေပေါ်တွင် ရောက်နေကြသည့် ပန်းကမ္ဘာဂိုဏ်းချုပ်ကြီး၏ သမီး ဖေ့ချင်တို့လူစုအား ဝမ်းသာစွာ တွေ့လိုက်ကြရသည်။

'မောင်လေး....မောင်လေးတို့ ဘာမှ မဖြစ်ဘူးနော်'

'ဘာမှ မဖြစ်ပါဘူး မမရယ်'

ဖေ့ချင်သည် ပြေးလာသော ဒေါင်းစိမ်း၏ လက်များကို ဝမ်းသာအားရနှင့် ဆွဲယူလိုက်သည်။

သူတို့နှစ်ဦး၏ မျက်လုံးများသည် တစ်ဦးနှင့်တစ်ဦး ကြင်နာသော အပြုံးကလေးများဖြင့် ကြည့်လျက် ရှိနေကြလေသည်။

ယင်းအချိန်မှာပင် နဂါးကျောက်ဆောင်ကြီး၏တစ်နေရာမှ မိန်းမချောလေး ချင်ဟွာသည် မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျလျက် ရှိနေလေတော့သည်။

'ချစ်ရတဲ့ အစ်ကိုရယ်'

မိန်းမချောလေး၏ ရင်ထဲမှ တိုးတိုးတိုးတိတ်တိတ် အသံလေးသည် ပေါ်ထွက်လာလေတော့သည်။

မောင်နှင်းဆွေ